


7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၄၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် ၊ ဗုဒ္ဓဟူး ၊ (ဖေဖော်ဝါရီ ၅ ၊ ၂၀၁၄)



ရန်ကုန်မြို့ရှိ ရပ်ကွက်တစ်ခုတွင် ၁၅၀၀ကျပ်တန် တန်ဖိုးနည်းဆင်းမ်ကတ် မဲနှိုက်နေသည့် ပြည်သူများကို တွေ့ရစဉ် ဓာတ်ပုံ-လင်းဘိုဘို/အီးပီအေ

# ဖုန်းကတ်များလာပြီ မကြာမီမျှော်

**ဆွေမွန်၊ နိုင်လင်းအောင်**

မိုဘိုင်းဖုန်းဆင်းမ်ကတ်တစ်ကတ် ပိုင်ဆိုင်နိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး နံရံကပ်ကြော်ငြာသင်ပုန်းတွင် ထီပေါက်စဉ်တိုက်သလို ရင်ခုန်စွာဖြင့် မျှော်လင့်စောင့်စား နေရဆဲဖြစ်သည်။ ထို့အတူ မိုဘိုင်းအင်တာနက်လိုင်းသုံးစွဲသူများမှာလည်း အဝိုင်းလေးလည်နေသည်ကို တစ်မိနစ် လျှင် နှစ်ကျပ် (သို့မဟုတ်) လေးကျပ်ပေး၍ ထိုင်ကြည့်နေရဆဲဖြစ်သည်။ ထိုအခြေအနေကို လွန်မြောက်မည့်တန်ဖိုးနည်းဖုန်းနှင့် ကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုများ မြန်မာပြည်သူတို့လက်ဝယ်ရရန် ယနေ့မှစ၍ နောက်ခြောက်လခန့်အကြာ ရက်ပေါင်း ၂၀၀ ဝန်းကျင်သာ စောင့်ဆိုင်းရတော့မည်ဖြစ်သည်။

အချပ်ပို III ››

## ရန်ကုန်မှာ မိုးမျှော်တိုက်တွေ ထိုးထွက်လာမယ့်နှစ်

**မိုးညို၊ ထွန်းခိုင်**

ယခုနှစ်ပိုင်းများတွင် ရန်ကုန်ရှိမြေသယ်ကားကြီးများအတွက်အလုပ်တစ်ခုပိုလာခဲ့သည်။ မြေသယ်ခြင်းအပြင် အပိုဆောင်းလုပ်ဆောင်ရသည်က ဆင်ခြေဖုံးရပ်ကွက်များမှ ဆောက်လုပ်ရေးလုပ်သားများကို မြို့တွင်းရှိဆောက်လုပ်ရေးလုပ်ငန်းများဆီသို့ ပို့ဆောင်ပေးရခြင်းဖြစ်သည်။

အချပ်ပိုVI ››

## ရုပ်ရှင်ကားကောင်းများကို ပရိသတ်များ စောင့်နေသည်

**အေးသူစံ၊ ဉက္ကာကိုကို**

စစ်အစိုးရလက်ထက် ဆယ်စုနှစ်နှစ်ခုကျော်ကာလအတွင်း ဆင်ဆာစနစ်ကို လက်ညှိုးထိုးရင်း တဖြည်းဖြည်းကျဆင်းလာခဲ့သည့် မြန်မာ့ရုပ်ရှင်လောကသည် ဆင်ဆာဖြေလျှော့မှုများ ပြုလုပ်ပြီးသည့်တိုင် မြန်မာပရိသတ်များအတွက်အရည်အသွေးမီဇာတ်ကားများ ထွက်မလာနိုင်သေးရာ မည်သူ့တွင်တာဝန်ရှိသနည်းဟု မေးခွန်းထုတ်စရာဖြစ်လာပါပြီ။

အချပ်ပို V ››

## လွှတ်တော်သက် သုံးနှစ်ပြည့်သောအခါ

**သီဟ၊ မင်းဟိန်းကျော်၊ ရန်မျိုးနိုင်**

လွှတ်တော်ဟူသည့် နိုင်ငံရေးဆိုင်ရာ ဥပဒေပြုအဖွဲ့နှင့် မြန်မာပြည်သူများ အလှမ်းကွာခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုကျော်ကြာမြင့်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ၃၁ ရက်တွင် လွှတ်တော်များ ပြန်လည်အသက်ဝင်လာခဲ့သည်။

စစ်အာဏာရှင်အသွင်ပြောင်းမဆလတစ်ပါတီအစိုးရ၏ကျောက်ရုပ်လွှတ်တော်များနှင့် အကျွမ်းတဝင်ရှိခဲ့ဖူးခြင်းကြောင့် ယခုပေါ်ပေါက်လာသည့် လွှတ်တော်ကိုလည်းပြည်သူများကမည်ကာမတ္တလွှတ်တော်သာဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့ကြသည်။

စာမျက်နှာ ၈ ››

အင်တာဗျူး




## ‘ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဆက်ရှိနေမယ်’

အဆိုတော် မွန်းအောင်နှင့်တွေ့ဆုံခြင်း

စာမျက်နှာ ၁၈ ››




HUAWEI
THE WORLD
Connected by Huawei
Huawei Service Center:
အမှတ်(၅၁/၅၅)၊ ၄၆ လမ်း(အောက်)၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။ *လမ်းညွှန်။ ၃၄၊ ၁၂၄၊ ၄၈ ကားများစီးပြီး
လမ်း ၅၀ မှတ်တိုင်တွင် ဆင်းပါ။
"Service Center ဖွင့်သည့် အထိမ်းအမှတ်အနေဖြင့် Warranty ကဒ် ပါရှိသည့် Customer များအတွက် ပစ္စည်းလက်ခ၊
ပြင်ဆင်ခ အခမဲ့ အဖြစ် တစ်နှစ် ဝန်ဆောင်မှု ပေးမည်ဖြစ်ပါသည်။"
HUAWEI


GOLDEN CITY
THIS FEBRUARY
You are invited to experience the grandness of Golden City
NATIONAL LANDMARK • EXCLUSIVELY YOURS
Presented by Golden Land Real Estate Development Company Limited
●Royal treatment at our hotel ●Platinum privilege club ●International Office Building
●Premium luxury shopping ●Australian landscape design team ●Comfortable luxury living space
●Top global property management company ●Modern classical fusion ●Elite Community
●French inspired Garden
Hotline:+95(0)1-8605111 +95(0)1-8605222
Golden Land Real Estate Development Co.,Ltd.
Address:Yankin Road,CMA Old building,Yankin Township,Yangon Myanmar Http://www.glredcl.com

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# ကလေးငယ်များ ပန်းအဖျားဖြစ်ဖို့ လိုသလား

**ဝတ်ရည်အောင်**

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးငယ်များ ပန်းအဖျားလှိုးဖြတ်ခြင်း အလေ့အထ တဖြည်းဖြည်း လျော့နည်းကျဆင်းလာချိန်တွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ယင်းအလေ့အထ ပိုမိုကျယ်ပြန့်လာသည်။

ကျားအင်္ဂါ၏ ထိပ်ပိုင်း ကွမ်းသီးခေါင်းအား ဖုံးထားသည့်အရေပြားဆွဲလှန်၍ မရနိုင်အောင် ပိတ်နေသည့် ကလေးများ ဆီးသွားခက်ခဲခြင်းကြောင့် နာကျင်မှုများ အန္တရာယ်များဖြစ်လာခြင်းမှ ကာကွယ်ရန် အဖျားလှိုးဖြတ်လေ့ရှိပြီး အများစုမှာ ဘာသာရေးအရ ပြုလုပ်ကြခြင်းဖြစ်သည်။

ထိုအလေ့အထသည် ရှေးယခင်ကတည်းက ဘာသာရေးအယူအဆတစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်က ပိုမိုခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ တစ်ကမ္ဘာလုံးတွင် ၃၀ ရာခိုင်နှုန်းသော ယောက်ျားလေးများ ပန်းအဖျားလှိုးဖြတ်ခြင်း ဆောင်ရွက်ကြပြီး ထိုအထဲမှ ၇၀ ရာခိုင်နှုန်းမှာ ဘာသာရေးအရ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက် ၃ နှစ်၊ ၄ နှစ်ခန့်ရှိသည့် ကလေးများ၏ မိဘများက မိမိတို့ကလေးများအတွက် ပန်းအဖျားလှိုးဖြတ်ရန် စုံစမ်းမေးမြန်းမှုများ ပိုမိုများပြားလာသည်ဟု ကျန်းမာရေးဝန်ထမ်းများက ပြောသည်။

အထူးသဖြင့် မြို့နေလူတန်းစားမှာ ကိုယ့်ကလေးအား သန့်ရှင်းစေလိုခြင်း၊ လိင်အင်္ဂါတွင် ရောဂါရနိုင်သည့် အခွင့်အလမ်းနည်းပါးသည်ဟူသော အယူအဆများဖြင့် လိုအပ်သည်ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ ခွဲစိတ်မှုများ ပြုလာကြခြင်းဖြစ်သည်။

"ကျွန်မတို့ပတ်ဝန်းကျင်မှာလည်း တော်တော်လေး ပြောလာတယ်။ ကိုယ်တောင် ကိုယ့်ကလေးကြီးနေတော့ လုပ်လို့မရတော့လို့ အရင်က မလုပ်ဖြစ်ခဲ့တာကို နောင်တရနေတာ။ ဆီးရောဂါတွေလည်း မဖြစ်နိုင်ဘူး။ ကလေးအတွက်လည်း ကောင်းတယ်လေ" ဟု အလုံမြို့နယ်ရှိ အမျိုးသမီးတစ်ဦးက ပြောသည်။

ဆေးပညာအရ ထိုကဲ့သို့ ခွဲစိတ်မှုကို ခွင့်ပြုထားပြီး ယခင်က အရေပြားခွဲစိတ်၍ လိင်အင်္ဂါကို ဖွင့်ပေးခြင်းအားဖြင့် အညစ်အကြေးများ သန့်စင်ကာ လိင်အင်္ဂါတွင်ဖြစ်ပွားနိုင်မည့် ကင်ဆာရောဂါများကို ကာကွယ်နိုင်သည်ဟု ဆေးပညာရှင်များက ထောက်ခံခဲ့ကြောင်း အထွေထွေရောဂါအထူးကုဆရာဝန် ဒေါက်တာမြင့်ဦးက ပြောသည်။

သို့သော် ယနေ့အချိန်တွင် လိင်အင်္ဂါ၌ဖြစ်ပွားသည့် ကင်ဆာရောဂါသည် ကင်ဆာဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည်ကို ဆေးပညာရှင်တို့ တွေ့ရှိခဲ့ပြီးနောက် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးများ ပန်းအဖျားလှိုးဖြတ်ခြင်း အလေ့အထ နည်းပါးသွားခြင်းဖြစ်သည်။

လိင်အင်္ဂါအရေပြားလှိုးဖြတ်ထားသည်ဖြစ်စေ၊ မဖြတ်ထားသည်ဖြစ်စေ လိင်ဆက်ဆံမှုများသည့် သူများတွင် ကြွက်နို့ပိုးကူးစက်ခံရနိုင်ခြင်းနှင့် လိင်တံကင်ဆာရောဂါများဖြစ်ပွားလာနိုင်ခြေရှိကြောင်း ဒေါက်တာမြင့်ဦးက ပြောသည်။

ထိုခွဲစိတ်မှုအတွက် မိဘများစိတ်အားထက်သန်မှု များလာသည့်အခါ ဆေးပညာအရလည်း တားမြစ်ခြင်းမရှိသည့်အတွက် ယခုကဲ့သို့ ခွဲစိတ်သူများပြားလာခြင်းဖြစ်နိုင်သည်ဟု အချို့က သုံးသပ်သည်။

"မိဘတွေကိုယ်တိုင်ကလည်း ဒါကိုဖြတ်မှ သန့်ရှင်းတာ၊ ကောင်းတာလို့ မြင်ကြတဲ့ခါ တစ်ယောက်လုပ်ရင်းနဲ့ နောက်တစ်ယောက် လိုက်လုပ်ကြရင်း များလာတာ။ အဲဒါကလည်း ထောက်ခံပါတယ်။ ဆရာဝန်ဘက်ကလည်း တောင်းဆိုမှုတွေရှိလာတယ်။ သူလည်း ကျွမ်းကျင်နေတဲ့အတွက် ဖြတ်ပေးတယ်။ ဒါနဲ့ လူတွေ တဖြည်းဖြည်း များလာတယ်" ဟု ဒေါက်တာမြင့်ဦးက ပြောသည်။

"ကျွန်မကလေးတုန်းကဆို ခွဲဖို့တော်တော်စောင့်ရတယ်။ ခွဲတဲ့နေ့ကလည်း ကျွန်မတို့လိုလူတွေ အများကြီးပဲ" ဟု တာမွေမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း ဆက်လက်ပြောသည်။

ခွဲစိတ်မှုတစ်ခုအတွက် ငွေကျပ် သောင်းဂဏန်းမှ တစ်သိန်းဝန်းကျင်အထိ ရှိသည်ဟုဆိုသည်။ ခွဲစိတ်မှုသည် မခက်ခဲသည့် အသေးစားခွဲစိတ်မှုဖြစ်သော်လည်း ကျွမ်းကျင်သူများဖြင့်သာ ဆောင်ရွက်သင့်ကြောင်း ၂၀၀၁ ခုနှစ်တွင် ဆွီဒင်နိုင်ငံက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ဆေးရုံမှာတော့ နည်းတယ်။ များသောအားဖြင့် ကလေးခွဲစိတ်ဆရာဝန်နဲ့ အပြင်ဆေးခန်းတွေမှာ လုပ်ကြတယ်" ဟု ကလေးဆေးရုံကြီးရှိ ဆရာဝန်တစ်ဦးက ပြောသည်။

အရာရာတိုင်းတွင် ကောင်းသည်၊ ဆိုးသည်ဟု ငြင်းခုံမှုများရှိနေရာ ထိုကိစ္စတွင်လည်း တစ်ကမ္ဘာလုံးနည်းတူ ပြည်တွင်းတွင်လည်း အကောင်း၊ အဆိုး ငြင်းခုံမှုများ ရှိနေသည်။ ထိုအလေ့အထအတွက် နိုင်ငံတကာမှ သုတေသနများစွာ ပြုလုပ်ခဲ့ဖူးသည့်အပြင် နောက်ဆက်တွဲပြဿနာများစွာလည်း ပေါ်ပေါက်ခဲ့ဖူးသည်။

ပြည်တွင်းတွင် ခွဲစိတ်မှု၏ နောက်ဆက်တွဲ ပိုးဝင်သည့် အခြေအနေအနည်းငယ် တွေ့ကြုံဖူးသော်လည်း မည်သည့်ပြဿနာမှ မဖြစ်ပွားခဲ့ပေ။ သို့သော် ၂၀၁၂ ခုနှစ် ဇူလိုင်က ဘီဘီစီသတင်းတစ်ပုဒ်တွင် ဂျာမနီ၌ ၄ နှစ်သား ကလေးငယ်အား ပန်းအဖျားဖြတ်ပေးရာမှ နောက်ဆက်တွဲကြောင့် တရားရုံးရောက်ရှိခဲ့သည့် သတင်းတစ်ပုဒ် ဖော်ပြဖူးကြောင်း အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာဆရာဝန်တစ်ဦးက ပြောသည်။

အရေပြားဖုံးအုပ်မှုများပြားပြီး ပိတ်နေသည့်သူများမှာ ဆီးသွားအခက်အခဲကြောင့် ဖြစ်လာမည့် နောက်ဆက်တွဲပြဿနာများ ကာကွယ်နိုင်ရန် မဖြစ်မနေ ခွဲစိတ်မှုခံယူသင့်သည်။

ထိုအရေပြားခွဲစိတ်မှု၏ ကောင်းကျိုးများအဖြစ် အညစ်အကြေးများ ရှိမနေတော့သဖြင့် မျိုးပွားအင်္ဂါသန့်ရှင်းခြင်း၊ ဆီးလမ်းကြောင်း ပိုးဝင်မှု ၁၀ ရာခိုင်နှုန်း ကာကွယ်ပေးခြင်းစသည့်ကောင်းကျိုးများ ရရှိနိုင်သည်။

ဘေးထွက်ဆိုးကျိုးအနေဖြင့် သွေးယိုခြင်းနှင့် ပိုးဝင်ခြင်းဖြစ်နိုင်သည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ၁၉၉၉ ခုနှစ်၌ ကလေး ၄၈ ဦးကို ဆန်းစစ်ရာ သွေးယိုခြင်း ၅၂ ရာခိုင်နှုန်း၊ ပိုးဝင်ခြင်း ၂၁ ရာခိုင်နှုန်း ရှိသည်ဟု ဖော်ပြချက်များ ရှိနေသည်။

စာမျက်နှာ ၈ »



7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# ဥပဒေကြမ်း ရှစ်ခုအပေါ် ဆုံးဖြတ်ချက် သမ္မတအနိုင်လား၊ လွှတ်တော်အနိုင်လား

အိဖြူလွင်

ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတော်သမ္မတကြား ထင်ရှားသည့်နိုင်ငံရေးပွတ်တိုက်မှုတစ်ခု အဖြစ် နိုင်ငံတော်သမ္မတက လက်မှတ်မထိုးဘဲ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေလေးခုနှင့် ဖွဲ့စည်းပုံမညီသော်လည်း လွှတ်တော်၏ဆန္ဒအရ လက်မှတ်ထိုးခဲ့သည့်ဥပဒေလေးခုကို ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ ပေးပို့ဆုံးဖြတ်ခံမည့် နိုင်ငံတော်သမ္မတ၏ သတင်းထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းလိုက်သော ကော်မရှင်၊ ကော်မတီများသည် ပြည်ထောင်စုအဆင့်မဟုတ်ဟုဆိုသောကိစ္စနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်အတွင်းက လွှတ်တော်နှင့်အစိုးရကြား ပွတ်တိုက်မှုဖြစ်ပေါ်ခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးက အစိုးရတင်ပြချက်အတိုင်း လွှတ်တော်ကော်မရှင်၊ ကော်မတီများသည် ပြည်ထောင်စုအဆင့်မဟုတ်ဟုဆုံးဖြတ်မှုကြောင့် ခုံရုံးဥက္ကဋ္ဌဦးသိန်းစိုးအပါအဝင် အဖွဲ့ဝင်များရာထူးမှနုတ်ထွက်ပေးရသည်အထိ အခြေအနေဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသည် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများအပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှတင်ပြလာသည့် အုပ်ချုပ်မှုဆိုင်ရာများနှင့် ဥပဒေရေးရာများကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီဆုံးဖြတ်ပေးရမည်ဖြစ်သည်။

သို့ရာတွင်ပထမဆုံးလုပ်ငန်းလုပ်ဆောင်ချက်ဖြစ်သည့် သမ္မတ၏တင်ပြချက်အတိုင်း ကော်မတီ၊ ကော်မရှင်များကို ပြည်ထောင်စုအဆင့်မဟုတ်ဟု ဆုံးဖြတ်ချက်မှာပင် ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို လွှတ်တော်က စွပ်စွဲပြစ်တင်ခဲ့၍ ရာထူးမှနုတ်ထွက်ပေးခဲ့ရသည်။

ယခုထပ်မံခန့်အပ်ထားသည့် ခုံရုံးအဖွဲ့ဝင်များသည်လည်း နိုင်ငံတော်သမ္မတက ဆုံးဖြတ်ပေးရန် တင်ပြထားသည့် ဥပဒေများအပေါ် မည်သို့ဆုံးဖြတ်လိမ့်မည်ဆိုသည်မှာလည်း စိတ်ဝင်တစားစောင့်ကြည့်ရမည့်အနေအထားပင်ဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်များကဆိုသည်။

အခြေခံဥပဒေခုံရုံးကို ယခုကဲ့သို့တင်သွင်းရာတွင် ခုံရုံးမှဆုံးဖြတ်ချက်မှားယွင်းပါက ယခင်ကကဲ့သို့ စွပ်စွဲပြစ်တင်ခံရနိုင်ပါသလားဆိုသည့်မေးခွန်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က "ဒီလောက်ထိမစဉ်းစားပါနဲ့ဦး။ အခုဟာက သူတင်ထားတယ်ဆိုတာပဲ သိသေးတယ်။ စကတည်းက ဘယ်လိုပဋိပက္ခဖြစ်မလဲဆိုတာ မစဉ်းစားဘဲနဲ့ပြေလည်အောင်ဖြေရှင်းမယ်ဆိုတဲ့စိတ်ထားရမှာပေါ့" ဟုပြောသည်။

ခုံရုံးအနေဖြင့်ထပ်မံဆုံးဖြတ်ပေးရမည့်ဥပဒေများတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေစသည့် ပြဋ္ဌာန်းပြီးဥပဒေတို့ပါဝင်နေသည်။ ထို့ပြင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခြင်းမရှိသော်လည်း ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းလိုက်သည့်ဥပဒေများဖြစ်သည့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေများကိုလည်း ဆုံးဖြတ်ပေးရမည်ဖြစ်သည်။ လွှတ်တော်ကအတည်ပြုထားပြီးဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကြမ်းတွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခြင်းမပြုဘဲလွှတ်တော်သို့ပြန်လည်ပေးပို့သည့်သဘောထားမှတ်ချက် ၁၅ ချက်တွင် လွှတ်တော်က နှစ်ခုကိုသာလက်ခံခဲ့ပြီး ကျန် ၁၃ချက်ကို လွှတ်တော်၏ပြဋ္ဌာန်းချက်အတိုင်းသာဆက်လက်အတည်ပြုခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယင်းအချက်များကြောင့်ပင် နိုင်ငံတော်သမ္မတက အဆိုပါဥပဒေများကိုဖွဲ့စည်းပုံနှင့်ညီ၊ မညီ ဆုံးဖြတ်ပေးရန် ခုံရုံးသို့တင်ပြခဲ့ခြင်းဖြစ်သည်ဟု သမ္မတ၏ပြည်သူလူထုသို့ အသိပေးကြေညာချက်တွင် ဖော်ပြထားသည်။ အချက်တစ်ချက်တည်းပင်ဖြစ်သည့် ကော်မတီကိစ္စတစ်ခုတည်းတွင်ပင် ခုံရုံးအဖွဲ့ဝင်များစွပ်စွဲပြစ်တင်ခံခဲ့ရသည့်အတွက် ယခုဥပဒေရှစ်ခုတွင် ခုံရုံး၏ဆုံးဖြတ်ချက်မှာ အရေးကြီးနေခြင်းဖြစ်သည်။

ခုံရုံးအဖွဲ့ဝင်အရေအတွက်မှာ ကိုးဦးရှိပြီး နိုင်ငံတော်သမ္မတကခန့်အပ်သူမှာ သုံးဦးဖြစ်၍ ကျန်ခြောက်ဦးမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များကခန့်အပ်ထားသည့်အတွက် မဲဖြင့်ဆုံးဖြတ်ပါက သမ္မတဘက်က ရှုံးလိမ့်မည်ဟု နိုင်ငံတော်သမ္မတရုံးတာဝန်ရှိသူတစ်ဦးကဆိုသည်။

ခုံရုံး၏ ပထမဆုံးဖြတ်ချက်တွင် လွှတ်တော်နှင့်သမ္မတကြား သဘောထားကွဲလွဲနေသည်ဟု ပြည်သူများကယုံကြည်ခဲ့ရာ ယခုပြဿနာသည်လည်း အရေးကြီးသောပြဿနာတစ်ခုဖြစ်လာနိုင်သည်ဟု နိုင်ငံရေးလေ့လာသူများကပြောသည်။

ထို့ပြင် သမ္မတဘက်မှ ထပ်မံအရေးနိမ့်မည်ဆိုပါက ခုံရုံး၏ရပ်တည်ချက်နှင့် လွှတ်တော်၏ အာဏာတို့မှာ ဝေဖန်မှုများရှိလာနိုင်ပြီး ၂၀၁၅ ရွေးကောက်ပွဲတွင် သမ္မတဖြစ်လိုဆိုထားသည့် လွှတ်တော်နာယကအတွက် အလားအလာကောင်းဖြစ်လာနိုင်သည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့ကသုံးသပ်သည်။

လက်ရှိအချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် အရေးကြီးနေသည့်အချိန်ဖြစ်သဖြင့် အစိုးရ၊ လွှတ်တော်နှင့်တပ်မတော်တို့ကြားတွင်လည်း မည်သည့်ကွဲပြဲမှုမျိုးမှမဖြစ်စေလိုဟု တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# တရုတ်တန်းက စစ်ကိုင်းလမ်း



၁၉ လမ်းခိုင်ထူးဟု လူသိများသူ ကိုထွန်းရွှေ လာရောက်စားသုံးသူများအား ဂစ်တာတစ်လက်ဖြင့် ယခုကဲ့သို့ ညစဉ်ဖျော်ဖြေလေ့ရှိသည်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သီဟ**

လမ်းထဲသို့ ချိုးဝင်လိုက်သည်နှင့် အကင်ညှော်နံ့များက နှာသီးဝကိုလာရောက် ကျီစယ်သည်။ ကားတစ်စီး လွတ်ရုံလမ်းလေးထဲ ခင်းကျင်းထားသည့် စားပွဲဝိုင်းများကို ရှောင်တိမ်းရင်း ထိုင်စရာစားပွဲတစ်ခုရရန် မနည်းရှာရသည်။ ကျဉ်းကျဉ်းကျပ်ကျပ် လူရှုပ်ရှုပ်နှင့် ညအလှကပင် လမ်းရဲ့ယဉ်ကျေးမှုတစ်ခု ဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး ကြီးကြီးငယ်ငယ်များ၊ ဖြူနီပြာဝါ ရောင်စုံများဖြင့် တန်ဆာဆင်ထားသည့် ဒီလမ်းလေးရဲ့ ညနေပိုင်းသည် အမြဲတစေ ရှုပ်ထွေးစည်ကားနေတတ်ပြီး ယခုကဲ့သို့ တရုတ်နှစ်သစ်ကူးအခါသမယတွင် ပိုလို့ပင် စည်ကားနေသေးတော့သည်။

"ထိုးထွက်မယ့် မနက်နေရောင်ဖြာထွန်းရင် စစ်ကိုင်းလမ်းက စောင့်နေမယ်သူမှာလို့ . . ." အစချီတဲ့ စတီရီယို အဆိုကျော် ခိုင်ထူး၏ တေးသွားက ဟော်လိုဂစ်တာနှင့် လိုက်ဖက်ညီစွာပျံ့လွင့်လာကာ လေထုထဲရှိအကင်ညှော်နံ့များနှင့် ရောထွေးသွားခဲ့သည်။ အဖြူရောင် အင်္ကျီလက်ရှည်နှင့် ပလေကပ်ပုဆိုး အစိမ်းရောင် အဆင်ရိုးရိုးကို ဝတ်ဆင်ထားသည့် လူတစ်ယောက်။ စားဝိုင်းသောက်ဝိုင်းတွေကြား ဂစ်တာကို အားရပါးရတီးခတ်ကာ လည်ပင်းကြောများ ထောင်သည်အထိ ခိုင်ထူး၏ သီချင်းကို မာန်ပါပါ တီးခတ်နေသည်။ သူ့သီချင်းသံကြောင့် စားသောက်နေသူများ အနှောင့်အယှက်ဖြစ်ပုံမရ။

သူကတော့ရန်ကုန်ညတွေရဲ့ အဓိပတိတရုတ်တန်း(၁၉လမ်း)ရှိ စားသောက်ဆိုင်တန်းတွေကြား ၁၉လမ်းခိုင်ထူးဟုလူသိများသည့် ကိုထွန်းရွှေပင် ဖြစ်သည်။ ဆယ်စုနှစ် နှစ်ခုကျော်ကာလအထိ ၁၉ လမ်းတွင် ညစဉ်ညတိုင်း ဂစ်တာတစ်လက်ဖြင့် စားသောက်သူများအား လာရောက်ဖျော်ဖြေသူတစ်ဦး။ အဆိုတော် ခိုင်ထူးနှင့် ရုပ်ချင်း အနည်းငယ်ဆင်တူပြီး အားနှင့် မာန်နှင့် သီချင်းဆိုလိုက်လျှင် ခိုင်ထူး၏ ဆိုဟန်ဆိုပေါက်နှင့် ခပ်ဆင်ဆင်ပင်။

ခိုင်ထူး၏ နာမည်ကြီး သီချင်းများဖြစ်သည့် ရွှေလည်တိုင်၊ စစ်ကိုင်းလမ်း၊ သိလား၊ အဋ္ဌလီ အစရှိသည့် သီချင်းများကို အဆိုများသလို ကိုယ်တိုင်ကလည်း ခိုင်ထူးကို အသည်းစွဲကြိုက်နှစ်သက်သူတစ်ဦးဟု ဝန်ခံသည်။ ၁၉၈၈ ခုနှစ် ပတ်ဝန်းကျင်ကာလများဆီက မိသားစုစားဝတ်နေရေးကြောင့် တတ်ထားသည့် ဂစ်တာပညာဖြင့် အသက်မွေးမည်ဟု စဉ်းစားရင်း၁၉ လမ်းတွင် လာရောက်ဖျော်ဖြေခဲ့ရာ ယနေ့တိုင်ပင် ဖြစ်သည်။

"ကျွန်တော်စဆိုဖြစ်တော့ သူငယ်ချင်းတစ်ယောက်က အကြံပေးတာနဲ့ ဗိုလ်ချုပ်ဈေးမှာ စဆိုတယ်။ ဆိုခါစကတော့ နည်းနည်းအခက်အခဲ ရှိတယ်။ နောက်ပိုင်းတော့ အဆင်ပြေသွားပါတယ်"ဟု ၁၉ လမ်း ခိုင်ထူးခေါ် ကိုထွန်းရွှေကပြောသည်။

ဒီအလုပ်ကြောင့် သူ့တွင် သိမ်ငယ်စိတ်လုံးဝမရှိဟုလည်း အခိုင်အမာပြောသည်။ နေ့စဉ် ညနေ ၆ နာရီစွန်းစွန်းအချိန်များတွင် ၁၉ လမ်း၏ ညများနှင့်အတူ စီးမျောရန် ရောက်ရှိလာခဲ့ကာ ည ၁၀ နာရီကျော်ကျော်ခန့်မှပြန်လေ့ရှိသည်။

**စာမျက်နှာ (၁၉) သို့**



7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# နာဂစ်ဒဏ်သင့်ဒေသတွင် မုန်တိုင်းဒဏ်ခံ စာသင်ကျောင်း ၁၃ ကျောင်း ဂျပန်အစိုးရ ဆောက်လုပ်လှူဒါန်း

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ဂျပန်အစိုးရက နာဂစ်ဒဏ်သင့် လပွတ္တာနှင့် ဘိုကလေးမြို့နယ်ရှိ ကျေးရွာ ၁၃ ရွာတွင် မုန်တိုင်းဒဏ်ခံစာသင်ကျောင်း ၁၃ ကျောင်းကို အမေရိကန်ဒေါ်လာ ၅၈ သန်းခန့် သုံးစွဲ၍တည်ဆောက်ပေးခဲ့ကြောင်း ဂျပန်သံရုံးက ဆိုသည်။

မူလတန်းစာသင်ကျောင်းဆောင်အဖြစ် အသုံးပြုနိုင်သလို မုန်တိုင်းကျရောက်ပါက ဒေသခံများ နားခိုတည်းခိုနိုင်သော အဆောက်အအုံများအဖြစ်ပါ ၂၀၁၃ ခုနှစ်တွင် အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"ဒီအဆောက်အအုံဆောက်ပြီးမှ နှစ်ခါ၊ သုံးခါလောက် မုန်တိုင်းအန္တရာယ်ကြားလို့ အနီးနားက ရွာသားတွေရောလာခိုကြသေးတယ်။ နာဂစ်တုန်းက ခိုစရာမရှိတော့ ဒီရွာက ၇၀ ကျော်သေတယ်။ ဘေးရွာက နှစ်ရာကျော်သေတယ်။ အခုတော့ ကလေးတွေ မိုးလုံလေလုံ စာသင်နိုင်သလို မုန်တိုင်းရန်ကလည်း ကာကွယ်နိုင်တာပေါ့" ဟု လပွတ္တာမြို့နယ်၊ သပြုကုန်းကျေးရွာမှ ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

ဂျပန်အစိုးရလှူဒါန်းသော မုန်တိုင်းဒဏ်ခံ အဆောက်အအုံများသည် စာသင်ခန်းနှစ်ခန်းမှ ၁၂ ခန်းအထိ ပါဝင်ပြီး ကျောင်းအုပ်ကြီးရုံးခန်း၊ စာသင်ခုံနှင့် သင်ကြားရေးအထောက်အကူပစ္စည်းများကို ပါထောက်ပံ့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများသို့ စာသင်ကျောင်းဆောင် ၁၇၀ ကျော် လှူဒါန်းထားပြီးဖြစ်သော ဂျပန်အစိုးရသည် နာဂစ်ဒဏ်သင့်ဒေသ၌ ကုန်ကျစရိတ်ပိုမိုကြီးမားသော မုန်တိုင်းဒဏ်ခံ စာသင်ကျောင်းများ ထပ်မံဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

# အော်တစ်ဇင် နေ့ကလေးထိန်းကျောင်းအတွက် အလှူရှင်နည်းပါးနေသေး

**ရှင်းရှင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း (ရန်ကုန်)မှ အော်တစ်ဇင် နေ့ကလေးထိန်းကျောင်းအတွက် အလှူရှင်များ ဖိတ်ခေါ်ထားသော်လည်း လာရောက်လှူဒါန်းသူ နည်းပါးနေသေးကြောင်း အသင်း၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကလေးတွေရဲ့ မိဘတွေနဲ့ သူတို့ရဲ့ ပတ်ဝန်းကျင်က လူတွေပဲ လှူတာရှိတယ်။ အပြင်က သက်သက်လာလှူတဲ့ အလှူရှင်မျိုး မရှိသေးပါဘူး" ဟု အသင်း၏ ဒုဥက္ကဋ္ဌအပြင် ထိုကျောင်းတွင် အချိန်ပိုင်းဆရာမအဖြစ်ပါ လုပ်ကိုင်နေသူ ဒေါ်တင်တင်သန်းက ဆိုသည်။

ကလေးများအနာဂတ်အတွက် ပြည်တွင်းရှိ အလှူရှင်များအပြင် မိမိတို့ဘက်မှ ပြည်ပအဖွဲ့အစည်းများ ချိတ်ဆက်မှုများဖြင့် အကူအညီများ ရနိုင်ရန် မျှော်လင့်ထားကြောင်း အသင်း၏ ဒုဥက္ကဋ္ဌဖြစ်သူ ဒေါ်စန်းစန်းမြင့်က ပြောသည်။

လက်ရှိတွင် အော်တစ်ဇင်ကလေး ၁၅ ဦးရှိပြီး ၁၂ နှစ်အောက် ကလေးများသာ လက်ခံကြောင်း သိရသည်။ အဆိုပါ နေ့ကလေးထိန်းကျောင်းကို ၂၀၁၃ ခုနှစ် ဇွန်လ ၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ကလေးများကို အခမဲ့လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။







## ဝက်ပင်စိမ်းအစပ်

ဒီတစ်ပတ်ကတော့ ဝက်သားပင်စိမ်း ထိုင်းစတိုင်ကို မြန်မာမှုပြုပြီး ချက်ထားပါတယ်။

လိုအပ်တာကတော့ ဝက်သား ပေါင်သား ၁၅ ကျပ်သား၊ ပင်စိမ်း၊ ငရုတ်သီးခွဲခြမ်း၊ ပဲသီး သုံးတောင့်နဲ့ ကော်မှုန့်အနည်းငယ်ပဲ ဖြစ်ပါတယ်။

ဝက်ပေါင်သားကို ချင်း၊ ကြက်သွန်ဖြူထောင်းကို အရည်ညှစ်၊ ဟင်းခတ်မှုန့်ထည့် နှပ်ပြီး တစ်ရေလောက် ပြုတ်ပါ။ ငါးမိနစ်လောက်ပါပဲ။ ရေခန်းသွားရင် ပါးပါးလှီး၊ အနေတော်တုံးပြီး ကြက်သွန်ဖြူနီ ငရုတ်သီးခွဲကြမ်းထောင်းတာနဲ့ ဆီသတ်ပါမယ်။ မွှေးလာမှ ဝက်သားထည့်ကြော်ပါ။ ကော်မှုန့်လက်ဖက်စားဇွန်း တစ်ဇွန်းကိုလည်း အရည်ဖျော်ထည့်လိုက်ပါ။ ဟင်းဆီပြန်ခါနီးမှ ညီညီညာညာလှီးထားတဲ့ ပဲသီးလေးထည့်ကြော်။ နောက်ဆုံးမှ ပင်စိမ်းလေးထည့်အုပ်ပြီး ချလိုက်ရုံပါပဲ။



# အကြောက်တရားနှင့် တာဝန်ထမ်းဆောင်နေသူများ

ဥက္ကာကိုကို၊ ဖွဲ့မာန်

အဆုံးစွန်ထိ စိတ်ရှည်သည်းခံကြရန်သာ အထက်လူကြီးများက ထပ်တလဲလဲမှာကြားလမ်းညွှန်ခဲ့သည်ဟု ရန်ကုန်မြို့လမ်းများပေါ်မှ ယာဉ်ထိန်းရဲများကပြောပါသည်။

နံနက်လင်းသည်နှင့် ယာဉ်ထိန်းရဲ ၈၀၀ ကျော်သည် ယာဉ်ကြောပိတ်ဆို့ရာ အဓိကလမ်းများပေါ်သို့ အသီးသီးထွက်ခွာလာကြသည်။ မိမိတာဝန်ကျရာမီးပွိုင့်နှင့် လမ်းပိတ်သည့်နေရာများတွင် ဝီစီတရှီရှီမှုတ်ကာ လက်နှစ်ဖက်လုံး မနားမနေ လမ်းရှင်းကြတော့မည်ဖြစ်သည်။

ကားတင်သွင်းမှုများပြားလာပြီး ကားဝယ်စီးနိုင်သူပေါများလာ၍ နေ့စဉ်ရှုပ်ထွေးပိတ်ဆို့နေသည့် ယာဉ်ကြောများကြောင့် အင်အားမလုံလောက်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့သည် အရာရှိ၊ ရဲဘော် မခွဲခြားဘဲ တစ်ဦးမကျန် လမ်းပေါ်သို့ထွက်နေကြရသည်။

ဖွဲ့စည်းပုံအရ ရန်ကုန်တစ်မြို့လုံးတွင် အင်အား ၁၄၀၀ ရှိရမည်ဖြစ်သော်လည်း ရှိသည့် အင်အားဖြင့်ပင် ဆောင်ရွက်နေကြရသည့် ယာဉ်ထိန်းရဲများအား သင်တန်းကာလတစ်လျှောက်လုံးရော၊ တာဝန်ထမ်းဆောင်စဉ်ကာလများမှာပါ အထက်လူကြီးများအဓိကမှာကြားလေ့ရှိသည့် စကားတစ်ခွန်းက စိတ်ရှည်သည်းခံကြဖို့ဖြစ်သည်။ ယာဉ်ထိန်းရဲများသည် စိတ်ရှည်ရှည်ထား၍ သည်းခံစိတ်မွေးမြူကာ တာဝန်ထမ်းဆောင်ကြသော်လည်း ပုထုဇဉ်လူသားများပင်ဖြစ်၍ ကားမောင်းသူတို့နှင့် မကြာမကြာကတောက်ကဆဖြစ်မှုများကတော့ ရှိတတ်ကြသည်။ ပြည်သူနှင့် ရန်ဖြစ်လျှင် ရဲစည်းကမ်းအရ အရေးယူခံရမည်ဖြစ်သောကြောင့် သည်းခံမှုကိုသာ လက်ကိုင်ထားကြရသည်ဟု ၎င်းတို့ကဆိုပါသည်။

ကားမောင်းသူများအနက် လိုင်းကားသမားများ၊ လိုင်စင်မဲ့မောင်းနှင်သူများအတွက်တော့ ယာဉ်ထိန်းရဲများကို ဘုံရန်သူသဖွယ်မြင်တတ်ကြသည်။ အများစုကတော့ ယာဉ်ထိန်းရဲဟူသည် ငွေတောင်းသူများဟု ထင်မြင်ယူဆထားတတ်ကြသလို လူရွှင်တော်များကလည်း ယာဉ်ထိန်းရဲဦးထုပ်ကို အလှူခံဖလားဟုပင် ပြက်လုံးထုတ်ခဲ့သည်များရှိပါသည်။

"သာမန် စကားလုံးတွေလောက်နဲ့ စော်ကားတာ။ မတူသလို ကားပေါ်က အကြည့်တွေလောက်တော့ သည်းခံနိုင်ပါတယ်။ ဒါပေမဲ့လူပဲဗျာ။ တစ်ခါတလေ ကိုယ်အလုပ်လုပ်နေတာကို စော်ကားမယ်၊ နှောင့်ယှက်မယ်ဆိုရင်တော့ ပြန်ပြော၊ ပြန်အော်မိတာတွေရှိတယ်။ ဒါပေမဲ့ ချက်ချင်းသတိနဲ့ပြန်ထိန်းပါတယ်"ဟု ယာဉ်ထိန်းဒုတပ်ကြပ် စိုးမင်းအောင်က ပြောပြသည်။

ယာဉ်ထိန်းရဲများအနေဖြင့် စည်းကမ်းမလိုက်နာသည့် ယာဉ်ကိုဖမ်းဆီးရာတွင် အဓိကကြုံရသည့် ပြဿနာမှာ မည်သူမည်ဝါမှန်းမသိဘဲ အာဏာပြမှုများပင်ဖြစ်သည်။ ဖမ်းဆီးခံရသူက အထက်ကို တိုင်မည်၊ တောမည်ဟု ခြိမ်းခြောက်ကာ မကြားဝံ့မနာသာ ဆဲဆိုခံရမှုများက ယာဉ်ထိန်းရဲများအတွက်နိစ္စဓူဝ ပြဿနာတစ်ရပ်ပင်။

ပြီးခဲ့သည့်နှစ် ဧပြီလအတွင်းက ဒေါပုံမြို့နယ်၊ ယမုံနာလမ်းမကြီးနှင့် သဘော်ကျင်း လမ်းဆုံတွင် တာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းရဲအုပ်ဖော်ဝင်းက လမ်းဆုံမီးပွိုင့်တွင် လဲနေသည့် လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီးကို ဖယ်ရှားပေးရန် ပြောဆိုရာမှ သံတုတ်ဖြင့် ရိုက်နှက်ခြင်းခံခဲ့ရသည်။

**စာမျက်နှာ (၁၇)သို့**



*ယာဉ်ထိန်းရဲတစ်ဦး ယာဉ်ကြောရှင်းလင်းနေစဉ်*


ဓာတ်ပုံ - နစ်ကီ



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

မျက်နှာဖုံးမှ

# လွှတ်တော်သက် သုံးနှစ်ပြည့်သောအခါ



*ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း အစည်းအဝေးခန်းမတွင်း ဝင်လာစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သို့သော် လွှတ်တော်များသည်ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်က သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နိုင်ငံကို နှစ်ပေါင်း နှစ်ဆယ်ကျော်ထင်တိုင်းကြဲ အုပ်စိုးခဲ့သည့် စစ်အာဏာရှင်အစိုးရ၏ ထိပ်ပိုင်းခေါင်းဆောင်အချို့က ဦးဆောင်သူများအဖြစ် ပါဝင်ခဲ့သဖြင့် ပြည်သူများက ထိုကဲ့သို့ စွဲမြဲမှတ်ထင်ကြသည်မှာမလွန်။

စစ်အစိုးရလက်ထက် နံပါတ် ၃ နေရာတွင် တာဝန်ယူခဲ့သည့် ဗိုလ်ချုပ်ကြီးဟောင်း သူရဦးရွှေမန်းဦးဆောင်သည့် ပြည်သူ့လွှတ်တော်နှင့် ယဉ်ကျေးမှုဝန်ကြီးအဖြစ်တာဝန်ယူခဲ့သူ ဗိုလ်ချုပ်ဟောင်း ဦးခင်အောင်မြင့်တို့ဦးဆောင်သည့် အမျိုးသားလွှတ်တော်တို့အပေါ် ပြည်သူများသာမဟုတ် နိုင်ငံရေးစောင့်ကြည့်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကပါသံသယဖြင့် ကြည့်နေခဲ့ကြသည်။

လွှတ်တော်စတင်ခဲ့စဉ် အချိန်ကပြည်သူများအတွက် အစိမ်းသက်သက်ဖြစ်နေခဲ့သော်လည်း သုံးနှစ်လွန်မြောက်ခဲ့သည့် ယနေ့ကာလတွင် လွှတ်တော်သည်ပြည်သူများနှင့် ပိုမိုရင်းနှီးမှုရှိလာခဲ့သည်။

အထူးသဖြင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၄၂ ဦး လွှတ်တော်ထဲရောက်ရှိခဲ့ပြီး ပြည်သူများက လွှတ်တော်အပေါ် စိတ်ဝင်စားမှုပိုမိုခဲ့သည်။

သို့သော်လွှတ်တော်များအပေါ် ယနေ့အချိန်အထိ သံသယဖြင့် စောင့်ကြည့်နေသူများ ရှိနေသကဲ့သို့ ယုံကြည့်လာကြသူများလည်း ရှိလာပြီဖြစ်သည်။ သံသယဖြင့် စောင့်ကြည့်ကြရခြင်း၏ အဓိကအကြောင်းရင်းသည် သာမန်ပြည်သူများက ကိုယ်စားလှယ်တစ်ဦးအတွက် တစ်ကြိမ်သာ မဲပေးရွေးချယ်ခွင့်ရှိသော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဆိုသူက အကြိမ်ကြိမ်ဖြုတ်တပ်ရွေးချယ်နိုင်သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကြောင့်ပင်။

"ပြောရမယ်ဆိုရင်ဗျာ လွှတ်တော်တွေစတုန်းက ဟန်ပြ၊ ရုပ်ပြလို့ပဲထင်ထားတယ်။ ဥက္ကဋ္ဌတွေက စစ်သားဟောင်းတွေပဲ ဆိုတော့လေ။ အခုအချိန်မှာတော့ လွှတ်တော်တစ်ခုလုံးအနေနဲ့ ကြည့်ရင် ကျွန်တော်ထင်ထားတာထက် အများကြီး ပိုအောင်မြင်တယ်လို့ ဆိုရပါမယ်"ဟု လွှတ်တော်အပေါ် အကောင်းမြင်သူတစ်ဦးဖြစ်သူ ဒဂုံမြို့သစ်မြောက်ပိုင်းတွင် နေထိုင်သည့် အထက်တန်းရှေ့နေ ဦးထွန်းဦးကပြောသည်။

ပြည်သူများက ထိုကဲ့သို့ပြောကြားသော်လည်း ၂၀၁၄ ဇန်နဝါရီ ၃၁ ရက်တွင် သုံးနှစ်ပြည့်မြောက်ခဲ့သော လွှတ်တော်နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက မိမိတို့အနေဖြင့် လွှတ်တော်လုပ်ငန်းများကို မျှော်မှန်းထားသလောက် လုပ်ကိုင်နိုင်ခြင်းမရှိသေးဘဲ လုပ်ဆောင်စရာများစွာကျန်ရှိနေသေးကြောင်း ပြောကြားခဲ့သည်။

ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများရှိ ဒီမိုကရက်လွှတ်တော်တစ်ရပ်အဖြစ်အသက်ဝင်လာစေရေး များစွာ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းမှသုံးသပ်သည်။

မိမိတို့နိုင်ငံအနေဖြင့် လွှတ်တော်နိုင်ငံရေးဖြင့် ကင်းကွာနေခဲ့ပြီးနောက် လွှတ်တော်များ ပေါ်ပေါက်လာခြင်းသည် ကောင်းသော အပြောင်းအလဲဖြစ်ပြီး ဒီမိုကရေစီနိုင်ငံများအတွက် လွှတ်တော်သည် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီက ပြောသည်။

"လွှတ်တော်ကအရင်စလုပ်တဲ့ ကာလထက်စာရင်း အခုက ပိုပြီးတိုးတက်လာပါတယ်။ အရင်က ဆိုရပ်ကွက်အဆင့်မေးခွန်းတွေပါ လွှတ်တော်မှာမေးတာလေ။ ဒါပေမဲ့ ဒီမိုကရက်တစ်လွှတ်တော်တစ်ရပ်ဖြစ်ဖို့ကတော့ ဒီထက်ပိုပြီး ကြိုးစားဖို့လိုတယ်"ဟု ဦးဂျင်မီက ဆိုသည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတစ်ခု၏ ဥပဒေပြုရေးအာဏာကို ကိုင်စွဲရသည့် လွှတ်တော်များအနေဖြင့် ဥပဒေပြုမှုဆောင်ရွက်ရာတွင် အတွေ့အကြုံအားနည်းမှုကြောင့် အစိုးရအဖွဲ့တင်သွင်းသော ဥပဒေများကိုသာ အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းသော ဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်မှုနည်းပါးခဲ့သည်။

"အခုလွှတ်တော်သက်တမ်းသုံးနှစ်အတွင်းမှာတော့ ဥပဒေပြုရေး ကဏ္ဍမှာ အားရကျေနပ်လောက်စရာ မရှိသေးဘူး။ ပွင့်ပွင့်လင်းလင်းပြောရမှာပဲ"ဟု ဥပဒေပညာရှင်ဦးမင်းတေဇညွန့်တင်က ၎င်း၏ အမြင်ကို ပြောသည်။

သုံးနှစ်တာကာလအတွင်း ပြည်ထောင်စုလွှတ်တော်အနေဖြင့်ဥပဒေပေါင်း ၆၀ ကျော်ပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် လက်တွေ့နယ်ပယ်တွင် အသုံးဝင်သုံးစွဲမှုနည်းပါးနေပြီး ဆန္ဒထုတ်ဖော်မှုနှင့် ပတ်သက်သော ဥပဒေတစ်ရပ်သာလျှင် လူထုအတွင်း ခေတ်စားသော ဥပဒေတစ်ရပ်ဖြစ်လာကြောင်း ဝေဖန်သူများလည်းရှိသည်။

လွှတ်တော်သက်တမ်းသုံးနှစ်အတွင်း ရေးဆွဲခဲ့သည့် ဥပဒေများနှင့် ပတ်သက်၍ "ဥပဒေရေးဆွဲတာက အနုပညာတစ်ခုပဲ။ အရင်က Stakeholder တွေမပါဘဲရေးခဲ့တဲ့ ဥပဒေတွေက အများကြီးပဲ။ ဒီတော့ လက်တွေ့မဆန်ဘူး။ အခု Stakeholder တွေနဲ့ရေးတဲ့ ဥပဒေတွေ အများကြီးပဲ။ ဒါကြောင့်ပိုလက်တွေ့ဆန်တယ်။ အဆင့်မီတယ်ဆိုတာထက် လက်တွေ့ဆန်ဖို့ အရေးကြီးတယ်"ဟု ဦးမင်းတေဇညွန့်တင်က ဆက်လက်ပြောကြားသည်။

ပြုပြင်ပြောင်းလဲရေးအတွက် သုံးနှစ်ဟူသော သက်တမ်းသည် နည်းပါးသည်ဟုဆိုနိုင်သော်လည်း ထိုကာလအတွင်း လွှတ်တော်၏ လုပ်ငန်းစဉ်ဟူ၍ ပီပီပြင်ပြင်အကောင်အထည်ပေါ်လာမှုမှာ လွှတ်တော်ဥက္ကဋ္ဌများ၏ အရည်အချင်းကြောင့်ဟုလွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်သည်။

ယခင်က ပြည်သူများ သိရှိခွင့်ပင်မရခဲ့သော နိုင်ငံ၏ ဘဏ္ဍာရေးနှစ်အလိုက် ရသုံးမှန်းခြေငွေစာရင်းများကိုလွှတ်တော်များပေါ်ပေါက်လာပြီးနောက် မီဒီယာများ၏ သတင်းထုတ်ပြန်မှုဖြင့် ပြည်သူများ နှစ်စဉ်မှန်မှန်သိရှိခဲ့ရသည်မှာသုံးနှစ်ကာလတိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင်လွှတ်တော်သို့ တင်ပြခဲ့သော စာရင်းစစ်ချုပ်၏ စာရင်းစစ်ဆေးချက်များကြောင့်လည်း အစိုးရဌာနများအတွင်းရှိ ငွေကြေးအရှုပ်တော်ပုံများကိုလည်း ပြည်သူများသိရှိခွင့်ရှိလာသည်။

လွှတ်တော်စတင်သည့် ၂၀၁၁ ခုနှစ်၌ စတင်ကိုင်တွယ်ခဲ့ရသော ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်၏ ရသုံးမှန်းခြေငွေစာရင်းကို လွှတ်တော်အတွေ့အကြုံနည်းပါးသေးသည့်အတွက် ကောင်းစွာမကိုင်တွယ်နိုင်ခဲ့သော်လည်း ၂၀၁၂-၁၃ ဖြည့်စွက်ရန်ပုံငွေမှစတင်ကာ လွှတ်တော်အတွင်း ချက်ကျလက်ကျထောက်ပြဝေဖန်မှုများကြောင့် ဝန်ကြီးဌာနအချို့ဘီလီယံနှင့် ချီ၍ ဘတ်ဂျက်ဖြတ်တောက်ခံရမှုများဖြစ်ပေါ်ခဲ့သည်။

လယ်/ဆည်ဝန်ကြီးဌာနမှ ပြုလုပ်မည့် ဆည်တာတမံစီမံကိန်းကြီးများ ရပ်ဆိုင်းခံရခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဘတ်ဂျက်အသုံးစရိတ်အချို့တို့ ဖြတ်တောက်ခံခဲ့ရပြီး အခြားလိုအပ်သော ဝန်ကြီးဌာနများနှင့် နိုင်ငံအတွက် အရေးကြီးသော ကျန်းမာရေး၊ ပညာရေးအသုံးစရိတ်များကို ဖြည့်တင်းမှုများပြုလုပ်ပေးနိုင်ခဲ့သည်။

"လွှတ်တော်ကအစပိုင်းမှာတော့ ဘယ်သူမှ အတွေ့အကြုံမရှိကြဘူးလေ။ ဒီလိုဖြစ်လာတာလွှတ်တော်ဥက္ကဋ္ဌ နှစ်ယောက်ရဲ့ ကြိုးပမ်းမှုကြောင့်လည်း ပါပါတယ်။ အခုတော့ လွှတ်တော်သက်တမ်းလေးလဲ ရလာတာနဲ့ အမျှ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အရည်အချင်းတွေလည်းတက်လာတယ်"ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသာဝင်းကပြောသည်။

သမ္မတ ကန့်ကွက်သော မှတ်ချက်အများစုအား ပယ်ချ၍ အတည်ပြုခဲ့သော ပြည်ထောင်စုလွှတ်တော်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရလွှတ်တော်ကိုယ်စားလှယ်များ မိမိတို့မဲဆန္ဒနယ်အတွင်း ဒေသဖွံ့ဖြိုးရေးများ ပိုမိုလုပ်ဆောင်ရန် တစ်မြို့နယ်လျှင် ကျပ်သိန်းတစ်ထောင်ချထားပေးခြင်းကိုလည်း လွှတ်တော်သက်တမ်းသုံး နှစ်မပြည့်မီ လပိုင်းအလိုတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

မြို့နယ်တစ်ခုချင်းစီအလိုက် ချထားပေးခြင်းဖြစ်၍ မြို့နယ်များကိုကိုယ်စားပြုသောပြည်သူ့လွှတ်တော်များမှာ အရေးပါသော အခြေအနေရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်အချို့မှာ မဲဆွယ်ကာလတွင်သာ မိမိတို့မြို့နယ်သို့ ရောက်ရှိခဲ့ပြီး ကျန်အချိန်များတွင် လုံးဝလာရောက်ခြင်းမရှိသဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကိုသာ အားကိုးနေရသော မြို့နယ်အချို့လည်းရှိလာသည်။

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦးဖြစ်သူ ကိုဝေလင်းက "ကျွန်တော်တို့မြို့နယ်မှာလာပြီး အရွေးခံထားတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုရင် မှတ်မှတ်ရရ သုံးနှစ်အတွင်း တစ်ခါမှ ကျွန်တော်တို့ဆီလာတာမရှိဘူး။ ဘာတွေအခက်အခဲရှိလဲ ဆိုတာလည်းမေးမြန်းစုံစမ်းခြင်းမရှိဘူး။ ဒီမြို့နယ်မှာလည်းမနေဘူး။ အဲလိုဖြစ်နေတော့ ဒီမှာနေတဲ့အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကိုပဲအားကိုးနေရတယ်"ဟု အခက်အခဲများကို ပြောပြသည်။

ထိုကဲ့သို့သော ဖြစ်စဉ်များအပြင် အခြားဖြစ်စဉ်အချို့ကြောင့် မိမိတို့တင်မြှောက်ထားသော ကိုယ်စားလှယ်များအားပြန်လည် ရုပ်သိမ်းလိုကြသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအား ရုပ်သိမ်းသည့် ဥပဒေကြမ်းမှာ လွှတ်တော်တွင် သောင်တင်နေဆဲဖြစ်သည်။

ထိုဥပဒေပေါ်ပေါက်လာမှသာ လွှတ်တော်ကိုယ်စားလှယ်များကို ပြန်လည်ရုပ်သိမ်းနိုင်မည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲကော်မရှင်မှလည်း ၎င်းဥပဒေပေါ်ထွက်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ကြီးမားသောလူတန်းစားတစ်ရပ်ဖြစ်သောတောင်သူလယ်သမားများအတွက်ကြီးမားသော အခက်အခဲဖြစ်နေသည့် မြေယာသိမ်းဆည်းခြင်းခံရသောကိစ္စရပ်များကိုပြည်ထောင်စုလွှတ်တော်မှ ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှုများ ပေါ်ပေါက်လာပြီး အစိုးရသို့ အစီရင်ခံစာများကို အပိုင်းလိုက်တင်သွင်းနိုင်ခဲ့သည်။

"လယ်ယာမြေကတော့ တော်တော်ကို ရှုပ်ထွေးပြီး ဖြေရှင်းရခက်တဲ့ ပြဿနာပဲ။ ဒါကို ဖြေရှင်းနိုင်တဲ့ အစိုးရကတော့ လက်ခမောင်းခတ်တော့ပဲ။ လွှတ်တော်ကလုပ်ပေးတယ်ဆိုတာ အရင်အာဏာရှင်ခေတ်ကလို ဘာမှ မလုပ်ပေးတာထက်စာရင် ပိုပြီး တိုးတက်လာတယ်လို့ သုံးသပ်နိုင်ပါတယ်"ဟု ဦးဂျင်မီကပြောသည်။

စာမျက်နှာ (၃) မှ

## ကလေးငယ်များ ပန်းအဖျားဖြတ်ဖို့ လိုသလား

ထို့အပြင် အရေပြားဖြတ်ရာတွင် အချိန်အဆမှားယွင်းခြင်းကြောင့် ရှိသင့်သည့်ပမာဏထက်နည်းခြင်း၊ များခြင်းပြဿနာများ၊ မကျွမ်းကျင်မှုကြောင့် ထောင်ချီသည့် အာရုံကြောများ ထိခိုက်မှုများ စသည်တို့ ဖြစ်ပွားလာနိုင်သည်များလည်း ရှိနိုင်ကြောင်း ဒေါက်တာတင့်ဆွေက ပြောသည်။

ယောက်ျားလေး မွေးထားသည့် မိခင်များအကြား ထိုကိစ္စ မေးမြန်းပြောဆိုမှုများဖြင့် အရေပြားဖြတ်တောက်ရန် ဆုံးဖြတ်ပြီးပါက ကလေးငယ်ရွယ်သည့်အချိန်မှာအကောင်းဆုံးဖြစ်ပြီး ကျွမ်းကျင်သူနှင့် ဆောင်ရွက်ရန်လည်း အရေးကြီးဆုံးဖြစ်ကြောင်း ကျွမ်းကျင်သူများက အကြံပြု ပြောကြားထားသည်။

Health
7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# အစိုးရဝန်ထမ်းမဟုတ်သည့်ပြင်ပဆရာဝန်များအတွက် ပုဂ္ဂလိကဆေးကောလိပ်တစ်ခုဖွင့်လှစ် ရန်စီစဉ်

**ယမင်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁**

ပြင်ပဆေးခန်းထိုင်သော အထွေထွေရောဂါကုဆရာဝန်များအား နိုင်ငံတကာအဆင့်မီအရည်အသွေးမြှင့်တင်နိုင်ရန် ပုဂ္ဂလိကကောလိပ်တစ်ခုဖွင့်လှစ်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံဆရာဝန်များအသင်းအထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှသတင်းရရှိသည်။

အဆိုပါကောလိပ်ကို ၂၀၁၅ နှစ်ဦးပိုင်းတွင် စတင်ဖွင့် လှစ်မည်ဖြစ်သည်။ ဆရာဝန်ဘွဲ့ရပြီး ၂နှစ်အောက်လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် သုံးနှစ်သင်တန်းနှင့် ဆေးခန်းလုပ်သက်အတွေ့အကြုံ ငါးနှစ်အထက်ရှိသူများ အတွက် ၂နှစ်သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း၊ စင်ကာပူ၊ မလေးရှား၊ အမေရိကန်နှင့် အင်္ဂလန်နိုင်ငံများမှ သင်ရိုးညွှန်းတမ်းများကို မြန်မာနိုင်ငံနှင့် ကိုက်ညီအောင် ပြင်ဆင်ထားသည့် သင်ရိုးပုံစံအတိုင်းစာတွေ့နှင့်လက်တွေ့(ပြင်ပဆေးရုံနှင့်ဆေးခန်းများတွင်)သင်ကြားပေးရန်စီစဉ်ထားခြင်းဖြစ်သည်။

“ပုဂ္ဂလိကကဏ္ဍကနေ ပထမဦးဆုံးစတင်မယ့် ဘွဲ့လွန်ဆေးပညာကောလိပ်တစ်ခုပါ။ ဆရာဝန်အသစ်တွေကို မွေးထုတ်ပေးမယ့် ဆေးတက္ကသိုလ်မဟုတ်ပါဘူး။ ဘွဲ့ရပြီးအစိုးရအလုပ်မရလို့ပြင်ပမှာဆေးခန်းဖွင့်နေရတဲ့ဆရာဝန်တွေ နိုင်ငံတကာစာမေးပွဲတွေ ဖြေဆိုအောင်မြင်နိုင်အောင်လို့ အရည်အသွေးမြှင့်တင်ပေးမှာပါ။ မိသားစုဆေးပညာ အထူးကုဆရာဝန်တွေဖြစ်လာအောင် လေ့ကျင့် သင်ကြားပေးမှာဖြစ်ပါတယ်”ဟု ဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှ ဒေါက်တာမြင့်ဦးကပြောသည်။

အစိုးရဆေးတက္ကသိုလ်များနှင့်ပူးပေါင်းဆောင်ရွက်ရန်လည်း ပြင်ဆင်ထားကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုတိုးတက်လာစေရန်နှင့်ပြင်ပဆေးခန်းထိုင်သော အထွေထွေရောဂါကုဆရာဝန်များ၏ အရည်အချင်းများတိုးတက်ရန်အတွက် အရည်အသွေးမြှင့်တင်ရေးကောလိပ်တစ်ခုလိုအပ်ကြောင်းအထွေထွေရောဂါကု ဆရာဝန်များကဆိုသည်။

“ပြင်ပဆရာဝန်တွေဟာ အစိုးရဆေးတက္ကသိုလ်တွေကနေ အထူးကုဘွဲ့တွေကိုယူခွင့်မှမရှိတာ။ အစိုးရအလုပ် သုံးနှစ်လုပ်ပြီးတဲ့သူမှ မာစတာဘွဲ့တွေကိုလျှောက်ခွင့်ရတာ။ ပြီးတော့ နိုင်ငံတကာကအထွေထွေရောဂါကုဆရာဝန်(ဂျီပီ)တွေနဲ့ယှဉ်ရင် ကျွန်တော်တို့နိုင်ငံက ဂျီပီဆေးကုသရေးပညာမှာ သိပ်နောက်ကျနေပြီ။ အထူးကုဆရာဝန်တွေကလည်း ပြင်ပဆေးခန်းဖွင့်တဲ့ ဂျီပီဆရာဝန်တွေကို ဆေးပညာမတတ်တော့ဘူးလို့ ထင်နေကြတယ်။ ခုလိုနိုင်ငံတကာအဆင့်မီတဲ့ သင်ရိုးတွေနဲ့သင်ပေးရင်တော့ ကောင်းတာပေါ့”ဟု ဒဂုံမြို့သစ်မြောက်ပိုင်းမှ အထွေထွေရောဂါကုဆရာဝန်တစ်ဦးကပြောသည်။

ပုဂ္ဂလိကဂျီပီကောလိပ်ထူထောင်ရန်အတွက် ပထမခြေလှမ်းအဖြစ်ဖေဖော်ဝါရီ ၁၁ရက်က မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ “မြန်မာနိုင်ငံမိသားစုဆေးပညာထွန်းကားရေး နိုင်ငံတကာအထောက်အကူပြုညှိနှိုင်းဆွေးနွေးပွဲ” တစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကာ ဆွေးနွေးပွဲအပြီးတွင် အနာဂတ်ဂျီပီကောလိပ်၌ သင်ကြားပေးမည့် ဆရာဖြစ်သင်တန်းအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ရက်မှ ၁၅ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံတကာညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးအား ဖိတ်ကြားထားပြီးဗြိတိသျှသံရုံးမှ သံအမတ်ကြီးလည်း တက်ရောက်မည်ဖြစ်ကာ ကမ္ဘာ့မိသားစုဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ၊ အမေရိကန်နိုင်ငံဘော်စတွန်တက္ကသိုလ်မှပါမောက္ခ၊ အာဆီယံမိသားစုဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ၊ ဗြိတိန်တော်ဝင်ဂျီပီကောလိပ်ကြီးမှ ပါမောက္ခများအပါအဝင် နည်းပညာအကူအညီပေးမည့်နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင် ၂၀ကျော်နှင့် နိုင်ငံတကာငွေကြေးထောက်ပံ့ရေးအေဂျင်စီများမှ အလှူရှင်အချို့ပါတက်ရောက်မည်ဖြစ်သည်။

# မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ဝက်သက် ပပျောက်ရေး WHO ပူးပေါင်းဆောင်ရွက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

လာမည့် ၂၀၂၀ပြည့်နှစ်တွင်မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ ဝက်သက်ရောဂါ ပပျောက်ရန်နှင့် နောက်ထပ်မဖြစ်စေရန် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် အစည်းအဝေး၌ ပြောကြားခဲ့သည်။



အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံတွင် ကလေး ခုနစ်သောင်းကျော်သည် ဝက်သက်ရောဂါကြောင့် သေဆုံးခဲ့ပြီး ထိုသေဆုံးမှုသည် တစ်ကမ္ဘာလုံးတွင် ဝက်သက်ရောဂါကြောင့် သေဆုံးမှု၏ ထက်ဝက်နီးပါးလည်းဖြစ်ကြောင်း WHO ၏ ထုတ်ပြန်ချက်အရ သိရသည်။

“သွားလာရခက်ခဲတဲ့နေရာတွေကို လုပ်အားပေးအဖွဲ့တွေနဲ့ မူဝါဒပိုင်းဆိုင်ရာ ပြင်းပြင်းထန်ထန် အာရုံစိုက်ပြီး လုပ်မယ်ဆိုရင် ယုံကြည်ပါတယ်။ ၂၀၂၀ မှာ အရှေ့တောင်အာရှဒေသမှာ ဝက်သက်ရောဂါကင်းစင်ပြီး ထိန်းချုပ်နိုင်မှာပါ”ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဒါရိုက်တာက ပြောသည်။

ထိုကဲ့သို့ အောင်မြင်မှုများရရှိရန် နိုင်ငံအသီးသီးတွင် ကာကွယ်ဆေးတိုက်ကျွေးရန် လိုအပ်သည့်သူများအား ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးတိုက်ကျွေးရမည်ဖြစ်ကြောင်း WHO က တိုက်တွန်းထားသည်။

မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါဖြစ်ပွားသူဦးရေမှာ ၂၀၁၀ ပြည့်နှစ်တွင် ၁၉၀ ကျော် ရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၁၀ ဆကျော်မြင့်တက်လာကာ လူဦးရေ ၁၇၀၀ ကျော်အထိ ဖြစ်ပွားခဲ့ကြောင်း ယူနီဆက်မှ ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

ကာကွယ်ဆေးမထိုးလိုက်ရသည့် ကလေးများ တဖြည်းဖြည်းများပြားလာသည့်အတွက် ဝက်သက်ရောဂါဖြစ်ပွားမှု ပြန်လည်များပြားခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ အတွင်းက အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ် ၆ ဒသမ ၄ သန်းအား ဝက်သက်ကာကွယ်ဆေး ထိုးနှံခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါသည် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် အဖြစ်များလေ့ရှိပြီး တစ်နှစ်အောက်ကလေးများတွင် အများဆုံးဖြစ်ကာ အသက်ငါးနှစ်မှ ကိုးနှစ်အထိကလေးများသည် ဒုတိယဖြစ်ပွားမှု များပြားသူများ ဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသည့်အတွက် အနီးအနားရှိသူများသို့ အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်ဖြစ်ပွားလေ့ရှိပြီး နှာချေ၊ ချောင်းဆိုးခြင်း၊ ဖျားခြင်းနှင့် မျက်စိနီရဲခြင်းအပါအဝင် ခန္ဓာကိုယ်တွင် အနီစက်များ ဖြစ်ပေါ်လေ့ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ၂၀၀၀ ပြည့်နှစ်မှ ၁၀ နှစ်အတွင်း ဝက်သက်ရောဂါကြောင့် သေဆုံးသူ ၄၈ ရာခိုင် နှုန်းအထိ လျော့ချနိုင်ခဲ့သော်လည်း လက်ရှိအခြေအနေတွင် ထောင်စုနှစ်ပန်းတိုင်အဖြစ် ရည်မှန်းထားသည့် ၂၀၁၅ ခုနှစ်တွင် သေဆုံးမှုနှုန်း ၉၅ ရာခိုင်နှုန်း အထိ လျော့ချနိုင်ရန် မဖြစ်နိုင်သေးကြောင်း WHO က ခန့်မှန်းထားသည်။



7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

## ဆယ်ကျော်သက် လူငယ်များကြား လိပ်ခေါင်းဖြစ်ပွားမှု များလာ

**ဇေနွေထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

အထိုင်များသူများတွင် ဖြစ်တတ်သော လိပ်ခေါင်းရောဂါကို ဆယ်ကျော်သက်အရွယ် လူငယ်များကြားတွင် ယခုနောက်ပိုင်း အဖြစ်များလာကြောင်း အနာပေါက်ရောဂါကု သမားတော်များထံမှ သတင်းရရှိသည်။

"လူငယ်တွေက ချိုတာ၊ စပ်တာ၊ ပူတာ မှန်သမျှ အကုန်စားတော့ ဖြစ်တာပေ့ါ။ အမျိုးသမီးတွေ ဂျင်းဘောင်းဘီ ကြာကြာဝတ်တာကလည်း ပူလာတဲ့အတွက် ဖြစ်နိုင်တာပဲ။ ဂိမ်းအကြာကြီးထိုင်ပြီး ဆော့တာတို့၊ အိပ်ပျက်ခံပြီး ဘောပွဲကြည့်တာတွေကြောင့်လည်း ဖြစ်တတ်တယ်" ဟု နှစ်ပေါင်း ၄၀ ကျော် အတွေ့အကြုံရှိ တိုင်းရင်းဆေး သမားတော်တစ်ဦးက ပြောကြားသည်။

ဆေးခန်းလာပြသူများထဲတွင် ဆေးလိပ်နှင့် အရက်မကင်းနိုင်သည့် လူငယ်များ၊ ကွန်ပျူတာအသုံးများ၍ အထိုင်များသူများ ပါဝင်ကြောင်း လသာမြို့နယ်တွင် တိုင်းရင်းဆေးကုခန်းဖွင့်လှစ်ထားသည့် တိုင်းရင်းဆေးသမားတော် ဦးအောင်ဇေယျာမင်းက ရှင်းပြသည်။

ယာဉ်မောင်းလုပ်ကိုင်သူများ၊ အထည်ချုပ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော စက်ချုပ်သမများ၊ လူငယ်ပန်းထိမ်ဆရာအဖြစ် လုပ်ကိုင်ကြသူများတွင်လည်း အဖြစ်များကြောင်း တိုင်းရင်းဆေးရုံကြီး၏ အနာပေါက် ရောဂါကု သမားတော် ဦးပြည်ထွန်းကလည်း သုံးသပ်ပြောကြားသည်။

"ဝမ်းချုပ်နေတဲ့အချိန် ကြွက်သားညှစ်တာများရင် စအိုဝကွဲတာ၊ ရှတာ ဖြစ်တတ်တယ်။ ကြွက်သားဆဲလ်ပွားမှု မမှန်ရင်လည်း ဖြစ်တတ်ပါတယ်။ လိပ်ခေါင်းရောဂါ သိပ်ပြီးကြီးမားရင်တော့ စအိုတစ်ခြမ်း အနာစားသွားတာမျိုးထိ ဖြစ်နိုင်တယ်" ဟု ၎င်းကရှင်းပြသည်။

အသက်(၃၀)နှင့် (၅၀)နှစ်ကြား အမျိုးသား၊ အမျိုးသမီးများတွင်လည်း အဖြစ်များပြီး ယင်းရောဂါကို မြန်မာတိုင်းရင်းဆေးနည်းပညာတစ်ခုဖြစ်သည့် ပေါင်းချွေးဖြင့် ကုသရကြောင်း၊ မြောက်ဒဂုံမြို့နယ်တွင် ပြီးခဲ့သည့်နှစ်က လူ ၈၀ ကျော်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

"ကျန်းမာရေး ဗဟုသုတနည်းတာရယ်၊ ဆီး၊ ဝမ်းတွေကို အောင့်ထားတာများတာရယ်။ အဓိကကတော့ အညောင်းထိုင်ရင်၊ ဝမ်းချုပ်တာများရင် ဖြစ်နိုင်တယ်"ဟု မြောက်ဒဂုံမြို့နယ် တိုင်းရင်းဆေးမှူး ဦးထွန်းငွေက ဆိုသည်။

လိပ်ခေါင်းရောဂါကို ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် ကုသလျှင် ငွေကျပ် နှစ်သိန်းခွဲ၊ သုံးသိန်းခန့် ကုန်ကျပြီး အများစုမှာ ဖြစ်ခါစ၌ ရှက်၍ မပြောသဖြင့် ရောဂါပိုဆိုးလာခြင်းဖြစ်ကြောင်း လိပ်ခေါင်းရောဂါဖြစ်သူ အချို့ထံမှ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနက မြို့နယ်ပေါင်း ၂၀ ကျော်တွင် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်ထားပြီး အကြော၊ အရိုးအဆစ်၊ လေငန်း၊ အဆစ်ရောင်ရောဂါ၊ လိပ်ခေါင်း၊ ဂရင်ဂျီနာများကို အဓိကကုသကြပြီး ကုသစရိတ်အဖြစ် ငွေကြေးများ လှူဒါန်းကာ ကုသလေ့ရှိသည်။




## အရေးပေါ် အထူးကုဆရာဝန်ဘွဲ့ လွန်သင်တန်းများ လာမည့်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

အရေးပေါ် လူနာများ အတွက် ကုသပေးနိုင်သည့် အရေးပေါ် အထူးကု ဆရာဝန်ဘွဲ့ လွန်သင်တန်းများအတွက် ပထမဆုံး အသုတ်အဖြစ်လာမည့်ပညာသင်နှစ်တွင် စတင်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုစနစ် စတင်နိုင်ရန် ဩစတြေးလျနိုင်ငံရှိ အရေးပေါ်ပြုစုကုသရေးဆိုင်ရာ တက္ကသိုလ်နှင့်ပူးပေါင်း၍ အထူးကုဆရာဝန် ၁၈ ဦးအား တစ်နှစ်ခွဲကြာ ဒီပလိုမာသင်တန်းများ ပို့ချထားပြီးဖြစ်ကြောင်း အရေးပေါ် ထိခိုက်ဒဏ်ရာနှင့် အရိုးအထူးကု ဆရာဝန်ကြီး ဒေါက်တာဇော်ဝေစိုးက ပြောသည်။

"လာမယ့်နှစ်မှာ M.Sc တွေစတင်မွေးထုတ်နိုင်အောင် စီစဉ်နေတယ်။ သူတို့တွေက တခြားအထူးကုတွေလို အရေးပေါ် အထူးကုဆရာဝန်တွေဖြစ်လာမယ်"ဟု ဒေါက်တာဇော်ဝေစိုးက ပြောသည်။

ဩစတြေးလျတက္ကသိုလ်နှင့် ပူးပေါင်းသင်ကြားခဲ့သည့် အဆိုပါဒီပလိုမာသင်တန်းကဲ့သို့ အရေးပေါ်ပြုစုကုသရေးဆိုင်ရာ ဒီပလိုမာသင်တန်းကို ဒုတိယမြောက် ထပ်မံဖွင့်လှစ်မည်ဖြစ်ပြီး ထို့အတွက် ဆရာဝန် ၁၀၀ အား ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် မရှိသေးသည့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်နိုင်ရန် စီစဉ်နေပြီး ဆီးဂိမ်းကာလအတွင်း ထိုစနစ်ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ရောဝတီတိုင်းဒေသကြီးတို့တွင် အသုံးပြုခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

ပြည်တွင်းတွင် ဖွင့်လှစ်မည့် အရေးပေါ် အထူးကုဆရာဝန်ဘွဲ့များအတွက် နှစ်စဉ် ၃၀ မှ ၄၀ ဦးအတွင်း မွေးထုတ်ပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာဇော်ဝေစိုးက ပြောသည်။



# Regional

7DAY NEWS JOURNAL

Vol.12, No.48 • FEBRUARY 5 , 2014


## လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်း မြေလျော်ကြေး ထပ်ပေးမည်

**မျိုးမင်းဦး**


**မုံရွာ၊ ဖေဖော်ဝါရီ- ၂**

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း နယ်မြေအတွင်း သိမ်းဆည်းခံလယ်ယာမြေများနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၃ ရက်မှစတင်၍မြေအမျိုးအစား သုံးမျိုးခွဲခြား၍ မြေယာလျော်ကြေးထပ်မံပေးအပ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

“ဒေသခံ တောင်သူတွေကို မြေယာလျော်ကြေး နှစ်ကြိမ်ပေးပြီးဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၃ ရက်ကစပြီး ဒေသခံတွေကို မြေအမျိုးအစား သုံးမျိုးခွဲခြားပြီး တစ်ကေလျှင် ကျပ်သုံးသိန်း၊ ရှစ်သိန်း၊ ၁၂ သိန်းစတဲ့ ထောက်ပံ့ကြေးငွေတွေကို ထပ်မံပေးအပ်သွားမှာဖြစ်ပါတယ်” ဟု လက်ပံတောင်းတောင်ကြေးနီ စီမံကိန်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ အကောင်အထည်ဖော်ရေး ကော်မတီတာဝန်ရှိသူများအား ဦးပိုင်ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာတစ်ဦးက ဇန်နဝါရီ၃၀ ရက်နေ့လယ်တွင် ရှင်းပြခဲ့ခြင်းဖြစ်သည်။

လယ်ယာမြေ လျော်ကြေးကိစ္စနှင့် ပတ်သက်၍ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း တာဝန်ရှိသူ တစ်ဦးအား ဆက်သွယ်မေးမြန်းခဲ့ရာ “မြေယာလျော်ကြေးအနေနဲ့ ပထမဆုံး ပေးအပ်ခဲ့တာက တစ်ကေကို ငါးသိန်းနှစ်သောင်းနှုန်းနဲ့ပါ။ ဒုတိယအကြိမ်ထပ်မံပေးအပ်ခဲ့တာက မြေအမျိုးအစား သုံးမျိုးအပေါ် မူတည်ပြီး ၁၀ သိန်း၊ ၁၂ သိန်း၊ ၁၅ သိန်းပေါ့။ အခု ဖေဖော်ဝါရီလဆန်းက စပြီး မြေအမျိုးအစားအလိုက် အရင် ၁၀ သိန်း လျော်ကြေးရတဲ့မြေက အခု သုံးသိန်း၊ အရင် ၁၂ သိန်း လျော်ကြေးရတဲ့သူတွေက အခု ရှစ်သိန်း၊ အရင်လျော်ကြေး ၁၅ သိန်းရတဲ့သူတွေက အခု ၁၀ သိန်း ထပ်မံထောက်ပံ့သွားမှာဖြစ်ပါတယ်” ဟု ပြန်လည်ဖြေကြားခဲ့သည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်း လယ်ယာမြေဧက ၇၀၀၀ ကျော် သိမ်းဆည်းခဲ့ရာဧက၉၀၀ကျော်တောင်သူများထံ ပြန်လည်ပေးအပ်ခဲ့ပြီး လယ်ယာမြေဧက ၆၀၀၀ ကျော်အတွက် မြေယာလျော်ကြေးထပ်မံပေးအပ်ခဲ့ခြင်းဖြစ်သည်။



မန္တလေးမြို့ရှိ ဆောက်လုပ်ဆဲ အဆောက်အအုံတစ်လုံးကို တွေ့ရစဉ် ဓာတ်ပုံ - ညီညီဇော်

# မန္တလေးတွင် စည်ပင်ခွင့်ပြုချက်မယူဘဲ အဆောက်အအုံ ဆောက်လုပ်မှုများရှိနေ

**အေးမွန်ရာပြည့်**

**မန္တလေး၊ ဖေဖော်ဝါရီ- ၂**

မန္တလေးမြို့အတွင်း ဆောက်လုပ်နေသည့်အဆောက် အအုံအများစုမှာမြို့တော်စည်ပင်သာယာရေးကော်မတီထံသို့ တည်ဆောက်မိန့်မလျှောက်ဘဲ ဆောက်လုပ်နေကြကြောင်း မန္တလေးတိုင်း ဒေသကြီး အင်ဂျင်နီယာအသင်း အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည့် လိုင်စင်ရ အကြီးတန်း အင်ဂျင်နီယာတစ်ဦးကပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (MCDC) မှချမှတ်ထားသည့် အဆောက်အအုံဆောက်လုပ်ခွင့်ပြုရေး သတ်မှတ်ချက်များအနက်အချို့အချက်အလက်မှာလိုက် နာရန်ခက်ခဲပြီး ဆောက်လုပ် ခွင့်ရရှိရန်လည်း မလွယ်ကူသောကြောင့် တည်ဆောက်မိန့်မတောင်းခံဘဲဆောက်လုပ်သူများနေသည်ဟုဆိုသည်။

“စည်ပင်စည်းကမ်းအရ ဆိုရင်သူတို့ပိုင်တဲ့မြေပေါ် မှာဆောက်ချင်တဲ့အထပ်ရေဆောက်ဖို့ခွင့်ပြုမှာ မဟုတ်လို့ လာကိုမလျှောက်ကြတော့ဘူး။ အဲဒီလို ခွင့်ပြုမိန့်မရဘဲဆောက်နေတဲ့အဆောက်အအုံတွေကိုတွေ့ရင်စည်ပင်ကိုလာတိုင်ဖို့ လိုင်စင်ရ အင်ဂျင်နီယာတိုင်းကိုမှာထားတယ်။ ဘယ်သူမှ အမုန်းခံ ပြီးတိုင်မနေကြဘူး။ ဒါပေမဲ့ အဆောက်အအုံတွေက တကယ် အန္တရာယ်များနေတာတွေရှိတယ်”ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

မန္တလေးမြို့တွင်စည်ပင်သာယာမှ ခွင့်ပြုချက်မရှိဘဲဆောက်လုပ်နေကြသည့်အဆောက်အအုံများမှာ ခွင့်ပြုမိန့်ဖြင့် ဆောက်လုပ်ကြသည့် အဆောက်အအုံများထက် အရေအတွက်ပိုများနေပြီး အချို့အဆောက်အအုံများမှာ စံနှုန်းထားမှု လိုက်နာမှု အလွန်အားနည်းကြောင်း မန္တလေးမြို့မှ လိုင်စင်ရအင်ဂျင်နီယာတစ်ဦးက ပြောသည်။

“ကျွန်တော့် ဘေးအိမ်က ဆောက်လုပ်ခွင့် မလျှောက်ဘဲ ဆောက်နေတာ၊ လုံခြုံရေးစနစ်တွေလည်း မလိုက်နာဘူး။ အဲဒါကြောင့် စည်ပင်ကိုတိုင်တယ်။ ဒီဘက်ကလည်း လူလွှတ်တယ်။ စာပေးတယ်။ ဒါပေမဲ့ဂရုမစိုက်ဘူး။ အခုဆို သုံးထပ်မြောက်တောင်ဆောက်နေပြီ” ဟု ၎င်းကဆက်လက်ပြောသည်။

မန္တလေးစည်ပင်တွင် ခွင့်ပြုမိန့် မလျှောက်ထားဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့် ပတ်သက်ပြီး ဖျက်သိမ်းရန်အထိ အရေးယူနိုင်ရန် ဥပဒေတစ်ရပ် ထုတ်ပြန်ထားခြင်း မရှိသည့်အတွက် တရားစွဲဆိုမှုများသာပြုလုပ်နေရသည်။ တရားစွဲဆိုနေစဉ် တစ်လျှောက်လုံးတွင်လည်း အဆောက်အအုံ ဆောက်လုပ်သူများဘက်မှ စည်ပင်သာယာထံသို့အဆောက်အအုံဆောက်လုပ်ခွင့်ကို မပြတ်တောင်းခံနေရမည်ဖြစ်ပြီး ယင်းခွင့်ပြုမိန့် မကျမချင်းMCDCမှတောက်လျှောက်တရားစွဲနိုင်သည်ဟု မန္တလေးတိုင်းဒေသကြီး အင်ဂျင်နီယာ အသင်းမှ အဖွဲ့ဝင်ဟောင်း အင်ဂျင်နီယာကြီးက ပြောသည်။




# မီးအာမခံလုပ်ငန်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူပိုများလာဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၁**

စစ်ကိုင်းတိုင်းဒေသကြီးတွင် အာမခံလုပ်ငန်းနှင့် ပတ်သက်၍ မီးအာမခံလုပ်ငန်းကို စိတ်ပါဝင်စားသူ အများဆုံးဖြစ်ကြောင်း ၂၀၁၃ နှစ်ကုန်ပိုင်းက မုံရွာမြို့တွင် ဖွင့်လှစ်ခဲ့သည့် IKBZ (စစ်ကိုင်းတိုင်းဒေသကြီးရုံးချုပ်) မန်နေဂျာ ဦးသန်းထွန်းအောင်က ပြောသည်။



*ဒီဇင်ဘာ ၁၆ ရက်က မုံရွာကြက်မွေးမြူရေးအထူးဇုန်တွင် လောင်ကျွမ်းသော မီးကို ငြိမ်းသတ်နေစဉ်* ဓာတ်ပုံ- မျိုးမင်းဦး

“ပုဂ္ဂလိက အာမခံလုပ်ငန်း စတင်ဆောင်ရွက်ချိန်မှာ မြို့နယ်တိုင်းကို အာမခံလုပ်ငန်းနဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့အခါ မီးအာမခံလုပ်ငန်းက စိတ်ဝင်စားမှုအများဆုံးပါ။ ကျေးရွာတွေမှာတော့ မီးအာမခံထက် မွေးအာမခံကိုပိုပြီး စိတ်ဝင်စားတယ်။ အပူပိုင်းဒေသလည်းဖြစ်တော့ မိမိတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ဆုံးရှုံးမှုမရှိအောင် မီးအာမခံလုပ်ငန်းနဲ့ ပတ်သက်ပြီး အများဆုံးထားတယ်” ဟု ဦးသန်းထွန်းအောင်က ပြောသည်။

“အသက်အာမခံ၊ မွေးအာမခံ၊ မော်တော်ယာဉ်ထိခိုက်မှုအာမခံတွေက အချို့အယူဆတွေကြောင့် စိတ်မဝင်စားကြဘူး။ ယာဉ်ကြောရှုပ်ထွေးတဲ့ မြို့ကြီးတွေမှာမော်တော်ယာဉ်အာမခံလုပ်ငန်းက အောင်မြင်နေပြီ”ဟု မုံရွာမြို့မှ မြန်မာ့အာမခံဝန်ထမ်းဟောင်းတစ်ဦးကပြောသည်။ မုံရွာမြို့ရှိပုဂ္ဂလိကအာမခံလုပ်ငန်းတွင် ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူ့ပြည်သားအသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ မီးအာမခံစသည့်အာမခံလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မီးအာမခံစနစ်နှင့် တွဲဖက်၍ အဓိကရုဏ်း၊ သပိတ်၊ မသမာဖျက်ဆီးမှုများ၊ အလိုအလျောက်မီးစွဲလောင်မှု၊ လေယာဉ်ဖြင့် ထိခိုက်ပျက်စီးခြင်း၊ ကုန်းလမ်းသွားယာဉ်ဖြင့်ထိခိုက်ပျက်စီးခြင်း၊ မြေကျွံမြေပြိုခြင်း၊ မြေငလျင်မီးနှင့်ပြိုအက်ပျက်စီးခြင်း၊ ပေါက်ကွဲပျက်စီးခြင်း၊ ရေကြီးရေလျှံခြင်း၊ စစ်ဘေးအန္တရာယ်၊ လေမုန်တိုင်းအမျိုးမျိုး၊ ဖောက်ထွင်းခိုးယူခြင်းစသည့် အပိုအကာအကွယ်ထပ်မံရယူနိုင်ကြောင်း IKBZ မှ သိရသည်။

# ပန်းတနော်တွင် အင်းအတွင်းငါးဖမ်းသည့် ရေလုပ်သားများကို ထပ်မံဖမ်းဆီးနေဟုဆို

**သူရကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်အတွင်းရှိ ရေလုပ်သားအချို့ကို ငါးခိုးဖမ်းသည်ဟုဆိုကာ ဖမ်းဆီးမှုများရှိနေခြင်းကြောင့် အမှန်တရားဖော်ထုတ်ပေးရန်လိုအပ်ကြောင်း တောင်သူလယ်သမားရေလုပ်သားသမဂ္ဂ ဥက္ကဋ္ဌ ဦးသိန်းဝင်းကပြောကြားသည်။

“အဲဒီရွာက လူတွေက အင်း၊ အိုင်တွေမှာ ပိုင်ရှင်တွေဖမ်းပြီးသားနေရာတွေမှာ ဝင်ဖမ်းခွင့်ရဖို့အတွက် ခွင့်ပြုချက်ယူထားပြီးမှ လုပ်တာကို အခုလို မတရားဖမ်းဆီးနေကြတာတွေကို နိုင်ငံတော်ကသိစေချင်ပါတယ်”ဟု ဦးသိန်းဝင်းကဆိုသည်။

ပန်းတနော်မြို့နယ်စန္ဒဲစဘိုကျေးရွာအုပ်စုအတွင်းရှိ ရေလုပ်သား ၁၂ဦးမှာ ၂၀၁၃ခုနှစ် ဇူလိုင် ၃၁ရက်ကတည်းက အဖမ်းခံထားရပြီး ဇန်နဝါရီ ၂၆ရက်ကထပ်မံဖမ်းဆီးရာ တစ်ဦးအဖမ်းခံခဲ့ရကြောင်း သတင်းရရှိသည်။

“ခွင့်ပြုချက်ယူပြီးရှာဖွေကြတာကို ဖမ်းတယ်ဗျာ။ သူတို့ရှာပြီးသားနေရာတွေမှာ ရှာရတာဆိုတော့ တစ်နပ်တစ်အိုးတောင်မရပါဘူး။ အခုလိုဖမ်းနေကြတာကို ဘယ်ကိုမှလည်းမပြောရဲဘူး။ ပြောတာနဲ့ အဖမ်းခံရမှာလေ”ဟု စန္ဒဲစဘိုကျေးရွာ ဒေသခံဦးဌေးဝင်းကပြောသည်။

အဆိုပါကျေးရွာရှိ ရေလုပ်သားများမှာအင်း၊ အိုင်အတွင်းရှိ လက်ကျန်ငါးများကို ရှာဖွေခွင့်ရရန် (သမနန-သမလိုက်ခွင့်ပြုသည်)ဆိုသည့်ကတ်ပြားကို အင်းပိုင်ရှင်များထံမှ ငွေကျပ်ငါးရာဖြင့် ထုတ်ယူကာ ဝင်ရောက်ရှာဖွေကြခြင်းဖြစ်ကြောင်း၊ ယင်းသို့ရှာဖွေကြရာမှအဖမ်းခံရကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါကိစ္စအား ပန်းတနော်မြို့နယ်ရဲစခန်းသို့ဆက်သွယ်မေးမြန်းခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိပေ။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်သမားများ၊ ရေလုပ်သားများမှာ ပုဒ်မ ၄၂၇၊ ပုဒ်မ ၄၄၇ ဖြင့် အမှုရင်ဆိုင်ရခြင်း၊ တရားစွဲထောင်ချမှုများရှိနေသည့်အတွက် မအူပင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိန်ဝင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်၌ တွေ့ဆုံခွင့်တောင်းထားသော်လည်း ခွင့်ပြုချက်မရခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ်အတွင်းရှိရေချိုငါးလုပ်ငန်းလုပ်ကိုင်သော ဖိုးလမင်းကုမ္ပဏီ ဒါရိုက်တာဦးစိုးအောင်က “သူတို့ကို ဖမ်းတယ်ဆိုတာက မတရားလုယက်လို့ဖမ်းတာပါ။ ကျွန်တော်တို့က ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ကွက်တချို့ကိုပေးထားပါတယ်။ တကယ်တော့ သမလိုင်စင်ဆိုတာလည်း ဥပဒေမှာမရှိပါဘူး။ ဥပဒေကြောင်းအရ မျှမျှတတဆောင်ရွက်ထားတာကို သွေးထိုးတဲ့သူတွေရှိလို့ အခုလိုဖြစ်တာပါ”ဟု ရှင်းပြသည်။

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်
ဆေးဆိုင်အမြောက်အမြားများနှင့် သူနာပြုအကူ မြောက်များစွာ မွေးထုတ်ပေးခဲ့သည်

**အောင်ချမ်းမြေ့ (Since 2004)**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅
(**Open 7:00 am To 7:00 pm**) ပိတ်ရက်မရှိပါ။ **www.acmmyanmar.com**

**– ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်း သွင်းနိုင်သည်။**

“**အောင်**” ပြီး “**ချမ်းမြေ့**” မှုတွေရရှိရန် “**အောင်ချမ်းမြေ့**” ကိုလာခဲ့ပါ။

◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
စဉ် (၃၂၃၉) ၁၁-၂-၁၄ စမည်။ စဉ် (၃၂၄၁) ၁၈-၂-၁၄ စမည်။
စဉ် (၃၂၄၀) ၁၂-၂-၁၄ စမည်။ စဉ် (၃၂၄၂) ၁၉-၂-၁၄ စမည်။
ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ
(I) 07:00 am to 09:00 am (III) 01:00 pm to 04:00 pm
(II) 09:00 am to 12:00 pm (IV) 05:30 pm to 07:30 pm
သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နှစ်လ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၄၃) ၁၅-၂-၁၄ (SAT & SUN) စဉ် (၃၂၄၄) ၂၂-၂-၁၄ (SAT & SUN)
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ သုံးလ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၄၅) ၁၅-၂-၁၄ (Sat Only) စဉ် (၃၂၄၇) ၂၂-၂-၁၄ (Sat Only))
စဉ် (၃၂၄၆) ၁၆-၂-၁၄ (Sun Only) စဉ် (၃၂၄၈) ၂၃-၂-၁၄ (Sun Only))
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
စဉ် (၃၂၄၉) ၁၃-၂-၁၄ စမည်။ စဉ် (၃၂၅၀) ၂၀-၂-၁၄ စမည်။
ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm

**ဝန်ထမ်းအလိုရှိသည်**

**Min Dhama Company Limited ၏ စက်ရုံ၊အလုပ်ရုံများနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။**

**(၁) Engineer (Production)** ကျား (၁၀) ဦး
- B.E (Mechanical) , B.Tech (Mechanical) , AGTI (Mechanical) ရရှိထားသူဖြစ်ရမည်။

**(၂) Engineer (M&E)** ကျား (၆) ဦး
- လုပ်ငန်းနှင့်သက်ဆိုင်သော အင်ဂျင်နီယာဘွဲ့/ဒီပလိုမာရရှိထားသူဖြစ်ရမည်။
- M & E လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ် လုပ်ကိုင်ဖူးသူဖြစ်ရမည်။

**(၃) Office Staff** ကျား/မ (၈) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ရုံးလုပ်ငန်းများကို စိတ်ပါဝင်စားသူဖြစ်ရမည်။

**(၄) General Worker (Welder)** ကျား (၃၀) ဦး
- Welder လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။
- အသက် (၂၀) နှစ်မှ (၄၅) နှစ်ကြား ဖြစ်ရမည်။
- လုပ်ငန်းအပေါ်တွင် စိတ်ပါဝင်စားမှုရှိ၍ အလုပ်ကိုကြိုးစားလုပ်ကိုင်သူဖြစ်ရမည်။

အမှတ်စဉ် (၁၊၂၊၃) အတွက်
- အင်္ဂလိပ်စာအသင့်အတင့် ရေးနိုင်၊ဖတ်နိုင်၊ပြောနိုင်ရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
- အသက် (၂၀)နှစ် နှင့် (၃၅)နှစ်ကြား ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် (၂၀. ၂. ၂၀၁၄) ရက်နေ့ နောက်ဆုံးထား၍ ကိုယ်တိုင်ရေးလျှောက်လွှာ၊ (၃)လအတွင်း ရိုက်ကူးထားသောဓါတ်ပုံ (၃)ပုံ၊နိုင်ငံသား စိစစ်ရေးကဒ်ပြားမိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်းတို့ဖြင့် **Min Dhama Company Limited** အမှတ်(၁၀၆)၊ ပန်းပဲခေါင်းမောင်ခက်လမ်း၊စက်မှုဇုံ(၄)၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၃၁၂၇၀၀၀ ၊ ၀၉ ၄၂၀၃၅၄၈၈ ၊ ၀၉ ၄၀၁၆၀၄၃၈၃



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ကလေးခရိုင်တွင် လမ်းပန်းဆက်သွယ်ရေး အဓိကလုပ်ဆောင်ရမည်ဟုဆို

**ကိုစိုင်း**

**ကလေး၊ ဖေဖော်ဝါရီ- ၂**

ကလေးခရိုင်တွင် သောက်သုံးရေနှင့် လျှပ်စစ်မီး ကဏ္ဍတို့ထက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်သာ အဓိက လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်မောင်းက ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ "ကလေးခရိုင်က ရေသိပ်မလိုဘူး။ လျှပ်စစ်သိပ်မလိုဘူး။ အဓိကလိုအပ်တာက လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် နောက်ထပ်လာမယ့် ဘတ်ဂျက်တွေမှာလည်း လမ်းတံတားဘတ်ဂျက်ကို ပြည်ထောင်စုဝန်ကြီးဌာနထံမှာ တိုးမြှင့်တောင်းခံထားပါတယ်" ဟု ၎င်းက ပြောသည်။

ဆက်လက်၍ "ကျန်တဲ့လ ၃၀ စီမံချက်ထဲမှာ သက်ဆိုင်ရာဌာနတွေကလည်း ကိုယ့်ခရိုင်မှာ ဘာတွေ လိုအပ်နေတယ်ဆိုတာ ဆွဲပေါ့။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ အဓိက တိုးတက်အောင်လုပ်ရမှာက နံပါတ် (၁) အလင်းရောင်ရဖို့အတွက် ကျေးရွာတွေမှာ မီးလင်းရေး၊ (၂) သောက်သုံးရေနဲ့ စိုက်ပျိုးရေး ကဏ္ဍ ရေရရှိရေး လျှပ်စစ်မီးလုံလောက်စွာရရှိရေးနဲ့ သောက်သုံးရေ ဖူလုံစေရေးပေါ့။ အဲဒါတွေအောင်မြင်မယ်ဆိုရင် ကျန်တဲ့ လုပ်ငန်းတွေ ဆက်လုပ်နိုင်မယ်" ဟုစစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်မောင်းက ပြောကြားသည်။

ကလေးမြို့သည် ချင်းပြည်နယ်မြောက်ပိုင်း မြို့များနှင့် ရိဒ်နယ်စပ်ကုန်သွယ်ရေးဂိတ်စခန်းသို့လည်းကောင်း၊ မြန်မာ- အိန္ဒိယနယ်စပ်ဖြစ်သော တမူးနယ်စပ်ကုန်သွယ်ရေးနှင့် လည်းကောင်း ချင်းတွင်းမြစ် အထက်ပိုင်းမြို့များသို့ လည်းကောင်း ကုန်စည်စီးဆင်းမှုအတွက် အဓိက အားထားရာမြို့တစ်မြို့ဖြစ်သည်။

"တရုတ်နယ်စပ်ကနေ ဝင်လာတဲ့ ကုန်စည်တွေက ကလေးမြို့ကနေတစ်ဆင့် ရိဒ်နယ်စပ်ဘက်ကိုသွားတယ်။ ပြီးတော့ မြန်မာ-အိန္ဒိယနယ်စပ်မှာ အမြင့်မားဆုံးကုန်သွယ်မှုပြုလုပ်တဲ့ တမူးနယ်စပ်ကိုလည်း သွားတယ်။ အဲဒီကနေတစ်ဆင့် ချင်းတွင်းမြစ် အထက်ပိုင်းမြို့တွေကကုန်စည်တွေတင်သွင်း၊ တင်ပို့ဖို့အတွက်လည်း ကလေးမြို့ကိုအဓိကထားပြီးဆက်သွယ်မှုပြုနေရတယ်။ ဒါကြောင့် လမ်းပန်း ဆက်သွယ်ရေးသာ ကောင်းမွန်မယ်ဆိုရင် ကုန်စည်စီးဆင်းမှု ဒီထက်မြန်ဆန်လာလိမ့်မယ်" ဟု ကလေးမြို့ရှိ ကုန်သည်တစ်ဦးက ပြောသည်။

# လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသော သက်တော်ရှည်စေတီတော် ပြန်လည်ပြုပြင်

**မျိုးမင်းဦး**

**မုံရွာ၊**
**ဖေဖော်ဝါရီ- ၁**

မုံရွာမြို့နယ်၊ ထနောင်းတောတောင် ကျေးရွာ၊ သဒ္ဓမ္မပါလ ကျောင်းတိုက်ရှိ သမိုင်းဝင်ရှေးဟောင်း သက်တော်ရှည် သက်တော်ရစေတီတော်ကြီးသည် ပြီးခဲ့သည့်နှစ် မေ ၂ရက်တွင် တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ပျက်စီးယိုယွင်းသွား၍ အများပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်တည်ဆောက်နေကြောင်း သဒ္ဓမ္မပါလ ကျောင်းတိုက်နာယက ဆရာတော်က မိန့်ကြားသည်။

"သက်တော်ရှည်သက်တော်ရဘုရားကြီးသမိုင်းကတော့ နှုတ်ရာဇဝင်ပဲကျန်ခဲ့တာ။ ပုဂံခေတ်အလောင်းစည်သူမင်း လက်ထက်က တည်ထားခဲ့တယ်လို့တော့ သိရတယ်။ လေပြင်းကြောင့် ထီးတော် ယိုင်လဲပြီး ကြာမှောက်ကြာလန်ကနေ ပြတ်ထွက်သွားပါတယ်။ ထူးခြားတာကမေ ၁၄ ရက်နံနက်မှာ ရောင်ခြည်တော်ကွန့်မြူးပြီး ယိုင်လဲနေတဲ့ ထီးတော်အလိုအလျောက် ပြန်တည့်သွားတယ်။ အခု ထီးတော်ချပြီးစေတီတော်အဟောင်းကိုငုံပြီးပြန်လည်ပြုပြင်တာပါ"ဟု ထနောင်းတောတောင် ကျေးရွာ သဒ္ဓမ္မပါလ ကျောင်းတိုက်ဆရာတော် ဥူးဝိမလက မိန့်ကြားသည်။

စေတီတော်ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ပြီးခဲ့သည့် နှစ်ကုန်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၆၀ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

ယခင် စေတီတော်ကြီးတွင် လိုဏ်ဂူ မပါရှိသော်လည်းအသစ်ပြုပြင်တည်ဆောက်ရာတွင် လေးမျက်နှာလိုဏ်ဂူဖြင့် ဘုရားဆင်းတုတော် လေးဆူ ပူဇော်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

စေတီတော်ကြီးအသစ်တည်ဆောက်ပြုပြင်မွမ်းမံရာတွင် ကျပ်သိန်းသုံးရာကျော်ကုန်ကျမည်ဟုဆိုသည်။

# မွန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁ ရက်၌ မီးလောင်မှုနှစ်ကြိမ်ဖြစ်

**ဇွဲညက်**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၁**

မွန်ပြည်နယ်ရှိ မြို့နယ်နှစ်ခုတွင် ဖေဖော်ဝါရီ ၁ ရက်က မီးလောင်မှုနှစ်ကြိမ် ဖြစ်ပွားခဲ့ရာ စုစုပေါင်း အိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့မှ သတင်းရရှိသည်။

မော်လမြိုင်မြို့နယ်၊ မုပွန်ရပ်ကွက်၊ တိုးချဲ့ ၅ လမ်းရှိ အိမ်တစ်အိမ်တွင် နံနက် ၉ နာရီကျော်က ဆိုလာစနစ်ဖြင့် ဘက်ထရီအားသွင်းရာမှ ဘက်ထရီအပူလွန်ကဲ၍ အနီးရှိ စာအုပ်စင်ကို မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းချိန်မှာ ၁၅ မိနစ်ခန့်သာကြာခဲ့ပြီး အိမ်နှစ်လုံးမီးလောင်ခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ် တစ်သိန်းကျော်ဆုံးရှုံးခဲ့သည်။

ပေါင်မြို့နယ်၊မုတ္တမ၊ လက်ပံတောကျေးရွာ အပိုင်း ၉ ရှိနေအိမ်တွင်မူ မွန်းလွဲတစ်နာရီဝန်းကျင်က ထင်းမီးဖို မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးစတင်လောင်ခဲ့ရာ မီးလောင်ချိန် တစ်နာရီခန့် ကြာမြင့်ခဲ့သည်။ ယင်းမီးလောင်မှုကြောင့် စုစုပေါင်း အိမ်နှစ်လုံးဆုံးရှုံးခဲ့ပြီး တန်ဖိုးငွေကျပ်ငါးသိန်းကျော် ဆုံးရှုံးခဲ့သည်။

အထက်ပါ မီးလောင်မှုများနှင့် ပတ်သက်၍ မီးစတင်လောင်ခဲ့သည့် အိမ်ရှင်များကို ပုဒ်မ ၂၈၅ ဖြင့် သက်ဆိုင်ရာ မြို့နယ်များ၌ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# ပလောင်ဒေသကျေးရွာအချို့ရွာလုံးကျွတ် မူးယစ်ဆေးဝါးသုံးစွဲမှုရှိနေဟုဆို

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ-၂**

ရှမ်းပြည်နယ်မြောက်ပိုင်းပလောင်ဒေသရှိကျေးရွာအချို့တွင်ရွာလုံးကျွတ်မူးယစ်ဆေးဝါး သုံးစွဲမှုများရှိနေကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

ရှမ်းပြည်နယ် မြောက်ပိုင်း၊ မန်တုံမြို့နယ်ရှိမကောက်ရွာတွင် အိမ်ခြေ ၅၀ရှိပြီး ၎င်းရွာတွင် မူးယစ်ဆေးသုံးစွဲမှုမရှိသည့် အိမ်ထောင်စု လေးစုသာရှိသည်ဟု တအောင်း(ပလောင်)ဒေသ မူးယစ်ဆေးသုံးစွဲမှုများအား လေ့လာမှတ်တမ်းတင်ထားသည့်လင်္ကာရ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကပြောသည်။



*ပလောင်ဒေသတွင် ဘိန်းစိုက်ခင်းများ ဖျက်ဆီးကြစဉ်* ဓာတ်ပုံ- မောင်တာ

"ပလောင်ဒေသကကျေးရွာတွေမှာ မူးယစ်ဆေးမသုံးတဲ့ ရွာမရှိဘူး။ ရွာတိုင်းနီးပါးသုံးတယ်။ ရွာတွေမှာရှိတဲ့ အမျိုးသားတွေရဲ့ ၈၀ ရာခိုင်နှုန်းက မူးယစ်ဆေးသုံးတယ်" ဟု တအောင်း(ပလောင်)ဒေသလမ်းဆုံရွာမှ ဆရာတော်ဦးအာစရကမိန့်ကြားသည်။

နမ့်ခမ်း၊ မန်တုံ၊မူဆယ်၊ ကွတ်ခိုင်စသည့်မြို့နယ်များမှ ဒေသခံများမှာ မူးယစ်ဆေးဝါးသုံးစွဲကြပြီး အမျိုးသား ၇၀ရာခိုင်နှုန်းခန့်မှာ မူးယစ်ဆေးဝါးသုံးစွဲမှုရှိနေပြီး လူမှုရေးပြဿနာ၊ စီးပွားရေးပြဿနာကဲ့သို့ မူးယစ်ဆေး၏ဆိုးကျိုးများ ခံစားနေရသည်ဟု သတင်းရရှိသည်။

နမ့်ခမ်းမြို့နယ်မှ ကျေးရွာသုံးရွာပါဝင်ပြီးအိမ်ခြေလေးရာကျော်၊ လူဦးရေ နှစ်ထောင်ကျော်ရှိသည့် ဖာလင်ကျေးရွာ အုပ်စုတွင် ၁၉၉၇ ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ မူးယစ်ဆေးသုံးစွဲမှု အခြေအနေအားကျောင်းထိုင်ဆရာတော်က မှတ်တမ်းပြုစုခဲ့သည်။ ၎င်းမှတ်တမ်းအရ အဆိုပါအုပ်စုအတွင်း လူငယ် ၈၀ရာခိုင်နှုန်းကျော်မှာ မူးယစ်ဆေးဝါးသုံးစွဲကြောင်း၊ ထို့အပြင် မှတ်တမ်းယူသည့်ကာလအတွင်း မူးယစ်ဆေးကြောင့် သေဆုံးသူ ၃၂ဦး၊ ရောဂါကြီးစွဲကပ်သူ ၁၇ဦး၊ အိမ်ထောင်ကွဲမှု ၅၄၊ မူးယစ်ဆေးကြောင့် ပညာရေးဆုံးခန်း မတိုင်ဘဲ လေလွင့်ဘဝပျက်သည့် လူငယ် ၆၀ ဦး၊ မူးယစ်ဆေးကြောင့် ရူးသွပ်သွားသူ ၁၁ ဦးနှင့် မူးယစ်ဆေးကြောင့် တောတွင်းရောက်ရှိသွားသူ ၃၂ဦးထိရှိသည်ဟု မှတ်တမ်းပြုစုခဲ့သည့် ဆရာတော်က မိန့်ကြားသည်။

ထိုသို့ တအောင်း(ပလောင်)ဒေသတွင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားနေသော်လည်း ဒေသအာဏာပိုင်များက လာရောက်ဖမ်းဆီးထိန်းချုပ်မှုမရှိကြောင်း၊ မူးယစ်ဆေးရောင်းချသူများမှာ ရွာအပြင်လမ်းမများဘေးတွင် ပေါ်တင်ရောင်းချနေကြကြောင်းဒေသခံများကပြောသည်။

"ရွာကလူငယ်တွေစုပြီး မူးယစ်တိုက်ဖျက်ရေးအဖွဲ့ဆိုပြီးဖွဲ့ထားတယ်။ ရွာမှာတိုက်ဖျက်ပေးမယ့်သူမရှိတော့ ပေါ်တင်ရောင်း၊ ပေါ်တင်သုံးနေကြတာ။ အဲဒါကြောင့်လူငယ်အဖွဲ့က မူးယစ်ဆေးရောင်းတဲ့သူတွေကို ဖမ်းတယ်။ ပြီးရင်ရဲလက်အပ်တယ်။ အဲဒီလိုနဲ့ တားဆီးနိုင်ဖို့ကြိုးစားနေရတယ်"ဟုလင်္ကာရ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှ ဆရာတော်ဦးဓမ္မလင်္ကာရကမိန့်ကြားသည်။

ကြော်ငြာဆောင်းပါး

UPSTREAM AYEYAWADY
CONFLUENCE BASIN HYDROPOWER CO.,LTD.

5th February 2014

## ACHC Statement

To all the friends who are interested in our projects and our company:

In order to disclose our CSR activities performed in the recent years, Upstream Ayeyawady Confluence Basin Hydropower Co., Ltd. (ACHC) has officially released its 2010-2012 Social Responsibility Report at the Sedona Hotel Yangon on the 26th December 2013. We are very grateful that this release has gained a strong support and attracted a high level attention from the Chinese and Myanmar governments, political parties in Myanmar, social elites, media outlets and people from all walks of life. After the release, most of the domestic and foreign media outlets were objective in their coverage of this event, but there were also misinformed reporting and malicious attacks from some individual media. In order to avoid the false information that misleads the people and confuses the public opinion, we hereby officially release the following statement concerning the relevant issues.

1. The release of the CSR report follows the common international practices, and it is a true disclosure of our CSR performance and social welfare undertakings in Myanmar on the principle of objectiveness and transparency. It has no direct link with the idea of whether or not Myitsone Hydropower Project will be restarted. We have been performing our social responsibility by upholding our corporate vision of "construct a project to benefit local people", regardless where we invest, whether in China, Myanmar or in any other country in the world. We have never stopped and will not stop performing our corporate social responsibility and conducting social welfare undertakings in the area where we make our investment, whether before or after suspension of Myistone HPP.
2. Since the Social Responsibility Report 2010-2012 is part of 2013 ACHC Work Plan determined by its Board of Directors Meeting, it is purely a corporate behavior, and has nothing to do with the Southeast Asian Games and the support provided by the Chinese government to the Myanmar government during the Southeast Asian Games. China and Myanmar are comprehensive strategic partners, and both countries have been maintaining long-term friendship, our investments in Myanmar and proper performance of our corporate social responsibility are in line with the requirement of our own development, which also meets the requirements of both governments. We are willing to contribute more energy to the development of friendly relations between the two countries.
3. We thank most of the media outlets for their objective coverage, but for certain media outlets which have been attacking our company and our projects for a long time with false and distorted information to mislead the public, we reserve our right to hold them legally accountable, and we appeal that the objective and true information be disseminated to the public.

We solemnly promise that we sincerely welcome and hope any organization or individual who are interested in our company and our projects could contact and communicate with us, so that they can understand the real situation of the projects. For more information, please visit our website at www.uachc.com, or mail us at info@uachc.com.

**Upstream Ayeyawady Confluence Basin Hydropower Co., Ltd.(ACHC)**

Education

7 DAY NEWS JOURNAL

Vol.12, No.48 • FEBRUARY 5 , 2014

# ပြည်သူလူထုဆန္ဒဖြင့် ရေးဆွဲထားသော ပညာရေးမူဝါဒအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာ ကွန်ရက်အနေဖြင့် ပြည်သူလူထုဆန္ဒဖြင့် ရေးဆွဲထားသော ပညာရေးမူဝါဒ အကောင်အထည်ဖော်နိုင်ရန် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းကွန်ရက်မှ ဒေါက်တာသိန်းလွင်ကပြောသည်။

ပညာရေးကျွမ်းကျင်သူများ၊ ပညာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ချိတ်ဆက်ဖွဲ့စည်းထားသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်သည် ပညာရေးဆွေးနွေးပွဲများဆက်တိုက်ကျင်းပပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။



*အခြေခံပညာကျောင်းသား၊ကျောင်းသူအချို့* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

“ပြည်သူလူထုဆန္ဒနဲ့ရေးဆွဲထားတဲ့ မူဝါဒအကောင်အထည်ဖော်နိုင်ဖို့ ဆက်ကြိုးစားမယ်။ အဲဒီထဲမှာ အသေးစိတ်လေ့လာစရာဖြစ်တဲ့ အကြောင်းအရာတွေ ဆက်လက်ဆွေးနွေးမယ်။ ပညာရေးပြုပြင်ပြောင်းလဲရေးကဏ္ဍအသီးသီးမှာ အထူးသဖြင့် လေ့လာစရာရှိတဲ့ အငြင်းပွားဖြစ်တဲ့အရာတွေကိုထပ်လေ့လာဆွေးနွေးသွားမှာပါ”ဟု ဒေါက်တာသိန်းလွင်ကပြောသည်။

ကွန်ရက်အနေဖြင့် လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင် စာမေးပွဲစနစ်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ယခုနှစ် ဇန်နဝါရီ ၃၁ နှင့် ၁ ရက်တွင် တိုင်းရင်းသားဘာသာစကားသင်ကြားရေးဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး ပညာရေးကဏ္ဍအလိုက်ဆွေးနွေးပွဲများဆောင်ရွက်သွားရန် စီစဉ်နေခြင်းဖြစ်သည်။

အစိုးရနှင့်ဝန်ကြီးဌာနအကြီးအကဲများ၊ အငြိမ်းစားပညာရှင်များရေးဆွဲထားသော ပညာရေးမူဝါဒသည် လိုရာဆွဲထား၍ ယေဘုယျသဘောသာဆန်ပြီး အားလုံးခြုံငုံမှုမရှိနိုင်ရုံသာမက ဒီမိုကရေစီမဆန်ဘဲ အထက်က ချပေးမှသာ လုပ်ကိုင်ခွင့်ရမည်ဟူသည့် အာဏာရှင်ဆန်သောအရိပ်အငွေ့၊ စကားလုံးများ ပါဝင်နေခြင်း၊ အစိုးရပိုင်းက အချိန်အကန့် အသတ်ဖြင့် ပညာရေးဆိုင်ရာလုပ်ကိုင်နေသူများ၊ အဖွဲ့အစည်းများ၊ ပြည်သူများကိုအဖြစ်သဘောမျိုး ဆန်ဆန်ချပြခြင်းသာဖြစ်၍ တရားဝင် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ အလျင်စလို အကောင်အထည်ဖော်လိုခြင်း စသည့်အချက်များကြောင့် ပညာရေးအခြေခံမူများကို အကျေအလည်ဆွေးနွေးရန် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်က တောင်းဆိုထားသည်။

# ဆင်းရဲနွမ်းပါးသူများ၏ပညာရေး၊ ကျန်းမာရေးနိုင်ငံတော်အဆင့်ကူညီရန် မဟာဗျူဟာစီမံချက်ဆွဲမည်

**အိဖြူမွန်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁**

ဆင်းရဲနွမ်းပါးသူများ၏ပညာရေးနှင့်ကျန်းမာရေးကို နိုင်ငံတော်အဆင့်ထောက်ပံ့ကူညီရန် လူမှုကာကွယ်ရေးစောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ရေးဆွဲမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ရေးဆွဲရန် ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်၌ နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂကလေးများရန် ပုံငွေအဖွဲ့(Unicef) ၊အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)၊ ကုမလသဂ္ဂစားနပ်ရိက္ခာဖူလုံရေးအစီအစဉ်(WFP)နှင့် ကမ္ဘာ့ဘဏ်တို့ ပထမဆုံးတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်ဟုသတင်းရရှိသည်။

“လူအယောက် ၃၀ လောက်ပါပါတယ်။ ဒီနှစ်ထဲအပြီးသတ်ရေးဆွဲဖြစ်ပါမယ်။ တချို့လုပ်ငန်းတွေကရှိပြီးသားပါ။ ထပ်ဖြည့်သင့်တာတွေဖြည့်မယ်။ ပြင်သင့်တာတွေပြင်မယ်”ဟု လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ထွန်းခိုင်ကပြောသည်။

အဆိုပါစီမံချက်ပြီးစီး၍ စတင်အကောင်အထည်ဖော်ပါက လူမှုကာကွယ်စောင့်ရှောက်ရေးတွင်ပါဝင်သော အကျိုးခံစားခွင့်များကို မြန်မာပြည်သူများအပြည့်အဝခံစားရမည်ဟုဦးအောင်ထွန်းခိုင်ကဆိုသည်။

အဆိုပါစီမံချက်ရေးဆွဲရေးအတွက်ယူနီဆက်နိုင်ငံတကာ အကြံပေးငှားရမ်းခဲ့ပြီး ရေးဆွဲမှုကိုလာမည့်ဖေဖော်ဝါရီလဆန်းတွင် စတင်မည်ဖြစ်သည်။

စီမံချက်ရေးဆွဲခြင်းကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဦးဆောင်၍ လူမှုဖူလုံရေးနှင့် အလုပ်သမားရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပါဝင်မည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

## အမေရိကန်တွင် ကာလတိုလေ့လာရမည့် စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်သစ် ထုတ်ပြန်ကြေညာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

အမေရိကန်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးမှုများ ငါးပတ်ကြာသွားရောက်လေ့လာဆောင်ရွက်ရမည့်အစီအစဉ်သစ်ကို ဖေဖော်ဝါရီ ၂၁ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း အမေရိကန်သံရုံးက ကြေညာသည်။

ဆင်းရဲမွဲတေမှုလျှော့ချခြင်းနှင့် ဝင်ငွေတိုးမြှင့်ခြင်းရည်မှန်းချက်တို့အတွက် စီးပွားရေးအခွင့်အလမ်းများတိုးချဲ့မှုအပေါ် ဦးတည်ဆောင်ရွက်သောအစီအစဉ်၌ လေ့လာရေးခရီးစဉ်များဆွေးနွေးပွဲများပါဝင်မည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်တွင် လျှောက်လိုသူများသည် အသက် ၂၅နှစ်မှ ၄၅နှစ်အတွင်းရှိ၍ လုပ်ငန်းခွင်တွင်ခေါင်းဆောင်မှုစွမ်းရည်များပြသနိုင်ပြီး လူမှုအဖွဲ့အစည်းတွင် စီးပွားရေးဖွံ့ဖြိုးမှုသက်ရောက်နိုင်မှုကို နားလည်သဘောပေါက်ထားရမည်ဖြစ်သည်။

၎င်းအစီအစဉ်အတွက်ရွေးချယ်ခံရသူများမှာ မွန်တာနာမြို့တွင်တစ်လခန့်နှင့် ဝါရှင်တန်ဒီစီမြို့တွင် တစ်ပတ်ကြာနေထိုင်ရမည်ဖြစ်သလို အမေရိကန်နိုင်ငံသားတစ်ဦးကိုလည်း မြန်မာနိုင်ငံတွင် သုံးပတ်ကြာလက်ခံ၍လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများဖလှယ်ရမည်ဖြစ်သည်။

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံသားများအတွက် ပညာရေးအခွင့်အလမ်းများဖန်တီးပေးလျက်ရှိရာယခုအစီအစဉ်သစ်ကို ကြေညာခဲ့ခြင်းဖြစ်ပြီး www.burma.usembassy.gov/economic_empowerment.html တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

## ပညာရေးမြှင့်တင်မှုကော်မတီအမျိုးသားအဆင့်ဆွေးနွေးပွဲ နေပြည်တော်တွင် ပြုလုပ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

နိုင်ငံတော်သမ္မတလမ်းညွှန်ထားသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ မူဝါဒဆိုင်ရာအမျိုးသား အဆင့်ဆွေးနွေးပွဲကို ယခုလအတွင်း နေပြည်တော်၌ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ သိရသည်။

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကော်မတီ၏ လုပ်ငန်းအဖွဲ့အစည်းများသည် နိုင်ငံရေးပါတီများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ မိဘများ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးနှင့် သက်ဆိုင်သူများကို ဖိတ်ကြား၍ မူဝါဒဆိုင်ရာ ဒေသန္တရအဆင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် ယခုအခါအမျိုးသားအဆင့်ဆွေးနွေးပွဲပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

“ဖေဖော်ဝါရီလ ဒုတိယနဲ့ တတိယအပတ်လောက် အမျိုးသားအဆင့် ဆွေးနွေးပွဲပြုလုပ်မယ်။ ဒေသန္တရအဆင့်ကလိုပဲ အားလုံးကို ဖိတ်ကြားသွားမှာပါ။ ပြီးရင်လွှတ်တော်ဆီကို တင်ပြပါမယ်”ဟု အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့တွင် ကျင်းပသောပညာရေး မြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ ဒေသန္တရအဆင့်ဆွေးနွေးပွဲတွင် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်၊ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းနှင့် နည်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက ကန့်ကွက်မှုများပြုလုပ်ခဲ့သည်။

“သူတို့ကပဲ ကြီးမှူးကျင်းပမယ်။ ကျွန်တော်တို့ကို အကန့်အသတ်နဲ့ ထားမယ်ဆိုရင် ပါဝင်မယ်။ မပါဝင်ဘူးဆိုတာ ကျွန်တော်တို့ စဉ်းစားရလိမ့်မယ်”ဟု ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာ ကွန်ရက်မှ ဒေါက်တာသိန်းလွင်က ပြောသည်။

ပညာရေးစနစ်ပြုပြင်ပြောင်းလဲဆိုင်ရာကွန်ရက်သည် ပညာရေးကျွမ်းကျင်သူများ၊ ပညာရေးအဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဖွဲ့စည်း၍ ပြည်သူလူထုသဘောထားအပေါ် အခြေခံသော ပညာရေးမူဝါဒကို ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ ပညာရေးမူဝါဒနှင့် ယှဉ်ပြိုင်ဆွေးနွေးလိုကြောင်း တောင်းဆိုထားသည်။

သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်းဦးဆောင်သော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီသည် ဝန်ကြီးဌာနအကြီးအကဲများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အငြိမ်းစားပညာရှင်များဖြင့် အကြံပေးအဖွဲ့၊ အထူးလုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ ပညာရေးမူဝါဒများ ရေးဆွဲထားခြင်းဖြစ်သည်။










7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014



စာမျက်နှာ (၇)မှ

## အကြောက်တရားနှင့် တာဝန်ထမ်းဆောင်သူများ

၂၀၁၃ ခုနှစ် မတ်လ ၁၄ ရက်ကလည်း အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် မီးပွိုင့်တွင် အငြိမ်းစားဗိုလ်ချုပ်မှူးကြီး ဦးသန်းရွှေ၏ မြေးဖြစ်သူ နေရွှေသွေးအောင်က ၎င်း၏ ကားဖြတ်သန်းလာစဉ် ရုတ်တရက် မီးဝါသွားသည့်အတွက် တာဝန်ကျ ယာဉ်ထိန်းရဲကို ဆင်း၍ ပါးရိုက်ခဲ့သည့်ဖြစ်ရပ်မှာလည်း တစ်နိုင်ငံလုံးဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ဖူးသည်။

အဆိုပါဖြစ်ရပ်တွင်လည်း ကာယကံရှင် ယာဉ်ထိန်းရဲလေးက မတိုင်ကြားရဲသဖြင့် အမှုမမြောက်ခဲ့ဘဲ ကျေအေးခဲ့ရလေသည်။

“တချို့က အရမ်းရိုင်းတယ်။ တာဝန်အရလုပ်ပေးရတာကို နားလည်မပေးဘူး။ မူးနေတဲ့သူဆို ပိုဆိုးတယ်။ တချို့က ညဆိုမူးပြီး အုပ်စုလိုက် ရန်ရှာတာတွေရှိတယ်။ ကိုယ့်အန္တရာယ်ကိုယ်ကြည့်ရှောင်ရတာပေါ့။ သာမန်ရဲတပ်သားမပြောနဲ့၊ ကျွန်တော်တို့ကိုယ်တိုင်လမ်းရှင်းရင်တောင် မချေမငံ ပြောတာတွေနဲ့ ကြုံရတယ်”ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးအေးဆွေကပြောသည်။

အမည်မဖော်စေလိုသည့် ယာဉ်ထိန်းရဲတပ်သားတစ်ဦးကလည်း “တစ်ခါတလေ ကားအကောင်းစားတွေ ဖမ်းမိရင် ငါဘယ်သူဘယ်ဝါလို့ပြောပြီး ခြိမ်းခြောက်တယ်။ သူပြောတဲ့ နာမည်လည်း မကြားဖူးပါဘူး။ ဒါပေမဲ့ ပုံစံကြည့်ပြီး လူကဲခတ်ရတာပေါ့။ သူဟောက်တာကို နားထောင်၊ ချိုချိုသာသာပြောပြီးတောင်းတောင်းပန်ပန်နဲ့ ဖမ်းရတယ်။ ဒါတောင် ဖမ်းပြီး တစ်ပတ်လောက်က ရင်တုန်နေရသေးတယ်”ဟု ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

လူထဲမှ လူသားများပင်ဖြစ်သည့်အတွက် ယာဉ်ထိန်းရဲများတွင်လည်း စိတ်ညစ်စိတ်တိုသည့် အချိန်များရှိသည်။ လမ်းပေါ်တွင် အမြဲမတတ်တတ်ရပ်ကာ နေပူမိုးရွာမရှောင် တာဝန်ထမ်းဆောင်ကြရချိန်များတွင် ပင်ပန်းသည့်ဒဏ်ဖြင့် ပြန်ပြောမိသည်များလည်း ရှိတတ်ကြသည်။

ကိုယ်ထိလက်ရောက်ကျူးလွန်စော်ကားမှုများပြားလာသည့်အတွက် ယခုအခါ ယာဉ်ထိန်းရဲများကို ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် နံပါတ်တုတ်ကိုင်ဆောင်ခွင့်ပေးတော့မည်ဖြစ်သည်။ တိုးပွားလာသည့် မော်တော်ယာဉ်များကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုကြပ်မတ်နိုင်ရေးအတွက် ယခင်က ရဲတပ်ဖွဲ့မှူးရုံးလက်အောက်တွင် ထားရှိသော ယာဉ်ထိန်းရဲတပ်ဖွဲ့ကို သီးသန့်တပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခွင့်လည်း ပြုလိုက်ပြီဖြစ်သည်။

ယခင်က ရဲတပ်ဖွဲ့လက်အောက်တွင်တည်ရှိသည့်အတွက် ယာဉ်ထိန်းရဲအများစုမှာ ရဲတပ်ဖွဲ့မှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကြရပြီး ယခုအခါ အရပ်၅ ပေ ၆ လက်မရှိသူများ၊ ခန္ဓာကိုယ်အချိုးအစားပြေပြစ်သူများ၊ အခြေခံပညာအထက်တန်းအဆင့်နှင့် ဘွဲ့ရများကို ဦးစားပေးရွေးချယ်တာဝန်ပေးနေပြီဖြစ်သည်။ ဝတ်စားဆင်ယင်မှုတွင် အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် အရာရှိဆောင်း Cup ဦးထုပ်များ ပြောင်းလဲတပ်ဆင်ပေးခဲ့သည်။

ရန်ကုန်မြို့တွင်း ညအချိန်မတော် အရှိန်ပြင်းစွာ မောင်းနှင်သော ပြိုင်ကားများနှင့် စည်းကမ်းဖောက်ဖျက်ထွက်ပြေးသည့် ယာဉ်များကို လိုက်လံဖမ်းဆီးနိုင်ရန်ရဲပြိုင်ကားတစ်စီးကိုလည်းထားရှိပြီးဖြစ်သည်။ သို့သော်လည်း ရန်ကုန်တွင်ရော တစ်နိုင်ငံလုံးတွင်ပါ ယာဉ်ထိန်းရဲအင်အားပြည့်မီခြင်း မရှိသေးပေ။

“တကယ့်ပွိုင့်ကြီးတွေမှာ တာဝန်ကျတယ်။ ကားတွေက ပြုံပြီးပိတ်တယ်။ တတ်နိုင်သလောက်ရှင်းတယ်။ လုံးဝမနိုင်တော့တဲ့ အခါ ပွိုင့်ကနေ ထွက်ပြေးရတာတွေရှိတယ်။ အင်အားမလောက်တာလည်းပါတယ်။ နေပူမိုးရွာ အလုပ်လုပ်ရတယ်။ တကယ်အလုပ်လုပ်တဲ့ ယာဉ်ထိန်းတွေရဲ့ မျက်နှာကို သေချာကြည့်ရင် သိပါလိမ့်မယ်။ ရာသီဥတုဒဏ်ဘယ်လောက်ခံရတယ်ဆိုတာ”ဟု ယာဉ်ထိန်းလုပ်သက်နုသေးသည့်တပ်သားတစ်ဦးက ရင်ဖွင့်သည်။

နောက်ထပ်ပြဿနာကြီးတစ်ရပ်ကတော့ ယာဉ်ထိန်းရဲများ ရရှိသည့် လစာငွေပင်ဖြစ်သည်။ လခနည်းပါးသည်ဟု မပြောလိုသော်လည်း မိသားစုအတွက် လောက်ငမှု မရှိသည်ကတော့ သေချာနေသည်။ မိသားစုဝင်များသည့် ယာဉ်ထိန်းရဲတစ်ဦးအတွက်တော့ရသည့်လခက လေထဲမှာပင် ပျောက်ကုန်သည်။ ယာဉ်ထိန်းရဲတပ်သားတစ်ဦးရရှိသည့် လစာမှာကျပ်တစ်သိန်းတစ်သောင်းဖြစ်သည်။

တပ်သားအဆင့်မှ ဒုတပ်ကြပ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီး၊ ရဲအရာခံအဆင့်ထိ အဆင့်ဆင့်ရာထူးတိုးမှုတွင် တစ်ဆင့်တိုးပါက ငါးထောင်ကျပ်သာ ထပ်တိုးရကြသည်။ ထိုသို့ရာထူးတစ်ဆင့်တိုးဖို့ကလည်း လွယ်ကူသည်မဟုတ်ပေ။ လခမလုံလောက်၍ မိသားစု စားစရိတ်နှင့် ကလေးကျောင်းစရိတ်များက ပိလာသည်။ ထိုအချက်က လာဘ်ပေးလာဘ်ယူမှုများ ဖြစ်လာစေသည့် အကြောင်းရင်းတစ်ခုလည်းဖြစ်သည်။ စည်းကမ်းပျက်မှု၊ လာဘ်စားမှု၊ ငွေတောင်းခံမှုများဖြစ်ပေါ်လာသည့်အခါပြည်သူလူထု၏အမြင်စောင်းမှုကို ခံရတော့သည်။

စိတ်ရှည်ရန်၊ သည်းခံရန်နှင့် ပြည်သူကိုဝန်ဆောင်မှုပေးရန် အတတ်နိုင်ဆုံး တာဝန်ထမ်းဆောင်နေကြသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ လမ်းမများပေါ်တွင် ရှိနေပါသည်။ တာဝန်ကျရာမီးပွိုင့်တွင် အမြဲတစေပြုံးရယ်၍ မနားမနေ အလုပ်လုပ်ကိုင်နေသည့် တပ်ကြပ်ခင်မြင့်မောင်ဆိုလျှင်လည်း ကားမောင်းသူများ၏ ချစ်ခင်မှုကို ရရှိထားသူဖြစ်သည်။ သူ၏ အလုပ်တာဝန်ကျေပွန်မှု၊ စေတနာရှေ့ထား၍ ဆောင်ရွက်မှု၊ ချိုသာပြုံးရွှင်သော မျက်နှာတို့ကြောင့် နိုင်ငံကျော်ခဲ့သူ ယာဉ်ထိန်းရဲတစ်ဦးဖြစ်သည်။

မန္တလေးမြို့မှ တာဝန်ကျလမ်းပိုင်းတွင် အမြဲတာဝန်ထမ်းဆောင်ရသည့် ယာဉ်ထိန်းရဲတပ်ကြပ်ကြီး သန့်ဇော်မင်းကိုလည်း တာဝန်ချိန်တွင် အမြဲမျက်နှာပြုံးရွှင်စွာ အလုပ်လုပ်ကိုင်တတ်မှုကြောင့် ပြည်သူများက အပြုံးရှင်ဟု အမည်ပေးထားကြသည်။ မန္တလေးအခြေစိုက် လောကပါလလူမှုကူညီရေးအသင်းကအပြုံးရှင်ဆုကို ဂုဏ်ပြုအခမ်းအနားဖြင့် ပေးအပ်ခဲ့သည်။ ယာဉ်ထိန်းရဲအလုပ်ကိုပင်ပန်းသော်လည်း ဝါသနာအရ ဝင်ရောက်လုပ်ကိုင်နေသူလည်းများစွာရှိပါသည်။

“ဝန်ထမ်းချင်းအတူတူပေမယ့် ဒီအလုပ်က စိတ်အရမ်းပင်ပန်းလွန်းတယ်။ ဒါပေမဲ့ ထူးဆန်းတာက လမ်းပေါ်ရောက်ရင် အလိုလိုပျော်သွားတယ်ဗျ။ ဝါသနာကြောင့်ပဲ ထင်ပါတယ်”ဟု ယာဉ်ထိန်းရဲတပ်သား မိုးသီဟက ပြုံးရွှင်စွာပြောပါသည်။

ပိတ်ဆို့နေသော ယာဉ်ကြောကြီးများကြားတွင် လမ်းပိတ်ဆို့မှုအခက်အခဲကို မလုံလောက်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ကူညီဖြေရှင်းပေးကြပါလိမ့်မည်။ မလုံလောက်သော လစာငွေနှင့်ပင် အမြင်စောင်းသူများ၊ ရန်ပြုလိုသည့် ယာဉ်မောင်းများ၊ အော်ဟစ်ငေါက်ငမ်း၍ ပညာပြချင်သူများကို စိတ်ရှည်သည်းခံမှုဖြင့် တာဝန်ထမ်းဆောင်နေကြပါလိမ့်မည်။

“ရင်ဘတ်ထဲမှာ ကမ္ဘာပျက်နေလည်း အပြင်ပန်းမျက်နှာ အပြုံးမပျက်ဘဲ . . . ဆိုတဲ့ သီချင်းလိုပဲလေ။ ကျွန်တော်တို့ပုံစံက”ဟူ၍ ယာဉ်ထိန်းရဲတပ်သား မိုးသီဟက ခပ်ပြုံးပြုံးပြောလေသည်။


## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း (မ-၁၀ ဦး)၊ ပညာအရည်အချင်း အခြေခံပညာ အထက်တန်းအဆင့်ရှိရမည်။ ရုပ်ရည်ပြေပြစ်သူ၊ အရောင်းစိတ်ဝင်စားသူဖြစ်ရမည်။
Kyauk Sein Nwe Trading Co.,Ltd.
No.390, Ingyin Myaing Lane (4), Thuwana, Thingangyun, Yangon.
ဖုန်း-၀၁-၅၇၂၁၈၆

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

- Telemarketer မ (၁) ဦး
- Software Developer (Java) ကျား/မ (၁) ဦး
- Software Developer (.Net) ကျား/မ (၁) ဦး

အမှတ်(၃၈၈)၊ ကမ်းနားလမ်း (လသာလမ်းနှင့် ကမ်းနားလမ်းထောင့်)၊ ပထမထပ်(ညာ)၊ လသာ၊ ရန်ကုန်။
ဖုန်း-၀၁-၁၂၂၅၃၁

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် ဝန်ထမ်း (၂) ဦး အလိုရှိသည်။
ချမ်းသာစာပေနှင့် ပုံနှိပ်လုပ်ငန်း။
၁၁၈၊ ၃၉ လမ်း(အလယ်)။
ဖုန်း-၀၁-၃၇၄၆၂၆

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Logistics Assistant (M- 5 Posts), Sales Representative (M- 5 Posts), House-keeping (M- 5 Posts).
Thet Paing Soe Co., Ltd.
No.(45), Pyay Road, 7 1/2 Mile, Mayangone Township, Yangon.
Ph: (95 1) 660923

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Managar M/F (1) Post
Japanese Instructor M/F (2) Posts
Office Staff F (2) Posts
**Better Life Education & Career Supporting Centre** Ph:01 382529

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing (အိမ်၊ခြံ၊မြေ) ကျား/မ(၅)ဦး
အမှတ်(၂၄/အေ)၊ပထမထပ်၊တိုက်(၂)၊ မြို့ပြအိမ်ရာ(မြောက်)၊ ၈ မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၅၀၇၅၀

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းအမြန်အလိုရှိသည်။
ကုမ္ပဏီအရောင်းကားမောင်းရန် ယာဉ်မောင်းအလိုရှိသည်။ နယ်ခရီးထွက်နိုင်ရမည်။ လစာကောင်းသည်။
ဖုန်း-၀၉ ၂၅၄၀၅၁၁၀၀

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ (၁) ဦး
စကားပြောချိုသာသော အရောင်းဝန်ထမ်းအမြန်အလိုရှိသည်။ အခြေခံလစာငါးသောင်းကျပ်မှ စတင်မည်။
ဖုန်း-၀၉ ၇၃၁၇၇၈၁၇

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရေခဲသေတ္တာနှင့် ပတ်သက်သော စက်ပစ္စည်းများ Cleaning & Maintenance လုပ်ရန် ဆယ်တန်းအောင် ကျား(၁၀)ဦး
လစာ - ခုနစ်သောင်း။ သမိုင်း၊ ဘုရင့်နောင်၊ အင်းစိန်၊ လှိုင်သာယာနေသူ ဦးစားပေးမည်။ ဖုန်း-၀၉ ၇၃၁၈၁၈၀၅

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆံပင်ညှပ်၊ ဆိုး၊ ဖြောင့်၊ ကောက်ကျွမ်းကျင် မ (၁) ဦး အလိုရှိသည်။
(လစာ+ %)
ဖုန်း-၀၉ ၄၅၀၀၀၅၂၂၇

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင်ကျွမ်းကျင် အမျိုးသမီး ဝန်ထမ်းအလိုရှိသည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။လစာကောင်းမည်။ ၃၃ ရပ်ကွက်၊ မြောက်ဒဂုံ။
ဖုန်း-၀၉ ၇၃၁၉၀၈၉၂

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

PhotoShop Designer မ (၁) ဦး
Sales Staff မ (၂) ဦး
Marketing Staff ကျား/မ (၂) ဦး
Driver ကျား (၂) ဦး
ဖုန်း-၀၁ ၂၀၆၃၄၁

-------------------------------

**မင်းဇာနည်ရေလုပ်ငန်း ကုမ္ပဏီလီမိတက်**

မန်နေဂျာ(စီမံရေးရာ)
အသက် ၃၅ နှစ်နှင့်အထက်၊ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ၊ စီမံခန့်ခွဲမှုဆိုင်ရာ Diploma (သို့) Certificate ရရှိသူ။
ဖုန်း ၉၅၁-၆၈၄၁၈၁

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆိုင်အကူ မ (၁) ဦး
အလုပ်ချိန် နံနက် (၈) နာရီမှ ညနေ (၆) နာရီ တနင်္လာနေ့မှ သောကြာ။
ဖုန်း-၀၉ ၂၅၀၃၇၀၇၃၅

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကောက်/ဖြောင့်/ညှပ်/ ကျွမ်းကျင် မ (၅) ဦး
ခေါင်းလျှော်/လက်သည်းအလှပုံဖော် ကျွမ်းကျင် မ (၅) ဦး
PRETTY FAIRY BEAUTY AND SPA
ဖုန်း-၀၉ ၇၃၀ ၂၇၂၉၃

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Graphic Designer (or) Layout Designer (1) Post
Math Teacher (1) Post
Assistant Math Teacher (1) Post
Email:winlaeyi4@gmail.com
Ph:09 43105314

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ခေါင်းလျှော်+စက်ဆွဲကျွမ်းကျင် မ (၂) ဦး
ညှပ်+ကောက်/ဖြောင့်+မိတ်ကပ်ဆံထုံး + spa ပညာသင်ဝန်ထမ်း မ (၂) ဦး
နေ့+စား(ငြိမ်း)+လစာ
ဖုန်း-၀၉ ၃၁၈၇၂၁၁၂

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Media Operation Executive (1) Posts
Exhibition Marketing Executive (5) Posts
အမှတ်(၁)ကျွမ်းကျင်မှုအပေါ် မူတည်၍ လစာညှိနှိုင်း။
(၂)အခြေခံလစာ ၁၅၀၀၀၀+ Percent age (%)က ဖုန်း-၀၁ ၃၉၉၉၁၉

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ (၁၀) ဦး
ဆယ်တန်းအောင်(သို့) ဘွဲ့ရ၊ အသက် (၂၅) နှစ်ဝန်းကျင်၊ အထည်အရောင်းပိုင်းဆိုင်ရာအတွေ့အကြုံရှိသူ။
ရွှေပိုးနန်းတော်ပိုးထည်ဆိုင်
ဖုန်း-၀၉ ၇၃၁၂၆၂၈၁

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ငွေစာရင်းအရာရှိချုပ် (Chief Financial Officer) မ (၁) ဦး
အထွေထွေမန်နေဂျာ ကျား (၃) ဦး
မန်နေဂျာ(လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန) ကျား (၂) ဦး
ရုံးဝန်ထမ်း(အရည်အသွေးထိန်းချုပ်ရေးဌာန) မ (၅) ဦး
ဖုန်း-၀၁ ၆၈၄၁၈၅

-------------------------------

**အလိုရှိသည်**

Teaching Plan စာသင်နှစ် တစ်နှစ်စာ ဆွဲထားပြီးသော ၁၀ တန်း မြန်မာစာ၊ Chem,Phy,Bio ဘာသာရပ်များကို မေးခွန်းဟောင်းများနှင့် တွဲဖက်ပြသနိုင်သော ဆရာ၊ ဆရာမများ အမြန်အလိုရှိပါသည်။ ဖုန်း-၀၉ ၄၂၀၁၇၂၁၈၀

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

FACEBOOK FASHION အတွက် (မ)အရောင်းဝန်ထမ်းအလိုရှိသည်။
၁၀ တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
အမှတ်(၁၄၈)၊ ၄၇ နှင့် ၄၈ လမ်းကြား၊ စီးတီးမတ်မျက်နှာချင်းဆိုင်၊ အနော်ရထာလမ်းမပေါ်။
ဖုန်း-၀၉ ၄၅၀၀၀၉၂၀၈

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing Staff F (2) Posts
Marketing Supervisor F (2) Posts
Operation Supervisor F (2) Posts
Email-wathancenter@gmail.com
ဖုန်း-၀၉ ၅၀၆၀၃၇၆

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# "ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဆက်ရှိနေမယ်"

**ကိုညို (အော်စလို)**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တွင် နေထိုင်ကြီးပြင်းခဲ့သည့် အဆိုတော်မွန်းအောင်သည် ရန်ကုန် တက္ကသိုလ်ကျောင်းသားဘဝ ၁၉၈၄ ခုနှစ်က ၈/၈၂ အင်းလျား ကိုယ်ပိုင်သံစဉ်တေးသီချင်းစီးရီးနှင့် လူသိထင်ရှားပြီးနောက်ပိုင်း မဏ္ဍိမလှိုင်းတေးဂီတအဖွဲ့နှင့် မိုးလုံးမှိုင်း၊ စိဋ္ဌမာဏဉာဏ်၊ လွမ်းရတဲ့ ညတွေလွန်ပါစေ စသည့်ကိုယ်ပိုင်သံစဉ် တေးအယ်လ်ဘမ်များ ထုတ်ဝေခဲ့သည်။

အဆိုတော်မွန်းအောင် နာမည်ကြီးအောင်မြင်နေဆဲကာလ ၁၉၈၈ စက်တင်ဘာအတွင်း စစ်တပ်အာဏာသိမ်းပြီးနောက် ထိုင်း-မြန်မာ နယ်စပ်သို့ သွားရောက်ပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်ဆောင်ခဲ့သည်။ABSDF ကျောင်းသားတပ်မတော် တွင် တာဝန်ထမ်းဆောင်နေစဉ် ၁၉၉၅ ခုနှစ်တွင် ငြိမ်းချမ်းရေးတိုက်ပွဲ တော်လှန်ရေးတေးသီချင်းများကို ထုတ်ဝေဖြန့်ချိခဲ့သည်။

ပြည်ပတွင် သီးသန့်တစ်ကိုယ်တော်တေးသီချင်းခွေနှစ်ခွေ ထုတ်ဝေခဲ့ပြီး တော်လှန်ရေးတေး သီချင်းအများအပြားရေးသားသီဆိုခဲ့သည်။

လွန်ခဲ့သည့် ဒီဇင်ဘာ ခရစ္စမတ်ရာသီတွင် အဆိုတော်မွန်းအောင်နှင့် မိသားစုသည် တရုတ်ပြည်ကိုဖြတ်ကျော်ပြီး ကချင်ပြည်နယ်၊ လိုင်ဇာနှင့် မိုင်ဂျာယန်သို့ သွားရောက်လည်ပတ်ခဲ့သည်။ ခရီးစဉ်အတွင်း ကချင်ဒုက္ခသည်စခန်းများနှင့် ABSDF မြောက်ပိုင်းတပ်ဖွဲ့ဝင်များ၊ ကေအိုင်အေရဲဘော်များ အပါအဝင် ကေအိုင်အေအကြီးအကဲ ဗိုလ်ချုပ်ဂွန်မော်နှင့်လည်း တွေ့ဆုံခဲ့သည်။ မကြာသေးမီ သီတင်းပတ်က နော်ဝေးနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။ ကိုမွန်းအောင်ကိုတွေ့ဆုံပြီး ၎င်း၏ ကချင်ပြည်နယ် နယ်စပ်ဒေသ ခရီးစဉ်နှင့်ပတ်သက်၍ မေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည်။

**ပထမဆုံး အစ်ကို့ရဲ့ ခရီးစဉ်လေး ဖြစ်ပေါ်လာတာကို ပြောပြပါဦး။**

ဒီခရီးဟာ ကျွန်တော့်အတွက် ပထမဆုံးမြန်မာပြည်ခရီးလည်းဖြစ်ပါတယ်။ တရုတ်ပြည်ကနေ ဒီဇင်ဘာ ၂၁ ရက်ကစလို့ နယ်စပ်ရွာလေးတွေဖြတ်ပြီး မိုင်ဂျာယန်နယ်စပ်လမ်းကနေ ကချင်ပြည်နယ်ထဲ ဝင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၅၊ ၁၆ နှစ်လောက်က မိုင်ဂျာယန်ဟာ အိမ်ခြေစုနည်းနည်းနဲ့ ရွာသာသာလေးပါပဲ။ အခုတော့ မြို့လေးအသွင်ဖြစ်နေပြီ။ ကျောင်းတွေ၊ ဘုရားကျောင်းတွေ၊ အဆောက်အအုံတွေ၊ ဆိုင်ကယ်တွေ၊ ကားတွေနဲ့။ ဒီခရီးကိုမနှစ်တုန်းက စစ်တွေဖြစ်ပြီး လေယာဉ်နဲ့ ဗုံးကြဲခံရကတည်းက သွားချင်နေတာပါ။ ဒီနှစ် ၂၀၁၃ မှာတော့ အချိန်ယူပြင်ဆင်ပိုက်ဆံစုပြီး ခရစ္စမတ်အချိန်မှာ မိသားစုတွေလို နွေးနွေးထွေးထွေး ဆုံစည်းနိုင်ဖို့ မိသားစု (ဇနီး၊ သမီး)နဲ့အတူ သွားခဲ့တာပါ။ နယ်စပ်က ဒုက္ခသည်တွေနဲ့ တွေ့ချင်လို့ ကိုယ့်မိသားစုဆီတောင် မသွားဘဲ မိုင်ဂျာယန်နဲ့ လိုင်ဇာမြို့ကိုရောက်အောင် သွားခဲ့တာပါ။ ဒုက္ခသည်တွေနဲ့ ကေအိုင်အေရဲဘော်တွေ၊ မြောက်ပိုင်းအေဘီအက်စ်ဒီအက်ဖ် ရဲဘော်တွေကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်။ ကျွန်တော်ဟာ သူတို့နဲ့အတူတူရှိနေတယ်ဆိုတာကို သွားရောက်ဖော်ပြခဲ့တာပါ။

**ဒုက္ခသည်စခန်း ဘယ်နှခုရောက်ခဲ့လဲ။**

မိုင်ဂျာယန်အနားကပ်နေတဲ့ စခန်းနှစ်ခုကို ရောက်တယ်။ အဲဒီမှာ ကုလသမဂ္ဂနဲ့ ပြည်မက အထောက်အပံ့တွေမရောက်တဲ့နေရာပါ။ နှစ်နိုင်ငံနယ်စပ်အကြား တောင်ကုန်းတောင်ပြန့်လေးကနေရာခပ်ကျဉ်းကျဉ်းမှာ စခန်းချထားတာပါ။ တချို့စခန်းတွေက အမိုးအကာတောင်မရှိသေးဘူး။ ထပ်ပြေးလာတဲ့ ဒုက္ခသည်တွေပေါ့။ မိုင်ဂျာယန်ဒုက္ခသည်တွေကို ကချင်ဘုရားကျောင်းတွေ၊ အပျော်တမ်းလူမှုဝန်ထမ်းအဖွဲ့တွေဖြစ်တဲ့ ကချင်လူငယ်အစုတွေနဲ့ ကေအိုင်အိုအဖွဲ့က ကူညီထားတယ်။ ဒါပေမဲ့ ယာယီစခန်းမှာနေရတဲ့ ဒုက္ခသည်ဘဝဆိုတာ ဘယ်လောက်ပဲ အကူအညီရနေပါစေ နေဖို့ကောင်းတဲ့ အရပ်တော့ မဟုတ်ပါဘူး။ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေဘဝဟာ စိုးရိမ်စရာကောင်းပါတယ်။ အထူးသဖြင့် သက်ကြီးရွယ်အိုတွေဟာသူတို့ရဲ့ နောက်ဆုံးကာလတွေမှာ ဒုက္ခသည်စခန်းထဲထိုင်ပြီးနေကြတာကိုမြင်ရတာ စိတ်မကောင်းစရာပါ။ ပြီးတော့ ကလေးတွေအခြေအနေကြည့်လိုက်ရင် ပညာရေးအထောက်အပံ့ ဘာမှမရှိဘူး။ ကလေးသဘာဝအတိုင်း စခန်းမှာတွေ့တဲ့ အုတ်ခဲတွေ၊ ဖိနပ်တွေ၊ ကားတာယာတွေနဲ့ဆော့ကစားနေကြတယ်။ ဖိနပ်မပါ၊ အဝတ်အထည်၊ အနွေးထည်မလုံလောက်ဘူး။ နှပ်တွဲလောင်းတွေနဲ့ ဆော့ကစားနေကြတာမြင်ခဲ့ရတယ်။ ကလေးမွေးကင်းစကနေ အသက်အရွယ်အစုံပဲရှိကြတယ်။ ကျန်းမာရေးကိုတော့ ကေအိုင်အေစခန်းက ဆေးမှူးတချို့ရှိတော့ တော်တန်ရုံဖျားနေရင် စောင့်ရှောက်ပေးတယ်။ ဒုက္ခသည်စခန်းထဲမှာတော့ ဘာမှမရှိဘူး။ အမိုးအကာပေါက်ပြဲပြီး လေမလုံ၊ မိုးမလုံဝါးတဲတန်းလျားမှာ အခန်းကန့်ထားကြတာ။ စခန်းတစ်ခုမှာ လူဦးရေ ၈၀၀၊ ၁,၀၀၀ ကျော်ဝန်းကျင်ရှိတယ်။ ကလေးတွေက ၂၀၀ လောက်ရှိတယ်။ မိဘမဲ့ကလေးတွေရော၊ ကေအိုင်အေတပ်သားတွေရဲ့ ကလေးတွေရော စုပေါင်းပြီးအတူနေကြတယ်။ ကလေးတွေက ပေါင်းအိုးကြီးတွေနဲ့ ကိုယ့်ဘာသာထမင်းချက်တယ်။ လူကြီးတွေက ဟင်းချက်ပေးတယ်။ သူတို့ဟာ မိဘအုပ်ထိန်းမှုနဲ့အတူနေတာ မဟုတ်ဘူး။ လိုင်ဇာမှာရှိတဲ့ ဒုက္ခသည်စခန်းတွေက အခြေခိုင်နေပြီ။ ဘုရားကျောင်း၊ စာသင်ကျောင်းနဲ့ ရွာကြီးတစ်ရွာလိုဖြစ်နေပြီ။ မိုင်ဂျာယန်မှာက ဒုက္ခသည်အသစ်တွေအတွက် နေဖို့အိမ်အမိုးအကာတောင် မရှိသေးဘူး။ ရာသီဥတုကလည်း အတော်လေးအေးတယ်။ သွားရေးလာရေးလည်းခက်တယ်။ တချို့နေရာတွေကားမောင်းမရလို့ ဆိုင်ကယ်နဲ့ သွားရတယ်။

**မိုင်ဂျာယန်ကနေ လိုင်ဇာကိုသွားခဲ့တဲ့ အခြေအနေနဲ့ အတွေ့အကြုံတွေလည်း ပြောပါဦး။**

မိုင်ဂျာယန်မှာ လေးရက်နေပြီး လိုင်ဇာကိုသွားတယ်။ ABSDF မြောက်ပိုင်းတပ်နဲ့သွားတွေ့တယ်။ လက်ရှိရဲဘော်တွေဟာ ငယ်သေးတယ်။ အသက် (၂၀)နဲ့ (၂၅)နှစ်ကြားတွေများတယ်။ ကျွန်တော်တို့ ၈၈ တောခိုတုန်းက မမွေးကြသေးတဲ့ မျိုးဆက်သစ်တွေပေါ့။ သူတို့နဲ့အတူ သီချင်းလေး ဘာလေးဆိုတယ်။ အားပေးတယ်။ တကယ်တော့ သူတို့ဟာ စိတ်ပျက်အားလျော့နေတာမျိုးတော့မဟုတ်ပါဘူး။ အားလုံးကိုကြည့်ရတာ တက်တက်ကြွကြွပဲ။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ရှိနေကြတယ်။

**ကေအိုင်အိုခေါင်းဆောင်တွေနဲ့ တွေ့ဖြစ်လား။**

ဒီဇင်ဘာ ၂၇ ရက်မှာ ဗိုလ်ချုပ်ဂွန်မော်နဲ့တွေ့တယ်။ အရင်ကတည်းက ခင်မင်ကြတဲ့ သူငယ်ချင်းတွေပါ။ ကေအိုင်အိုဟာ သူတို့ဘာဖြစ်ချင်တယ်၊ ဘာလိုချင်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း အဖြေရှိပြီးသားပါ။ လိုချင်တာမရရင် ဘာလုပ်မလဲဆိုတာလည်း စဉ်းစားထားတာရှိပြီးသားပါ။ ဗိုလ်ချုပ်ဂွန်မော်တို့အနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲရဲ့ အဆင့်တိုင်းကို ပါဝင်ဆောင်ရွက်ခဲ့တယ်။ တိုင်းရင်းသားများနဲ့ ဖက်ဒရယ်ပြည်ထောင်စုအရေးကို တစ်ဆင့်ပြီးတစ်ဆင့်လုပ်နေတယ်။ ကေအိုင်အိုအနေနဲ့ ငြိမ်းချမ်းရေးကို မလိုလားပါဘူးဆိုတာမျိုးအဖြစ်ခံမှာမဟုတ်ဘူး။

**ကချင်ပြည်နယ်က စီးပွားရေး၊ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေကို မြင်ခဲ့လား။**

တကယ်တော့ ကချင်ပြည်နယ်ရဲ့ အရေးအရာတစ်ခုလုံးကို ကချင်ပြည်နယ်သားတွေမဟုတ်တဲ့၊ ကချင်ပြည်တောင်မရောက်ဖူးတဲ့ စစ်ခေါင်းဆောင်တွေက ထိန်းချုပ်ဆုံးဖြတ်နေတာဖြစ်တယ်။ လွန်ခဲ့တဲ့ (၁၇)နှစ်ကတည်းက အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့တာ။ ဘာတွေများတိုးတက်ပြောင်းလဲလာလို့လဲ။ ကချင်ရဲ့ သဘာဝအရင်းအမြစ်တွေ၊ တရုတ်ပြည်ထုတ်သွားကြတယ်။ မြစ်ဆုံဆည်စီမံကိန်းစလုပ်တော့ တရုတ်ပြည်ထဲလမ်းတစ်ခုဖောက်ပြီး မြေကြီးတွေပါ တူးဖော်သယ်သွားတယ်။ အဲဒီမြေမှာ ရွှေတွေပါတယ်လို့ သတင်းရတယ်။ ကချင်ပြည်နယ်အစိုးရဆိုတာလည်း ရုပ်သေးအစိုးရပဲ။ ကချင်ပြည်သူတွေက သူတို့ပြည်နယ်ရဲ့ အရင်းအမြစ်တွေကို မပိုင်ကြဘူး။ မခံစားရဘူး။ ကေအိုင်အိုက နိုင်ငံရေးဖွံ့ဖြိုးမှုကိုလိုလားတာဖြစ်တယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွက်တိုက်ပွဲဝင်နေတာဖြစ်တယ်။ တိုင်းပြည်ရဲ့ စီးပွားရေးဟာ စစ်တပ်ကချုပ်ထားတဲ့ စီးပွားရေးပါပဲ။ တကယ်တော့ အပစ်အခတ်ရပ်စဲရေးဆိုတာက အဖြေမဟုတ်ဘူး။ ထိုးစစ်တွေရပ်ထားတာလည်းဖြစ်တယ်။ ဘာကြောင့် စစ်ထိုးနေကြလဲ၊ ပစ်ခတ်နေသလဲဆိုတာကို အဖြေရှာရမှာဖြစ်တယ်။ ကချင်လူထုက ငြိမ်းချမ်းရေးကို အရမ်းလိုချင်တယ်။ ဗိုလ်ချုပ်ဂွန်မော်ပြောပြတာ. . သူတို့ဝိုင်းမော်ကိုသွားတုန်းက လူထုက ဆင့်မခေါ်ဘဲ အိုးစည်ဗုံမောင်းတွေနဲ့ အလံတွေဝှေ့ယမ်းကြိုဆိုကြတယ်။ KIA ငြိမ်းချမ်းရေးအတွက် ကားပါမစ်နဲ့ မလဲပါနဲ့လို့ အော်ကြတယ်။

**ကချင်နဲ့ဖြစ်နေတဲ့ စစ်ပွဲတွေဟာ ဒီမျိုးဆက်အဆင့်မှာ ပြီးမြောက်နိုင်ပါ့မလား။**

ဒီကိစ္စက လက်ခုပ်တီးသလိုပါပဲ။ တစ်ဖက်တည်းတီးလို့ အသံမြည်မှာမဟုတ်ဘူး။ နှစ်ဖက်စလုံးလုပ်မှရမယ့်ကိစ္စပါ။ အမှန်တော့ ကချင်တွေက စစ်မတိုက်ချင်ဘူး။ ကေအိုင်အေ တပ်ဖွဲ့တွေဟာ နဂိုကစစ်သားတွေလည်းမဟုတ်ဘူး။ ဥပမာ ဗိုလ်ချုပ်ဂွန်မော်ဆိုတာကလည်း တက္ကသိုလ်ကျောင်းသား၊ ဂီတအနုပညာကို စိတ်ဝင်စားတဲ့လူ၊ အခြေအနေတစ်ခုကြောင့် စစ်ထဲဝင်ပါ နေရတာ။ နဂိုကတည်းကစစ်ထဲဝင်ဖို့စစ်တက္ကသိုလ်တက်ခဲ့သူတွေ မဟုတ်ဘူး။ တော်လှန်ရေးအတွက် စစ်ထဲရောက်လာတာ။ ပြီးတော့ကေအိုင်အိုဟာစစ်အုပ်စုရေးဆွဲတဲ့ ၂၀၀၈ဖွဲ့စည်းပုံကိုဘယ်လိုနည်းနဲ့မှ လက်ခံမှာမဟုတ်ဘူး။ ကချင်မှမဟုတ်ဘူး။ ဘယ်တိုင်းရင်းသားလူမျိုးမှလက်ခံမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီဖွဲ့စည်းပုံထဲမှာ တိုင်းရင်းသားအခွင့်အရေးတွေမရှိဘူး။ နိုင်ငံသားအခွင့်အရေးတွေကိုလည်း ချုပ်ထားတယ်။ စစ်တပ်ကသာ ချုပ်ကိုင်ထားတဲ့ အခြေခံဥပဒေဖြစ်တယ်။ အခုဟာက အခြေခံဥပဒေပြင်မယ်ဆိုရင်တောင် တပ်မတော်ကို အရင်ဆုံးတိုက်ရမလိုဖြစ်နေတယ်။

ကချင်ပြည်မှာ တိုက်ပွဲဖြစ်သွားလို့ အမြတ်ထွက်သွားတာ တစ်ခုကတော့ တစ်ခါမှမကြုံဖူးတဲ့ ကချင်တိုင်းရင်းသားတွေရဲ့ အမျိုးသားရေးသွေးစည်းညီညွတ်မှုကို ရခဲ့တယ်။ နိုင်ငံပေါင်း ၂၆ နိုင်ငံက ကချင်အမျိုးသားတွေရဲ့ စည်းလုံးညီညွတ်မှုကို ရခဲ့တယ်။

**ကိုမွန်းအောင်အတွက် ဒီခရီးစဉ်ကနေ ရလိုက်တဲ့အသိကဘာလဲ။**

ကျွန်တော်တို့ ဆက်တိုက်ရဦးမယ်ဆိုတဲ့အသိပေါ့ဗျာ။ ကျွန်တော် တစ်ယောက်တည်းတော့ မဟုတ်ဘူး။ ဒီနေ့အထိ စိတ်ဓာတ်နဲ့၊ ယုံကြည်မှုနဲ့ ဆက်တိုက်နေတဲ့သူတွေရှိနေကြတယ်။ နောက်တစ်ခုက အသက်(၂၀)ကျော်(၂၅)နှစ်အရွယ် မျိုးဆက်သစ်တွေကို တော်လှန်ရေးတပ်တွေထဲမှာ မြင်ခဲ့ရတယ်။ ဒါဟာ ကောင်းတဲ့အချက်လို့တော့ ကျွန်တော်မပြောချင်ပါဘူး။ ဒါပေမဲ့ တော်လှန်ရေးအတွက် ခွန်အားအသစ်တွေ တွေ့ရတာပေါ့။ ဒီပွဲက မပြီးသေးဘူး။ ကျွန်တော်တို့တစ်တွေ အသက်ကြီးသွားပေမယ့် ကျွန်တော်တို့နောက်မှာ လိုက်ပါလာတဲ့ မျိုးဆက်သစ်တွေရှိနေတော့ တော်လှန်ရေးဟာ မပြီးသေးဘူးဆိုတာ ပြနေတာပဲ။ သေချာတာက မျိုးဆက်သစ်တွေဟာ နည်းမသွားတဲ့အပြင် ပိုတောင်များလာတယ်။ ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးလို ချင်တယ်။ ဒါပေမဲ့ တရားမျှတစွာနဲ့ကိုယ်တောင်းတာတွေမရရင်တော့လည်း ရတဲ့အထိ ဆက်လုပ်ရမှာပေါ့. . ။



*အဆိုတော်မွန်းအောင်ကို ကေအိုင်အေဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်(ယာ)နှင့်အတူ တွေ့ရစဉ်*

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014



စာမျက်နှာ (၅)မှ

# တရုတ်တန်းက စစ်ကိုင်းလမ်း

စားသောက်ဝိုင်းများက ဖိတ်ခေါ်လျှင် လာရောက်သီဆိုတတ်သလို သူစိတ်ပါလျှင်လည်း စားသောက်ဝိုင်း တစ်ခုခုနားတွင် ဆိုနေလေ့ရှိ၏။ ဘယ်ရွှေ့ ဘယ်မျှရစေဟု သဘောမထားဘဲ စေတနာကြေးဖြင့် သီဆိုတတ်သည့် သူက အသံအဆင်မပြေလျှင် အဲဒီညအတွက် ဆက်မဆိုဟု ပြောသည်။

"ပရိသတ်ကို မလိမ်ချင်ဘူး။ အသံက ဆိုလို့အဆင်မပြေတော့ရင် အဲဒီညလှည့်ပြန်သွားတာပဲ" ဟု ၎င်းက ပြောသည်။ နာမည်ကြီး အဆိုတော်တစ်ဦးမဟုတ်သော်လည်း အသံကိုအားပြု၍ ဝမ်းကျောင်းနေသူတစ်ဦးဖြစ်ဖြင့် အသံနှင့်ပတ်သက်၍ ဂရုတစိုက်ထားပုံကိုလည်း "အသံပျက်စေမယ့် အရက်တို့ ဘီယာတို့ လုံးဝမသောက်တော့ဘူး။ ငယ်ငယ်တုန်းကတော့ ဆိုးခဲ့၊ မိုက်ခဲ့တာတော့ ရှိတာပေါ့။ ဒါပေမဲ့ အခုတော့ ဒါတွေ ဘာမှမလုပ်တော့ဘူး။ အစားအစာကိုလည်း ဂရုစိုက်တယ်။ အသံကို ထိခိုက်စေမယ့်ဟာကို ရှောင်တယ်" ဟု သူက ပြောသည်။

ညစဉ် သီချင်းဆိုနေရသူတစ်ဦးဖြစ်သဖြင့် အသံမဝင်စေရန် သံပရာသီးကိုလည်း တစ်နေ့လျှင် နှစ်လုံး၊ သုံးလုံးခန့် စားထားရသေးသည်။ သီချင်းစဆိုစဉ်အချိန်များက ဝိုင်းများထံမှ စေတနာကြေးအနေဖြင့် တစ်ညလျှင် လေးရာ့ငါးဆယ် ငါးရာခန့်သာ ရရှိခဲ့သော်လည်း ယခုအခါ တစ်ညလျှင် နှစ်သောင်းခွဲ သုံးသောင်းအထိ ရတတ်ပြီး တစ်ခါတစ်ရံ ငါးသောင်းအထိပင် ရလေ့ရှိသည်။

သူလာဆိုနေသဖြင့် စားသောက်သူများနှင့် ဆိုင်ကို အနှောင့်အယှက် မဖြစ်ကြောင်း ၁၉ လမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်မှ မန်နေဂျာကပြောသည်။ သူ့အနေဖြင့် စားသောက်သူများကို အနှောင့်အယှက် ဖြစ်စေလောက်သည့် အပြုအမူမျိုးဘယ်သောအခါမှ မလုပ်ဟု ဆိုသည်။

"ကျွန်တော်ဝိုင်းတစ်ဝိုင်းနားမှာဆိုရင် နှစ်ပုဒ်အများဆုံးပဲဆိုတယ်။ နောက်ပြီး ကျွန်တော်က အော်ချင်ရာ အော်တာလည်း မဟုတ်တော့ စားသောက်သူတွေ အနှောင့်အယှက်မဖြစ်ပါဘူး"ဟု သူကပြောသည်။

စားသောက်ဝိုင်းများတွင် လူစုံလာရောက်လေ့ရှိသဖြင့် တစ်ခါတစ်ရံတွင် နိုင်ငံခြားသုံးငွေကြေးများလည်း ရတတ်သည်ဟု သူကဆိုသည်။ ခိုင်ထူးသီချင်းများကို အဆိုများသော်လည်း တစ်ခါတစ်ရံ ဖိုးချို၊ စိုးလွင်လွင်၊ ထူးအိမ်သင်၊ စိုင်းထီးဆိုင်တို့၏ သီချင်းများလည်း ဆိုတတ်သည်ဟု ဆိုသည်။

"ပရိသတ်တောင်းဆိုရင် တောင်းဆိုသလိုပေါ့။ ဆိုပေးရတာတွေလည်း ရှိတယ်။ ကိုယ်တိုင်ကတော့ ခိုင်ထူးသီချင်းပဲ အဆိုများပါတယ်"ဟု သီချင်းများကို နှုတ်စ်ဖြင့် တီးခတ်ခြင်းမဟုတ်ဘဲ အကြားဖြင့် ပြန်လည်တီးခတ်တတ်သည့် သူကဆိုသည်။

ခိုင်ထူး၊ စိုးလွင်လွင်၊ ဖိုးချိုတို့၏ သီချင်းများကို အဆိုများသူကြိုက်နှစ်သက်သူက ယနေ့ခေတ်ပေါ် သီချင်းများ မရဟုဆိုသည်။ သို့သော် မည်မျှပင် စိမ်းသည့်သီချင်းဖြစ်ပါစေ။ ဆယ့်ငါးမိနစ်ခန့် နားထောင်လိုက်လျှင် ပြန်တီးနိုင်သည်ဟု ဆိုသည်။

"နုတ်စ်သမား မဟုတ်ပေမယ့် Earining သမားလည်း သူ့အားသာချက်နဲ့ သူပေါ့ဗျာ" ဟု (၁၃)နှစ်သားအရွယ်ကပင်ဂစ်တာတီးတတ်ခဲ့သည့် ကိုထွန်းရွှေက ဆိုသည်။ ညစဉ်သီချင်းတွေနှင့် ဖျော်ဖြေနေသူက သီချင်းသီဆိုဖျော်ဖြေခွင့်မရတော့လျှင် အိမ်ဆိုင်လေးဖွင့်ကာ ဘဝကို ဖြတ်သန်းသွားမည်ဟု ရှေ့ရေးအတွက် သူ့အတွေးကို ပြောပြသည်။

သို့သော် ၁၉ လမ်းသည် သူ၏ အသွေးအသားထဲတွင် ခိုင်မြဲစွာ တွယ်ကပ်ဝင်ရောက်နေခဲ့ပြီဖြစ်သည်။ လက်ရှိအလုပ်ကို သူ တန်ဖိုးအလွန်ထားပြီး သေလျှင်ပင်လျှင် ၁၉ လမ်းတွင် သေချင်သည်ဟု သူကဆိုသည်။

"ကျွန်တော် ဒီ ၁၉ လမ်းမှာ သီချင်းဆိုရင်းနဲ့ပဲ သေသွားချင်ပါတယ်။ ရွှေမန်းတင်မောင်လိုပေါ့။ ဖျော်ဖြေနေရင်း သေသွားတာမျိုး" ဟု သူကပြောသည်။

"အသည်းရင် လှိုင်းခတ်သံ အတူဆုံချိန်အပြုံးတွေ နှုတ်ဆက်မယ်လေ တို့ဘဝအတွက် ခဏတာ ဒီအချိန်လေးအတွင်းမှာ အချစ်ခွန်အားရင်ဆိုင်ထား. . . ."

ညဉ့်ကတဖြည်းဖြည်း ရင့်လာခဲ့လေပြီ။ စားသောက်ဝိုင်းများလည်း ကျဲပါးလာခဲ့လေပြီ။ သီချင်းကို ချစ်တဲ့ခွန်အားတွေနဲ့ ၁၉ လမ်း ခိုင်ထူးရဲ့ တေးသံသည်လည်း မကြာမီ တစ်ညတာအတွက် နှုတ်ဆက်တော့မည် ဖြစ်သည်။

"ကျွန်တော်သေရင်လည်း ၁၉ လမ်းမှာပဲ သေချင်ပါတယ်" ဆိုတဲ့ သူ့ရဲ့ စကားသံကတော့ ၁၉ လမ်းကို မည်သည့်အခါမှ နှုတ်ဆက်သွားမည် မဟုတ်ဟု အသေအချာပြောဆိုနေသလိုပင်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 100,000 |
| Galaxy S Advance | 219,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 270,000 |
| Galaxy S3 | 360,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 495,000 |
| Galaxy Mega 5.8 | 320,000 |
| Galaxy Note II | 430,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 430,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 835,000 |
| iPhone 5s(16GB) | 720,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 128,000 |
| G 520 | 125,000 |
| G 610s | 134,000 |
| G 700 | 218,000 |
| Ascend P6 | 290,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 144,000 |
| Y 300c (CDMA) | 99,000 |

ဖေဖော်ဝါရီ(၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 640,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 325,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 180,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၂)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၇၄,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1''-1½'') | ၁ ပိဿာ | ၁,၅၆၀ |
| အိမ်ရိုက်သံ (2''-4'') | ၁ ပိဿာ | ၁,၂၈၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၁)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၅,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဖေဖော်ဝါရီ(၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Feb (5) | 815 | 920 | 940 | 970 |
| Feb (6) | 815 | 920 | 940 | 970 |
| Feb (7) | 815 | 920 | 940 | 970 |
| Feb (8) | 815 | 920 | 940 | 970 |
| Feb (9) | 815 | 920 | 940 | 970 |
| Feb (10) | 815 | 920 | 940 | 970 |
| Feb (11) | 815 | 920 | 940 | 970 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| Model | Price |
|---|---|
| **Acer** | |
| Intel Core i3 1.7 GHz,4 GB DDR3, 500GB HDD, HD, 14" | 490,000 |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD, 14" | 566,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 629,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 1 TB HDD ,15.6" | 787,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, 14" | 490,000 |
| Intel Core i3 1.6 GHz, 4 GB DDR3, 500 GB HDD, HD, 13.3" | 678,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 500 GB HDD, 14" | 757,000 |
| Intel Core i7 2.3 GHz, 4 GB DDR3,500 GB HDD, 14" | 816,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 565,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 580,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 649,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 1 TB HDD, 15.6" | 1,020,000 |

7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# သူ့ဇာတ်ရုပ်နှင့် သူ့သန္ဓေ အနေမှန်အောင် ကပ်ကြဖို့

သင်းရိ

ကျွန်တော်က ဝတ္ထုရေးသမားမို့လားမသိ သည်ရက်ထဲမှာမှ တိုက်တိုက်ဆိုင်ဆိုင် ဇာတ်ကောင်စရိုက်အကြောင်းတွေကို စဉ်းစားနေမိသည်။ ဇာတ်ကောင်စရိုက် မမှန်လျှင် ဝတ္ထုပဲဖြစ်ဖြစ်၊ ရုပ်ရှင်မှာပဲဖြစ်ဖြစ် ဖတ်လို့ကြည့်လို့ အဆင်မပြေတော့တာ တွေးမိသည်။ ကနေသည့်ဇာတ်၊ရေးနေသည့်ဇာတ်က ပျက်တော့သည်။

မြန်မာ့ဇာတ်သဘင် အစဉ်အလာတွင်ရှိသည့် ခုနစ်ထွေအကဆိုသလို မျိုးဇော်က၊ ဘီလူးက၊ မျောက်က၊ ဝန်က၊ အိုးစည်က၊ ဒိုးပတ်က၊ စည်တော်ကဆိုသည်က သူ့ဆိုင်းချက်နှင့်သူ၊ သူ့အကနှင့်သူ၊ စည်းချက်ဝါးချက်ညီ ကကြရသည်။

ဒိုးပတ်သံဆိုသည်နှင့် ပါးကွက်ကျား နှာတံစင်း သနပ်ခါးအဖွေးသား သူငယ်တော်လှလှလေး ရွှေခြေချင်း အဝင်းသားနှင့် ထွက်ရမည့်အစား မျောက်တစ်ကောင်က ခုန်ဆွခုန်ဆွလုပ်ပြီး ကန့်လန့်ကာရှေ့ ထွက်လာလို့ဆိုလျှင် ဇာတ်ခုံပေါ် ပြောင်းဖူးရိုးတွေ ဒါဇင်လိုက်တက်လာမှာ သေချာသည်။ ထို့အတူပင် ဝန်က ပါဆိုလေမှ ကမည့်ဝန်က ဘီလူးဆိုင်း တီးပေးစမ်း ကလိုက်စမ်းမယ် လုပ်လို့မရ။ ထင်ရာစိုင်းပြီး ဘီလူးဆိုင်းက ရောင်းချက်နှင့် ဖနောင့်ဆောင့်လိုက် လက်မြှောက်လိုက်လုပ်လျှင် ပရိသတ် ဝိုင်းအော်တာခံရမည် သေချာ၏။ သို့မို့ကြောင့် ဇာတ်ရုပ်နှင့် ဆိုင်းချက်ညီရသလို ဇာတ်ရုပ်နှင့် သန္ဓေကပ်လျက် ပါရသည်။ ဇော်ဇာတ်ရုပ်ထဲ မျောက်သန္ဓေထည့်ထားလို့မရ။ ဇော်ဝတ်ဝတ်ပြီး ဇော်လိုတောင်ဝှေးထမ်းမလွှားဘဲ မျောက်ခုန်ခုန်တော့ လူရယ်စရာ ဖြစ်တတ်သည်။ ထို့အတူ. . .

“ကျောသား ရင်သား၊ မခွဲခြားဘဲ၊ နှုတ်ဖျားချိုသာ၊ ပျားသကာဖြင့်၊ ပညာဉာဏ်စွမ်း၊ ပြည်လုံးလွှမ်းပြီး၊ ကြိုးပမ်းထက်မြက်၊ ဆောင်ရွက်ကြသား. . . အိုဘယ့် ဝန်မင်းများတို့ဗျား. . . . ”ဟု ပလ္လင်ပေါ်မှ ဘုရင်လုပ်သူက သူကိုယ်တော်တိုင်ခန့်ထားပြီး သူကိုယ်တော်တိုင် သူကောင်းမြှောက်ထားခဲ့သည့် ဝန်မင်းတွေကို တချီးမွှမ်းမွှမ်းလုပ်ကာပဋိသန္ဓာရစကားကို ဆိုင်းဆင့်နှင့် ဟန်ပန်အပြည့် ဆိုချလိုက်ချိန်တွင်မှဝန်မင်းဇာတ်ရုပ်မှကသူက သန္ဓေမမှန်ဘဲ ဘီလူးဖနောင့်ထ ဆောင့်တဲ့ပြီး

“ရုတ်ရုတ် ရုတ်ရုတ်မလုပ်နဲ့။ ဂုတ်ဂုတ် ဂုတ်ဂုတ်ဖြစ်သွားမယ်။ သာဒင်ကို ဒါထင်တာလားကွ” လုပ်လျှင်တော့ ပရိသတ်က ထပြန်ကြမှာပဲဖြစ်သည်။ နောက်တစ်ခါသည်ဇာတ်ပွဲလာလျှင် ဗလာကလျှင်တောင် လူလာမည်မဟုတ်တာ သေချာ၏။

သည်ရက်ထဲ ဒါမျိုးတွေ နားမဆံ့အောင် ကြားနေရသည်။ ဇာတ်ရုပ်သန္ဓေ မမှန်တာတွေက ခုမှ သေတ္တာဖွင့်ကရသည့် ဇာတ်မို့ ပေလောမသိ။ ကမောက်ကမ အလွန်နိုင်လှသည်။

တောမှီရသေ့က သူ့နေရာ သူမနေ ရာဇပလ္လင်ကို ခွေးလှေးယားသီးပက်ဖို့ပြင်လိုပြင်။ ဝန်မင်းက ဘီလူးထွက် ထွက်လိုထွက်နှင့် စိတ်ပျက်စရာ အလွန်ကောင်းလှသည်။ ဇာတ်ကောင်စရိုက် ပျက်ပြီး ဇာတ်ရုပ်သန္ဓေ မမှန်တော့ပြီဆိုလျှင် ဇာတ်ပျက်ဖို့နိဒါန်းပျိုးလာတာပဲ ဖြစ်လိမ့်မည်။

ကြည့်ဦး။ ဝန်မင်းတဲ့ သစ်ရာ ခေါက်ရွာလေးမှာ ပြောလာခဲ့လိုက်ပုံက ဝန်မင်းပါးစပ်နှင့် မလျော်ညီသည့် စာလုံးပေါင်းတွေ၊ သတ်ပုံတွေ အတစ်လိုက် ထွက်လာသည်။

“ကျွန်တော်က နိုင်ငံရေးသမားမဟုတ်ဘူး။ အနှစ်လေးဆယ်။ ၁၆ နှစ်ကတည်းက စစ်တပ်ထဲဝင်ပြီး ၅၄ နှစ်မှာ စစ်တပ်ထဲက ထွက်လာတာ။ ကျွန်တော် ဒီစကားအမြဲတမ်းပြောတယ်။ ဘယ်ကောင်မှလည်း သောက်ဂရုမစိုက်ဘူး။ ကြိုက်တဲ့ကောင်ပြော။ ရေးချင်တာလည်းရေး။ ကျွန်တော်လည်း ပုဆိုးလှန်ပြလိုက်တယ်။ အဲဒီလို မျိုးနေခဲ့တဲ့ ကောင်လေ။ သေမှာတောင် မကြောက်ပါဘူး ဆိုမှတော့ ကျန်တာ ဘာကြောက်ရမှာလဲ။

“ဘယ်နိုင်ငံရေးသမားကိုမှ ဂရုမစိုက်ဘူး။ ခင်ဗျားတို့မှတ်ထားကြ။ ကျွန်တော့်နာမည် ဗိုလ်ချုပ်အုန်းမြင့်။ ဗိုလ်ချုပ်အုန်းမြင့်ဆိုပြီး နယ်တကာလှည့် ပါးရိုက်ရဲတယ်ဆိုပြီး မိန့်ခွန်းပြောလာတာ။ ရှင်းတယ်နော်။ ကျွန်တော်ပြောတာ ဘယ်နိုင်ငံရေး ပါတီမှလည်း မကြောက်ဘူး။ ကျွန်တော်အခု နိုင်ငံရေးစကား စပြောတာပဲ။ နိုင်ငံရေးစကားဆိုတာ တက်နေတဲ့အစိုးရအပေါ်မှာ စော်ကားတဲ့ကောင်တွယ်မှာပဲ။ ပါးစပ်နဲ့တွယ်လို့မရရင် အချုပ်ထဲ ထည့်မှာပဲ။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ကျင့်သုံးနေတယ်။ အစိုးရကို ဆန့်ကျင်တဲ့ကောင်ဆိုရင် သွား မင်းအချုပ်ထဲနေ။ ငါတို့ အစိုးရထွက်ရင် မင်းထွက်ဒါပဲ။ ပြောခွင့်ရှိတဲ့အတွက် ကျွန်တော်ပြောတယ်. . . ”

သည်စကားသံတွေ ကြားရတော့ ငါအိပ်မက်များ မက်နေသလားလို့ပင် ထင်မိသည်။ သို့မဟုတ်လျှင်လည်း သမ္မတကြီးက အရက်မသောက်ကြဘဲ နွားနို့သောက်ကြပါ ပြောနေသည့် အချိန်တွင်မှ သူ့ဝန်ကြီးက နွားနို့နှင့်အရက်မှားပြီးတော့များ မော့လာခဲ့မိလေရော့သလားထင်မိသည်။ ကိုယ့်နားကိုပင် ကိုယ် မယုံချင်မိလိုက်။ သည်စကားက ဝန်စကားမှမဟုတ်ပေပဲကိုး။ ရွှေမန်းတင်မောင် ကခဲ့တဲ့မောင်မှူး ဇာတ်ထဲက ယစ်ထုပ်ကြီးရဲ့ ဇာတ်စာကိုများ မှားပြီးကောက်ကျက်လာခဲ့လေပြန်တာလား။ ငိုအားထက် ရယ်အားသန်ရသည်။ ရွှေမန်းရဲ့ ယစ်ထုပ်ကြီးက အဲဒီလောက် မရမ်းခဲ့ဘူးလားလည်း ကပျာကယာတွေးမိသည်။ ကိုယ်မျှော်လင့်ထားသည်က သည်နှယ်မဟုတ်ပေဘဲကိုး။

ကျွန်တော်က ဟိုလူရယ်လို့ သည်လူရယ်လို့ သိပ်အစွဲအလမ်းထားမနေချင်တော့။ ဟိုအဖွဲ့၊ သည်အဖွဲ့၊ စစ်တပ်ရယ် ဘာရယ် ညာရယ်နှင့် လာခဲ့ကြရာ လမ်းကို ပြန်လှမ်းကြည့်ကြည့်ပြီး အပြစ်တွေ အပြန်အလှန်ပြောနေ ဆိုနေကြရင်းနှင့်ပင် မနက်ဖြန်ကို အလဟဿ မိုးချုပ်မသွားစေချင်တော့။ တိုင်းကျိုးပြည်ကျိုး သယ်ပိုးသူမှန်လျှင် မည်သူ့မဆို ကြိုဆိုချင်နေမိသည်။

၁၉၉၉ ခုနှစ် ဇူလိုင်လထုတ် ရန်နံ့သစ်မဂ္ဂဇင်းထဲတွင် ဖော်ပြခဲ့သည့် ကျွန်တော့်အသည်းစွဲ ကဗျာဆရာ လှသန်း ရေးသွားခဲ့သော ‘အနေအထိုင်မတတ်သူများ’ ကဗျာထဲမှ စာကြောင်းလေး တစ်ကြောင်းက ကျွန်တော့်ရင်ထဲမှာ ခုထိ တငြိငြိစွဲနေအောင် စိုးရိမ်ပူပန်မဆုံး ရှိနေတုန်းဖြစ်သည်။ တွေးမိတိုင်း ရင်နင့်ရဆဲရှိသည်။

“မျိုးဆက်တစ်ဆက်လုံး ထိုးကျွေးခဲ့တာတောင်မှ ရှေ့ရေးက မကောင်းနိုင်သေးဘူး. . ”တဲ့။

သည်စာကြောင်းလေးက ကျွန်တော့်ရင်ထဲမှာ ယခုထိ ကိန်းနေဆဲရှိလျက်နောက်ထပ်မျိုးဆက် တစ်ဆက် နှစ်ဆက်ကို ထပ်ပြီး ထိုးကျွေးရဦးမည့်အဖြစ်မျိုး ဖြစ်မလာပါစေနှင့်တော့ဟု စိုးရိမ်ပူပန်ဖြစ်နေမိရသည်မှာ အကြိမ်ကြိမ်ရှိခဲ့ပြီ။

ယခုလိုမျိုး ဒီမိုကရေစီ ဇာတ်ခုံပေါ်မှာ ကရောင်းအပိတ် အပျိုတော်ကားလိပ်အဖွင့်ဆိုသလို အခြေအနေမျိုးလေး ရောက်ဖို့ကိုပင် ဆယ်စုနှစ်ပေါင်းများစွာ၊ ရဟန်းရှင်လူပြည်သူကျောင်းသားပေါင်းများစွာတို့၏ အသက်တွေ၊ ဘဝတွေများစွာနှင့် ရင်းနှီးလာခဲ့ကြရသည်။

ထို့ကြောင့်လည်း ကျွန်တော်အပါအဝင်ဖြစ်သော ပြည်သူအများက ခေတ်ကို ပြောင်းလဲစေခဲ့ပါပြီဆိုသည့် တည်ဆဲအစိုးရအပေါ် မျှော်လင့်ခြင်းများစွာဖြင့် မျှော်လင့်နေမိခဲ့ကြသည်။ ဘယ်ခရီးကို ဘယ်အဝတ် ဘယ်သန္ဓေဖြင့် ဖြတ်သန်းလာခဲ့ကြသူတွေ ဖြစ်ပါစေ မွေးရာပါမြန်မာပြည်သား စစ်စစ်တွေလည်း ဖြစ်ကြလျက် လူ့နှလုံးသား ကိုယ်စီပါကြသူများသာ ဖြစ်ကြပေသောကြောင့် သန်းခြောက်ဆယ်ပြည်သူတွေကိုဖြင့် ငရဲတွင်းထဲ တွန်းမချလေတန်ရာဟု သာ မျှော်လင့်နေမိခဲ့ကြရသည်။ ကလလရည်ကြည်တည်စ ဒီမိုကရေစီ ခေတ်ကြီးကို လေတိုး မခံရလေအောင်ပြည်သူတွေက အသက်ကလေးကိုပင် မျှဉ်းမျှဉ်းရှူရှင်း အားထားမျှော်လင့် နေခဲ့ ကြသည်ပဲ ဖြစ် သည်။

အလကား နေရင်းထိုင်ရင်း ပျင်းပျင်းရှိတိုင်း အစိုးရကို ဖီလာတိုက်ပစ်လိုက်မည်ဟု မည်သည့် ပြည်သူကမျှ ကြံစည်အားထုတ်နေခဲ့ကြသည်မဟုတ်။

အစိုးရသုံးမျိုး ရှိသည်ဟု ပညာရှင်တို့က ဆိုကြသည်။ ပြည်သူက ကြောက်နေရသည့် အစိုးရ၊ ပြည်သူက ချစ်သည့်အစိုးရ၊ အစိုးရရှိနေမှန်းပင် မသိရသည့် အစိုးရဟု သုံးမျိုးရှိသည်တဲ့။

ကျွန်တော်တို့ပြည်သူတွေကမူ ကြောက်နေရသည့် အစိုးရဆိုသည်ကို အသက်နှင့်အမျှ ကြုံခဲ့ရဖူးပြီမို့ အော့နှလုံးနာလှပြီ။ မကြုံစဖူးကြုံရသော အတွေ့အကြုံမျိုးဖြင့် အစိုးရကို ချစ်ကြည်ညိုကြည့်စမ်းချင်ကြလှပြီ။ ထို့ကြောင့် မျှော်လည်းမျှော်လင့်နေခဲ့ကြသည် အမှန်ပင် ဖြစ်သည်။

သည်လို အချိန်အခါ သည်လိုအခြေအနေမျိုးမှာ ရောက်နေသည်ဖြစ်ပါလျက် အစိုးရကပဲ ဖြစ်ဖြစ် အစိုးရအဖွဲ့ထဲမှ ဝန်ကြီး၊ ဝန်ကလေးအထွေထွေတို့ကပဲ ဖြစ်ဖြစ် ရှိရင်းစွဲ ကျောမလုံစိတ်ကို ဆက်လက် မွေးမြူထားကြရင်း ပြည်သူတွေကို ရန်စွယ်နှင့်ငေါ ငေါ“ဒီကောင်တွေ ဘယ်နေ့ငါ့ကို ရန်ရှာမလဲ” အတွေးတွေနှင့်သာ မယုံသင်္ကာ မျက်စောင်းတွေ တစွေစွေကြည့်နေကြမည်ဆိုလျှင် တော့လည်း ရှေ့ဆက်ကကြရမည့် ဇာတ်က ဇာတ်စဉ်ချောနိုင်လိမ့်မည် မဟုတ်ဟုထင်သည်။

အစိုးရဆိုသည်က တိုင်းပြည်၏ မိဘတစ်မျိုးပေပဲမို့ သားသမီးနေရာမှ ပြည်သူတွေကတော့ မပြည့်မစုံ လိုအပ်နေသည် လေးတွေကိုတော့လည်း တောင်းမိကြဆိုမိကြပေမည်ပေါ့။ အမိအဘနေရာမှာ ရှိသည့် အစိုးရဆိုမင့်လည်း မှားတာယွင်းတာလေးများရှိလျှင်တော့ဖြင့် လည်း စေတနာဖြင့် ထောက်ပြဝေဖန်ပြောဆိုသမှု ပြုကြသည်များလည်း ရှိကြပေမည်ပေါ့။ အစိုးရတော်မင်းများဘက်ကလည်း ကိုယ့်ကိုယ်ကိုယ် ဒီမိုကရေစီ အစိုးရရယ်လို့ အမည်ခံပြီးတော့ဖြင့် ခြောက်လုံးပြူးကြီး ခါးကြားထိုးပုံ မပျက်တမ်းမိုက်စကားတွေနှင့် တိုင်းကာထွာကာ ဆဲကာဆိုကာတွေ မပြောသင့်တော့ပေဘူးပေါ့။ ဘဝဟောင်းက အကျင့်တွေ စရိုက်တွေကနေ ကျွတ်ကြဖို့ လွတ်ကြဖို့ အချိန်ဖြင့် တန်ခဲ့ကြပေပြီပေါ့။ ကိုယ်ကနေသည့်ဇာတ်ရုပ်ကိုသန္ဓေမှန်အောင်တော့ဖြင့်လည်း လမိုင်းကပ်သင့်ကြပြီပေါ့။

တကယ်တော့ ကိုယ်ကိုယ်တိုင်က နိုင်ငံရေးသမားတွေ ဖြစ်နေခဲ့ကြပြီပဲ။ စစ်ဘက်မှ အရာရှိကြီးငယ်တွေမှ မဟုတ်တော့ကြတော့ပြီပဲ။

**စာမျက်နှာ(IV)သို့**



# Technology

7DAY NEWS JOURNAL

Vol.12, No.48 • FEBRUARY 5 , 2014


## ယမန်နှစ်က တက်ရောက်သူစံချိန်ထက် လျော့ကျခဲ့သည့် ဘားကမ့် ၂၀၁၄

**နိုင်လင်းအောင်၊**
**ထွဏ်းထွဏ်းဝင်း**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

ဘားကမ့်ရန်ကုန် ၂၀၁၄ ကိုယခင်နှစ်များနှင့်မတူဘဲ အကြောင်းအရာများ စုံလင်စွာ ဟောပြောဆွေးနွေးခဲ့သော်လည်း တက်ရောက်သူဦးရေမှာ ယမန်နှစ်ကထက် အနည်းငယ်လျော့ကျခဲ့ကြောင်း သတင်းရရှိသည်။

"သွားပြီးနားထောင်ချင်တဲ့အခန်းတွေက အရမ်းဝေးနေပြီးတော့ လမ်းညွှန်ဆိုင်းဘုတ်တွေထားပေးတာလည်း နည်းနေတဲ့အတွက် ဘယ်သွားရမှန်း မသိတာမျိုးတွေ၊ Wifi လွှင့်ပေးဖို့ မစီစဉ်ပေးနိုင်ခဲ့တာမျိုးတွေကို ပြန်ကြားရတယ်။ လာမယ့်နှစ်တွေမှာလည်း ပိုပြီး ပြည့်စုံအောင်လုပ်သွားဖို့ စီစဉ်ထားတယ်" ဟု ပွဲစီစဉ်သူထဲမှ တစ်ဦးဖြစ်သူ မရတနာက ပြောသည်။



*ရန်ကုန်ဘားကမ့် ၂၀၁၄ သို့ တက်ရောက်လာသူများနှင့် စီစဉ်သူများအားတွေ့ရစဉ်*

Barcamp Yangon

ယခုနှစ်ကျင်းပသည့် ဘားကမ့်ရန်ကုန်ကိုဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် လှိုင်တက္ကသိုလ်များနယ်မြေ၊ Myanmar Info Tech ၌ အကြောင်းအရာကဏ္ဍ ၁၄၅ ခုခန့်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြပြီး အဆိုပါအကြောင်းအရာများကို General, Technology, Creative and Enterpreneurs ဟူ၍ ကဏ္ဍလေးခုခွဲပေးထားပြီး ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီးကလည်း ပထမနေ့တွင် Right to know ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ခုပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

"ဒီနှစ်မှာတော့ အရင်နှစ်တွေနဲ့မတူဘဲ ဆွေးနွေးမယ့်အကြောင်းအရာတွေကို ကဏ္ဍလေးခုခွဲပြီးတော့ လုပ်ပေးထားတယ်။ အဲဒီလိုလုပ်ပေးတဲ့အတွက် ပွဲလာတက်တဲ့သူတွေအနေနဲ့ ကိုယ်စိတ်ဝင်စားတဲ့အကြောင်းအရာတွေကို အလွယ်တကူရွေးချယ်ပြီးတော့ နားထောင်နိုင်မှာဖြစ်ပါတယ်။ ဒီနှစ်မှာ IT နဲ့ပတ်သက်ရင် Hacking ပိုင်းကို တော်တော်လေးစိတ်ဝင်စားကြတယ်" ဟု ပွဲစီစဉ်သူထဲမှ တစ်ဦးဖြစ်သူ ကိုဇော်ဇော်မျိုးလွင်က ပြောသည်။

ဘားကမ့်ရန်ကုန် နည်းပညာဖလှယ်ပွဲကို ၂၀၁၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့တွင်ပထမဦးဆုံးအကြိမ်ကျင်းပခဲ့ပြီး အဆိုပါနှစ်တွင် ပါဝင်ဆင်နွှဲသူပေါင်း ၃၀၀၀ ကျော် တက်ရောက်ခဲ့ကာ ယမန်နှစ်က ကျင်းပသည့်ပွဲတွင်တက်ရောက်သူပေါင်း ၆၀၀၀ ကျော်အထိ စံချိန်တင်တက်ရောက်ခဲ့သော်လည်း ယခုနှစ်တွင် တက်ရောက်သူဦးရေမှာ ၅၀၀၀ ကျော်ခန့်သာရှိကြောင်း ပွဲစီစဉ်သူများထံမှ သတင်းရရှိသည်။

ယခုနှစ် ဘားကမ့်ရန်ကုန်ပွဲသို့ တက်ရောက်ရန် အွန်လိုင်းမှ မှတ်ပုံတင်ထားသူဦးရေ ၄,၀၀၀ ကျော်ရှိပြီး Offline အနေဖြင့် တက်ရောက်သူများနှင့် ပေါင်းမည်ဆိုပါက ပွဲကျင်းပမည့် နှစ်ရက်ပေါင်းလျှင် ၅,၀၀၀ ကျော်ခန့် တက်ရောက်ခဲ့ပြီး Offline တက်ရောက်သူဦးရေမှာ အနည်းငယ်လျော့ကျခဲ့ခြင်းဖြစ်နိုင်ကြောင်း မရတနာက ခန့်မှန်းပြောကြားသည်။

## အာဆီယံအစည်းအဝေးအတွက် သီးသန့်ဆက်သွယ်ရေးစနစ်တစ်ခု တည်ဆောက်မည်

**နိုင်လင်းအောင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

မြန်မာနိုင်ငံတွင် ကျင်းပမည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အစည်းအဝေးများ ကျင်းပမည့် မြို့သုံးမြို့တွင်လုံခြုံရေးနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် သီးခြားဆက်သွယ်ရေးစနစ်တစ်ခုကိုမတ်လမကုန်မီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

"အာဆီယံအစည်းအဝေးကျင်းပရေးကော်မတီရဲ့ လမ်းညွှန်ချက်ထဲမှာ ဆက်သွယ်ရေးစနစ်တစ်ခု တည်ဆောက်ရမယ်ဆိုတာလည်း ပါတယ်။ လုံခြုံရေး အတွက်နဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေအတွက် သီးသန့်လိုင်းတစ်ခုအနေနဲ့ အဓိကထားပြီး အသုံးပြုသွားမှာ ဖြစ်သလိုဂျီအက်စ်အမ်ဖုန်းလိုင်းတွေ အကယ်၍ ပြတ်တောက်သွားခဲ့ရင်လည်း အသုံးပြုသွားနိုင်မှာ ဖြစ်ပါတယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေပြည်တော်ကောင်စီမှ ဒုအထွေထွေမန်နေဂျာ ဦးသိန်းဟုတ်က ပြောသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖုန်းလိုင်းနှင့် ရေဒီယိုဆက်သွယ်ရေးလိုင်းများအတွက် အထောက်အကူဖြစ်စေမည့် Two Way Digital Trunking Radio System ဆက်သွယ်ရေးစနစ်ကို နေပြည်တော်တွင် လေဆိပ်အပါအဝင် Repeators ခြောက်ခု၊ ရန်ကုန်မြို့တွင် လေဆိပ်အပါအဝင် Repeator ခုနစ်ခု၊ မန္တလေးမြို့တွင် လေဆိပ်အပါအဝင် Repeator သုံးခုနှင့် အရန် Repeator တစ်ခုထားရှိ အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါစနစ်တွင်လက်ကိုင်ဖုန်းအလုံးရေ ၉၈၀ နှင့် ယာဉ်တင်အမျိုးအစား စက်ပစ္စည်းအခု ၂၀ တို့ကိုအသုံးပြုသွားမည်ဖြစ်သည်။

"အခုအသုံးပြုမယ့်စနစ်ဟာ ဥပမာ-အာဆီယံအစည်းအဝေးမှာ လာတဲ့ဧည့်သည်တွေကို တစ်နေရာကနေ အခြားနေရာ တစ်ခုကို ပို့ဆောင်ပေးဖို့အတွက် သူတို့အချင်းချင်း ဆက်သွယ်တဲ့အခါမှာ ကြားခံပစ္စည်းမရှိဘူး။ တိုက်ရိုက်ပြောလို့ရတယ်။ သူတို့ပြောတဲ့ဟာတွေကိုလည်း တခြားလူတွေက မကြားနိုင်ဘူး" ဟု ဦးသိန်းဟုတ်က ရှင်းပြသည်။

အဆိုပါစနစ်ကို အာဆီယံအစည်းအဝေးများ ကျင်းပမည့်နေရာများ၊ ဧည့်သည်များ တည်းခိုမည့် ဟိုတယ်များ၊ လေဆိပ်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များပေါ်တွင် အသုံးပြုသွားမည်ဖြစ်သည်။လက်ရှိတွင် လုပ်ငန်းများ အကောင်အထည်ဖော်ရန် ဇန်နဝါရီ ၃၀ ရက်မှစ၍ ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထားပြီးပြည်တွင်းကုမ္ပဏီများအား တင်ဒါခေါ်ယူသွားမည်ဖြစ်ကာ လုပ်ငန်းများကို မတ်လထဲတွင်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ သတင်းရရှိသည်။

ထို့အပြင် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီးအစည်းအဝေးပွဲများတွင် အသုံးပြုနိုင်ရန်အတွက် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာနှစ်ခုလုံး၏ ပြင်ပဧရိယာများတွင် အင်တာနက် WiFi စနစ်ဆောင်ရွက်ရန် လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်ထားပြီဖြစ်သည်။

နေပြည်တော်ရှိအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC)နှစ်ခုအတွက် WiFi-Fi Area Network တည်ဆောက်ရန် စိတ်ဝင်စားသူများ ဖိတ်ခေါ်ထားပြီး ပြည်တွင်းပြည်ပကုမ္ပဏီသတ်မှတ်ချက်မရှိသော်လည်းမြန်မာကျပ်ငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ ဒုအင်ဂျင်နီယာချုပ် ကပြောသည်။

"တခြားကန့်သတ်ချက်မရှိပေမယ့် မြန်မာကျပ်ငွေနဲ့ပဲလုပ်ရမယ်။ ပြီးတော့ အခုအာဆီယံအစည်းအဝေးတွေကလည်း ပုဂံဘက်တွေမှာ စနေပြီဆိုတော့ အခု MICCမှာလည်း မြန်မြန်လုပ်ရမှာဖြစ်တဲ့အတွက် လာလျှောက်တဲ့အထဲက အမြန်ဆုံးရွေးချယ်ပေးသွားမှာပါ" ဟု ၎င်းက ပြောသည်။

စိတ်ဝင်စားသည့် ကုမ္ပဏီများအနေဖြင့် နေပြည်တော်ရှိ သတင်းအချက်အလက်နှင့် နည်းပညာဌာနအင်ဂျင်နီယာချုပ်ရုံးသို့ ဖေဖော်ဝါရီ ၇ ရက်တွင်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပြန်ထား သည်။









# ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများ ဖုန်းခေါ်ဆိုခများ ဝန်ကြီးဌာနသို့ တင်ပြရမည်

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ဆက်သွယ်ရေး အော်ပရေတာလိုင်စင်ရရှိထားသည့်ကုမ္ပဏီများမှ မိုဘိုင်းဖုန်းခေါ်ဆိုခနှုန်းထားများကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့တင်ပြရမည်ဖြစ်ပြီး အော်ပရေတာလေးခု တတ်နိုင်သည့်နှုန်းထားတစ်ခုကိုသာ သတ်မှတ်လက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ပြည်ပကုမ္ပဏီနှစ်ခုကို လိုင်စင်တရားဝင်ချထားပေးပြီးဖြစ်ရာ ဆင်းမ်ကတ်နှုန်းထားများကို ကျပ် ၁,၅၀၀ ဝန်းကျင်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဖုန်းခေါ်ဆိုခနှုန်းထားများကိုလည်း ယခင်က တစ်မိနစ်လျှင် ၂၅ ကျပ်သာ ကောက်ခံမည်ဟု ထုတ်ပြန်ထားသော်လည်း လက်ရှိတွင် တရားဝင်မပြောနိုင်သေးကြောင်း အဆိုပါကုမ္ပဏီများမှ သတင်းရရှိသည်။

"အော်ရီဒူးနဲ့ တယ်လီနောတို့က သူတို့ရဲ့ဖုန်းခေါ်ယူမှုနှုန်းထားတွေအတွက်ကို တရားဝင်တင်ပြရမှာဖြစ်ပါတယ်။ တင်ပြတဲ့အခါ Competition ဖြစ်တဲ့အတွက်ကြောင့် ကျန်တဲ့အော်ပရေတာနဲ့ လုပ်ငန်းတွေထိခိုက်နိုင်အောင် ဈေးနှုန်းတအားချလို့မရပါဘူး။ ဒီဈေးနှုန်းက အားလုံးလက်ခံနိုင်တဲ့ဈေးနှုန်းဖြစ်ရမယ်ဆိုတာတော့ ရှိရပါမယ်"ဟု ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ကညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်က ပြောသည်။

အစိုးရအော်ပရေတာလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်မည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှလည်း အခြားအော်ပရေတာများနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ဖုန်းခေါ်ဆိုခနှုန်းထားများကို လျှော့ချရန်ရှိကြောင်း ဦးခင်မောင်သက်က ပြောသည်။

ထို့အပြင် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီးအစည်းအဝေးပွဲများတွင် အသုံးပြုနိုင်ရန်အတွက် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာနှစ်ခုလုံး၏ ပြင်ပဧရိယာများတွင်အင်တာနက်WiFi စနစ်ဆောင်ရွက်ရန် လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များဖိတ်ခေါ်ထားပြီဖြစ်သည်။

နေပြည်တော်ရှိအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MI-CC)နှစ်ခုအတွက် WiFi-Fi Area Network တည်ဆောက်ရန် စိတ်ဝင်စားသူများ ဖိတ်ခေါ်ထားပြီး ပြည်တွင်းပြည်ပကုမ္ပဏီသတ်မှတ်ချက်မရှိသော်လည်းမြန်မာကျပ်ငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သတင်းအချက်အလက်နှင့်နည်းပညာဌာန ဒုအင်ဂျင်နီယာချုပ်ကပြောသည်။

"တခြားကန့်သတ်ချက်မရှိပေမယ့် မြန်မာကျပ်ငွေနဲ့ပဲလုပ်ရမယ်။ ပြီးတော့ အခုအာဆီယံအစည်းအဝေးတွေကလည်း ပုဂံဘက်တွေမှာလည်း စနေပြီဆိုတော့ အခု MICCမှာလည်းမြန်မြန်လုပ်ရမှာဖြစ်တဲ့အတွက် လာလျှောက်တဲ့အထဲက အမြန်ဆုံးရွေးချယ်ပေးသွားမှာပါ"ဟုရင်းကပြောသည်။

စိတ်ဝင်စားသည့် ကုမ္ပဏီများအနေဖြင့် နေပြည်တော်ရှိ သတင်းအချက်အလက်နှင့် နည်းပညာဌာနအင်ဂျင်နီယာချုပ်ရုံးသို့ ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ထုတ်ပြန်ထားသည်။




# ရတနာပုံတယ်လီပို့ ဆက်သွယ်ရေး လိုင်စင်ရယူရန် အဆင်သင့်မဖြစ်သေး

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိထားသည့် ရတနာပုံတယ်လီပို့ကုမ္ပဏီအား မကြာမီဆက်သွယ်ရေးလိုင်စင်ပေးအပ်သွားရန်ရှိပြီး ၎င်းတို့ဘက်က လိုအပ်သည့်ဆောင်ရွက်နေမှုများကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်က ပြောသည်။

"သူတို့ရဲ့ လက်ရှိလုပ်နေတဲ့ Process တွေရှိနေသေးတယ်။ အဲဒါတွေကလည်း မကြာခင်ပြီးသွားမှာပါ။ ပြီးသွားတာနဲ့ အခမ်းအနားလုပ်ပြီးတော့ လိုင်စင်ထုတ်ပေးသွားမှာပါ"ဟု ဦးခင်မောင်သက်ကပြောသည်။

ဆက်သွယ်ရေးလိုင်စင်ကို လက်ရှိတွင် ပြည်ပကုမ္ပဏီနှစ်ခုဖြစ်သည့် အော်ရီဒူးမြန်မာနှင့် တယ်လီနောမြန်မာတို့ ဇန်နဝါရီ ၃၁ ရက်က တရားဝင်လိုင်စင်ချထားပေးခဲ့ပြီးနောက် ပြည်တွင်းရှိ ရတနာပုံတယ်လီပို့ကုမ္ပဏီကိုသာ ချထားပေးရန် ကျန်ရှိနေခြင်းဖြစ်သည်။

လက်ရှိတွင် ရတနာပုံတယ်လီပို့ကုမ္ပဏီက နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ရန်နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်နေပြီး လာမည့်အပတ်အတွင်း ပူးပေါင်းမည့်ကုမ္ပဏီကို သိရှိနိုင်မည်ဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီပို့ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် ဦးတင်ဝင်းကပြောသည်။


"အခုလည်းလုပ်နေပါတယ်။ လုပ်ရမယ့် လုပ်ငန်းတွေကို ရှေ့တစ်ပတ်လောက်တော့ ပူးပေါင်းမယ့် ကုမ္ပဏီကို သိနိုင်မယ်ထင်ပါတယ်"ဟု ၎င်းကပြောသည်။

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းဆောင်ရွက်မည့်ပြည်တွင်းရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီတို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ အစိုးရအော်ပရေတာဖြစ်သောကြောင့် လိုင်စင်ရရှိပြီးဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်သက်က ပြောသည်။

"နဂိုတည်းက Government Operator ဖြစ်တဲ့အတွက်ကြောင့် လိုင်စင်ရထားပြီးသားပေါ့။ သို့သော်လည်း နောက်ပိုင်းမှာမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက Cope-ratization သွားပြီဆိုရင်တော့ ဆက်သွယ်ရေးလိုင်စင်ယူရမှာဖြစ်ပါတယ်"ဟု ဦးခင်မောင်သက်က ပြောသည်။

ဆက်သွယ်ရေးလိုင်စင်ရရှိထားသည့် အော်ပရေတာကုမ္ပဏီများအနေဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို ယှဉ်ပြိုင်လုပ်ဆောင်ရမည်ဖြစ်ပြီး ခြောက်လမှ ရှစ်လအတွင်း ၎င်းတို့၏ ဝန်ဆောင်မှုများကို သုံးစွဲနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014




# တဂိုးနဲ့ လူသားဆန်မှု

ဇော်မင်း

ရာဘင်ဒြာနတ်တဂိုးဟာ အများ သိထားပြီးတဲ့အတိုင်း အိန္ဒိယနိုင်ငံသား ဘင်္ဂါလီစာပေပညာရှင် တစ်ဦးပါ။ တဂိုးဟာ သူရေးသားခဲ့တဲ့ Gitanjali ကဗျာရှည်ကြီးအတွက် ၁၉၁၃ ခုနှစ်မှာ စာပေဆိုင်ရာ နိုဗယ်ဆုချီးမြှင့်အပ်နှင်းခြင်း ခံရပါတယ်။ မြန်မာပြည်မှာတော့ ဂီတဥ္စလီလို့ လူသိများပါတယ်။ သူဟာ ကဗျာများနဲ့ နာမည်ကြီးတယ်ဆိုပေမယ့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ အက်ဆေးများ၊ သီချင်းများလည်း အမြောက်အမြား ရေးသားခဲ့သူဖြစ်ပါတယ်။ ပန်းချီပညာရှင်လည်း ဖြစ်ပါတယ်။ အဲဒါအပြင် တဂိုးဟာ အတွေးအခေါ် ပညာရှင်တစ်ဦးအနေနဲ့လည်း ထင်ရှားပါသေးတယ်။

၂၀ ရာစုအတွင်း ကမ္ဘာမှာ ထင်ရှားခဲ့တဲ့ တွေးခေါ်ပညာရှင်များထဲမှာ အရှေ့တိုင်းသားတွေ ဖြစ်တဲ့ တဂိုးနဲ့ မိုဟန်ဒက်စ်ဂန္ဒီ (မဟတ္တမဂန္ဒီ)တို့လည်း ပါဝင်ပါတယ်။ သို့သော် ဂန္ဒီကြီးကို လူအများက အင်္ဂလိပ်ကိုလိုနီလက်အောက်ကနေ ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ နိုင်ငံရေး၊ လွတ်မြောက်ရေးခေါင်းဆောင်အဖြစ် ပို့လို့ သတ်မှတ်ကြပါတယ်။ သူတို့နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး ပုဂ္ဂိုလ်ရေးအရလည်း အလွန်ရင်းနှီးတဲ့ သူများ ဖြစ်ပါတယ်။ တဂိုးဟာ ဂန္ဒီကြီးကို အလွန်လေးစားသူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့နှစ်ဦးကြားမှာ အတွေးအခေါ် အရအတော်လေး ကွဲပြားခြားနားမှုတွေ ရှိနေပါတယ်။

အထူးသဖြင့် အမျိုးသားရေးဝါဒ၊ မျိုးချစ်စိတ်၊ ယဉ်ကျေးမှုချင်း အပြန်အလှန် ကူးလူးဆက်ဆံခြင်း၊ ဆင်ခြင်တုံတရားရဲ့ အခန်းကဏ္ဍနဲ့ သိပ္ပံပညာ၊ စီးပွားရေးစနစ်၏ သဘောသဘာဝနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အစရှိတဲ့ ကိစ္စရပ်တွေမှာ တဂိုးနဲ့ ဂန္ဒီဟာ ချဉ်းကပ်ပုံချင်း တစ်ဦးနဲ့တစ်ဦး အလွန်ကွဲပြားပါတယ်။ သည်ကဏ္ဍတွေကို ချဉ်းကပ်တွေးခေါ်တဲ့ နေရာမှာ တဂိုးဟာ ဟိန္ဒူရိုးရာအတိုင်း အခြေခံပြီး တွေးခေါ်စဉ်းစားတဲ့ လမ်းစဉ်ကို သိပ်ဦးစားမပေးပါဘူး။ တစ်နည်းပြောရရင်တော့ တဂိုးဟာ စဉ်းစားတွေးခေါ်ပုံ ခေတ်မီတယ်။ ခေတ်ရှေ့ရောက်တယ်လို့ ဆိုရမှာပေါ့။ ဂန္ဒီကတော့ ဒုက္ခများမြောင် ရင်ဆိုင်နေရတဲ့ ဆင်းရဲသားတိုင်းသူပြည်သား အများစုကို ရှေးခေတ်ဟိန္ဒူယဉ်ကျေးမှု ချဉ်းကပ်ပုံအရ ရင်ဝယ်သားများလို သဘောပိုက်ပါတယ်။ တဂိုးကတော့ သည်နေရာမှာ ဂန္ဒီနဲ့ မတူပါဘူး။ သူကလူထုကို အရွယ်မရောက်သေးတဲ့ ကလေးများသဖွယ် သဘောမထားသင့်ဘူးလို့ ငြင်းခုံပါတယ်။ သို့သော် နှစ်ဦးစလုံးဟာ လူသားဆန်မှုကို အလေးထားသူတွေ ဖြစ်ပါတယ်။

တဂိုးဟာ မျိုးချစ်စိတ်ဆိုတာထက် လူသားဆန်မှုဆိုတာကို တိတိလင်းလင်း ပိုမိုဦးစားပေးသူဖြစ်ပါတယ်။ အဲသလို ဆိုလိုက်လို့ သူဟာ မျိုးချစ်စိတ်နည်းပါးပြီး လူသားဆန်မှုမှာပဲ မွေ့ပျော်နေတယ်။ အိန္ဒိယပြည်ရဲ့ လွတ်လပ်ရေးကို ဂရုမစိုက်ဘူး။ ဦးစားမပေးဘူးလို့ ရုတ်တရက်တော့ ထင်ကောင်းထင်နိုင်ပါတယ်။ ဒါပေမဲ့ အိန္ဒိယတိုက်ငယ် လွတ်လပ်ရေးအတွက် သူ့ဘက်က ဆောင်ရွက်ပံ့ပိုးခဲ့တာတွေ အများကြီးရှိပါတယ်။ တဂိုးရဲ့ အဲသည်လို တွေးပုံခေါ်ပုံတွေဟာ သူရဲ့ဖခင်ဆီက အမွေရခဲ့တယ်လို့ ဆိုနိုင်ကြောင်း ပညာရှင်အချို့က ထောက်ပြပါတယ်။ သူရဲ့ဖခင်ကတော့ ဒီဘန်ဒြာနတ်တဂိုးဖြစ်ပါတယ်။

တဂိုးရဲ့ ဖခင်ကြီးဟာ သူ့တို့ခေတ် သူတို့အခါက “ဘရာမိုစမတ်” လို့ခေါ်တဲ့ ဘာသာရေး အယူအဆများ ပြန်လည်ပြုပြင်ရေးအဖွဲ့ရဲ့ အဖွဲ့ဝင်ဖြစ်ပါတယ်။ အဲသည့် အဖွဲ့ဟာ ဟိန္ဒူရှေးဟောင်းကျမ်းစာများက တစ်ဆင့်မှီငြမ်းပြီး ပြဋ္ဌာန်းထားတဲ့ ခေတ်ပြိုင်ဟိန္ဒူဓလေ့စရိုက် အကျင့်အကြံများကို လူသားချင်း ဖိနှိပ်ခွဲခြားတဲ့ အယူအဆများအဖြစ် သတ်မှတ်ပြီး လက်မခံကြပါဘူး။ ဟိန္ဒူယဉ်ကျေးမှုဟာ မဇ္ဈိမဒေသမှာ ထွန်းကားလာခဲ့တာ နှစ်ပေါင်းလေးထောင်လောက် သက်တမ်းရင့်ခဲ့ပြီမို့ အဆိုပါ“ဘရာမိုစမတ်”အဖွဲ့ဟာ သူတို့ရဲ့ ယူဆချက်တွေကို ရဲရဲတင်းတင်း တင်ပြနိုင်တာကလွဲလို့ ရှေးရိုးစွဲကြီးလှတဲ့ သာမန်ဟိန္ဒူလူများစုကို မဆွဲဆောင်နိုင်ခဲ့ပါဘူး။ ခေတ်ဟောင်းကို တော်လှန်လိုသူ ထိပ်ပိုင်းပညာတတ် လူတစ်စုရဲ့ ဆောင်ရွက်ချက် သဘောမျိုးသာ ရှိခဲ့ပါတယ်။

၁၉၀၈ ခုနှစ်က သူ့မိတ်ဆွေတစ်ဦးဆီကို တဂိုးရေးသားခဲ့တဲ့ ပုဂ္ဂိုလ်ရေးစာတစ်စောင်မှာ သည်လိုဖော်ပြခဲ့ပါတယ်။ “မျိုးချစ်စိတ်ဆိုတာ ကျွန်တော်တို့ နောက်ဆုံးကွန်းခိုရမယ့် ဝိညာဉ်အဆောက်အဦမဟုတ်ပါ။ ကျွန်တော်ခိုလှုံရာကတော့ လူသားဆန်မှုဆိုတာပဲ ဖြစ်ပါတယ်။ ဖန်ကွဲတစ်စကို စိန်တစ်တုံးရဲ့ တန်ဖိုးနဲ့တော့ ကျွန်တော်ပေးဝယ်မည် မဟုတ်ပါ။ ကျွန်တော်အသက်ရှင်သန် ရှိနေသမျှ ကာလပတ်လုံးမှာတော့ မျိုးချစ်စိတ်ဝါဒက လူသားဆန်မှုအပေါ် အနိုင်ယူမည့် ဘယ်လိုအရာမျိုးကိုမှ ကျွန်တော်ခွင့်ပြုလိမ့်မည် မဟုတ်”။

ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၆ နှစ်က လူသားဆန်မှုအပေါ် ထားရှိခဲ့တဲ့ တဂိုးရဲ့ ရပ်တည်ချက်ပါ။ လူသားဆန်မှုဆိုတဲ့ အသုံးအနှုန်း၊ လူသားဆန်မှုဆိုတဲ့ ချဉ်းကပ်မှုကို ပြောတဲ့အခါတိုင်း လူအတော်များများက သည်အယူအဆဟာ အနောက်တိုင်းက လာတယ်လို့ထင်မြင်လေ့ရှိပါတယ်။ လူသားဆန်မှုဆိုတာ အရှေ့တိုင်းသားတွေ ဂရုပြုလေ့ရှိတဲ့ အရေးအရာမဟုတ်ဘူးလို့လည်း ထင်ကြပါတယ်။ အထက်ပါစာစုကို ပြန်ကောက်ရရင် တဂိုးဟာ မျိုးချစ်စိတ်ဝါဒကို မပစ်ပယ်ပါဘူး။ ဒါပေမဲ့ လူသားဆန်မှုကို ဖောက်ဖျက်ဆန့်ကျင်မယ်၊ အနိုင်ယူမယ်ဆိုတဲ့အထိ မျိုးချစ်စိတ်ဝါဒ ပြင်းထန်တာမျိုးကိုလည်း လက်မခံဘူးဆိုတာ မြင်နိုင်ပါတယ်။

၁၉၁၆ ခုနှစ်မှာ တဂိုးဟာ ဂျပန်နိုင်ငံရဲ့ ဖိတ်ကြားချက်အရ အဲသည်မှာ သွားရောက်ပြီး စာပေ၊ အတွေးအခေါ် စတာတွေနဲ့ပတ်သက်လို့ ဟောပြောပွဲတွေ၊ ပို့ချချက်တွေ နေရာအနှံ့လုပ်ခဲ့ပါတယ်။ အဲသည့်အချိန်က ဥရောပနဲ့ အရှေ့အလယ်ပိုင်း ဒေသတချို့မှာ စစ်ပွဲကြီးတစ်ခု ဆင်နွှဲနေတဲ့ အချိန်ဖြစ်ပါတယ်။ ၁၉၁၄ ခုနှစ်မှာ စတင်ခဲ့ပြီး ၁၉၁၈ ခုနှစ်မှာ ပြီးဆုံးခဲ့ပါတယ်။ သမိုင်းမှာတော့ ပထမကမ္ဘာစစ်လို့ တွင်ခဲ့ပါတယ်။ စကားစပ်လို့ပြောရရင် အဲသည့် စစ်ပွဲကြီးအတွင်းမှာ အိန္ဒိယလူမျိုးစုံ တပ်ရင်းတပ်ဖွဲ့တွေပါသလို ကရင်သေနတ်ကိုင်တပ်တွေနဲ့ မြန်မာသေနတ်ကိုင်တပ်တွေလည်း အင်္ဂလိပ်ကိုလိုနီ အစိုးရဘက်ကနေ ဝင်ပြီးတိုက်ပေးခဲ့ရပါသေးတယ်။ ရှေ့တန်းနယ်မြေကတော့ မက်ဆိုပိုတေးမီးယား စစ်မြေပြင်လို့ တစ်ချိန်က မြန်မာပြည်မှာ လူသိများခဲ့ပါတယ်။ အဲသည့်နေရာဟာ ကနေ့ခေတ် အီရတ်နိုင်ငံကို ပြောတာပါ။

ထိုအချိန် ထိုကာလမှာပဲ။ ဂျပန်တို့ရဲ့ အနောက်နိုင်ငံများနဲ့ ရင်ပေါင်တန်းပြီး စီးပွားရေးနဲ့ စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးလာတာကို တဂိုးက အလွန်ချီးကျူးပါတယ်။ ဂျပန်နိုင်ငံဟာ ကျိန်စာသင့်နေတဲ့ ဘဝကလွတ်မြောက်သွားခဲ့ပြီ ဆိုပြီးတော့တောင် တင်စားခဲ့ပါတယ်။ သို့သော်လည်း အဲသည့်အချိန် ဂျပန်နိုင်ငံမှာ တွန်းတင်နေတဲ့ အမျိုးသားရေးဝါဒနဲ့ မျိုးချစ်စိတ်ဆိုတဲ့ ကိစ္စကိုတော့ တဂိုးက အနာဂတ်မှာ ပေါ်ပေါက်လာမယ့် ကြီးမားတဲ့ပြဿနာတစ်ခုအဖြစ် ရှုမြင်ပါတယ်။ အဲသည့်အချက်ကို ဂျပန်လူမျိုးတို့ အထူးသတိထားဖို့လိုကြောင်း ရောက်လေရာ နေရာတိုင်းမှာ ဟောပြောတိုင်း ထည့်သွင်းပြောကြားတဲ့အတွက် သူ့ကိုဖိတ်ကြားတဲ့ ဂျပန်အိမ်ခံအဖွဲ့အစည်းများ ကြီးစွာသော စိတ်အနှောင့်အယှက်ဖြစ်ကြရပါတယ်။ နောက်ပိုင်းမှာ ဂျပန်တွေရဲ့ ဆက်ဆံရေးဟာ တဂိုးအပေါ်မှာ နွေးနွေးထွေးထွေး မရှိတော့ဘဲ အေးစက်စက် ဖြစ်လာခဲ့ပါတယ်။ ဒါကို သဘောပေါက်တဲ့ တဂိုးဟာ မကြာခင်မှာဘဲ ဂျပန်ကနေ အိန္ဒိယကို ပြန်လာခဲ့ပါတယ်။

၁၉၃၇ ခုနှစ် တရုတ်ပြည် နန်ကင်းမြို့ကို ဂျပန်တွေဝင်သိမ်းတုန်းက တရုတ်လူမျိုး ကလေး၊ လူကြီး၊ အမျိုးသမီး မကျန်သိမ်းနဲ့ ချီပြီး ရက်ရက်စက်စက် သတ်ဖြတ်ခံရတာတွေ ပြန်ကြားရတဲ့အခါမှာ အသတ်ခံရတဲ့ တရုတ်ပြည်သူများအတွက် တဂိုးအနေနဲ့ ရင်ထုမနာ ဖြစ်ခဲ့ရပါတယ်။ သည်အကြောင်းနဲ့ပတ်သက်လို့ တဂိုးရဲ့ ခံစားချက်ကို သူ့မိတ်ဆွေများဆီရေးတဲ့ စာတွေထဲမှာ တွေ့ရပါတယ်။ ဂျပန်နိုင်ငံဟာ သူတို့တွန်းတင်လာခဲ့တဲ့ အမျိုးသားရေးဝါဒနဲ့ မျိုးချစ်စိတ်ဆိုတာကို ဖြတ်သန်းရင်း ဖက်ဆစ်ဝါဒီလက်ကိုင်ထားသူတွေဖြစ်လာခဲ့တာ ကွက်ကွက်ကွင်းကွင်း မြင်ရပါတယ်။ တစ်ချိန်တည်းမှာလည်း ဂျာမနီနိုင်ငံမှာ ဟစ်တလာရဲ့ အမျိုးသားဆိုရှယ်လစ် အမည်ခံထားတဲ့ ဖက်ဆစ်ဝါဒလည်း အားကောင်းသထက် ကောင်းလာနေတာ မှတ်မိကြမှာပါ။ ၁၉၃၉ စက်တင်ဘာလမှာ ပိုလန်ကို ဂျာမနီက ကျူးကျော်ပြီး ဝင်တိုက်ရင်း ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာခဲ့ပါတယ်။

**စာမျက်နှာ(IV)သို့**

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014




# မင်းဒင်ရဲ့သက်ခိုင်(၂)

■ မင်းဒင်

(ယခင်အပတ်မှအဆက် . . . )

**မစ္စတာလီ**

“ဒါဆိုလည်း ထလန်မီးပွိုင့်အလွန်က Tessco Lotus မှာကော်ဖီသောက်ကြရအောင်ဗျာ”

ကိုသက်ခိုင်တစ်ယောက်ကော်ဖီသောက်ချင်သည်ဆိုလေသဖြင့်အဆင်ပြေမည်ထင်သည့်တစ်နေရာကိုကျွန်တော်ညွှန်းလိုက်သည့်အခါ သူကချက်ချင်းပင်ငြင်းသည်။“Tessco Lotus”မှာမသောက်ချင်ဘူးဗျာ။

“လူသိပ်များတော့အသံတွေဆူညံလွန်းတယ်။ ဆဲဗင်းအလဲဗင်းတစ်ခုခုမှာသာ ရပ်ဗျာ ဟေ့လူ။ ဘိုင်ဖတ်မီးပွိုင့်မရောက်ခင်ဓာတ်ဆီဆိုင်မှာရပ်ဗျာ။ ဆဲဗင်းအလဲဗင်းရှိတယ်”

သူပြောသည့် ဘိုင်ဖတ်ဟူသည့်အရပ်မှာ အမှန်အားဖြင့်ဖြတ်လမ်း (By Pass) ကိုဆိုလိုခြင်းဖြစ်၏။ ထိုင်းနိုင်ငံမှာအနေကြာလေသဖြင့် သူလည်းအင်္ဂလိပ်စကားအသံထွက်ရာတွင် ရေမြေလိုက်နေဟန်ရှိသည်။ ထိုင်းတို့၏အင်္ဂလိပ်စာအသံထွက်ကား ထူးခြားလှ၏။ Marko ကို ‘မခို’ ဟုဆိုကြသည်။ Grocery ကို ‘ကော့စလီး’ဟူ၏။ Robinson ကို ‘လော်ဘင်ဆန်’အသံထွက်၏။ တစ်ခါသား ကျွန်တော့်ကွန်ပျူတာမှာဗိုင်းရပ်စ်ဝင်လေသဖြင့် ကွန်ပျူတာပြင်သည့်ဆိုင်သို့ဖုန်းဆက်ရာကျွန်တော်ပြောပြသည့် ဗိုင်းရပ်(Virus) ဆိုသည့် အသံကိုတစ်ဖက်မှလုံးဝနားလည်ဟန်မရှိချေ။ ဆိုင်သို့အရောက်သွားကာ လူချင်းတွေ့၍ ပြောသည့်တိုင် သဘောမပေါက်။ နောက်ဆုံးစားပွဲပေါ်မှ စာရွက်တစ်ရွက်ပေါ်မှာ (Virus) ဆိုသည့်စာလုံးကို ချရေးပြမှ သူကအလန့်တကြားထအော်သည်။ အော်ခေါင်ကျိုင် ခေါင်ကျိုင်(သိပြီ သိပြီ) ‘ဝိုင်းလပ်၊ ဝိုင်းလပ်’ဟူသတည်း။

ကိုသက်ခိုင်ညွှန်းသည့် ဆဲဗင်းအလဲဗင်းကို ကျွန်တော်သိသည်။ ဆဲဗင်းအလဲဗင်းဟူသည့် ၂၄နာရီပတ်လုံးဖွင့်သည့်စုံစီနဖာဆိုင်များကာ ထိုင်းနိုင်ငံတစ်နံတစ်လျား မှိုလိုပေါက်နေသည်။ ဆိုင်တင်ရောင်းချသည့်ပစ္စည်းတို့ကားအမြန်ရနိုင်သည့်အဆာပြေအစားအသောက်များ၊ စီးကရက်များ၊ စာရေးကိရိယာ၊ မုန့်ပဲသရေစာမျှသာဖြစ်၏။

“ဆဲဗင်းအလဲဗင်းမှာဆို ထိုင်စရာမရှိဘူးနော်။ မိုးတိုးမတ်တတ်နဲ့ဖြစ်ပါ့မလား”

“တစ်ခါတစ်ခါဟိတ်ကြီးဟန်ကြီးစတိုင်တစ်ခွဲသားနဲ့ နေရထိုင်ရစားရသောက်ရတာစိတ်ပျက်လွန်းလို့ဗျာ။ ကျွန်တော်ပြောတဲ့ဆိုင်ကိုသာမောင်းဗျာ။ ထိုင်စရာရှိတယ်။ သစ်သားထိုင်ခုံတွေနဲ့ ဇရပ်လိုလိုအဆောက်အအုံလေးတစ်ခုရှိတာခင်ဗျားသတိမထားမိလို့ပါ”

ဘိုင်ဖတ်ဓာတ်ဆီဆိုင် အရောက်တွင်မူ ကိုသက်ခိုင်သည် “ခင်ဗျားကောင်းမယ်ထင်တာသာဝယ်ခဲ့ပေတော့ ကော်ဖီပါရင်ရပြီ” တစ်ခွန်းသာပြောရင်း ဇရပ်ငယ်ဘက်စီလျှောက်သွားသည်။

စားစရာအချို့လက်မှာကိုင်စွဲလျက် ကျွန်တော်ဆိုင်အတွင်းမှ ပြန်ထွက်လာသည့်အခါ ကိုသက်ခိုင်က ခေါင်းတညိတ်ညိတ်လုပ်နေလေသဖြင့် . .

“ဘာကိစ္စခေါင်းက တညိတ်ညိတ်လုပ်နေရပြန်တာတုံး။ ကျွန်တော့်ပုံက ရယ်စရာများ ဖြစ်နေရော့သလား”

“မဟုတ်ဘူးဗျ။ ကော်ဖီခွက်ကိုထည့်လာတဲ့ ကြွပ်ကြွပ်အိတ်ဒီဇိုင်းကို သဘောကျလွန်းလို့” သူပြောခါမှ ကော်ဖီခွက်ထည့်ထားသည့်ကြွပ်ကြွပ်အိတ်ကိုကျွန်တော်ငုံ့ကြည့်မိသည်” မှန်၏။ အဆိုပါကြွပ်ကြွပ်အိတ်ငယ်သည်ရိုးလျက်နှင့်ဆန်းနေသည်။ ကော်ဖီခွက်ကိုအံကျထည့်နိုင်သည်။လက်ကိုင်နေရာလည်းအဆင်သင့် ထုပ်ပိုးကုန်ဈေးကွက်အတွင်းတွင် ကြွပ်ကြွပ်အိတ်သည်ထုပ်ပိုးမည့်ပစ္စည်းအပေါ်မူတည်၍ ဒီဇိုင်းပုံစံမျိုးစုံတွင်ကျယ်ခေတ်စားနေလေပြီ။

“နည်းနည်းရှင်းပါဦး ဆရာရယ်”

“ဒီလိုဗျ ကြွပ်ကြွပ်အိတ်ကိုတီထွင်ခဲ့သူကိုကျွန်တော်တော်အထင်ကြီးတယ်။ ခင်ဗျားစဉ်းစားကြည့်စမ်းဗျ။ လူတွေမှာနေ့စဉ်နဲ့အမျှဝယ်ရေးခြမ်းရေးကိစ္စတွေမှာမရှိမဖြစ်ပစ္စည်း။ ထုတ်လုပ်ရလွယ်တယ်။ ဈေးသိပ်ပေါတယ်။ နေရာမရွေးရနိုင်တယ်။ ကြွပ်ကြွပ်အိတ်အသစ်နဲ့ဆိုဘာပစ္စည်းထည့်လာလာကြည့်ရတာအထိုက်အလျောက်အမြင်တင့်တယ်။ အဲ ဟောင်းများသွားလို့ကတော့ကိုင်တောင်မကြည့်ချင်တော့တဲ့အဖြစ်။ တကယ့်ကို တစ်ခါသုံးပစ္စည်း။ ဒါကြောင့်လည်း ကြွပ်ကြွပ်အိတ်ရဲ့အခန်းကဏ္ဍဟာ အရမ်းကြီးမားနေတာဖြစ်မယ်ဗျ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့ရှုထောင့်ကတော့တစ်မျိုးပေ့ါဗျာ။ ဟိုခေတ်ဟိုအခါ ကျွန်တော်တို့ငယ်ငယ်တုန်းကကမာရွတ်ဈေးကြီးမှာသုံးတဲ့အမိကထုပ်ပိုးစရာပစ္စည်းကတော့အင်ဖက်၊ သတင်းစာစက္ကူတွေဗျ”

“ခင်ဗျားစဉ်းစားလိုက်ရင်ကြံကြံဖန်ဖန်ချည်းပဲဗျာ။ ပေါက်ပေါက်ရှာရှာ ဒိုးပုံ့ထွင်တဲ့သူဆိုထားပါတော့။ ကြွပ်ကြွပ်အိတ်ထွင်တဲ့သူကို အထင်ကြီးရသတဲ့။ ခက်ပ့ါ”

“ခင်ဗျားစွဲချက်က သိပ်ကြီးသွားပြီ။ ခိုင်လုံအောင်သာရှင်းပေတော့။ ရော့ ကော်ဖီသောက်ရင်းရှင်းဗျာ”

“ခင်ဗျား သေချာစဉ်းစားကြည့်လေ။ လူတိုင်းလိုလိုကြီးပွားရာကြီးပွားကြောင်းတွေးတောကြံဆကြတာပါပဲ။ ဒါပေသည့်အသေးစိတ်မတွေးချင်ကြဘူး။ အဆုံးစွန်အထိရောက်အောင် ပြည်စုံတဲ့အခြေအနေတစ်ခုအထိ ရောက်အောင် ရဲရဲတင်းတင်း ရှေ့ဆက်တွေးတဲ့သူကတော့မရှိသလောက်ရှားတယ်ဗျာ။ တိတိကျကျပြောရရင် အဲသလိုစေ့စေ့ပေါက်ပေါက်တွေးတဲ့အလုပ်ကို အရှေ့တိုင်းသားတွေထက် အနောက်တိုင်းသားတွေက ပိုပြီး အားသန်ကြတယ်။ အရှေ့တိုင်းနဲ့ အနောက်တိုင်းအဝတ်အစားတွေကိုယှဉ်ကြည့်စမ်းဗျာ။ လန်ကွတ်တီနဲ့တောင်ရှည်ပုဆိုးဆိုတာနံငယ်ပိုင်းကနေ နည်းနည်းသာတဲ့အဆင့်ပဲရှိတယ်ဗျာ။ အနောက်တိုင်းသားတွေကတော့ ခြေထောက်နေရာမှာ ကွက်တိ စွပ်လို့ရအောင် ဘောင်းဘီဖြစ်တဲ့အထိ ရှေ့ဆက်စဉ်းစားကြသဗျ။ အင်္ကျီတွေကိုလည်း လေ့လာကြည့်။ ပိုတောင်ဆိုးသေး။ ရွှေကိုယ်တော်အရှေ့တိုင်းသားတွေဟာ ကျောပြောင်နဲ့ရင်ရှားဘဝကတက်ခဲ့တာအနှစ်နှစ်ရာလောက်ပဲရှိဦးမယ်ထင်ပါရဲ့။

“အခုလောလောဆယ်မှာပဲဆဲဗင်းအလဲဗင်းဆိုင်တွေကိုကြည့်စမ်းပါဗျာ။ တင်ရောင်းနေတဲ့ပစ္စည်းကဘာမှအဆန်းတကြယ်မဟုတ်ဘူး။ ဒီပစ္စည်းမျိုးရောင်းနေလို့ကတော့ဘာမှထူးမှာမဟုတ်ပါဘူး။ ဒါမျိုးရောင်းတဲ့ဆိုင်တွေရပ်ကွက်ထဲ ပွလို့ဆိုပြီး လူအများရှေ့ဆက်မစဉ်းစားရဲတဲ့ကိစ္စမျိုးကိုရှေ့ဆက်စဉ်းစားတဲ့သူက ဒီဆဲဗင်းအလဲဗင်းအုပ်စုကြီးကို ပိုင်သွားတာပေ့ါဗျာ။ သေချာစဉ်းစားကြည့်။ ဘယ်ပစ္စည်းတွေကိုအမြဲတစေလိုအပ်နေတတ်သလဲ။ဘယ်အချိန်မှာလိုနေတတ်သလဲ။ ဘယ်နေရာမျိုးမှာလိုတတ်သလဲ။ လူအများစုဟာဘယ်လိုဈေးနှုန်းရောင်းမလဲ။ အဲဒီအရောင်းဆိုင်တွေမှာ ဘယ်လိုခေတ်မီ ဝန်ဆောင်မှုတွေချိတ်ဆက်ပြီး ပေးနိုင်သလဲ။ ပြောရရင်အများကြီးပါဗျာ။ လေယာဉ်လက်မှတ်ကိုဆဲဗင်းအလဲဗင်းမှာထုတ်လို့ရတယ်။ အစိုးရရုံးတွေကိုသွင်းရမယ့် ရေမီတာခ၊ လျှပ်စစ်မီတာခတွေကိုသွင်းလို့ရတယ်။ အဲဒီအချက်တွေကိုဆဲဗင်းအလဲဗင်းရဲ့ဖခင်ကြီးက သေချာတွေးတောခဲ့တယ်။ ဖြေရှင်းနည်းကို ရှာဖွေခဲ့တယ်။ ကျွန်တော်တို့ခင်ဗျားတို့ကခက်တာလေး တစ်ချက်တွေ့ရင်ဖြစ်မှာမဟုတ်ပါဘူးဆိုတာက အရင်။ ဒါ့ကြောင့်မကြီးပွားတာ။ ဒါကြောင့်ကျွန်တော်တို့ခင်ဗျားတို့လိုလူမျိုးတွေ၊ အများစုနေတဲ့တိုင်းပြည်လည်း ဘယ်မှာလာကြီးပွားပါတော့မတုံး။

“ဒါတင်မကသေးဘူး။ တစ်ကမ္ဘာလုံးက လူတွေကြက်ကြော်စားတယ်။ ကြက်သားကြော်တတ်ကြတယ်။ ‘ကြက်သားကြော်ကြော်ရောင်းကွာ’ လို့များခင်ဗျားတစ်ယောက်ယောက်ကို အကြံပေးလိုက်မိရင် သေချာပေါက်ခင်ဗျားကိုအရူးလို့ပြောမှာပေ့ါ။ ဒါပေမဲ့ဆရာ၊ KFC ကြက်ကြော်ဆိုင်တွေဟာကမ္ဘာအနှံ့မှာ ဆိုင်ခွဲတွေသိန်းချီရှိနေတာကိုကြည့်လိုက်ပေတော့။ KFC ကို စတင်ဖန်တီးခဲ့သူဟာ သူများတကာထက် ရှေ့ဆက်တွေးရဲတဲ့လူ။ အဲဒီအတွေးတွေက အခက်အခဲမျိုးစုံဖြေရှင်းနည်းကို စတင်တွေ့ရှိခဲ့သူပဲဗျ။ သူများထက်ပိုကောင်းတဲ့၊ ပိုအရသာရှိတဲ့ကြက်ကြော်ကိုငါဘယ်လိုဖန်တီးမလဲ။ ဘယ်နည်းစနစ်နဲ့ရောင်းမလဲ။ ဆိုင်တွေကိုဘယ်လိုပြင်ဆင်မလဲ၊ ဘယ်လို အစားအစာတွေကို တွဲဖက်ရောင်းမလဲ။ စတာတွေကိုသူသေချာပေါက်အဖြေရှာခဲ့ရမယ်။ ချို့ယွင်းအားနည်းချက်တွေကို အကြိမ်ကြိမ်ဖြည့်စွက်ခဲ့ရမယ်။ ဒါကြောင့်လည်း ပြိုင်ဘက်ကင်းအောင်မြင်ခဲ့တာပါပဲ။ ဒါကြောင့်အောင်မြင်နေသူတွေကို အကဲခတ်ကြည့်ရင် ကျွန်တော်ပြောခဲ့တဲ့အချက်တွေမှာ လူအများစုနဲ့ ကွဲထွက်နေတာကိုတွေ့ရတတ်တယ်။ ဥပမာ မစ္စတာလီဆိုပါတော့”

“ခင်ဗျားတော်တော်လည်တဲ့လူပဲ။ မစ္စတာလီအကြောင်းစကားဆက်ချင်တာများ ကြွပ်ကြွပ်အိတ်နဲ့ ကြက်ကြော်ကနေ နိဒါန်းပျိုးရတယ်လို့ဗျာ”

“ခင်ဗျား ပျင်းနေမှာစိုးလို့ခြေဆင်းလေးနဲ့စလိုက်တာပါ။ ကျွန်တော်ဆုံခဲ့ရတဲ့ မစ္စတာလီအကြောင်းက ဒီလိုဗျာ”

ဤသို့ဆိုလျှင်အစချီကာ ကိုသက်ခိုင်သည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်လျက် မစ္စတာလီ၏ဇာတ်ကြောင်းကိုအောက်ပါအတိုင်း ခင်းပါလေတော့သည်။

“ဘန်ကောက်လိုနေရာမျိုးမှာ ဗမာပြည်ပေါက်လူတန်းစားပေါင်းစုံကို ကျွန်တော်အများကြီးတွေ့ဖူးပါတယ်။ အစိုးရအတိုက်အခံတွေ၊ စီးပွားရေးသမားတွေ၊ သင်္ဘောသားတွေစုံလို့ပါပဲ။ ဒီအထဲမှာ မစ္စတာလီကတော့ ထူးခြားတယ်ဆိုရမယ်။

“မစ္စတာလီ့အကြောင်းပြောမယ်ဆိုရင် သူ့ဘဝအတ္ထုပ္ပတ္တိကြီးကို နှုတ်တိုက်ရွတ်ပြနိုင်တာမျိုးတော့မဟုတ်ဘူးပေ့ါဗျာ။ လုပ်ငန်းကိစ္စနဲ့ ဆယ်ရက်ဝန်းကျင်သူနဲ့ထိတွေ့ဆက်ဆံခဲ့ရတဲ့ အချိန်ကာလလေးမှာ ကျွန်တော်သူ့အပေါ် အကဲဖြတ်ချက်ဆိုပါတော့။ သူ့နာမည်အပြည့်အစုံက ‘ Pit Teong (pote) Lee’တဲ့။ သူက ၁၉၇၀ပြည့်နှစ်ဝန်းကျင်မှာ ဗမာပြည်ကနေထွက်ခွာခဲ့တယ်လို့ ဆိုတယ်ဗျ။ လက်ရှိအသက်နဲ့ဆက်စပ်ခန့်မှန်းကြည့်တော့ သူ့အသက်နှစ်ဆယ်ကျော်အရွယ်ပေ့ါ။ သူဟာ ရန်ကုန်တက္ကသိုလ်မှာ ရူပဗေဒအဓိကနဲ့မာစတာရခဲ့သတဲ့။ ကျောင်းပြီးတဲ့အချိန်မှာ သူဟာ ဗိုလ်တထောင်လုပ်သားကောလိပ်မှာ နည်းပြဆရာအဖြစ်ဝင်လုပ်ရာကနေ ပညာရေးခရီးဆက်ဖို့ယိုးဒယားကိုထွက်ခဲ့တာတဲ့ဗျာ။ ရန်ကုန်တက္ကသိုလ်ရူပဗေဒ ကျောင်းသားအဖြစ်နဲ့နောက်ဆုံးနှစ် စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးရဖူးသတဲ့။

“ကျွန်တော့်စိတ်ထင်မစ္စတာလီ ပြည်ပကိုထွက်ခွာလာတဲ့ကိစ္စဟာ ၁၉၆၇ခုနှစ်ဝန်းကျင်မှာဖြစ်ခဲ့တဲ့ တရုတ်-ဗမာအဓိကရုဏ်းရဲ့နောက်ဆက်တွဲဂယက်များဖြစ်နေမလားစဉ်းစားမိတယ်ဗျ။ဘာပဲဖြစ်ဖြစ်ဗျာ။ မစ္စတာလီဟာ ဘန်ကောက်အေအိုင်တီ (Asian Institute of Technology) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမှာ သူ့အစွမ်းအစပြနိုင်ခဲ့တယ်။ အမှတ်ကောင်းကောင်းနဲ့စကော်လာအဆင့်နဲ့ဝင်ခွင့်ရခဲ့တယ်။ မစ္စတာလီဟာအေအိုင်တီတက္ကသိုလ်ရဲ့ ပထမဦးဆုံးသောမြန်မာကျောင်းသားတဲ့ဗျ။ ပိုပြီး ထူးခြားတာက ဗမာပြည်တုန်းက ရူပဗေဒနဲ့ကျောင်းပြီးလာပြီး ဒီ AIT မှာ Civilနဲ့ဝင်ခွင့်ရသတဲ့ဗျာ။

“ဗဟုသုတအနေနဲ့ကြားဖြတ်ပြီး ပြောရဦးမယ်။ အဲဒီ AIT တက္ကသိုလ်စီမံကိန်းဟာအနောက်နိုင်ငံတွေက မြန်မာပြည်ဖွံ့ဖြိုးရေးအတွက် ကူညီဖို့ရည်ရွယ်ခဲ့တဲ့စီမံကိန်းတဲ့ဗျာ။ ဘယ်ကနေ ဘယ်လိုထိုင်းနိုင်ငံ ဘန်ကောက်ဘက်ရွှေ့လည်သွားသတုံး မပြောတတ်တော့ပါဘူး။ AIT တက္ကသိုလ်ကနေဘွဲ့ရပြန်တော့ သူရတဲ့ဘွဲ့နဲ့ လခစားအလုပ်လုပ်ဖို့ သူ့ဦးလေးကအကြံပေးပေမယ့် သူက ကိုယ်ပိုင်စာအုပ်အရောင်းဆိုင်ထောင်ခဲ့တယ်တဲ့။ သူ့အကြောင်းပြချက်ကတော့ ဝန်ထမ်းလစာနဲ့သူ့အိမ်ထောင်ကိုတင့်တောင့်တင့်တယ်ထားနိုင်မှာမဟုတ်လို့တဲ့ဗျာ။ ဟုတ်တယ်။ အဲဒီအချိန်မှာ ထိုင်းအမျိုးသမီးတစ်ဦးနဲ့ သူအိမ်ထောင်ကျနေပြီ။ ၁၉၈၄ခုနှစ်က ဘန်ကောက်မြို့မှာသာမန်စာအုပ်ဆိုင်ကလေးနဲ့ အစပြုခဲ့တဲ့ မစ္စတာလီဟာ အခုလက်ရှိအချိန်မှာ (iGroup Asia Pacific) ဆိုတဲ့ နိုင်ငံတကာနည်းပညာကုမ္ပဏီကြီးတစ်ခုရဲ့စီးအီးအို (CEO) ဖြစ်နေပြီတဲ့ဗျာ။ အဲဒီ 'iGroup' ရဲ့ 'Founder'ဟာ မစ္စတာလီပါပဲ။ ကျွန်တော် လေ့လာမိသလောက်အဲဒီ iGroup ဟာ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဂျပန်၊ အိန္ဒိယ၊ စင်ကာပူ၊ ရိုမေးနီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်စတဲ့နိုင်ငံပေါင်းဆယ့်လေးနိုင်ငံမှာကုမ္ပဏီခွဲတွေရှိသတဲ့။ **စာမျက်နှာ(IV)သို့**

# နေတတ်ရင် အေးဆေးလေး

**မောင်သာချို**




(တစ်)

နိုင်ငံတစ်နိုင်ငံသည်သောက်စရာရေတစ်စက်ကလေးမှ မရှိ။ ထို့ကြောင့် နီးဝေးဝန်းကျင်နိုင်ငံများ၏ အနိုင်ကျင့်အကျပ်ကိုင်မှုကိုခံရ၏။ ထို့ကြောင့် ကိုယ့်ရေကိုယ့်မြေက သောက်၍ မရသောရေကို သောက်၍ ရသောရေဖြစ်လာစေဖို့ရာ အချိန်ပေါင်းများစွာ ငွေကြေးဓန ဥစ္စာပေါင်းများစွာ အကုန်အကျခံကာ သုတေသနပြုပြီးမှ ရေသယံဇာတကြောင့် တွေ့ကြုံရသော ဒုက္ခများကို လက်ပမ်းပေါက်ခတ်ကာ စိန်ခေါ်ပစ်လိုက်၏။ ရေဖြင့် အနိုင်ကျင့်ရန် ကြိုးပမ်းသော နိုင်ငံအချို့ နောက်သို့ ခပ်ယို့ယို့ဖြစ်သွားရပါလေ၏။

ထိုနိုင်ငံကား အခြားမဟုတ်။ တစ်ချိန်က တတိယကမ္ဘာအဖြစ် ဆင်းရဲမွဲတေသော နိုင်ငံကလေးတစ်နိုင်ငံအဖြစ် ညှိုးငယ်ခဲ့ရာက ယခုအခါ ပထမ ကမ္ဘာအဖြစ် ထိတ်ထိတ်ကြဲ ချမ်းသာကြွယ်ဝနေသော စင်ကာပူနိုင်ငံပင်ဖြစ်ပါလေသည်။

သဘာဝသယံဇာတအလွန်ရှားပါးသည်။ ထိုရှားပါးသည့် သဘာဝသယံဇာတများထဲတွင် သောက်သုံးရေကလည်း ခေါင်းစဉ်ကြီးတစ်ခုအဖြစ်ပါဝင်ပါသည်။

စင်ကာပူက ရေအတွက် မလေးရှားနှင့် စာချုပ်ချုပ်ဆိုထားခဲ့ရသော နိုင်ငံဖြစ်ရာ ၂၀၁၁ ခုနှစ်ကမှ ရေအရောင်းအဝယ်စာချုပ်သက်တမ်း ကုန်ဆုံးသွားခဲ့ရခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ၂၀၁၁ လွန်ပါက ရေသောက်ဖို့အခက်အခဲကြုံတော့မည်ဆိုသည်ကိုလီကွမ်ယုတို့ ကြိုတင်တွေးဆထားခဲ့ပြီးဖြစ်ပါသည်။

မြေအောက် ရေပိုက်လိုင်းများ သွယ်တန်းဖို့ကို ဒေါ်လာ ၃ ဒသမ ၆၅ ဘီလီယံသုံးစွဲခဲ့ရလေသတဲ့။ ရေဆိုးကနေ ရေသန့်ဖြစ်ဖို့ရာပညာရှင်တို့က မနေမနား အားထုတ်ခဲ့ရလေသတဲ့။ ရေနဲ့ ခြိမ်းခြောက်ကာ ငွေရှာဖို့စိတ်ကူးထားသူ မလေးရှားဝန်ကြီးချုပ် မဟာသီယာ ခေါင်းခြောက်သွားလေသတဲ့။ ကြက်သီးထဖို့ ကောင်းလိုက်တာ။ ထား။

(နှစ်)

ယခုရက်များအတွင်းစင်ကာပူရောက် စာရေးဆရာ "ဇင်ဝေသော်"မြန်မာဘာသာသို့ ပြန်ဆိုသည့် စာအုပ်တစ်အုပ်မိတ်ဆွေတစ်ယောက်ကို တစ်ဆင့်ခံလျက် ကျွန်တော့်လက်ထဲသို့ရောက်ရှိ၍ လာပါသည်။ လက်ဆောင်တဲ့။

မူရင်းစာအုပ် အမည်က "Hard Truths"။ စင်ကာပူကိုအားကောင်းမောင်းသန်ဖြစ်လာစေဖို့ရန်အတွက် ၁၉၅၉ ခုနှစ်မှသည် ၁၉၉၀ပြည့်နှစ်အထိ ၃၅ နှစ်တိုင်တိုင် ဦးဆောင်မောင်းနှင်ခဲ့သော ဝန်ကြီးချုပ်လီကွမ်ယု (Lee Kuan Yew)နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ဘာသာပြန်ဆိုထားသည့် စာအုပ်ပင်ဖြစ်ပါသည်။ ဘာသာပြန်ဆရာက "နားဝင်မချိုတဲ့အမှန်တရားများ"ဟူ၍ အမည်ပေးထားပါသည်။

စာအုပ်တစ်နေရာအရောက်တွင် NEWater ကို စိတ်လှုပ်ရှားဖွယ်ရာ တွေ့ရပါသည်။ NEW အသစ်နှင့် Water ရေကို ပေါင်းစပ်ကာ NEWater တဲ့။ ခပ်လွယ်လွယ် ရေအသစ်ဟုပဲ ဆိုလိုက်ကြပါစို့။

စတုရန်း ကီလိုမီတာ ၆၄၀ သာကျယ်ဝန်းပြီး ဗြိတိသျှ လက်အောက်သို့လည်း ကျရောက်ခဲ့၊ ဂျပန်လက်အောက်သို့လည်း ကျရောက်ခဲ့၊ မလေးရှားနှင့်လည်း ပူးတွဲနေခဲ့ရသည့် စင်ကာပူနိုင်ငံက NEWater ကို ရရှိဖို့ကျင်ငယ်ရေကိုပင်လျှင် ရေသန့်ပြန်လုပ်၍ရသည်အထိ စင်ကာပူက စွမ်းဆောင်ပစ်လိုက်ခြင်းဖြစ်ပါသည်။ ယခု NEWater စက်ရုံငါးရုံတည်ဆောက်ပြီးခဲ့ပါလေပြီတဲ့။

စင်ကာပူမှ မဟုတ်ပါ။ ရုရှားမှာပင်လျှင် ကျင်ငယ်ရေအပါအဝင် ရေဆိုးရေညစ်ကို ရေသန့်ပြန်လုပ်မှုအောင်မြင်ခဲ့ပြီး ဖြစ်လေရာ သမ္မတ ဗလာဒီမာပူတင် ကိုယ်တိုင်သောက်ပြသည့် သတင်းကို ကျွန်တော်တို့ဖတ်ရှုခဲ့ကြရပြီးဖြစ်ပါသည်။

ကျွန်တော်ပြောလိုသည်က ကိုယ့်မှာ မရှိသည့် သဘာဝသယံဇာတအတွက်ပြင်ပကမ္ဘာကို အားကိုးရပြီဆိုလျှင် ပြင်ပကမ္ဘာက အကျပ်ကိုင်တတ်စမြဲဆိုသည်ကို စင်ကာပူကို ကြည့်၍ သင်ခန်းစာယူသင့်ကြောင်းဖြစ်ပါသည်။

(သုံး)

ကျွန်တော်တို့နိုင်ငံကသဘာဝသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံ ဖြစ်ပါသည်။ သာမန်ပေါကြွယ်ဝခြင်းမျိုး မဟုတ်။ တော်တော့်ကို ပေါကြွယ်ဝသည့်အနေအထားမျိုး။ ဒါကိုကမ္ဘာကလည်း အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့က ကျွန်တော်တို့၏ ပေါကြွယ်ဝလှသည့်သယံဇာတများကိုလက်တွင်ကိုင်ကာ နီးဝေးဝန်းကျင်ရှိ နိုင်ငံများကို အကျပ်ကိုင်ဖို့နေနေသာ ကျွန်တော်တို့ အနိုင်ကျင့်ခံနေရသည့် အနေအထား။

ကျွန်တော်တို့၏ သစ်၊ ကျွန်တော်တို့၏ မြစ်၊ ကျွန်တော်တို့၏ ရေနံ၊ ကျွန်တော်တို့၏ သဘာဝဓာတ်ငွေ့၊ ကျွန်တော်တို့၏ ကြေးနီ၊ ကျွန်တော်တို့၏ နီကယ်၊ ကျွန်တော်တို့၏ ရွှေ၊ ကျွန်တော်တို့၏ ငွေ၊ ကျွန်တော်တို့၏ ငါးပုစွန်၊ ကျွန်တော်တို့၏ သစ်သီးဝလံစသည်စသည်များကို ကျွန်တော်တို့၏ လက်ထဲတွင် ကိုင်ထားလျက်မည်သူ့ကိုမှ ကျွန်တော်တို့က အကျပ်မကိုင်နိုင်ခဲ့။ နိုင်ငံတကာ ကစားကွင်းထဲမှာ အကွက်ဖော်မကစားနိုင်ခဲ့။ မလေးရှားက သောက်ရေကို ကိုင်ပြီး စင်ကာပူကို ကစားသလို မကစားနိုင်ခဲ့။

ကိုယ့်သယံဇာတကို လွယ်လွယ်နှင့် ပေါပေါသူတစ်ပါးလက်ထဲ ထိုးထည့်ပေးခဲ့ကြရုံသာမက ကိုယ့်စိုက်ခင်းထဲမှာ သူတစ်ပါးအပင်လာစိုက်သည်ကို ခံကြရ၊ ကိုယ့်မြစ်ကြောင်းထဲမှာ သူတစ်ပါးဆည်လာဆောက်သည်ကိုခံကြရ၊ ကိုယ့်တောင်တန်းတွေကြားမှာ သူတစ်ပါး သတ္တုလာတူးသည်ကို ခံကြရ၊ ကိုယ့်မြေကြီးထဲမှာ သူတစ်ပါး ရွှေလာတူးသည်ကို ခံကြရသည်မှာ သည်ခေတ်ကြီးပဲ ဖြစ်ပါသည်။

နိုင်ငံတော်သီချင်းထဲ၌ "တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါတို့ပြည်၊ ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ"စသည်ဖြင့် စာသားများ ပါဝင်လေရာ သည်စာသားများကိုမျက်နှာပြောင်တိုက်ပြီး ဆိုခဲ့ကြရသည်မှာ ဘယ်နနှစ်ရှိပြီလဲမသိတော့။

အခုတော့ တဖြည်းဖြည်းနှင့် သယံဇာတတို့လည်း ခန်းခြောက်စပြုလာခဲ့ပါပြီ။ ရေသယံဇာတ၊ သစ်သယံဇာတ၊ ငါးသယံဇာတ၊ စပါးသယံဇာတ၊ ကျောက်သံပတ္တမြားသယံဇာတ၊ ရေနံသယံဇာတ ကျွန်တော်တို့ ခန်းခြောက်သွားသည့်အခါနီးဝေးဝန်းကျင်က ကျွန်တော်တို့ကို ထောက်ကူဖေးမမှာလား။ ထောက်ကူဖေးမပေးကြလို့ကဖြင့် ကိစ္စမရှိပါ။ မလေးရှားက သောက်ရေကို ကိုင်ပြီး စင်ကာပူကို အကျပ်ရိုက်စေခဲ့သလို ကျွန်တော်တို့ အသက်ရှူ ကျပ်ကုန်မှဖြင့်။

သူတို့က NEWater တွေ ဘာတွေနဲ့။ သုတေသနနဲ့။ နည်းပညာနဲ့။ ကျွန်တော်တို့က ဘာမှမရှိ။ အဆိုတော် ထူးအိမ်သင်၏ သီချင်းတစ်ပုဒ်ထဲကလို "နေတတ်ရင် အေးဆေးလေး"ဆိုသလိုမျိုး ကျွန်တော်တို့က နေတတ်သူတွေ ထင်ပါရဲ့။ အေးဆေးလေး။ ဟုတ်ပါသည်။ တကယ့်ကို အေးဆေးလေးပါ။ ။

**ဝန်ထမ်းအလိုရှိသည်**

**Manager(HR/Admin)** ကျား(၁)ဦး
- အသက်(၃၀မှ၅၀)နှစ်၊ ဘွဲ့ရ၊ Computer ကျွမ်းကျင်၊ English အရေး/အပြောကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်

**Office Staff** ကျား(၂)ဦး
- အသက်(၂၀မှ၃၅)နှစ်၊ ဘွဲ့ရ၊ Word,Excel ကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်၊ အဆောင်နေနိုင်သူဦးစားပေးမည်။

**အထွေထွေဝန်ထမ်း** ကျား(၁၀)ဦး
- အသက်(၂၀မှ ၃၀)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်

**အမှတ်(၄၅)၊ သမ္မဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။**
**ဖုန်း-၀၉-၇၃၀၂၇၇၃၃**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညက်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ပိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006


# မြန်မာကောဒွေးမနော့နှင့်

မြင့်မိုရ်ဆွေ




မြန်မာလူမျိုးတို့သည် တစ်ဦးတည်းနေထိုင်လျှင် အလွန်အေးချမ်းသိမ်မွေ့၏။ နှစ်ဦး အတူနေကြပြီဆိုလျှင် တစ်ဦးနှင့်တစ်ဦး တည့်အောင် မနေနိုင်ကြ။ ထိပ်တိုက်တွေ့မည်။ ရန်ဖြစ်မည်။ ခေတ်စကားနှင့် ပြောရလျှင် ပူညံပူညံနှင့် ပြဿနာရှာမည်။ နောက်ဆုံးခိုက်ရန်ဒေါသဖြစ်မည်။ ကွဲမည်။ ပြဲမည်။ လမ်းခွဲမည်။ ဤကဲ့သို့သောစရိုက်လက္ခဏာကို မြန်မာအချင်းချင်းပေါင်းသင်းဆက်ဆံကြရာ၌ မကြာခဏကြုံတွေ့ရလေ့ရှိသဖြင့် "ကော" တစ်ဦးတည်းနေလျှင်ကောင်း၏။ "ဒွေး"နှစ်ဦးရောနှောလာလျှင် မကောင်း။ ထို့ကြောင့် လွန်ခဲ့သောနှစ်က ပျံလွန်တော်မူခဲ့သည့် မစိုးရိမ်ဆရာတော်ကြီးက "မြန်မာကော ဒွေးမနှော နှင့်"ဟူ၍ မြန်မာတို့ဆင်ခြင်နိုင်ကြစေရန် ခပ်ထိထိခပ်နာနာဟော ပြောခဲ့ဖူးကြောင်း စာရေးသူမှတ်သားခဲ့ရပါသည်။

မြန်မာ့နိုင်ငံရေး သမိုင်းစဉ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် မြန်မာတို့၏ ဂိုဏ်းဂဏ စိတ်ရှေ့တန်းတင်သော အလေ့အထများကို ပဒေသရာဇ်ခေတ် နိဂုံးဖြစ်သော ကုန်းဘောင်ခေတ်နှောင်းကာလ၌ပင် အထင်အရှားတွေ့မြင်ရ၏။ သီပေါမင်း လက်ထက်နန်းတွင်း၌ အုပ်စုသုံးစုကွဲ၏။ လှေသင်းအတွင်းဝန်က တစ်အုပ်စု၊ တိုင်တားမင်းကြီးက တစ်အုပ်စု၊ ကင်းဝန်မင်းကြီးက တစ်အုပ်စု။ ထို့ကြောင့် (၁)တိုင်ကပ်၍ ကင်းတုပ်သည်။ (၂) တိုင်ကို ကင်းမတက်နိုင်ရန် ရေနံသုတ်ထားသည်။ (၃) တိုင်ကွယ်နေ၍ မမြင်ရဟု အုပ်စုကွဲနေပုံကို ပြောစမှတ်ပြုခဲ့ကြောင်း သိရ၏။ တိုင်ကပ်၍ ကင်းတုပ်သည် ဆိုခြင်းမှာ တိုင်တားမင်းကြီးကို ကပ်ရပ်နေသူများကို ကင်းဝန်ကမလိုလား၍ အညှိုးထားလျှင်ခံရမည်။ တစ်ဖန်တိုင်တားမင်းကြီးက ရေနံချောင်းဝန်ကြီးနှင့်ပေါင်း၍ ကင်းဝန်မင်းကြီးကို နှိပ်ကွပ်သည်မှာ တိုင်ကိုရေနံသုတ်သကဲ့သို့ဖြစ်၏။ သူခိုးဓားပြများကို လှေသင်းအတွင်းဝန်က ဖမ်းဆီးသောအခါ တိုင်တားမင်းကြီးက သူ့လူများကို နှိမ်နင်းရပါမည်လားဟုဆိုပြီး လှေသင်းအတွင်းဝန်နှင့် ကွဲပြဲကြပြန်၏။ ထို့ကြောင့် သူခိုးဓားပြများကို တိုင်ကွယ်၍ ဘုရင်ကမမြင်နိုင်။ အရေးမယူနိုင်တော့ဟုဆိုခြင်း ဖြစ်လေ၏။ နောက်ဆုံးတွင် ထီးကျိုးစည်ပေါက်၍ ကျွန်သပေါက်ဘဝသို့ ဘုရင်နှင့်တကွ တစ်ပြည်လုံးသက်ရောက်ခဲ့ရလေ၏။

ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်လုံးမြန်မာတို့၏ ဂိုဏ်းဂဏစိတ်ပြင်းထန်မှုကြောင့် အကွဲအပြဲသံသရာတွင် ကြိမ်ဖန်များစွာ ကျင်လည်ခဲ့ကြောင်း လေ့လာတွေ့ရှိရပြန်ပါသည်။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓကလျာဏယုဝအသင်းကြီး (ဝိုင်အမ်ဘီအေ)ပေါ်ပေါက်လာခဲ့၏။ နယ်ချဲ့တို့ ဖိနှိပ်နေသည့်ကြားမှ နိုင်ငံရေး လှုပ်ရှားမှုများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၉၂၀ ခုနှစ်တွင် တစ်ပြည်လုံးရှိ ဝိုင်အမ်ဘီအေ အသင်းပေါင်း ၂,၀၀၀ ကျော်ကိုစုပေါင်း၍ ဂျီစီဘီအေ (ခေါ်) မြန်မာတိုင်းရင်းသားများ၏ အသင်းချုပ်ကြီးကို ဖွဲ့စည်းခဲ့လေ၏။ ထိုကဲ့သို့ပေါ်ထွန်းလာပြီး ၂နှစ်အကြာမှစ၍ "ဒွေးနှောလျှင်ကွဲတတ်သည်"ဟူသော ဇာတိရုပ်ကပေါ်လာတော့၏။ ၁၉၂၂ခုနှစ်တွင်ဂျီစီဘီအေနှစ်ခြမ်းကွဲလေ၏။ ဦးချစ်လှိုင် ဂျီစီဘီအေနှင့် ဦးဘဘေဦးစီးသော ၂၁ ဦး ဂျီစီဘီအေ ဟူ၍ကွဲ၏။ ထို့နောက် ၁၉၂၅ ခုနှစ်တွင် ဦးချစ်လှိုင် ဂျီစီဘီအေမှ ဦးစိုးသိမ်း ဂျီစီဘီအေ ထပ်မံခွဲထွက်လိုက်ပြန်၏။ ၁၉၂၉ ခုနှစ်တွင် ဦးစိုးသိမ်း ဂျီစီဘီအေမှပင် ဦးစုဂျီစီဘီအေ ထပ်ကွဲပြန်ရာ စုစုပေါင်း ဂျီစီဘီအေမှာ လေးစုတိတိကွဲခဲ့လေ၏။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကိုတညီတညွတ်ဆောင်ရွက်ရန် "ဗေထိ"ဟု စတင်အရှိန်ယူလိုက်သည်နှင့် ကွဲကြသည့်ကိန်းကို မြန်မာတို့ပထမဆုံးပွဲဦးထွက်ကြုံတွေ့ခဲ့ကြရလေ၏။

ထို့နောက် ၁၉၃၀ ခုနှစ်တွင် တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာ၏။ "သခင်မျိုးဟေ့ တို့ဗမာ" ဟူသော ကြွေးကြော်သံဖြင့် အမျိုးသားဇာတိမာန်ထက်သန်စွာဖြင့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့၏။ သို့သော် ၁၉၃၈ ခုနှစ်တွင် သခင်ဗစိန် ဦးဆောင်သောအဖွဲ့နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်သော အဖွဲ့ဟူ၍ တို့ဗမာ အစည်းအရုံးလည်း နှစ်ခြမ်းကွဲခဲ့ပြန်လေ၏။

ဒုတိယ ကမ္ဘာစစ်အတွင်း အင်္ဂလိပ်နယ်ချဲ့အား တွန်းလှန်ပြီးနောက်မိအေးနှစ်ခါနာဖြစ်ခဲ့သော မြန်မာနိုင်ငံတွင် ဂျပန်ဖက်ဆစ်များကို ချေမှုန်းပြီး လွတ်လပ်ရေး အရယူရန်အတွက်ဖ. တ. ပ. လ၊ (ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်မြောက်ရေးအဖွဲ့ကြီး)ကို ၁၉၄၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့၏။ ၁၉၄၅ခုနှစ် ဒီဇင်ဘာတွင်ဖ. တ. ပ. လကိုဖ. ဆ. ပ. လဟုပြောင်းလဲဖွဲ့စည်းခဲ့၏။ ဖ. ဆ. ပလအဖွဲ့တွင် အဓိကအားဖြင့် ဆိုရှယ်လစ်များနှင့် ကွန်မြူနစ်ပါတီဝင်များ ပါဝင်ကြသည်။ ၁၉၄၆ ခုနှစ် မတ်လ ၈ ရက်တွင် ဖ. ဆ. ပ. လ အတွင်းပါဝင်သော ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲ၏။ သခင်စိုးဦးဆောင်သော ကွန်မြူနစ်ပါတီ (ဗမာပြည်) နှင့် သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီဟူ၍ ဖြစ်ပေါ်လာ၏။ သခင်စိုးက "ကယောင်ကတမ်းအောင်ဆန်းနှင့် သိန်းဖေ၊ သန်းထွန်းဆိုတဲ့ အချောင်သမားတို့အပေါ်မှာ ဒေါသအမျက်ချောင်းချောင်းထွက်ခြင်းသည် နိုးကြားမှုနှင့်အလင်းရောင်အပေါင်းတို့၏ အစဖြစ်သည်"ဟု ဂိုဏ်းဂဏဝါဒစွဲကြီးမားစွာဖြင့် ဥဒါန်းကျူးရင့်ခဲ့လေ၏။ သခင်စိုး၏ ကွန်မြူနစ်ပါတီကို နောင်တွင် အလံနီကွန်မြူနစ်ပါတီဟု ခေါ်တွင်ခဲ့၏။ သခင်သန်းထွန်း၏ ကွန်မြူနစ်ပါတီက ဖ. ဆ. ပ. လထဲမှာ ကျန်ခဲ့၏။ သို့သော် မကြာပါ ချေ။ ၁၉၄၆ ခုနှစ်အောက်တိုဘာတွင် ဖ. ဆ. ပ. လမှ ကွန်မြူနစ်ပါတီကို ထုတ်ပယ်ခဲ့၏။ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်တို့ ကွဲခဲ့ပြန်၏။ သခင်သန်းထွန်းက "ဗားကရာ ချောက်ကို ဆိုရှယ်လစ်တွေ အရိုးနဲ့ဖို့ပစ်မယ်" ဟုကြုံးဝါးသည်အထိ ဂိုဏ်းဂဏစိတ်က ပြင်းထန်ခဲ့လေ၏။

စာမျက်နှာ(၃၂) သို့

# Business

7 DAY NEWS JOURNAL

Vol.12, No.48 • FEBRUARY 5 , 2014




နိုင်ငံတကာအဆင့်မီ စပါးကြိတ်ခွဲစက်အားကြည့်ရှုစစ်ဆေးနေစဉ် ဓာတ်ပုံ - မြဝတီ

# MAPCO က နေပြည်တော်တွင် ဆန်အဆင့်မြင့် ကြိတ်ခွဲထုတ်လုပ်စက်ရုံ တည်ဆောက်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

မြန်မာ့လယ်ယာစီးပွားအများပိုင်ကုမ္ပဏီ (MAPCO)က နေပြည်တော်ကောင်စီနယ်မြေ မြေကိုးဧကနီးပါးပေါ်တွင် ပေါင်းဆန်နှင့် ဆန်ဖြူအဆင့်မြင့် ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းကို ပထမဆုံးအကြိမ်အဖြစ် ယခုနှစ်လယ်ပိုင်းတွင် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ ဦးရဲမင်းအောင်ကပြောသည်။

ထို့အပြင် MAPCOအနေဖြင့် နေပြည်တော်တွင် စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းများကိုပါ လုပ်ကိုင်သွားမည်ဖြစ်သည်။

"အဲဒီအတွက် အခြေခံ အချက်အလက်တွေစလုပ်နေတာကြာပါပြီ။ နောက်ခြောက်လလောက်အတွင်းမှာလုပ်မယ်"ဟု ဦးရဲမင်းအောင်က ပြောသည်။ လက်ရှိတွင် အဆိုပါလုပ်ငန်းအတွက် လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုဖြစ်သော EIA,SIA များနှင့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (FS)လုပ်ငန်းများကို ဆောင်ရွက်နေသည်ဟုဆိုသည်။

ဆန်အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်မှုစက်ကို နေပြည်တော်ကောင်စီနယ်မြေရှိ ပျဉ်းမနားမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာ အုပ်စုတွင် လုပ်ကိုင်သွားမည်ဖြစ်သည်။ MAPCO အနေဖြင့် နေပြည်တော်ကို ရွေးချယ်ရခြင်းသည် မြန်မာပြည်အလယ်ပိုင်းတွင် ဆန်စပါးလုပ်ငန်းကို လုပ်ကိုင်နိုင်သောနေရာများ၌နေပြည်တော်ကဲ့သို့ ဖွံ့ဖြိုးမှုမရှိသေးခြင်းနှင့် ဝန်ကြီးဌာန၏ဦးစားပေးနေရာလည်းဖြစ်နေခြင်းကြောင့်ဟု ၎င်းကပြောသည်။

အဆိုပါလုပ်ငန်းများ လုပ်ကိုင်ခွင့်ကို MAPCO အား မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဇန်နဝါရီ ၃၀ ရက်တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၁ | ၉၈၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၈ | ၇၇၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၂၇ | ၁၃၄၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇၅ | ၃၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၄ ဖေဖော်ဝါရီ ၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၈၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၁၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂. ၀၁၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၆၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၆၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၆၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၀. ၃၆ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၃၄၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၃. ၀၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၂,၁၂၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၃၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၅. ၃၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၃၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၄၁၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၅၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၁၁၂၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၅. ၃၆၆၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၄၄. ၂၀ |
| ရေနံစိမ်း | စည် | ၁၀၆. ၃၈ |
| ငွေ | အောင်စ | ၁၉. ၁၅ |
| ကြေးနီ | ပေါင် | ၃. ၂၁ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၈၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဖေဖော်ဝါရီ ၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဇန်နဝါရီအတွင်း ကုန်သွယ်မှုပမာဏမြင့်တက်

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဇန်နဝါရီအတွင်း ကုန်သွယ်မှုပမာဏမှာ လျာထားချက်ထက် ၂၄ ရာခိုင်နှုန်းခန့် ပိုမိုရရှိခဲ့ကြောင်း အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဦးစီးမှူးတစ်ဦးက ပြောကြားသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာကတော့ လျာထားချက်နဲ့ ၇၀ ရာခိုင်နှုန်း ကျော်လောက်ပဲရရှိခဲ့တယ်။ ဒီလမှာတော့ နှစ်နိုင်ငံသဘောတူညီမှု လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်းမှာ ဟိုဘက်ကဝယ်တဲ့ပမာဏ ပိုများလာပြီး ကုန်စည်စီးဆင်းမှုတွေမြန်လာတဲ့အတွက် လျာထားတာထက်ကို ပိုလွန်ပြီးတော့ ရရှိခဲ့ပါတယ်"ဟု တမူးနယ်စပ်ကုန်သွယ်ရေးစခန်း ဦးစီးမှူးဦးကြည်လင်းက ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာအတွင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်နိမိတ်ကြားတွင် အိန္ဒိယနိုင်ငံဘက်မှ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ခဲ့သည့်အတွက် အငြင်းပွားမှု အချို့ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံကြား ဆွေးနွေးမှုများပြန်လည်ပြုလုပ်ကာ သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း ယခုကဲ့သို့ ကုန်စည်စီးဆင်းမှု ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံကြား ကုန်သွယ်မှုပြုလုပ်ရာတွင် ပို့ကုန်အနေဖြင့် ကွမ်းသီးကိုအဓိကထားတင်ပို့ပြီး နမ့်ဖာလုံဈေးကွက်တွင် အမည်စုံ၊ စီးကရက်စသည်တို့နှင့် လယ်ယာထွက်ကုန်များကို တင်ပို့လျက်ရှိသည်။ သွင်းကုန်အနေဖြင့် ဂျုံမှုန့်ကို အဓိကတင်သွင်းပြီး စားတော်ပဲ၊ ပဲရာဇာ၊ ငရုတ်သီးခြောက်၊ ပါတိတ်၊ ချည်ထည်များ၊ ဖန်စီပစ္စည်းများနှင့် ယားနာလိမ်းဆေးစသည့်ပစ္စည်းများကို အများဆုံးတင်သွင်းကြောင်း ကုန်သည်အချို့ထံမှ သတင်းရရှိသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာထဲမှာ အိန္ဒိယဘက်က ပွဲတော်တွေလည်းရှိတဲ့အတွက် ဝယ်လိုအားကျသွားတာပါ။ ဒီလမှာတော့ ဝယ်လိုအားပြန်တက်လာပါပြီ" ဟု ဦးကြည်လင်းက ဆိုသည်။

ဇန်နဝါရီအတွင်း၌ နှစ်နိုင်ငံကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၇ သန်းရရှိနိုင်ရန် လျာထားခဲ့ပြီး ကုန်စည်စီးဆင်းမှုပို၍ မြန်ဆန်လာသောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅ သန်းရရှိခဲ့ပြီး ရာခိုင်နှုန်းအနေဖြင့် ၁၂၄ ရာခိုင်နှုန်းခန့်ရရှိခဲ့ကြောင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ သတင်းရရှိသည်။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံကြားတွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းဟူ၍ စခန်းနှစ်ခုရှိပြီး ထန်တလန်နယ်စပ်ကုန်သွယ်ရေးစခန်းတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ယခုလအတွင်းမှစ၍ အကောင်အထည်ဖော်လျက်ရှိသည်။

# ပြည်တွင်းအခွန် ကျပ်သန်း ၆၀၀ ကျော်ပိုရ

**ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

ပြည်တွင်း၌ အခွန်အရပ်ရပ်ကောက်ခံရရှိမှုသည် ယခင်ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ကျပ်သန်းပေါင်း ၆၀၀ ကျော် ပိုမိုကောက်ခံရရှိကြောင်း အခွန်စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရဦးသောင်းလွင်ကပြောကြားသည်။

အခွန်ရရှိငွေအများဆုံး တိုးတက်ရရှိမှုမှာ ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်တွင်လည်း ထပ်မံကြိုးစားကောက်ခံသင့်ကြောင်း ၎င်းကပြောကြားသည်။

ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ ပို့ကုန်သွင်းကုန် ကုန်သွယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများမှ အခွန်များပိုမိုကောက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အခွန်ထမ်းပြည်သူများအတွက် အလွယ်တကူအခွန်ထမ်းဆောင်နိုင်ရန် အခွန်ထမ်းလုပ်ငန်းကြီးများဆိုင်ရာ အခွန်ရုံးကိုလည်း ၂၀၁၄ တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ကပြောကြားသည်။

# နှစ်ကူးကာလတွင် မူဆယ်၌ ဆန်များပုံနေ



*ဆန်ဂိုဒေါင်တစ်ခုရှိဆန်အိတ်များ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂**

နှစ်သစ်ကူးကာလအတွင်း တရုတ်ကုန်သည်များက ဆန်အဝယ်ရပ်နားထားသော်လည်း ပြည်တွင်းမှ တင်ပို့မှုများကြောင့် ဆန်ဂိုဒေါင်များ ပြည့်နေကြောင်းမူဆယ်မြို့မှ ဆန်ကုန်သည်များထံမှ သတင်းရရှိသည်။

"ဝယ်သူမရှိဘဲ အဝင်ပဲရှိနေတော့ ပုံနေတာပါ။ ဖေဖော်ဝါရီလလယ်မှာပြန်ဝယ်ရင်ကုန်သွားမှာပါ"ဟုမူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ ဆန်ကုန်သည်တစ်ဦးကဆိုသည်။

လက်ရှိအချိန်တွင် မန္တလေး-မူဆယ်ကုန်စည်ပို့ဆောင်ခများ ဈေးကျနေခြင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းဒေသကြီးတို့မှဆန်များကို သင်္ဘောဖြင့်တင်ပို့နိုင်ခြင်းတို့ကြောင့် အဝယ်မရှိသော်လည်း မူဆယ်သို့ ဆန်အဝင်များနေရခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များထံမှ စုံစမ်းသိရသည်။

"ပြည်တို့ ပုသိမ်တို့ဘက်က သင်္ဘောနဲ့တင်လို့ရနေတော့ ခရီးစရိတ်သက်သာချိန်မှာစုတင်ကြတာပါ"ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှဆန်ကုန်သည်တစ်ဦးကပြောကြားသည်။

လက်ရှိ မူဆယ်ဈေးကွက်တွင်မြန်မာ့ဆန်ဈေးမှာတစ်အိတ်လျှင် ၁၂၀ ယွမ်မှ ၁၄၀ ယွမ် ကြားဈေးရှိနေသည်။

ပြည်တွင်းဈေးကွက်တွင်လည်းဆန်ဈေးမှာ ၂၅မှတ်(အကျိုးအကြေ ၂၅ရာခိုင်နှုန်း)တစ်အိတ်လျှင် ကျပ် ၁၄,၀၀၀ ရှိပြီး ဆန်ကြမ်းရှယ်များမှာ တစ်အိတ်လျှင် ကျပ်၁၇,၀၀၀ဝန်းကျင်ရှိနေသည်။ ပြည်ပသို့ ပင်လယ်ရေကြောင်းမှလည်း ဆန်တင်ပို့မှုများသဖြင့် ပြည်တွင်းဆန်ဈေးမှ နွေစပါးမပေါ်ခင်အချိန်ထိ မကျဆင်းနိုင်ကြောင်း ကုန်သည်များကဆိုသည်။

ယခုနှစ်မိုးစပါးဈေးမှာစတင်ထွက်ပေါ်လာချိန်က တင်းတစ်ရာလျှင်ပေါင်၅၀နှုန်းဖြင့်ဆိုလျှင်ကျပ် ၄၅၀,၀၀၀ ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ကျပ် ၄၃၀,၀၀၀ ဝန်းကျင်ရှိနေသည်။



7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# ကျူးဘားအတွက် ကမ်းသောလက်



DESMOND BOYLAN/REUTERS

**ကြည်နေဝင်းမင်း**

၂၀၀၈ ခုနှစ်တွင်သံတမန်ရေးပိတ်ဆို့တားဆီးမှုများ ဖယ်ရှားလိုက်ချိန်မှစ၍ ကွန်မြူနစ်ကျူးဘားနိုင်ငံအား အသိသာအထင်ရှားဆုံးလက်ကမ်းမှုတွင် ဥရောပသမဂ္ဂနိုင်ငံများသည် လာမည့်လတွင် ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေးပိုမိုတိုးမြှင့်ရန် သဘောတူညီကြမည်ဖြစ်သည်။

လူ့အခွင့်အရေးနှင့် ပတ်သက်၍ နှစ်ဖက်ပြောဆိုဆွေးနွေးရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး တိုးမြှင့်နိုင်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု အထူးသဘောတူညီချက်ရရန် ကျူးဘားနိုင်ငံနှင့် ဆွေးနွေးပွဲများစတင်ရန် အီးယူ ၂၈ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက ဖေဖော်ဝါရီ ၁၀ ရက်တွင် ခွင့်ပြုပေးကြတော့မည်ဖြစ်သည်။ ယင်းသဘောတူညီချက်ကို ၂၀၁၅ ခုနှစ်အကုန်တွင် အပြီးသတ် သဘောတူညီကြဖွယ်ရှိသည်။

"ကျူးဘားနိုင်ငံက အရင်းအနှီးလိုချင်တယ်။ အီးယူက ဩဇာလွှမ်းမိုးမှုလိုချင်တယ်"ဟု ယင်းဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သောပုဂ္ဂိုလ်တစ်ဦးက ပြောပါသည်။ သို့သော် အကြောင်းအရာမှာ အကဲဆတ်၍ ၎င်း၏နာမည်ကိုတော့ ထုတ်ဖော်မပြောခဲ့ပေ။ "ဒီပူးပေါင်းဆောင်ရွက်မှုဟာ နောက်ထပ်အများကြီး ထပ်လာဦးမယ့်သဘောတူညီချက်တွေရဲ့အစ ဖြစ်နိုင်ပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ဆွေးနွေးညှိနှိုင်းမှုများနှင့် အကျွမ်းတဝင်ရှိသော အခြားပုဂ္ဂိုလ်နှစ်ဦးကလည်း ကျူးဘားသမ္မတရာဟူးကက်စထရိုလက်ထက်တွင် စတင်လုပ်ဆောင်လာသော ဈေးကွက်လိုလားသော ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးရန် အီးယူဌာနချုပ်တွင် တညီတညွတ်တည်း သဘောတူညီခဲ့ကြသည်ဟု ပြောကြားသည်။ ထို့အပြင် ကျူးဘား၏အရင်းရှင်စနစ်ဆီ ဦးတည်လာသော အသွင်ကူးပြောင်းမှု၌ ဥရောပကုမ္ပဏီများကိုရေရှည်အတွက် နေရာချထားရန်လည်း ဘရပ်ဆဲလ်တွင် သဘောတူထားကြသည်။

ယခုသီတင်းပတ်အတွင်းမြို့တော်ဟာဗားနားတွင် တောင်အမေရိကနိုင်ငံများနှင့် ကာရေဘီယံဒေသခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးပွဲ ကျင်းပခဲ့ရာ ကျူးဘားနိုင်ငံက သံတမန်ရေးအောင်ပွဲတစ်ရပ်ရရှိခဲ့ပြီးနောက် ဥရောပနှင့်ဆက်ဆံရေးလမ်းပွင့်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါထိပ်သီးဆွေးနွေးပွဲတွင် ဒေသတွင်းမှ နိုင်ငံပေါင်း ၃၃ နိုင်ငံက အိမ်နီးချင်းနိုင်ငံများအနေဖြင့် ၎င်းတို့ကြိုက်နှစ်သက်ရာ နိုင်ငံရေးစနစ်ရွေးချယ်ခွင့်ကို ထောက်ခံအားပေးခဲ့ကြသည်။ ယင်းမှာ အနောက်ကမ္ဘာခြမ်းတွင် တစ်ပါတီစနစ်ကျင့်သုံးသည့် တစ်ခုတည်းသောနိုင်ငံ ကျူးဘားအတွက် အောင်မြင်မှုတစ်ရပ်ဖြစ်သည်။

အဖြစ်အပျက်နှစ်ခုကို ဆက်စပ်လိုက်ပါက အီးယူနှင့် လက်တင်အမေရိကနိုင်ငံများ၏ လုပ်ဆောင်မှုများမှာ ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေးနွေးထွေးလာမှုကို မြင်မြင်ထင်ထင် ဖြစ်လာခြင်းဖြစ်သည်။ ယင်းမှာ အမေရိကန်နိုင်ငံနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေကြောင်း ထင်ရှားသည်။ အမေရိကန်နိုင်ငံမှာ ၁၉၆၁ ခုနှစ်က ကျူးဘားနိုင်ငံနှင့် သံတမန်ရေးအဆက်ဖြတ်လိုက်ပြီးနောက် ၁၉၆၂ ခုနှစ်မှစ၍ ကျူးဘားအပေါ် စီးပွားရေးပိတ်ဆို့တားဆီးမှုများ ချမှတ်ခဲ့သည်။

ကျူးဘားအစိုးရအား အထီးကျန်ထားရှိရန် ဝါရှင်တန်အနေဖြင့် ယခင်က ဥရောပနှင့် လက်တင်အမေရိကအပေါ် ဖိအားပေးခဲ့သော်လည်း ယခုနောက်ဆုံး အီးယူ၏ကြိုးပမ်းမှုများကို တားဆီးရန် မကြိုးစားတော့ဟု အီးယူဆွေးနွေးပွဲများနှင့် နီးစပ်သူများက ဆိုသည်။

အမေရိကန်နှင့် ကျူးဘားတို့၏ ဆက်ဆံရေးမှာလည်း မကြာသေးမီကစ၍ လက်တွေ့ဆန်လာသော အရိပ်အယောင်ထွက်ပေါ်လာခဲ့သော်လည်း နှစ်ဖက်အရာရှိများက တိုးတက်လာမှုများကိုလက်ညှိုးထိုးခြင်းမှတစ်ပါး အရာမထင်ခဲ့။ ၂၀၁၁ ခုနှစ်တွင် ကျူးဘားသို့ ခရီးသွားခြင်းတားမြစ်မှုကို လျှော့ပေါ့ပေးပြီးနောက်ပိုင်း အမေရိကန်တို့ဘက်က သိသိသာသာ လိုက်လျောမှုများရှိခဲ့သည်မဟုတ်ပေ။

ကျူးဘားနိုင်ငံအနေဖြင့် လူ့အခွင့်အရေးတိုးတက်အောင်လုပ်ဆောင်ရမည်ဖြစ်ပြီး ကျူးဘားတွင် တရားမဝင်ဆက်သွယ်ရေးကွန်ရက်ထူထောင်ရန် ကြိုးစား၍ ထောင်ဒဏ် ၁၅ နှစ် ကျခံခဲ့ရသော အမေရိကန်ဆောက်လုပ်ရေးလုပ်ငန်းရှင် အလန်ဂရော့စ်ကို လွှတ်ပေးရမည်ဟု အမေရိကန်အစိုးရကပြောသည်။

"အခြေအနေတိုးတက်လာဖို့ လိုအပ်တဲ့အပြောင်းအလဲတွေဆက်လက်ဖြစ်ပေါ်ဖို့ဘယ်လိုလုပ်ဆောင်မလဲဆိုတာနဲ့ ဒီလူ့အခွင့်အရေးကိစ္စတွေအပေါ်မှာ ကျွန်တော်တို့ရဲ့ စိုးရိမ်မှုတွေကို ဘယ်လိုဖော်ပြမလဲဆိုတာ နှစ်ခုကြားချိန်ခွင်လျှာညီမျှဖို့ရာ ကျွန်တော်တို့ဆက်လက်ကြည့်ရှုလေ့လာနေပါတယ်"ဟု သမ္မတဘားရက်အိုဘားမား၏ အမျိုးသားလုံခြုံရေးလက်ထောက်အကြံပေး ဘင်ရို့ဒ်စ်က မကြာသေးမီက သတင်းထောက်များအား ပြောကြားသည်။

အစိုးရနှင့် သဘောထားကွဲလွဲပြီး ဝေဖန်သူ ၇၅ ဦးအား ဟာဗားနားက ဖမ်းဆီးခဲ့ခြင်းကို တုံ့ပြန်သောအားဖြင့် ၂၀၀၃ ခုနှစ်မှစ၍ အီးယူက ပိတ်ဆို့တားဆီးမှုများ ချမှတ်ခဲ့သည်။ ယင်းအတွက်ကြောင့် ဆက်ဆံရေးယိုယွင်းခဲ့ပြီးနောက် ကျူးဘားနိုင်ငံနှင့် အီးယူတို့၏ ပူးပေါင်းဆောင်ရွက်ရေးမှာ ကနဦးတွင် အကန့်အသတ်ရှိနေပါလိမ့်မည်။ အီးယူက အဆိုပါပိတ်ဆို့တားဆီးမှုများကို ၂၀၀၈ ခုနှစ်တွင် ပြန်ဖွင့် ပေးလိုက်သော်လည်း ပိုလန်နှင့် ချက်သမ္မတနိုင်ငံတို့က ၎င်းတို့၏ကိုယ်ပိုင်ကွန်မြူနစ် အတိတ်တစ္ဆေခြောက်ခံရမှုကြောင့် ကျူးဘားနှင့် ပုံမှန်ပြန်လည်ဆက်ဆံရေးကို တင်းခံနေခဲ့သည်။ နှစ်ဖက်ဆက်ဆံရေးမှာ အကွေ့အကောက်များရှိခဲ့ပြီး ယခုအချိန်မှသာ ပိုလန်နှင့် ချက်တို့က လက်ခံလာခြင်းဖြစ်သည်။

ကျူးဘားနိုင်ငံနှင့် အီးယူတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းမှုသဘောတူညီချက်ရရန် နီးစပ်ခဲ့သော နောက်ဆုံးအချိန်မှာ ၁၉၉၆ ခုနှစ်ကဖြစ်သည်။ သို့သော် ထိုစဉ်က ကျူးဘားကမ်းလွန်ပင်လယ်တွင် ပျံသန်းနေသော လေယာဉ်ငယ်နှစ်စီးကို ကျူးဘားက ပစ်ချခဲ့၍ အီးယူက ဆွေးနွေးပွဲများကို ဖျက်သိမ်းခဲ့သည်။ နိုင်ငံခြားရောက်ကျူးဘားနိုင်ငံသားလေးဦး သေဆုံးခဲ့သော အဖြစ်အပျက်အပြီး ၁၉၉၆ ခုနှစ် ဒီဇင်ဘာလတွင် ကျူးဘားအပေါ် ဘုံရပ်တည်မှုဟူသော ကြေညာချက်အတိုင်း အီးယူက ကျင့်သုံးခဲ့သည်။ ယင်းအတွက်လည်း စီးပွားရေးဆက်ဆံမှုတိုးတက်ရန် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီသတ်မှတ်ချက်များကို အီးယူက ချမှတ်ခဲ့သည်။ ကျူးဘားအစိုးရကမူ ဘုံရပ်တည်ချက်ဆိုသည်ကို ပယ်ချပြီး ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုဟု ပြောကြားသည်။

"ကျူးဘားနိုင်ငံမှာ အသွင်ကူးပြောင်းမှုဖြစ်တဲ့ အချိန်မှာ ဥရောပအနေနဲ့ အဲဒီမှာ ရှိနေချင်တယ်ဆိုရင် အခုအချိန်ကစပြီး အလုပ်လုပ်ရပါမယ်။ အပြောင်းအလဲဖြစ်ပေါ်တဲ့အချိန်မှာ ဥရောပက ရှိမနေဘူးဆိုတာမျိုး မဖြစ်ဖို့ရာ အခုအချိန်မှာ ဆွေးနွေးမှုတွေလုပ်တာ မှန်ကန်သင့်မြတ်ပါတယ်"ဟု စပိန်နိုင်ငံ မက်ဒရစ်မြို့ Real Institute Elcano မှ ပညာရှင်များအဖွဲ့မှ လက်တင်အမေရိကသုတေသနဌာနအကြီးအကဲ ကားလို့စ်မာလာမွတ်က ပြောပါသည်။


ဗဟိုအမေရိက၊ အာရှဒေသတို့နှင့် ဆက်ဆံရေးခိုင်မာစေရန် ဆောင်ရွက်ရာတွင် အီးယူက ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အသုံးဝင်သော ကိရိယာတစ်ခုအဖြစ် အတိတ်ကာလက အသုံးချခဲ့သည်။ သို့သော်လည်း ကျူးဘားနိုင်ငံမှာ ဥရောပသို့ ကုန်ပစ္စည်းရောင်းချမှု အလွန်နည်းပါး၍ ကုန်သွယ်ရေးလည်း ကြီးကြီးမားမား တိုးတက်လာဖွယ်ရာမရှိပေ။

ဆေးပြင်းလိပ်များနှင့် ရမ်အရက်မှလွဲ၍ ကျူးဘားနိုင်ငံ၏ နိုင်ငံခြားတင်ပို့မှုများအပေါ် အီးယူအတွက် ကြီးကြီးမားမား စိတ်ဝင်စားစရာမရှိသော်လည်း စီးပွားရေးဆက်ဆံမှုကို တိုးမြှင့်ခြင်းမှာ ကျူးဘားနိုင်ငံတွင် အပြောင်းအလဲဖြစ်ပေါ်ရေး အကောင်းဆုံးတွန်းအားပေးမှုဟု အီးယူက ယုံကြည်ထားသည်။

အီးယူမှာ ကျူးဘားနိုင်ငံ၏ အကြီးဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်ပြီး ကျူးဘား၏နိုင်ငံခြားခရီးသွားဧည့်သည် သုံးပုံတစ်ပုံမှာ ဥရောပမှ လာရောက်သူများဖြစ်သည်။ ကျူးဘားနိုင်ငံကလည်း တရုတ်စတိုင် အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တစ်ရပ်ကို ပြင်ဆင်နေပါသည်။ ကျူးဘားမှာ ကမ္ဘာကြီးနှင့်ပြန်လည်ဆက်သွယ်လာသော နောက်ဆုံးနိုင်ငံမဟုတ်သေးပါ။ —*Ref: Reuters*

7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

## 7DAY BOOK REVIEW




## ဆရာတော်ဘုရားကြီးများနှင့် တွေ့ဆုံမေးမြန်းလျှောက်ထားခြင်း

**BBC ဦးနေဝင်း**

၁၉၈၀ပြည့်နှစ်ကာလများက ဘီဘီစီမြန်မာပိုင်း အစီအစဉ်မှ ဦးနေဝင်း၏ ဆရာတော်ဘုရား ကြီးများ နှင့်တွေ့ဆုံလျှောက်ထားခန်း အစီအစဉ်ကိုထုတ်လွှင့်ခဲ့ရာ နားသောတဆင်သူ ပရိသတ်များ အလွန်နှစ်သက်ခဲ့ကြသည်။ ပရိယတ္တိ၊ ပဋိပတ္တိနယ်ပယ်တွင် ထင်ရှားခဲ့သော ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်ကြီးများနှင့် ထိုသို့တွေ့ဆုံလျှောက်ထားခဲ့ခြင်းများကို စာအုပ်အဖြစ် ထုတ်ဝေပြန် သောအခါ စာဖတ်ပရိသတ်တို့ အထူးနှစ်ခြိုက်ခဲ့ကြပြန်သည်။ ယခုအခါ ဆရာတော်ဘုရားကြီးများနှင့် တွေ့ဆုံမေးမြန်းလျှောက်ထားခြင်းအမှတ်(၂)ကို ထုတ်ဝေလိုက်ပြန်ရာ စာဖတ်ပရိသတ်များ ဖတ်ရှုကြည်ညိုသဒ္ဓါပွားနိုင်ကြမည် ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး ဘဒ္ဒန္တကုမာရာဘိဝံသ၊ မစိုးရိမ်ဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မ ဘိဝံသ၊ သီတဂူဆရာတော်၊ ချမ်းမြေ့ရိပ်သာဆရာတော်၊ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ အပါအဝင် သာသနာတော်၌ နေလ ပမာထင်ရှားသော ဆရာတော်ကြီးများ၏ ပရိယတ္တိ၊ ပဋိပတ္တိအတွေ့အကြုံ ဖြတ်သန်းမှုများကို သိရှိကြည်ညိုနိုင်မည် ဖြစ်သည်။ ငါတို့စာပေက တန်ဖိုး ၄,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## ပင်လုံကတိကဝတ်များ

**ဆလိုင်းလျန်မှုန်း**

"မြန်မာပြည်ထောင်စုနိုင်ငံတော်ဆိုတာကိုကျွန်တော် အထူးရှင်းပြနေစရာမလိုပါဘူး။ ဒီနိုင်ငံတော်ကို ပြည်ထောင်စုတွေ စုထားမည်ဆိုတဲ့ သဘောလောက်ပါပဲ။ပြည်ထောင်စုနိုင်ငံတော်ဆိုကတည်းက ကျွန်တော်တို့ အခုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ 'Unitary Constitution} လူတစ်မျိုးတည်း ဆိုတဲ့ နိုင်ငံမျိုးမဟုတ်ဘဲနှင့် လူမျိုးပေါင်းစုံ ပြည်ထောင်စုနိုင်ငံဆိုတဲ့ အဓိပ္ပာယ်သက်ရောက်သွားပါတယ်။ အဲဒီတော့ကျွန်တော်က နေပြီးပြည်ထောင်စုနိုင်ငံတော်အဖြစ် ဖွဲ့စည်းအပ်တယ်လို့ အဆိုတင်သွင်းတဲ့ ကိစ္စမှာ ယခုကြွရောက်လာကြတဲ့ အမတ်မင်းများက ဗမာနိုင်ငံတော်ကို ဒီလိုပြည်ထောင်စုနိုင်ငံတော်ကြီး အဖြစ်နှင့်ဖွဲ့စည်းအပ်တယ်လို့ဆိုတဲ့အခြေခံမူဟာသင့်/မသင့်ကို ဒီလွှတ်တော်ကြီးက စဉ်းစားဖို့ပါပဲ"ဟု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တိုင်းပြည်ပြု လွှတ်တော်တွင် ရှင်းလင်းတင်ပြခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလမ်းညွှန်မှု ခုနစ်ချက်အပါအဝင်၊ ဒေါက်တာ ဆလိုင်းလျန်မှုန်း၊ တောင်ကြီး ဦးထွန်းမြင့်(ရှမ်း)၊ ဇန်ထာရှင် (ကချင်)၊ ပူးလျန်အုပ်(ချင်း)နှင့် ဒဂုန်တာရာတို့၏ ပြည်ထောင်စုနှင့်ပတ်သက်သော ဆောင်းပါး၊စာတမ်းများကိုစုစည်းထားခြင်းဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားများအကြား အရေးကြီးလှသောပင်လုံကတိကဝတ်များကိုအခြေခံကျကျ ရေးသားထား၍ စာဖတ်သူများ လက်လွတ်မခံသင့်သော စာအုပ်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးရေးရာ သုတေသနအဖွဲ့က ထုတ်ဝေပြီး တန်ဖိုး ၂,၅၀၀ ကျပ်ဖြစ်သည်။

## Knowledge ဗဟုသုတ

### ကမ္ဘာ့သက်တမ်းအရှည်ဆုံးကြိုးကြာနီ

ကမ္ဘာတွင် သက်တမ်းအရှည်ဆုံးကြိုးကြာနီအဖြစ် သတ်မှတ်ခံထားရသည် မှာ ဩစတြေးလျနိုင်ငံ အဒယ်လိတ်တိရစ္ဆာန်ဥယျာဉ်၌ ၁၉၃၃မှစ၍ ရောက်ရှိနေခဲ့သော ကြိုးကြာကြီးမျိုးနွယ် ကြိုးကြာနီဖြစ်သည်။ ၎င်း ကြိုးကြာမျိုးမှာ အမည်ကလည်း ဂရိတ်တား Greater အဖြစ် ပေးထားကာ သာမန်ကြိုးကြာများထက် အကောင်ပိုကြီးပြီး အဖြူရောင်ဖျော့ဖျော့နှင့် ပန်း ရောင်နှုတ်သီးများရှိသည်။

၎င်းကြိုးကြာမျိုးမှာ တောရိုင်းဒေသတွင် နေထိုင်ပါက တိရစ္ဆာန်ရုံမှာကဲ့သို့ ဆေးကုသပေးခြင်းနှင့် ဂရုတစိုက်အစာကျွေးမွေးမြူခြင်းမရှိသောကြောင့် သက်တမ်းပိုတိုသည်။ ဂရိတ်တားကြိုးကြာနီသည် မကြာမီ ဇန်နဝါရီ ၃၁ ရက်ကပင် အထက်ပါတိရစ္ဆာန်ရုံတွင် ကွယ်လွန်သွားခဲ့သည်။ ဂရိတ်တားကြိုးကြာနီမှာ အဖော်ဖြစ်သည့် ချီလီနိုင်ငံမှ ဖမ်းယူထားသော ကြိုးကြာနီ "Chilly" (၆၃)နှစ်နှင့် အတူ ထားရှိခဲ့ခြင်းဖြစ်သည်။ ကြိုးကြာနီများမှာ ထိန်းသိမ်းမွေးမြူထားလျှင် ဆယ်စုနှစ်များစွာ အသက်ရှည်နိုင်ပြီး တောထဲတွင်သာ သဘာဝအတိုင်းရှင်သန်ရပါမူ အများဆုံး ၂၅ နှစ်ခန့်သာနေနိုင်သည်။

*—Ref: BBC/Yahoo News*






### ARIES — မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

နာမည်ပျက်အောင်၊ သိက္ခာကျအောင်ဝိုင်းဝန်းပြောဆိုနှောင့်ယှက်ဝေဖန်သူများနှင့်တွေ့တတ်သည်။ အမျိုးသားများအဖို့ ဂုဏ်သိက္ခာကင်းမဲ့သောမိန်းမလည်း၊ မိန်းမရှုပ်များ၏ နာမည်ဖျက်မှု၊ စွပ်စွဲမှု၊ အိမ်တွင်းရေးပူအောင်ဆောင်ရွက်မှုကြုံတတ်သည်။ ဟန်ဆောင်သူများနှင့်တွေ့ရတတ်သည်။ အေးချမ်းအောင်မည်မျှနေစေ အမျိုးမျိုးဒုက္ခပေးတတ်သောသူများနှင့်ကြုံတွေ့မည်။ စိတ်ရှည်သည်းခံရမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

တစ်ပါးသူစကားအပေါ် အလွယ်တကူယုံစားမိ၍ စိတ်သောကရောက်ကိန်းရှိသည်။ လူလိမ်၊ လူရှုပ်များနှင့်တွေ့တတ်သည်။ ကိုယ့်လက်ဝယ်ပိုင်ပိုင်နိုင်နိုင်ရပြီး ကိုယ်တိုင်ကမလုပ်လို၍ လုပ်ငန်းတစ်ခုပစ်ပယ်လိမ့်မည်။ ကိုယ်ပယ်ရှားလိုက်သောလုပ်ငန်းကို တစ်ပါးသူမှဝင်ရောက်လုပ်ကိုင်သောအခါ အတိုင်းမသိထူးထူးခြားခြားအောင်မြင်အဆင်ပြေခြင်းကြုံလိမ့်မည်။ ထိုဖြစ်ရပ်အပေါ် မချိတင်ကဲခံစားရကိန်းကြုံမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ကံပွင့်သောကာလဖြစ်သည်။ အညံ့အဆိုးများကြားမှ ကင်းဝေးလွတ်မြောက်မည်။ မျှော်လင့်ချက်၊ ရည်မှန်းချက်ပြည့်ဝမည်။ အလုပ်အကြံအစည်များတိုးတက်မည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ ခရီးကိစ္စများဆောင်ရွက်နေဆဲ တစ်ဝက်တစ်ပျက်ရပ်တန့်ရတတ်သည်။ စိတ်ရှည်သည်းခံစွာ ပြန်လည်ဆောင်ရွက်ပါ။ လက်အောက်ငယ်သားများထံမှ အကူအညီကောင်းရတတ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ဉာဏ်ရည်ဉာဏ်သွေးထွန်းတောက်၍ စိတ်ကူးကောင်းပေါ် ထွန်းနေသည်။ ကာလရှည်ကြာပင်ပင်ပန်းပန်းကြိုးစားပြီးဆောင်ရွက်လုပ်ကိုင်သည့်ကိစ္စများမှ အကျိုးကောင်းရရှိမည်။ စီးပွားတက်မည်။ မိသားစုတွင်လည်း ငွေကြေးဥစ္စာခနတိုးပွားမည်။ ပြောစကားဆိုစကားအောင်မြင်မည်။ စည်းရုံးရေးကောင်းနေမည်။ မူလရည်ရွယ်ချက်မရှိဘဲ လုပ်ကိုင်ရာမှ အလုံးစုံအဆင်ပြေထူးခြားသောတိုးတက်ခြင်းများရရှိမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

လိုလားချက်အောင်မြင်မည်။ စိတ်ကူးသစ်များလက်တွေ့အကောင်အထည်ဖော်၍ ထူးခြားစွာတိုးတက်မည်။ စိတ်ချမ်းမြေ့စရာများကြုံမည်။ ရည်မှန်းထားသည့်ကိစ္စများ လက်တွေ့ဆောင်ရွက်ရန်အခါကောင်းကျရောက်သည်။ မိတ်ကောင်းဆွေကောင်းများထံမှ အကူအညီရမည်။ မိသားစုနှင့်ပတ်သက်သောအလုပ်၊ အကြံအစည်များအောင်မြင်မည်။ အိမ်တွင်းရေးကိစ္စအေးချမ်းမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

နာမည်ကောင်းရမည်။ လုပ်ငန်းတိုးချဲ့မှုအကျိုးရှိမည်။ မိတ်ကောင်းဆွေကောင်းများထံမှ အကူအညီရမည်။ အကြီးအကဲထံမှ အထောက်အကူရမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ မိမိကိစ္စမဟုတ်ဘဲ တစ်ပါးသူကိစ္စရေးရာများအတွက် အချိန်ကုန်၊ လူပန်း၊ ငွေကုန်၊ လူမုန်းခံပြီးဆောင်ရွက်ပေးရကိန်းရှိသည်။ ပညာသင်တန်းနှင့်ပတ်သက်သောကံကောင်းသည်။ အတတ်ပညာကိုအခြေတည်ပြီးတိုးတက်မှုများကိုဆောင်ရွက်ရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

ပြဿနာများတတ်သည်။ ရန်ကြားမှတိုးတက်မည်။ အိမ်တွင်းရေးညံ့သည်။ သူများကိစ္စများဆောင်ရွက်ပေးရင်း မိသားစုအတွက်အချိန်မပေးနိုင်သောကြောင့် အိမ်တွင်းမကြာခဏစကားများရတတ်သည်။ ငွေလိမ်ခံရမည်။ ရင်းနှီးသောသူများနှင့် စိတ်ဝမ်းကွဲတတ်သည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စများတွင် စိတ်တိုင်းမကျစရာများကြုံတတ်၏။ မနာလို၊ အပြိုင်၊ ရန်အတိုက်အခံများနှင့်ယှဉ်ပြီးလုပ်ရသောကိန်းရှိသည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

စိတ်အေးချမ်းသာမည်။ အလိုရှိရာပြည့်စုံမည်။ ရည်ရွယ်ချက်အောင်မြင်မည်။ စိတ်ကူးသစ်များလက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ပြဿနာဟောင်းများဖြေရှင်းကအဆင်ပြေမည်။ ကျန်းမာရေးချူချာမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ မင်္ဂလာရှိသောသတင်းများကြုံမည်။ အမျိုးသမီးကြီးတစ်ဦးထံမှ အထောက်အကူရမည်။ ပျိုရွယ်သူများစန်းပွင့်မည်။ မိဘအကြီးအကဲကျန်းမာရေးအတွက်စိတ်ပင်ပန်းရမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

မိဘ၊ မိသားစုကိစ္စအတွက် စိတ်ပင်ပန်းရသောကာလဖြစ်သည်။ ပစ္စည်းအပျောက်အရှုများတတ်သည်။ ငွေ ကုန်များမည်။ နေရာအပြောင်းအလဲကိစ္စများပြောဆိုဆောင်ရွက်အဆင်ပြေမည်။ ကာလအတန်ကြာနှောင့်နှေးနေသောကိစ္စများ ပြေလည်ပြီးမြောက်သွားမည်။ ရပ်ဝေးမှသတင်းစကားကောင်းများကြားသိရမည်။ အမေ၊ အစ်မ၊ အဒေါ် စသည်တို့၏ကျန်းမာရေးအတွက် ငွေကုန်များမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

အလိုပြည့်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ငွေကြေးကိစ္စအတွက်ပြောဆိုမှုများအဆင်ပြေမည်။ လုပ်ငန်းကံကောင်းသည်။ ရသင့်လျက်ကြန့်ကြာနေသောကိစ္စများဆောင်ရွက်အဆင်ပြေမည်။ ယှဉ်လာသောသူများအပေါ် အနိုင်ယူနိုင်သောကာလဖြစ်သည်။ မူလရည်မှန်းထားခြင်းမရှိဘဲ ရုတ်တရက်ဆောင်ရွက်လိုက်သောကိစ္စများမှ အကျိုးကောင်းရရှိခံစားရမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

အလွန်သတိရှိရမည်။ မထင်မှတ်ထားသောအခက်အခဲ၊ ပြဿနာများ တစ်မျိုးပြီးတစ်မျိုးဖြစ်တတ်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ကတိစကားမတည်သောသူများနှင့်တွေ့တတ်သည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့ရှိသည်။ ငွေကြေးမည်မျှဝင်စေ ထွက်ပေါက်ရှာပြီးကုန်ကျတတ်သည်။ မတော်တဆပူလောင်ထိရှမှုဖြစ်တတ်သည်။ယာဉ်ကားမောင်းနှင်မှုသတိရှိပါ။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

အညံ့ကင်း၍ကံကောင်းသည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ပေါ်လာသည့်အခွင့်အရေးသစ်များကိုလက်ခံပြီး တိုးတက်မှုအဆင့်ဆင့်ရမည်။ ငွေကြေးကိစ္စပြောဆို၍ အဆင်ပြေမည်။ မူလလုပ်လိုသည်ကတစ်မျိုး၊ ယခု ရက်အတွင်း စိတ်ကူးပေါ်ပြီး ရုတ်တရက်လုပ်ကိုင်သည်ကတစ်မျိုးဖြစ်မည်။ ဦးခေါင်းနှင့်မျက်တွင် မတော်တဆထိခိုက်မှုဖြစ်တတ်သည်။ အပေါင်းအသင်းဒုက္ခပေးတတ်သည်။

7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014



# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၇၀)

## အလျားလိုက်

၁။ အရေအတွက်အားဖြင့် သက်သာရာရစေခြင်း
၃။ လူမှုရေးသိပ္ပံပညာရှင်
၅။ တောင်တက်သောခလေ့ အသားကျနေသူများ
၉။ မလေးရှားနိုင်ငံမှ ပြည်နယ်တစ်ခု
၁၀။ ကမ္ဘာ့သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့
၁၁။ မြန်မာပြည်မြောက်ဖျားတွင်ရှိသော မြို့တစ်မြို့

## ဒေါင်လိုက်

၂။ ကိုရီးယားကားကုမ္ပဏီက စပွန်ဆာပေးသော အားကစားပွဲ
၃။ ကျန်းမာရေးထိခိုက်သော အကျင့်တစ်ခု
၄။ လူရှိသေရှင်ရှိသေသောအလုပ်
၆။ နေပြည်တော်တွင် နာမည်ဆိုးဖြင့် ကျော်ကြားသောလမ်း
၇။ ရေအားလျှပ်စစ်စီမံကိန်း ခြောက်ခုတည်မည့်မြစ်
၈။ (၂၈)ကြိမ်မြောက် ဆီးဂိမ်းတွင် ပါဝင်မည့် ကစားနည်းတစ်မျိုး



### Smart Dictionary ကံထူးသူ

၁။ သန်းထွဋ်၊ ၁၂/အစန(နိုင်)၁၈၂၉၇၀
၁၂၇၊ လှိုင်မြစ်လမ်း၊ဈေးကုန်းအနောက်၊အင်းစိန်။

### ကျန်အဖြေမှန်သူများ

၂။ Dr.တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၇၉၈
၃။ ဆုမြတ်ရွှေရည်၊ ၁၂/ဗတထ(နိုင်)၁၇၆၀၈၈
၄။ Dr.ထက်နိုင်အောင်၊ ၁၂/ရပသ(နိုင်)၀၈၄၂၀၅
၅။ ဇင်မင်းထွေး၊ ၁၂/လမန(နိုင်)၁၅၃၅၁၆
၆။ သန်းအောင်၊ ၁၂/လမန(နိုင်)၁၂၆၄၁၉
၇။ ဒေါ်ဉမ္မာထွေး၊ ၁၂/မဂဒ(နိုင်)၀၂၄၇၆၅

### ပဟေဠိ အမှတ်စဉ်(၂၆၉)အဖြေမှန်




အမည် .................................... မှတ်ပုံတင်အမှတ် ....................................
နေရပ်လိပ်စာ ....................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၀) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပညာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၇-၂-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး



**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

### သင်ကြားပေးသည်

အင်္ဂလိပ်စာအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက် (အထူး) အိမ်အရောက်သင်ကြားပြသပေးမည်။

ဖုန်း-၀၉ ၄၀ ၂၇၆၀၇၉၁

### ဆရာပိုင်

ကိုရီးယားသင်တန်းကျောင်း

EPS-TOPIK သင်တန်း၊ စကားပြောသင်တန်း၊ ပညာဒါန(အခြေခံသင်တန်း)။

ဖုန်း-၀၉ ၄၃၀၄၆၉၃၀

### ဆရာမောင်မောင်

၂၀၁၄ ခုနှစ်မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးအတွက် သင်္ချာ၊ အင်္ဂလိပ် အထူးသီးသန့်သင်တန်းနှင့် နွေသုံးလ သင်္ချာ၊ အင်္ဂလိပ်အတတ်သင် မတ်လ ဆန်းစမည်။

ဖုန်း-၀၉ ၄၃၀၉၆၄၁၀

### ဘာသာပြန်ပေးသည်

ရုပ်ရှင်၊ မှတ်တမ်းရုပ်ရှင်နှင့် ကာတွန်းကားများကို အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်မှ မြန်မာဘာသာသို့ပြန်ဆို၊ စာတန်းထိုးပေးသည်။

ဖုန်း-၉၅၉၄ ၂၀၀၉၈၉၇၂

### ဓာတ်ပုံပညာစာပေးစာယူသင်တန်း

ဓာတ်ပုံပညာရပ်နှင့် ပတ်သက်ပြီး သိသင့်သိထိုက်သော မှန်ဘီလူး၊ ကင်မရာ တည်ဆောက်ပုံ၊ ရိုက်နည်းမျိုးစုံသင်ပေးမည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

### ဘာသာပြန်အလုပ်ရုံ

သတင်း၊ ဝတ္ထု၊ သင်ခန်းစာ၊ ကြော်ငြာစသည့် ကဏ္ဍရပ်များအား အင်္ဂလိပ်မှ မြန်မာသို့ ရှင်းလင်းစွာ ဘာသာပြန်ပေးပါသည်။

ဖုန်း-၀၉ ၄၅၀၀၅၂၇၂၆

### ငှားလိုသည်

တာမွေ၊ ကျောက်မြောင်းနှင့် အုတ်ကျင်းအနီး အခန်းငှားလိုသည်။

ဖုန်း-၀၉ ၄၂၁၁၃၁၈၉၃

### ငှားလိုသည်

လမ်းမတော်၊ လသာမြို့နယ်များအတွင်းနှင့် မြေနီကုန်းအနီးတစ်ဝိုက်တွင် လမ်းမ တန်းဆိုင်ခန်းကျယ်များငှားလိုသည်။

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

### ငှားမည်

မြေနီကုန်းလမ်းဆုံအနီး၊ ပြည်လမ်းမပေါ်၊ ပေ(၃၀×၅၀)၊ မြေညီထပ် ဆိုင်ခန်းငှားမည်။ လစာ (၃၃)သိန်းညှိနှိုင်း။

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

### ရောင်းမည်

ချစ်သူများနေ့မှာ စုံတွဲတီရှပ်လေးတွေနဲ့ လန်းချင်သူများ ဒီဇိုင်း နှစ်မျိုး၊ အရောင် အဝါနှင့် မီးခိုးကို တစ်စုံ ၈၀၀၀ဖြင့် ရောင်းပေးပါသည်။ ဖုန်း-၀၉ ၄၅၀၀၁၃၀၄၁

### ရောင်းမည်

အမှတ် (၄၃)၊ ဦးအေးလမ်းသွယ် (၁) လမ်း၊ ပထမထပ်၊ ဘယ်ဘက်အခန်း၊ ပါရမီဂေဟာအနီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၂၅၀၃၈၄၃၅၇

### ရောင်းမည်

ရွှေသောင်ယံကမ်းခြေမျက်နှာစာ ပေ (၂၈၅×၁၀၀)၊ ခေါ်ဈေးသိန်း (၈၀၀)။

ဖုန်း-၀၉ ၅၄၀၉၂၉၀

### ရောင်းမည်

မြောက်ဒဂုံ၊ ဆိတ်ငြိမ် ၃၄စံပြရပ်ကွက်၊ ပေ (၄၀×၆၀)၊ ပေ (၂၀×၅၀)၊ တစ်ထပ်ခွဲ BN တစ်လုံးပါ၊ သရဖီ ၁ လမ်း။ လမ်းသန့်။ သိန်း (၂၃၀၀) ညှိနှိုင်း။

ဖုန်း-၀၉ ၇၃၀၉၅၆၂၄

### ဝန်ဆောင်မှု

မိသားစုထမင်းဝိုင်းအား လူကြီးမင်းတို့ထံ အရောက်ပို့ပေးပါသည်။

ဖုန်း-၀၉ ၄၃၁၁၀၄၆၃

### သင်ပေးသည်

ကားရှိသူများအတွက် ဆရာကိုယ်တိုင် အိမ်တိုင်ရာရောက် ကားမောင်းသင်ပေးပါသည်။

ဖုန်း-၀၉ ၂၅၀၀၅၀၃၇၁

### အိမ်လိုက်သင်သည်

Miscroft Excelဖြင့် Financial Statement အထိ (Function) များအသုံးပြုပြီး Software တစ်ခုကဲ့သို့ အသုံးပြုနိုင်အောင် သင်ကြားပေးသည်။

### ဝန်ထမ်းအလိုရှိသည်

**မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

မန်နေဂျာ(စီမံရေးရာ)

အသက် ၃၅ နှစ်နှင့်အထက်၊ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ၊ စီမံခန့်ခွဲမှုဆိုင်ရာ Diploma (သို့) Certificate ရရှိသူ။

ဖုန်း ၉၅၁-၆၈၄၁၈၁

### ဝန်ထမ်းအလိုရှိသည်

ဆိုင်အကူ မ (၁) ဦး

အလုပ်ချိန် နံနက် (၈) နာရီမှ ညနေ (၆) နာရီ တနင်္လာနေ့မှ သောကြာ။

ဖုန်း-၀၉ ၂၅၀၃၇၀၇၃၅

### ဝန်ထမ်းအလိုရှိသည်

Logistics Assistant M (5) Posts

Sales Representative M (5) Posts

Housekeeping M (5) Posts

Thet Paing Soe Co.,Ltd

PH:(95 1) 660 923

### ဓမ္မရက္ခိတ ပညာဒါနကျောင်း

နိုင်ငံခြားဘာသာသင်တန်းများ (အခမဲ့) တက်ရောက်နိုင်သည်။

ဖုန်း-၀၁ ၉၆၉၀၅၇၆

### သင်ကြားပေးသည်

၈၊ ၉၊ ၁၀ တန်းများအတွက် နွေရာသီသုံးလပြတ် အိမ်ဝိုင်းလိုက်သင်ပေးသည်။ တစ်ဦးချင်းမှ သုံးဦးဝိုင်းအထိ လက်ခံသည်။ သင်္ချာသီးသန့်။

ဖုန်း-၀၉ ၅၅၀၁၅၆၇

### သင်ကြားပေးသည်

ဂျပန်စာသင်ကြားလိုသူများကို အိမ်လိုက်သင်ကြားပေးသည်။ ရုံးတက်နေသူများကိုလည်း အချိန်ညှိပေးသည်။

မနှင်းနုထွေး B.A(Japanese) YUFL

ဖုန်း-၀၉ ၄၂၁၁၂၃၃၆၈

### FUTURE I.T Computer Training

Auto CAD (M&E,2D,3D),Microstation, A+,Networking,Graphic,C+,C++,OOP, C#,JAVA,VB,SQL,Bacic DTP.

PH: 09 43056543

### Active English

English ဘာသာစကားကို ရင်းနှီးတက်ကြွစွာ အပြန်အလှန်ဆွေးနွေးအကြံပေးသည့်ပုံစံဖြင့် သင်ကြားပေးနေပါပြီ။ သင်ကြားမှုပုံစံနှင့် မိမိ၏တိုးတက်မှုအပေါ် စိတ်ကျေနပ်မှုမရှိပါက သင်တန်းကြေးပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

ဖုန်း-၀၉-၄၃၁၁၅၂၀၂

### ရောင်းမည်

Samsung Node 3 Korea Copy လက်လီလက်ကားရောင်းမည်။ Origional နှင့် အားလုံးအတူတူပါပဲ။ ဆိုင်သမားများလည်းဆက်သွယ်နိုင်သည်။

ဖုန်း-၀၉ ၄၂၅၀၂၂၆၃၃

### ရောင်းမည်

Internet ဆိုင်သုံးငွေရှင်းကောင်တာ အကျယ် ၃ ပေ×အရှည် ၇ ပေတစ်လုံးနှင့် လက်တန်းပါ နောက်မှီ Stainless Steel ထိုင်ခုံ ၂ လုံးရောင်းရန်ရှိသည်။

ဖုန်း-၀၁ ၅၁ ၂၈၄၄

### ရောင်းမည်

နံပါတ်မြင့် GSM ဖုန်း Sim Card ရောင်းမည်။

ဖုန်း-၀၉ ၇၃၀၈၅၉၂၉

### ငှားမည်

တာမွေ orange အနီးဂီတအစည်းအရုံးရှေ့၊ ခြောက်လွှာ၊ တိုက်သစ်၊ (၁၇×၆၀)၊ တစ်လကျပ်နှစ်သိန်း။

ဖုန်း-၀၉ ၅၁၈၈၁၆၀

### ရောင်းမည်

အနီးစခန်း၊ အောင်ချမ်းသာ၊ ရွာအိမ်မြေ (၆၀×၅၅)၊ ရပ်ကွက်သန့်သည်။ လျှပ်စစ်ရ၊ ဈေးနှုန်း (120L)။

ဖုန်း-၀၉ ၃၃၂၉၆၂၂၉

### ရောင်းမည်

လှိုင်သာယာ၊ မီးခွက်ဈေး၊ စီးပွားရေးအချက်အချာကျ ဈေးလမ်းမကြီး (၂၇×၆၀) ဈေးနီး၊ ထောင့်ကွက်၊ ရေမီးစုံ၊ ဂရန်ပါ အိမ်ခြံမြေ၊ သိန်း (၁၈၀၀)။

ဖုန်း-၀၉ ၂၅၆၂၀၈၉၅၂

### ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်၊ (၂၀×၆၀)၊(ရေမီး)(ဂရန်မူရင်း)တစ်ထပ်ထပ်ခိုးပါ၊ အုတ်ညှပ်၊ ပျဉ်ထောင်၊ဈေး၊ ကားမှတ်တိုင်နီး။ သိန်း (၃၇၀)။

ဖုန်း-၀၉ ၂၅၀၂၀၄၃၀၄

### ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ ရောရပ်ကွက်၊ ပေ (၂၀×၆၀)၊(ရေမီး) (ဂရန်မူရင်း) ပျဉ်ထောင်အိမ်တစ်ထပ်၊ ဈေး၊ ကားမှတ်တိုင် ကျောင်းနီး။ သိန်း (၆၅၀)။

ဖုန်း-၀၉ ၂၅၀၂၀၄၃၀၄

### ဘာသာပြန်ဝန်ဆောင်မှု

အင်္ဂလိပ်၊တရုတ်၊ ကိုရီးယားမှ မြန်မာသို့ ရုပ်ရှင်ကားများကို ဘာသာပြန်၊ စာတန်းထိုးပေးသည်။

ဖုန်း-၀၉ ၄၂၀၀၉၈၉၇၂

### UNIQUE GUITAR WORKSHOP

**SALES & REPAIR CENTRE**

Hand Made Guitar၊ နိုင်ငံခြား ဂစ်တာများ ပြုပြင်ခြင်းတို့ကို အထူးဝန်ဆောင်မှုပေးနေပြီ။

ဖုန်း-၀၉-၄၃၀၉၃၃၆၁

### DRAGON KING

ကွန်ဖူး၊ ဗန်ဒို၊ ထိုက်ကျိအထူးသင်တန်းကျောင်း။အမှတ်(၃၆၉)၊၆လွှာ၊မဟာဗန္ဓုလ လမ်းမကြီးနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ (ကားမှတ်တိုင်အနီး)။

ဖုန်း-၀၉ ၅၀၁၆၆၂၃

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

စာမျက်နှာ(၂၆) မှ

# မြန်မာဧကောဒွေးမနော့နှင့်

၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာ့လွတ်လပ်ရေးအတွက် ပထမခြေလှမ်းအဖြစ် “အောင်ဆန်း-အက်တလီစာချုပ်” ကိုဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီတို့လက်မှတ်ရေးထိုးခဲ့၏။ သို့ရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်သော သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့က လက်မှတ်မထိုးခဲ့ကြပေ။ အရေးကြီး၍ သွေးစည်းရမည့်အချိန်၌ မိမိတို့ကိုယ်စားလှယ်ခေါင်းဆောင်ကို နယ်ချဲ့အင်္ဂလိပ်မြေပေါ်တွင်ဂိုဏ်းဂဏစိတ်ဖြင့် ပြောင်ပြောင်တင်းတင်းဆန့်ကျင်ရဲသည့် မြန်မာအဖွဲ့ဝင်နှစ်ဦး၏လုပ်ရပ်ကရှက်ဖွယ်လိလိ စက်ဆုပ်ဖွယ်အတိဖြစ်ခဲ့လေတော့၏။ အဆိုပါနှစ်ဦးအနက်မှ ဂဠုန်ဦးစောသည် အစွန်းရောက်ဂိုဏ်းဂဏစိတ်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးအဖွဲ့တစ်ဖွဲ့လုံးကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခဲ့လေ၏။ ကမ္ဘာပေါ်တွင် နိုင်ငံရေးခေါင်းဆောင်အားအကြမ်းဖက်လုပ်ကြံမှုဟူသည်နိုင်ငံအများအပြားတွင် ဖြစ်လေ့ဖြစ်ထရှိ၏။ သို့သော် အများအားဖြင့် ခေါင်းဆောင်တစ်ဦးတည်းကိုသာ ရွေးချယ်လုပ်ကြံခြင်းဖြစ်၏။ ဥပမာ-အိန္ဒိယနိုင်ငံတွင် မဟတ္တမဂန္ဒီ၊ ဝန်ကြီးချုပ်အင်ဒီရာဂန္ဒီ၊ သီရိလင်္ကာဝန်ကြီးချုပ်ဘန်ဒရာနိုက်ကေး၊ အမေရိကန်သမ္မတဂျွန်အက်ဖ်ကနေဒီ၊ သမ္မတလောင်းရောဘတ်ကနေဒီ၊ အီဂျစ်သမ္မတ အန်ဝါဆာဒတ်စသည်တို့မှာရွေးချယ်လုပ်ကြံခံရခြင်းဖြစ်လေ၏။ မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်းသာမက ဝန်ကြီးအဖွဲ့ တစ်ဖွဲ့လုံးကိုပါ အစုလိုက် အပြုံလိုက် လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် ကမ္ဘာ့လုပ်ကြံမှုသမိုင်း၏ နံပါတ်တစ်နေရာကို ၁၉၄၇ ခုနှစ်မှ ယနေ့ အထိ နှစ်ပေါင်း ၆၀ ကျော် စံချိန်သစ်တင်ထားလေတော့၏။

အချင်းချင်းအကွဲအပြဲနှင့် အပြတ်အသတ်ချေမှုန်းလိုစိတ်ဟူသော အညံ့စိတ်များက လွတ်လပ်ရေးရပြီးသည်အထိ မြန်မာ့နိုင်ငံရေးဉယျာဉ်တွင် ဆက်လက်ရှင်သန်ဖြစ်ထွန်းခဲ့လေ၏။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နှစ်လမျှအကြာ ကွန်မြူနစ်တို့ တောခိုခဲ့ကြလေ၏။ ၁၉၄၈ ခုနှစ် ဇူလိုင်လတွင် ဖ. ဆ. ပ. လမှ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်နှုတ်ထွက်ပြီး နှစ်ခြမ်းကွဲကြပြန်၏။ ဗိုလ်ဖိုးကွန်း၊ ဗိုလ်ထိန်ဝင်းနှင့်ဗိုလ်ထွန်းလင်းတို့ ဦးဆောင်သော ရဲဘော်ဖြူအဖွဲ့နှင့်ဗိုလ်မှူးအောင်၊ဗိုလ်စိန်မှန်တို့ ဦးဆောင်သောရဲဘော်ဝါအဖွဲ့ဟူ၍ဖြစ်၏။ လက်ဝဲယိမ်းရဲဘော်ဖြူအဖွဲ့က တောခိုသွားပြန်၏။ လွတ်လွတ်လပ်လပ် ကွဲကြပြဲကြသည့်နိဒါန်းဖြင့် လွတ်လပ်ရေးကန့်လန့်ကာကိုဖွင့်လိုက်ကြခြင်းပင်တည်း။

တစ်ဖန် ၁၉၅၆ ခုနှစ်တွင် ဖဆပလထဲမှ လက်ဝဲဘက်ယိမ်းအမတ်များဖြစ်သော ဝိဓူရသခင်ချစ်မောင်နှင့် သခင်လွင်တို့အုပ်စုက ဖဆပလမှ နှုတ်ထွက်ကြပြီး လယ်သမားအလုပ်သမားပါတီဟူ၍ ပါတီခွဲထောင်လိုက်ပြန်၏။ ၎င်းပါတီသည် ဒေါက်တာအေးမောင်၏ တရားမျှတမှုပါတီဟူသော ပါတီသစ်နှင့်ပေါင်း၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ပ. မ. ည. တ ကို ဖွဲ့စည်းလိုက်ကြ၏။

၁၉၅၆ခုနှစ်ဧပြီလတွင်ကျင်းပသော ရွေးကောက်ပွဲ၌ ဖဆပလနှင့် ပမညတတို့ အဓိက ယှဉ်ပြိုင်ခဲ့ပြီး ဖဆပလက အနိုင်ရခဲ့၏။ အနိုင်ရပြီး မကြာမီ ဖဆပလ အဖွဲ့ကြီးနှစ်ခြမ်းကွဲပြန်၏။ ဤသည်မှာ ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့သော ဖဆပလအဖွဲ့ကြီးအားဇာတ်သိမ်းစေမည့် အဓိက အကွဲအပြဲဖြစ်လေတော့၏။ ဦးနုခေါင်းဆောင်သော သန့်ရှင်းဖဆပလနှင့် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ခေါင်းဆောင်သော တည်မြဲ ဖဆပလဟူ၍ သီးခြားဖွဲ့စည်းတည်ထောင်ကြ၏။ မူဝါဒကို အခြေခံခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးသံသယနှင့် အာဃာတကြောင့် ထုံးစံအတိုင်း “မြန်မာ ဧကော ဒွေးမနော့” သည့် ဇာတ်ရုပ်ကို ဖော်ကျူးကြခြင်းဖြစ်ပေသည်။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ သန့်ရှင်း ဖ. ဆ. ပ. လ က အနိုင်ရခဲ့ပြီးနောက် ပြည်ထောင်စုအဖွဲ့ချုပ် (ပ. ထ. စ)ဟု ဖွဲ့စည်းလိုက်လေ၏။ မကြာပါချေ။ ပ. ထ. စ အဖွဲ့ကြီးအတွင်း ကွဲစရာမရှိ ကြံဖန်၍ “ဦး,ဗိုလ်, သခင်” ဟု ကွဲကြပြန်လေ၏။ နာမည်ရှေ့တွင် ဦးတပ်ခေါ်သူများ ဦးဝင်း၊ ဦးသန်းစိန်၊ ဦးအုန်းစသည့်တို့က တစ်အုပ်စု။ နာမည်ရှေ့တွင် ဗိုလ်တပ်ခေါ်သူများ ဗိုလ်မင်းခေါင်၊ ဗိုလ်ဇင်ယော်၊ဗိုလ်တာရာစသည်များကတစ်အုပ်စု၊နာမည်ရှေ့တွင် သခင်တပ်ခေါ်ဆိုသည့် သခင်တင်၊သခင်ကျော်ဒွန်းစသည်တို့က တစ်အုပ်စု၊ ဘာမှုမျှမရှိဘဲ ပုဂ္ဂိုလ်ရေးဂိုဏ်းဂဏအကွဲအပြဲဖြစ်ခဲ့လေ၏။ ကမ္ဘာပေါ်တွင် မကြားဖူး၊ မကြုံဖူးသည့် ကွဲနည်းအသစ်ကို တီထွင်လိုက်ကြသည်ဟု ဆိုနိုင်၏။

ဤသို့ဖြင့် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက အာဏာသိမ်းခဲ့လေ၏။ တပ်မတော်အစိုးရမှ အကွဲအပြဲမရှိဟု မထင်လိုက်ပါနှင့်။ ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးချုပ်တင်ဖေ၊ ဦးဘငြိမ်တို့စီးပွားရေး အမြင်ကွဲပြားမှုကို အခြေခံ၍ သဘောထားကွဲခဲ့၏။ အစဉ်အလာကြီးမားသော ဗိုလ်မှူးချုပ်အောင်ကြီး တာဝန်မှနုတ်ထွက်ခဲ့လေ၏။ မ. ဆ. လ ခေတ်သို့ ရောက်ပြန်သောအခါ စာရေးသူ မှတ်မိသမျှ တတိယအကြိမ်ပါတီ ညီလာခံကျင်းပသည့် ၁၉၇၇ ခုတွင် ဦးထွန်းလွင်၊ဦးတင်အေးကျော်စသော ပါတီအတွင်းရေးမှူးများက ဦးနေဝင်းအားပါတီဥက္ကဋ္ဌအဖြစ် အရွေးမခံရရေးအတွက် ဂိုဏ်းဂဏဖွဲ့၍ စည်းရုံးလှုပ်ရှားမှုများ ပေါ်ပေါက်ပြီး အရေးယူအပြစ်ပေးခြင်း ခံခဲ့ကြရ၏။ ထို့နောက် ၁၉၈၈ ခု ဇူလိုင်တွင် ကျင်းပသော အရေးပေါ်ပါတီညီလာခံတွင် ဦးနေဝင်း အဆိုပြုချက်အရ ပါတီစုံစနစ်နှင့် တစ်ပါတီစနစ်အုပ်စု နှစ်စု ကွဲပြီး အကြိတ်အနယ်ဆွေးနွေးငြင်းခုံကြ၏။ ဦးနေဝင်းက ၎င်းနှင့်အတူ ဦးစန်းယု၊ ဦးအေးကို၊ ဦးစိန်လွင် နှင့် သူရဦးထွန်းတင်တို့ နုတ်ထွက်မည်ဟု ကြေညာခဲ့၏။ အမှန်တကယ်လက်တွေ့တွင် ပါတီဥက္ကဋ္ဌ၏ ကြေညာချက်ကို ကျော်ခိုင်း၍ ဦးစိန်လွင်က မနုတ်ထွက်ဘဲ ၂၆-၇-၈၈ ရက်တွင် ပါတီဥက္ကဋ္ဌရာထူးကို ဆက်ခံလိုက်၏။ ဤကား မ. ဆ. လ ၏ နားလည်ရန်ခက်သော အကွဲအပြဲဇာတ်သိမ်းနှင့် ရှစ်လေးလုံး၏ အောင်ပွဲနိဒါန်းဖြစ်လေတော့၏။

ရှစ်လေးလုံးအပြီးတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ရာ ဦးအောင်ကြီးက ဥက္ကဋ္ဌဖြစ်ခဲ့၏။ ထိုစဉ်က “အောင်၊ စု၊ တင်” ဟုတွင်သော ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ ခေါင်းဆောင်သုံးဦးအဖွဲ့အဖြစ် ပြည်သူတို့ထောက်ခံမှု အများဆုံးရခဲ့၏။ မကြာမီ ဦးအောင်ကြီးက နုတ်ထွက်ခြင်းဖြင့် ခွဲထွက်လိုက်ပြန်၏။ သို့သော် သူ၏နုတ်ထွက်မှုကို ပြည်သူအများကဝမ်းမြောက်စွာကြိုဆိုကြပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့၏ ဦးဆောင်မှုဖြင့် ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲတွင် တစ်ခဲနက်အောင်ပန်းဆင်ခဲ့လေ၏။ သို့သော် ရွေးကောက်ပွဲနိုင်ပြီး အာဏာလွှဲပြောင်းအပ်နှင်းမှုမရှိခဲ့သဖြင့် ပြည်သူတို့သာလျှင် အလိမ်အညာခံရသည့်ပွဲကြီးဖြစ်ခဲ့လေ၏။ ထို့အပြင် ပြည်သူတို့က မည်မျှပင်ထောက်ခံစေကာမူ အနိုင်ရပါတီအား မလိုလားအပ်သည့် ဂိုဏ်းဂဏတစ်ရပ်အသွင်ခွဲခြားရှုမြင်သည့် အမြင်သည် န. ဝ. တ အဖွဲ့အတွင်း ထိပ်တန်းရာထူးအပြောင်းအလဲနှင့် အတူတံခွန်ထူလာခဲ့ကြောင်း တွေ့ရှိခဲ့ရလေ၏။ မည်သို့ဆိုစေ နောက်ဆုံးတွင်မူ “ဗေဒါပျံအံကိုခဲပန်းပန်လျက်ပဲ”ဆိုသကဲ့သို့ ပြည်သူတို့သည်အကွဲအပြဲနှင့် အမြင်လွဲမှုဘဲအုပ်က ဆိတ်ဆွဲဖွဲ့ငင်နေသည့်ကြားမှ အံကိုခဲ၍ ဒီမိုကရေစီအောင်ပန်းကို ပန်နိုင်ခဲ့ကြပေသည်။

အထက်ပါအတိုင်း ၂၀၁၁ ခုနှစ် မတိုင်မီ မြန်မာနိုင်ငံရေးစင်မြင့်တွင် (Setarianism)ဟူသော ဂိုဏ်းဂဏစိတ်၊ သင်းစွဲလိုစိတ်၊ အာဃာတစိတ်များသည် တစ်နည်းမဟုတ် တစ်နည်း၊ တစ်ချိန်မဟုတ်တစ်ချိန်၊ နိုင်ငံရေးအင်အားစုများအတွင်း ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပုံကိုမီးမောင်းထိုးပြခဲ့ခြင်းမှာ မြန်မာ့နိုင်ငံရေးကို အဆိုးမြင်ဝါဒဖြင့် ရှုမြင်သုံးသပ်ခြင်းမဟုတ်ပါ။ ပကတိအခြေအနေမှန်များကို ရှုမြင်၍ ပစ္စုပ္ပန်ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာ၌ ညီညွတ်မှုအားများကို နယ်ပယ်တိုင်းတွင် ရှင်သန်ကြီးထွားစေလို၍ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိဖွံ့ဖြိုးဆဲနိုင်ငံများတွင် တိုင်းရင်းသားလူမျိုးစု အများဆုံးသော နိုင်ငံဖြစ်၏။ လူမျိုးစု ၁၃၅ စုခန့်အထိရှိသည်ဟု မှတ်သားခဲ့ရ၏။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း ၁၅ ဖွဲ့မျှရှိနေ၏။ တိုင်းရင်းသားများ သွေးကွဲမှုကြောင့် ပြည်တွင်းစစ်သမိုင်းအရှည်ကြာဆုံးသော နိုင်ငံလည်းဖြစ်၏။ ဘူးလေးရာ ဖရုံဆင့်ဆိုသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးစုတွင် မပါဝင်ဘဲ ပြည်ပမှ ရောကြည်ရာမြက်နုရာဆိုသကဲ့သို့ အကြောင်းကြောင်းကြောင့် ဝင်ရောက်အခြေချနေထိုင်လာကြကုန်သော လူမျိုးစုနှင့် ဖြစ်ပွားသည့် ပဋိပက္ခများကလည်း နိုင်ငံတစ်ဝန်း နေ့ညမပြတ် ဒုက္ခမီးထိုးပေးလျက်ရှိ၏။ ဤအခြေအနေမျိုးတွင် မြန်မာနိုင်ငံအတွက် ညီညွတ်ရေးသည် ပထမ၊ ညီညွတ်ရေးသည် ဒုတိယ၊ ညီညွတ်ရေးသည် တတိယဟု ဆိုရပေမည်။ ထို့ကြောင့် ပြည်သူတို့သည် လက်ရှိအာဏာရပါတီကိုလည်း မကွဲစေချင်၊ အင်န်အယ်လ်ဒီပါတီကိုလည်း မကွဲစေချင်၊ ပါတီကြီးနှစ်ရပ်အချင်းချင်းပါတီစွဲဖြင့် အပြတ်အသတ်ချေမှုန်းရေးကိုလည်း မဖြစ်စေချင်။ နိုင်ငံတော်သမ္မတကြီးနှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုလည်း မကွဲစေချင်၊ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ရခါနီးမှ လက်မလွှတ်စေချင်၊ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး၊ ခက်မသုံးဖြာအာဏာခွဲဝေသုံးစွဲရေး စသည်တို့အတွက် အဟန့်အတားဖြစ်စေမည့် ပြဋ္ဌာန်းချက်များပါရှိနေသည့် အခြေခံဥပဒေကိုလည်းပြင်ဆင်စေချင်ကြသည်မှာ အမှန်ပင်ဖြစ်နေလေတော့၏။

အထက်ပါ ပြည်သူတို့၏ ဆန္ဒများပြည့်ဝရေးအတွက် ညီညွတ်ရေးသည် ပထမ၊ ညီညွတ်ရေးသည် ဒုတိယ၊ ညီညွတ်ရေး တတိယဟု ထပ်လောင်း၍ ဆိုရမည့်အချိန်အခါလည်းဖြစ်၏။ ဤအချိန်အခါတွင် ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ ပဋိပက္ခများအားလုံးကို အလေးအနက်သတိပြုရှောင်ရှားပြီး ညီညွတ်ရေးမဏ္ဍိုင်အခိုင်အမာစိုက်ထူနိုင်စေခြင်းအလို့ငှာ “မြန်မာဧကောဒွေးမနော့နှင့်”ဟု ဆိုရလောက်အောင် အကွဲအပြဲလွန်ကဲသည့် အတိတ်သမိုင်းဖြစ်ရပ်မှန်များကို အကြိမ်ကြိမ်အထပ်ထပ် နေ့ညမပြတ် ရှုမှတ်ပွားများသင်ခန်းစာများ ယူနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။

## JOKE

### အတူတူပဲ

သမီးဖြစ်သူက ချစ်သူနှင့် စေ့စပ်တော့မည့်အကြောင်း ထုတ်ဖော်ပြောဆိုရာ ဖခင်ဖြစ်သူက “သမီးကောင်လေးကပိုက်ဆံရှိရဲ့လား” ဟုမေးလိုက် သည်။

သမီးဖြစ်သူက စိတ်မကောင်းစွာဖြင့် ခေါင်းကို ယမ်းရင်း “ဖေဖေ၊ ဖေဖေတို့ ယောကျ်ားတွေအားလုံးအတူတူပဲ”ဟုသက်ပြင်းရှည်ချရင်း “သမီးချစ်သူကလည်း ဖေဖေမေးတဲ့အတိုင်း တစ်ပုံစံတည်း မေးတယ်”ဟု ဆက်ပြောသည်။

### ရှက်စရာကောင်းလိုက်တာ

“ကျွန်မတို့ ဒီလိုမျိုးနေထိုင်စားသောက်နေရတာ အရမ်းရှက်ဖို့ကောင်းတာပဲ”ဟု အလုပ်ရှာလုပ်ရန် ငြင်းဆန်နေသည့် ပျင်းရိသော ယောကျ်ားကို မိန်းမကပြောလိုက်သည်။

“ကျွန်မရဲ့အဖေက အိမ်ငှားခပေးတယ်။ ကျွန်မရဲ့အမေက စားဖို့သောက်ဖို့ဝယ်ပေးတယ်။ ကျွန်မရဲ့ အစ်မတွေက အဝတ်အစားတွေ ဝယ်ပေးတယ်။ ကျွန်မရဲ့ အန်တီက ကားဝယ်ပေးထားတယ်။ ကျွန်မအရမ်းရှက်တာပဲ”ဟု မိန်းမက ဆက်ပြောရာ ယောကျ်ားဖြစ်သူက အိမ်ရာပေါ်တွင်တစ်ပတ်လှိမ့်ကာမိန်းမဘက်လှည့်ရင်း “အေး မင်းရှက်သင့်တယ်။ ဟို အသုံးမကျတဲ့ မင်းရဲ့အစ်ကိုနှစ်ယောက်ကျတော့ ငါတို့ကို တစ်ပြားတစ်ချပ်မှ မပေးဖူးဘူးလေ”ဟု ပြန်ပြောသည်။

Gold Yacht Co.,Ltd
အထည်ချုပ်စက်ရုံတွင်တာဝန်ထမ်းဆောင်ရန်။
(1) HR Manager ကျား/မ ( ၂ ) ဦး
(2) Office Manager ကျား/မ ( ၂ ) ဦး
(3) Personal Assistant ကျား/မ ( ၂ ) ဦး
(4) Accountant မ ( ၃ ) ဦး
ဘွဲ့ရ ၊ B.Com (or) LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။
Computer ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။
အထက်ပါအမှတ်စဉ်များအားလုံး၏ လိုအပ်ချက်များကိုမြင့်မားစွာ စွမ်းဆောင်နိုင်ရမည်။ လစာကောင်းကောင်းပေးမည်။
◆ ဖယ်ရီကြိုပို့ ◆
အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
Email Address သို့လည်းပေးပို့လျှောက်ထားနိုင်ပါသည်။
goldyacht.hr@gmail.com
အမှတ်(၈၂)တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်း၊ လှိုင်သာယာ၊ စက်မှုဇုန်(၁)။
01-684126, 09-5088890,09-43177001

Environment

7 DAY NEWS JOURNAL

Vol.12, No.48 • FEBRUARY 5 , 2014

# သံလွင်မြစ်ရေကာတာ ရပ်တန့်ရန် ဆန္ဒပြုလက်မှတ်ရေးထိုးခြင်း လှုပ်ရှားမှုတစ်ခု ဖေဖော်ဝါရီလတွင် စတင်မည်

**အိဖြူမွန်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁**

သံလွင်မြစ်ရေကာတာ အလိုမရှိကြောင်းနှင့် ရပ်တန့်ရန် ဆန္ဒပြုလက်မှတ်ရေးထိုးခြင်း လှုပ်ရှားမှုတစ်ခုကို ဖေဖော်ဝါရီလအတွင်း စတင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ရက်အဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။

သံလွင်မြစ်သည် နိုင်ငံတကာမြစ်များ စာရင်းတွင် ဆည်စီမံကိန်း လုံးဝမတည်ဆောက်ရသေးသော မြစ်တစ်စင်းဖြစ်ပြီး ဆည်စီမံကိန်းများရှိသည့်အခြားမြစ်များနှင့်နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုနည်းပါးသော မြစ်တစ်စင်းဖြစ်ကြောင်း၊ မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာခြောက်ခုကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုများရှိလာမည်ဖြစ်၍ ရေကာတာ တည်ဆောက်ခြင်းကိုကန့်ကွက်ရခြင်းဖြစ်ကြောင်း အဆိုပါကွန်ရက်အဖွဲ့ကဆိုသည်။

သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများမှ လျှပ်စစ်ဓာတ်အား ၉၀ ရာခိုင်နှုန်းကိုတရုတ်နှင့်ထိုင်းနိုင်ငံသို့ ရောင်းချမည်ဖြစ်ပြီးကျန်ရှိသောလျှပ်စစ်ဓာတ်အားအနည်းငယ်ကိုမည်သို့ဖြန့်ဝေသုံးစွဲမည်ကို အစိုးရကယနေ့အချိန်ထိထုတ်ပြန်ထားခြင်းမရှိကြောင်း၊ ရွှေ့ပြောင်းခံဒေသခံများအတွက် မည်မျှအကျိုးခံစားရမည်၊ မည်သို့ ထိခိုက်နစ်နာမည်ကိုလည်း ထည့်တွက်ခြင်းမရှိဟု ဆည်စီမံကိန်းများနှင့်ပတ်သက်ပြီးအစိုးရ၏ ပွင့်လင်းမြင်သာမှုမရှိခြင်းကိုထောက်ပြဝေဖန်လိုက်သည်။

ဆည်စီမံကိန်းများသည်နားလည်မှုစာချွန်လွှာ (MOU)ရေးထိုးပြီးကာလဖြစ်သောကြောင့်ဖြစ်မြောက်နိုင်စွမ်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းများကို သုတေသနပြုနေခြင်းဖြစ်၍ လုပ်ငန်းမစတင်ရသေးကြောင်း၊ အဆိုပါဆည်စီမံကိန်းများနှင့်ပတ်သက်ပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

ရေကာတာများ တည်ဆောက်ရန်ပြင်ဆင်နေစဉ်ကာလအတွင်း ရေကာတာအနီးတစ်ဝိုက်ရှိ ရေလွှမ်းမိုးနိုင်သောရွာများကိုဆန္ဒမပါဘဲ အိမ်ရာပြောင်းရွှေ့ခြင်း၊လယ်ယာမြေများသိမ်းဆည်းခြင်းများကိုအစိုးရကပြုလုပ်နေပြီးဒေသခံများထိခိုက်မှုများစွာရှိနေကြောင်း ကွန်ရက်ကဆိုသည်။

သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းခြောက်ခုနှင့် ပတ်သက်၍ ကန့်ကွက်ဆန္ဒခံယူပွဲကို မတ်လတွင်ကျင်းပပြုလုပ်ရန်မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာ ကွန်ရက်အဖွဲ့ လျာထားသည်။

အဆိုပါ ကွန်ရက်အဖွဲ့တွင် ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးအဖွဲ့၊ ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့၊ ကရင်နီ လူမှုအဖွဲ့အစည်းများကွန်ရက်၊ သံလွင်ချစ်သူနှင့် တိုးတက်သောမွန်လူငယ်များအစည်းအရုံးတို့စုပေါင်းပြီးသံလွင်မြစ်နှင့်ပတ်သက်ပြီး ဆယ်နှစ်ကျော်သုတေသနပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

တည်ဆောက်မည့် နေရာများတွင် ကေအင်န်ယူတပ်မဟာ (၅)၊ တပ်မဟာ(၇)၊ ဒီကေဘီအေ နယ်ခြားစောင့်တပ်ဖွဲ့၊ မွန်ပြည်သစ်ပါတီနှင့် အခြားလက်နက်ကိုင်တိုင်းရင်းသားများရှိသည်။

## ပဲခူး၊ နေပြည်တော်၊ ဖြူးတို့တွင် မြေငလျင်အန္တရာယ် အရေးတကြီး စောင့်ကြည့်ရမည့် အချိန်ရောက်ဟု ငလျင်ပညာရှင် သတိပေး

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

နှစ်ပေါင်းတစ်ရာအတွင်း အင်အားပြင်းငလျင် လှုပ်ခတ်နိုင်သည်ဟု ခန့်မှန်းထားသော ပဲခူး၊ နေပြည်တော်နှင့်ဖြူး မြို့သုံးခုသည် ယခုအခါနှစ်ပေါင်း ရှစ်ဆယ်ကို ရောက်ရှိနေပြီဖြစ်သောကြောင့် အရေးကြီး စောင့်ကြည့်ရမည့် အချိန်ကာလကိုရောက်ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံငလျင်ကော်မတီအထွေထွေအတွင်းရေးမှူး ဦးစိုးသူရထွန်းက ပြောသည်။

"ဒီအချိန်က အရေးအကြီးဆုံးအချိန်ပါ။ ကျန်တဲ့အချိန်နည်းလာတယ်။ သေချာစောင့်ကြည့်ရတော့မယ်။ လှုပ်ခတ်မယ့်အချိန်နောက်ဆုတ်သွားရင် ငလျင်လှိုင်းက ပြင်းထန်ပါတယ်။ အင်အား ၇ အထက်မှာရှိပါလိမ့်မယ်"ဟု ဦးစိုးသူရထွန်းက ပြောသည်။

ပဲခူး၊ နေပြည်တော်နှင့် ဖြူးပြတ်ရွေ့ကြောများကို လေ့လာသုတေသနပြုလုပ်ပြီး မကြာမီပြီးစီးမည်ဖြစ်သောကြောင့် မြို့ကြီးများတွင် ဘေးအန္တရာယ်များသော အဆောက်အအုံများ၊ ငလျင်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်သင့်ကြောင်း ၎င်းပုဂ္ဂိုလ်က အကြံပေးပြောကြားသည်။

အဆိုပါ ဒေသသုံးခုတွင် ၁၉၃၀ပြည့်နှစ်က အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ပြီး ယခုအကြိမ်အထိ ထိုသို့ပြင်းထန်သောငလျင်တစ်ကြိမ်တစ်ခါမျှလှုပ်ခတ်ခြင်းမရှိသောကြောင့် တစ်ကျော့ပြန်အင်အားကြီးငလျင်လှုပ်ခတ်နိုင်သည်ဟု မြေငလျင်ပညာရှင်များက ခန့်မှန်းခြင်းဖြစ်သည်။

အင်အားကြီးငလျင်များမှာ လှုပ်ခတ်ပြီးနောက်နှစ်ရှစ်ဆယ်မှ တစ်ရာဝန်းကျင်အတွင်းတစ်ကျော့ပြန်လှုပ်ခတ်နိုင်သော ကာလဟု ပညာရှင်များက သတ်မှတ်ထားသည်။ အင်အားလျော့နည်းသည့် ငလျင်လှုပ်ခတ်သည် အကြိမ်အရေအတွက်စိပ်လာခြင်းသည်အင်အားပြင်းထန်သောငလျင်၏ ရှေ့ပြေးနိမိတ်ဖြစ်၍ ထိုသို့လက္ခဏာပြသလာပါက သေချာဂရုစိုက်စောင့်ကြည့်သင့်သည်ဟုဘူမိကျွမ်းကျင်ပညာရှင်များကဆိုသည်။

၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းငလျင် လှုပ်ခတ်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့ခြင်းမရှိခဲ့ချေ။ ထိုအင်အားပြင်း ငလျင်ကြောင့် လူ ၇၀ ဦး သေဆုံးခဲ့ပြီး ၃၂ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိုငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သိန်းပေါင်းတစ်သောင်းသုံးထောင်ကျော်ရှိသည်။

မြေငလျင်မည်သည့်အချိန်လှုပ်မည်ကို ကမ္ဘာတွင်မည်သည့်ပညာရှင်မှ ကြိုတင်မခန့်မှန်းနိုင်သေးပေ။ သို့သော် မြေငလျင်ကြောရှိသော အင်အားကြီးငလျင် လှုပ်ခတ်ဖူးသောဒေသများတွင်မြေငလျင်လှုပ်နိုင်သည်ကို အချိန်အတိအကျမ ပြောနိုင်သော်လည်း ပညာရှင်များက မည်သည့် နေရာတွင် ငလျင်လှုပ်ခတ်နိုင်သည်ကို မှန်အောင်ခန့်မှန်းနိုင်သည်။

## မျောက်တံငါကို စင်ကာပူနိုင်ငံမှ ပညာရှင်တစ်ဦး လာရောက်လေ့လာမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ပြုန်းတီးမှု အန္တရာယ်နှင့်ကြုံရမည့်အဆင့်သို့ ရောက်သွားနိုင်သော သတ္တဝါအဖြစ်သတ်မှတ်ထားသည့်မျောက်တံငါကိုစင်ကာပူနိုင်ငံမှ ပညာရှင်တစ်ဦး လာရောက်လေ့လာမည်ဟုသတင်းရရှိသည်။

စင်ကာပူနိုင်ငံ၊ နန်းယန်းတက္ကသိုလ်မှ ပညာရှင်တစ်ဦးသည် မျောက်တံငါ၏နေထိုင်ကျက်စားမှု အလေ့အထတို့ကို လာရောက်သုတေသနပြုလုပ်ရန် မတ်လတွင် လာရောက်မည်ဟု ရခိုင်ကမ်းရိုးတန်းလူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများပြန်လည်တည်ဆောက်ရေးစီမံကိန်းမန်နေဂျာဦးဝင်းမောင်ကပြောသည်။

ယင်းပညာရှင်သည် မျောက်တံငါနေထိုင်ကျက်စားရာရခိုင်ကမ်းရိုးတန်းဒေသနှင့် တနင်္သာရီတိုင်းဒေသများသို့သွားရောက်၍ သုတေသနပြုလုပ်မည်ဟု ၎င်းကဆိုသည်။

"မျောက်တံငါက ဒီရေတောတွေကြားမှာ နေထိုင်ကျက်စားတာ။ သူရဲ့ သဘာဝကိုသုတေသနပြုချင်လို့ မတ်လလောက်လာမှာ။ ပြီးခဲ့တဲ့ရက်က အဲဒီမျောက်ကိုအချက်အလက်တွေ လာလေ့လာသွားတယ်"ဟုဦးဝင်းမောင်ကပြောသည်။ မျောက်တံငါသည်ပင်လယ်ကမ်းခြေနှင့်နီးသည့် သစ်တောများ၊ ဒီရေတောများတွင်ကျက်စားလေ့ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီတိုင်းတို့တွင် တွေ့နိုင်ပြီး မြန်မာနိုင်ငံတွင် ကောင်ရေများစွာတွေ့ရှိနိုင်ကြောင်း သိရသည်။

မျောက်တံငါသည် မျိုးပြုန်းတီးမှုအန္တရာယ်ရှိနေသောသတ္တဝါများ သစ်ပင်များနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာရောင်းဝယ်မှုသဘောတူမှတ်တမ်းစာရင်းတွင် အဆင့် ၂ အဖြစ် သတ်မှတ်ထားသည်။



*မျောက်တံငါ*

ဓာတ်ပုံ - wikipedia

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ရုံးခွဲများ ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုးခုတွင် ဖွင့်လှစ်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

လာမည့်ဘဏ္ဍာရေးနှစ် ၂နှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ရုံးခွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သတင်းရရှိသည်။

လာမည့်(၂၀၁၄-၁၅)ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။ (၂၀၁၅-၁၆)ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ချင်း၊ ကယားနှင့် ကရင်ပြည်နယ်တို့တွင် ဖွင့်လှစ်မည် ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယခုအခါ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးခွဲများကို ၂၀၁၃ အောက်တိုဘာ ၁ ရက်၌ ဖွင့်လှစ်ခဲ့သည်။

နေပြည်တော်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ၂၀၁၂ အောက်တိုဘာ ၁ ရက်၌ ဖွင့်လှစ်ခဲ့ပြီး တစ်နှစ်အကြာတွင် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်နေခြင်းဖြစ်သည်။

Tourism

7 DAY NEWS JOURNAL

Vol.12, No.48 • FEBRUARY 5 , 2014

# မြန်မာလေကြောင်းလိုင်းများ နာရီတာ လေဆိပ်သို့ ဆင်းသက်ခွင့်ရ

**ခန့်ထက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ပြင်ဆင်ချုပ်ဆိုခဲ့သော မြန်မာ-ဂျပန်လေကြောင်း သဘောတူစာချုပ်ကြောင့်မြန်မာနိုင်ငံမှလေကြောင်းလိုင်းများ ပုံမှန်ခရီးစဉ်ဖြင့် ယခင်က ဆင်းသက်ခွင့်မရသောတိုကျိုမြို့နာရီတာလေဆိပ်သို့ ဆင်းသက်နိုင်မည်ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မြန်မာနှင့် ဂျပန်ချုပ်ဆိုထားသော လေကြောင်း သဘောတူစာချုပ်ကို ဇန်နဝါရီ ၃၀ ရက်က ပြင်ဆင်ချုပ်ဆိုခဲ့ပြီး စာချုပ်အရ ယခင်က နှစ်နိုင်ငံအကြား လေကြောင်းလိုင်းတစ်လိုင်းစီသာပြေးဆွဲခွင့်ရှိရာမှယခုအခါလေကြောင်းလိုင်းအကန့်အသတ်မရှိ ပျံသန်းမည်ဖြစ်ကြောင်း လေကြောင်းဦးစီးညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းကပြောသည်။

ယခင်က ချုပ်ဆိုထားသောစာချုပ်အရ မြန်မာနိုင်ငံမှ လေကြောင်းလိုင်းများသည် ဂျပန်နိုင်ငံကပိတ်ဆို့ထားသောတိုကျိုမြို့နာရီတာလေဆိပ်၊ ဟန်နာဒါလေဆိပ်များသို့ ဆင်းသက်ခွင့်မရဘဲ အိုဆာကာ လေဆိပ်တစ်ခုတည်းကိုသာ ဆင်းသက်ခွင့်ရကြောင်း သိရသည်။

"အဲဒါကို ဂျပန်ဘက်က ဖြေလျှော့ပေးလိုက်တဲ့ အနေနဲ့မြန်မာ့လေကြောင်းလိုင်းတွေ အနေနဲ့ တိုကျိုမှာ ရှိတဲ့နာရီတာ လေဆိပ်ကို ဆင်းခွင့်ပြုမယ်ဆိုတဲ့အချက်ကိုပြင်ဆင်ခဲ့တယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းကပြောသည်။

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ကိုရီးယား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် လေကြောင်း သဘောတူစာချုပ်များ ပြင်ဆင်ချုပ်ဆိုခဲ့ပြီး လေကြောင်းခရီးစဉ်များကိုတိုးချဲ့ခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာလေကြောင်းလိုင်း ၂၇ လိုင်းပြေးဆွဲလျက်ရှိရာ ဂျပန်နိုင်ငံမှANAလေကြောင်းလိုင်းက ရန်ကုန်-နာရီတာ တိုက်ရိုက်ပုံမှန်ခရီးစဉ်ပြေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံမှ MAI လေကြောင်းလိုင်းမှာလည်းဂျပန်နိုင်ငံသို့ စင်းလုံးငှားခရီးပြေးဆွဲလျက်ရှိပြီး ယခုနှစ်အတွင်း ဂျပန်သို့ ပုံမှန်ခရီးစဉ် ပြေးဆွဲသွားရန် ရှိကြောင်း သတင်းရရှိသည်။

MAI မှ ဂျပန်ခရီးစဉ်အပြင် ကိုရီးယားခရီးစဉ်ပါ ပြေးဆွဲမည်ဖြစ်ရာ တစ်ပတ်လျှင် သုံးရက်ခန့်ပြေးဆွဲရန် လျာထားပြီး ခရီးသည်နှင့် ကုန်ပစ္စည်းရရှိမှုအပေါ် မူတည်၍ တိုးချဲ့သွားရန်ရှိကြောင်း MAI မှ ဈေးကွက်ရှာဖွေရေးနှင့် ပြည်သူ့ဆက်ဆံရေးအရာရှိ ဒေါ်အေးမရသာက ပြောကြားသည်။

မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံသားဝင်ရောက်မှုမြင့်တက်လာပြီး ၂၀၁၃ နှစ်ကုန်တွင် ဦးရေခုနစ်သောင်းနီးပါး ဝင်ရောက်ခဲ့ကာ နိုင်ငံအလိုက်ဝင်ရောက်မှုအများဆုံးစာရင်း အဆင့်သုံးနေရာတွင် ရှိနေခဲ့သည်။

ထို့အပြင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံအတွက် ဂျပန်ပြည်ဝင်ခွင့်ဗီဇာကို တစ်ကြိမ်လျှင် ၁၅ ရက် သုံးနှစ်သက်တမ်းရှိဗီဇာကို ဇန်နဝါရီ ၁၅ ရက်မှ စတင်၍ တိုးမြှင့်ပေးခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ပုဂံမှ ယဉ်ကျေးမှုဇုန်ဝင်ကြေး၏ ၁၅ ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေးလုပ်ကိုင်ရန် ညှိနှိုင်းနေ

**ခန့်ထက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ပုဂံဒေသမှ ကောက်ခံရရှိသော ဇုန်ဝင်ကြေးများအနက် ၁၅ ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ထံ ပေးအပ်ရန် ညှိနှိုင်းနေကြောင်း ယင်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ပုဂံဒေသတွင် နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်ရာမှ ကောက်ခံရရှိသော ဇုန်ဝင်ကြေးများအနက် ၁၅ ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသ၏အကြောင်း နိုင်ငံတကာသို့ ကြော်ငြာရန်လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ပေးအပ်ရန် ညှိနှိုင်းဆွေးနွေးနေကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် အဖွဲ့ဝင် ဦးဇော်ဝင်းချိုက ပြောကြားသည်။

"နိုင်ငံတော်က ခွင့်ပြုပေးနိုင်ဖို့ ယဉ်ကျေးမှုဝန်ကြီး ဌာနနဲ့ ညှိနှိုင်းဆွေးနွေးနေတယ်" ဟု အဖွဲ့ဝင်ဦးဇော်ဝင်းချိုက ပြောသည်။

ယင်းသို့ လုပ်ဆောင်နိုင်ရေးအတွက် ဒေသမြို့မိမြို့ဖများ၊ စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၏ ထောက်ခံချက်ကို ရယူပြီး ဆောင်ရွက်သွားရန်ရှိကြောင်း ဦးဇော်ဝင်းချိုက ပြောကြားသည်။

ယင်းသို့ ဇုန်ဝင်ကြေးများကို ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ခြင်းသည် ခရီးသွားလုပ်ငန်းတွင် ဒေသခံများပါ ပူးပေါင်းဆောင်ရွက်လာနိုင်ပြီး အလွန်ကောင်းမွန်သော ကိစ္စဖြစ်ကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်း တာဝန်ရှိသူ ကိုအောင်ထွန်းလင်းက ပြောသည်။

"ရတဲ့ ဇုန်ဝင်ကြေးတွေကို သက်ဆိုင်ရာ ဒေသတွေမှာ ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လုပ်ပေးတယ်ဆိုတော့ ဒေသခံတွေကပါ ခရီးသွားလုပ်ငန်းကို ပူးပေါင်းပါဝင်လာနိုင်တယ်။ ဒီအတိုင်းထားရင် သူတို့အတွက် ဒီလုပ်ငန်းက အကျိုးအမြတ်မရှိဘူးလို့ ထင်လာနိုင်တယ်" ဟု ၎င်းက ပြောကြားသည်။

ပုဂံသို့ နိုင်ငံခြားသား တစ်ဦးတစ်ပတ်လည်ပတ်ပါက ဇုန်ဝင်ကြေး အမေရိကန် ဒေါ်လာ ၁၅ ဒေါ်လာ ပေးဆောင်ရပြီး ၂၀၁၃ နှစ်ကုန်တွင် နိုင်ငံခြားသားဦးရေ နှစ်သိန်းခွဲနီးပါးဝင်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

# ငါးထပ်ကြီးဘုရားသို့ ပြည်တွင်းဘုရားဖူးထက် နိုင်ငံခြားသား လာရောက်မှုပိုများ

**ဇေနွေထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂**

နှစ်ပေါင်းတစ်ရာကျော် သမိုင်းဝင် ငါးထပ်ကြီး ဘုရားသို့ နယ်စုံမှ ဘုရားဖူးများနှင့် ကမ္ဘာလှည့်ခရီးသွားများသာ ပိုမိုဝင်ရောက်လေ့လာကြောင်း ဂေါပက အဖွဲ့ထံမှ သတင်းရရှိသည်။

"နယ်ဘုရားဖူး တော်တော်များများလာတယ်။ အညာဒေသက လူတွေနဲ့ ကချင်၊ ချင်း၊ ရှမ်းတွေလည်း လာတယ်။ နိုင်ငံခြားသားတွေထဲကဆိုရင် ထိုင်းအဝင်များတယ်။ ခုရက်ပိုင်း အမေရိကန်တွေလည်း လာတယ်။ တစ်လကို နိုင်ငံခြားသား ၃၀၀ လောက်လာတယ်" ဟု ဂေါပက အဖွဲ့ဝင် တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်အောက်တိုဘာမှစ၍ ကမ္ဘာလှည့် ခရီးသွားများကို နိုင်ငံခြားဒေါ်လာ မကောက်ခံတော့ဘဲ ကင်မရာခွန်ကြေး ကင်းလွတ်ခွင့်၊ ဖိနပ်အပ်ခွင့်၊ သန့်စင်ခန်းအသုံးပြုခွင့်၊ ကားပါကင်နေရာများကို အခမဲ့ ပေးထားကြောင်း ဂေါပကဦးတင်မြင့်က ရှင်းပြသည်။

စေတီမွမ်းမံရန်အတွက်နိုင်ငံခြားသားများ ထည့်ဝင်လှူဒါန်းလိုပါက အလှူခံပုံးဖြင့် နှစ်သက်သလောက် ထည့်ဝင်နိုင်ရန်သာ အလှူခံပုံး ပြုလုပ်ပေးထားသည်။

ဝါတွင်းဥပုသ်နေ့တိုင်း တရားပွဲများ ပုံမှန် ကျင်းပလေ့ရှိသည့် ယင်းဘုရားကြီး၌ ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ဆွမ်းသိမ်းပွဲများတွင် ဘုရားဖူးများဖြင့် လွန်စွာစည်ကားကြောင်း ယင်းအနီးနေထိုင်သူ အချို့ထံမှ သိရသည်။

ဘုရားဖူးကတော့ လာတာနည်းတယ်။ ရွှေတိဂုံစေတီပဲ အသွားများကြတယ်လေ။ နိုင်ငံခြားသားတွေသာ လေ့လာရေးအနေနဲ့ လာကြတယ်" ဟု ငါးထပ်ကြီးဘုရားအနီးရှိ တက္ကစီဒရိုင်ဘာ တစ်ဦးက ဆိုသည်။

၁၁၃ နှစ်ပြည့် ငါးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ပြီးခဲ့သည့်လ ၁၂ ရက်က ကျင်းပပြီးစီးခဲ့သည်။ ငါးထပ်ကြီးဘုရားကြီး၏ သံစေတီကို မတ်လအမီ ရွှေသက်န်းကပ်ရန် ခန့်မှန်းခြေ ကျပ်သိန်း ၆၀ ကျော် ကုန်ကျမည်ဖြစ်၍ အလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014
















7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014



# သူတို့ကို မြေကြီးထဲမှာပဲနေပါစေ

ခင်မေဇော်(ဝါရှင်တန်ဒီစီ) ဘာသာပြန်ဆိုသည်။

သတ္တုတူးဖော်ရေးကုမ္ပဏီအကြီးအကဲအဖြစ်မှ သဘာဝဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူဖြစ်လာသည့် အီယန်ဒန်းလော့ပ်က ရာသီဥတုဖောက်ပြန်မှုနှင့် စီးပွားရေးပျက်သုဥ်းမှုကို ရှောင်လွှဲနိုင်ရန်အတွက် သတ္တုတူးဖော်ရေးကော်ပိုရေးရှင်းများအနေဖြင့် ၎င်းတို့၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းများကို စွန့်လွှတ်ရန် လိုအပ်ကြောင်း ပြောဆိုလိုက်သည်။ ဩစတြေးလျကျောက်မီးသွေးအသင်းဥက္ကဋ္ဌဟောင်းနှင့် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စက်မှုလုပ်ငန်းဥက္ကဋ္ဌဖြစ်ခဲ့ပြီး ယခုအခါ Safe Climate Australia ကို ဦးဆောင်နေသူဖြစ်သည်။ ပြီးခဲ့သည့်လက BHP သတ္တုတူးဖော်ရေးကုမ္ပဏီကြီး၏ ဘုတ်အဖွဲ့ဝင်အဖြစ် သဘာဝဝန်းကျင်ပြောင်းလဲခြင်းအတွက် ဝင်ရောက်အရွေးခံခဲ့သည်။ သူ့ကို New Scientist မဂ္ဂဇင်းက ၂၀၁၃ ဒီဇင်ဘာက မေးမြန်းခဲ့သည်။



**ခင်ဗျားက အခု ကာဗွန်လျှော့ချတဲ့လုပ်ငန်းတွေအတွက် ဆော်ဩနေတယ်။ ကမ္ဘာ့အကြီးဆုံးသတ္တုတူးဖော်ရေးကုမ္ပဏီ BHP ဘုတ်အဖွဲ့ရဲ့ဥက္ကဋ္ဌရာထူးကို ဘာကြောင့် လိုချင်ရတာလဲ။**

အဲဒီနေရာကိုရရင် ရာသီဥတုဖောက်ပြန်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဒီထက်ထဲထဲဝင်ဝင် ဆွေးနွေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုအဆိုးရွားဆုံးဖြစ်မလာခင် ကာကွယ်ချင်တယ်ဆိုရင် ကျွန်တော်တို့ဟာ အရေးပေါ် တားဆီးတဲ့ လုပ်ရပ်တွေလုပ်ဖို့ လိုပါတယ်။ အစိုးရက မှန်ကန်တဲ့မူဝါဒတွေကို ချမှတ်ဖို့ကော်ပိုရေးရှင်းတွေက စောင့်နေခဲ့ကြတယ်။ ဒါပေမဲ့ အစိုးရက ဒီလို လိုအပ်နေတဲ့ ဦးဆောင်မှုမျိုးကို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးဆိုတာကို သိလာရပြီ။ ဒီတော့ အမှန်တကယ် ကာကွယ်တားဆီးရေးလုပ်တာကို မြင်ချင်ရင် စီးပွားရေးလုပ်ငန်းကြီးတွေကပဲ ဒါကိုဦးဆောင်ရပါလိမ့်မယ်။

**လုပ်ငန်းကြီးတွေက ဘာကြောင့်ဦးဆောင်သင့်ပါသလဲ။**

သူတို့ရဲ့အကျိုးစီးပွားကြောင့်ပါပဲ။ သိပ္ပံပညာအရကြည့်ရင်ကျွန်တော်တို့ဟာ လက်ရှိမူအရဆိုရင် ဒီရာစုနှစ်အကုန်မှာ အပူချိန်ဟာ လေးဒီဂရီစင်တီဂရိတ် ထပ်ပြီးတိုးလာမယ့် ကမ္ဘာကို ဦးတည်နေကြတယ်။ အဲဒီလိုကမ္ဘာမျိုးမှာ စီးပွားရေးလုပ်လို့မရဘူး။ အစုရှယ်ယာဝင်တွေရဲ့ တန်ဖိုးအပေါ် ထိခိုက်နိုင်မှုက အတော်ကြီးပါတယ်။

**ခင်ဗျားက BHP ဘုတ်အဖွဲ့ဥက္ကဋ္ဌဖြစ်ဖို့မဲအရေအတွက်ရဲ့ လေးရာခိုင်နှုန်းပဲ ရထားတယ်။ ဒါက ရှုံးသွားပြီလို့ ယူဆလို့ရသလား။**

ဘုတ်အဖွဲ့က ကျွန်တော့်ကိုမရွေးချင်ပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ မဲတွေကို လိုပါတယ်။ သူတို့ထဲက အများအပြားက ကျွန်တော့်ကိုထောက်ခံကြပါတယ်။ ဒါပေမဲ့ လက်ရှိဘုတ်အဖွဲ့ကို အယုံအကြည်မရှိဘူးဆိုတာကိုလည်း ပြဖို့တွန့်ဆုတ်နေကြတယ်။ ဒါက အစပဲရှိပါသေးတယ်။ ကျွန်တော် ထပ်ပြီးကြိုးစားဦးမှာပါ။ အရှုံးလို့မယူဆပါဘူး။

**BHP လို ကုမ္ပဏီအနေနဲ့ ဘာလုပ်သင့်ပါသလဲ။**

ပထမဆုံးကတော့ ကျောက်မီးသွေးတူးဖော်မှုအပေါ် ရင်းနှီးမြှုပ်နှံတာကို ရပ်လိုက်ပါ။ အဲဒီနောက် တဖြည်းဖြည်း လုပ်ငန်းကိုလုံးဝရပ်လိုက်ရမှာပါ။ ဒါပေမဲ့ အခု ဩစတြေးလျမှာ ဖြစ်နေတာကတော့ လာမယ့် ၁၀ နှစ် ၁၅ နှစ်မှာ ကျောက်မီးသွေး နောက်တစ်ဆတိုးပြီး တင်ပို့ဖို့နဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကို လေးဆတိုးဖို့ပြောနေပါတယ်။ ဒါက ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးပစ်နေတာပဲ။

**အပြောင်းအလဲတွေကို လက်တွေ့မှာ ဘယ်လိုလုပ်ဆောင်လို့ရနိုင်မလဲ။**

ဒီသယံဇာတအရင်းအမြစ်တွေအပေါ် ရင်းနှီးမြှုပ်နှံမှုကို ဘယ်လိုပြောင်းလဲရမလဲလို့ မေးစရာကို မလိုတော့ပါဘူး။ သဘာဝဝန်းကျင်ရှုထောင့်ကကြည့်ရင် ဒီနည်းက ပြဿနာကို ဘယ်လိုမှ ဖြေရှင်းမပေးနိုင်ပါဘူး။ ဒီသယံဇာတတွေကို မြေကြီးထဲမှာပဲ သူ့အတိုင်းထားလိုက်ရမှာပါ။

**ကျန်တဲ့ သယံဇာတတွေကရော။**

စတီးလုပ်တဲ့ ကျောက်မီးသွေးကတော့ နည်းနည်းကွဲပြားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကာဗွန်ထွက်ရှိမှုနည်းတဲ့ စီးပွားရေးကို ဖန်တီးချင်ရင် ကျွန်တော်တို့က စတီးကို လိုပါတယ်။ ရေနံကလည်း သယ်ယူပို့ဆောင်ရေးအတွက် အဓိကလောင်စာအနေနဲ့ဆက်လိုနေဦးမှာပဲ။ ကျွန်တော်တို့မှာ အစားထိုးလောင်စာမရှိသေးပါဘူး။ ဒါပေမဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကို ပုံမှန်မဟုတ်တဲ့ ထုတ်လုပ်မှုတွေကနေ ဘာတွေသက်ရောက်မှုရှိတယ်ဆိုတာကို ဒီထက်ပိုပြီး သဘောပေါက်နားလည်ဖို့ လိုနေပါတယ်။ ပိုတာရှ် (Potash)မှာ ပိုပြီးရင်းနှီးမြှုပ်နှံသင့်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ မြေဩဇာပြဿနာ ရှိလာနိုင်တယ်။ ယူရေနီယမ်လည်း ဒီလိုပဲ။ စွမ်းအင်ပေါင်းစပ်ထုတ်ရာမှာ ချူကလီးယားကို တစ်စိတ်တစ်ပိုင်း လိုအပ်နေလို့ပါပဲ။

**ကုမ္ပဏီတစ်ခုတည်းက လုပ်လို့တော့ မရနိုင်ဘူးမဟုတ်ဘူးလား။**


စုပေါင်းအဖွဲ့ဖွဲ့ပြီး လုပ်ဖို့တော့လိုတယ်။ လွယ်လွယ်တော့ လုပ်လို့မရဘူး။ အခြေအနေတွေကို ပြောင်းလဲပစ်နိုင်တဲ့ အင်အားရှိတဲ့၊ လုံလောက်တဲ့အရင်းအနှီးရှိပြီး နားထောင်နိုင်တဲ့ အရည်အချင်းရှိသူ၊ အဲဒီလို စီးပွားရေးလုပ်ငန်းရှင်တွေကြားထဲမှာ ဖွဲ့နိုင်ဖို့လိုတယ်။ BHPs, Shells, BP နဲ့ Exx-ons တို့လိုထဲက ဖြစ်ဖို့လိုတယ်။

**စီးပွားရေးလုပ်ငန်းရှင်တွေ ပြောင်းလဲဖို့ ဘာကြောင့် ဒီလောက်ခက်ခဲနေရတာလဲ။**

ကုမ္ပဏီတွေနဲ့ စက်ရုံကြီးအများစုတို့က ရာသီဥတုပြောင်းလဲမှုကို ESG ပြဿနာလို့ ပြောနေသေးတယ်။ ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်းမှာ သဘာဝဝန်းကျင်၊ လူမှုရေးနဲ့ အုပ်ချုပ်မှု (Environment, Social and Governance)တွေက အဓိကပြဿနာဆိုပြီးတော့ ကျွန်တော်တို့ အလေးထားကြည့်ခဲ့ကြတယ်။ ဒါပေမဲ့ ESG ပြဿနာတွေက အစုရှယ်ယာတန်ဖိုးတွေနဲ့ ယှဉ်လိုက်ရင် ဒုတိယဦးစားပေးဖြစ်နေတယ်။ အစုရှယ်ယာတန်ဖိုးက ရာသီဥတုပြောင်းလဲမှုနဲ့ ဘာမှမပတ်သက်ဘဲ သီးခြားရပ်တည်နေတယ်လို့ လူတွေက မြင်နေကြတယ်။ ကျွန်တော့်အတွက်တော့ ဒါဟာ မဟာအမှားကြီးပါပဲ။ ။

## Leader's Profile

# ဟောလိဝုဒ်တွင် အောင်မြင်မှုရသော ပထမဆုံးအာရှဒါရိုက်တာ ဂျွန်ဝူး



ရဲမင်း

ဂျွန်ဝူးသည် ဟောင်ကောင်ရုပ်ရှင်ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးသားသူနှင့် ထုတ်လုပ်သူဖြစ်သည်။ ရှုပ်ထွေးနေသော နောက်ခံနှင့် အက်ရှင်ဇာတ်ကားများအတွက် ကျော်ကြားပြီး ဩဇာကြီးမားသူဟုလည်း ရှုမြင်ခံရသူဖြစ်သည်။

ဂျွန်ဝူး၏ငယ်နာမည်မှာ ဝူယူရှန်းဖြစ်ပြီး ၁၉၄၆ ခုနှစ်အောက်တိုဘာလတွင် တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်၊ ဂွမ်ဇူးမြို့၌ မွေးဖွားခဲ့သည်။ တရုတ်ပြည်တွင်းစစ်အတွင်း မွေးဖွားခဲ့သော ဂျွန်ဝူးတို့မိသားစုမှာ ကွန်မြူနစ်တော်လှန်ရေးကာလအတွင်း မော်စီတုန်း၏ ဘူဇွာဆန့်ကျင်ရေးနှင့် ဖမ်းဆီးမှုများကြုံတွေ့ခဲ့သဖြင့် ဂျွန်ဝူး ငါးနှစ်သားအရွယ်တွင် ခရစ်ယာန်ဘာသာဖြစ်သော ဂျွန်ဝူးတို့မိသားစု ဟောင်ကောင်သို့ ထွက်ပြေးခဲ့ရသည်။ ဖခင်ဖြစ်သူမှာ ကျောင်းဆရာဖြစ်သော်လည်း တီဘီရောဂါကြောင့် အလုပ်ကောင်းစွာမလုပ်နိုင်ခဲ့ပေ။ မိခင်မှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့သည်။

ဂျွန်ဝူးမှာ အသက်သုံးနှစ်အရွယ်တွင်ပြင်းထန်သောရောဂါတစ်ခုကြောင့် ကျောရိုး၌ ခွဲစိတ်ကုသမှုခံရပြီး ရှစ်နှစ်သားအထိ လမ်းဖြောင့်ဖြောင့်မလျှောက်နိုင်ခဲ့ဘဲ ရလဒ်အဖြစ် ညာဘက်ခြေထောက်မှာဘယ်ခြေထက်တိုနေသည်။ ဂျွန်ဝူးသည် ခရစ်ယာန်စာသင်ကျောင်းတွင် ကျောင်းတက်ပြီး ခရစ်ယာန်ပညာရေးသာ သင်ယူခဲ့ရသည်။ ငယ်စဉ်က ခရစ်ယာန်ဘုန်းတော်ကြီး ဖြစ်လိုခဲ့သော်လည်း နောက်ပိုင်းတွင် ရုပ်ရှင်ဇာတ်ကားများကို အလွန်စိတ်ဝင်စားသွားခဲ့သည်။

အလွန်ရှက်တတ်ပြီး လူအများနှင့် ဆက်သွယ်ပြောဆိုရန် အခက်အခဲရှိခဲ့သော ဂျွန်ဝူးသည် ရုပ်ရှင်များမှတစ်ဆင့် ခံစားချက်များ၊ စိတ်ကူးများကို တင်ပြနိုင်သော နည်းလမ်းအဖြစ် စိတ်ဝင်စားလာသည်။

၁၉၆၉ ခုနှစ်တွင် ဂျွန်ဝူးသည် ဟောင်ကောင်ရှိ Cathay Studio တွင် ဇာတ်ညွှန်းကြီးကြပ်သူအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၇၁ ခုနှစ်တွင် Shaw Studio တွင် လက်ထောက်ဒါရိုက်တာဖြစ်လာပြီး နာမည်ရဒါရိုက်တာ ချန်ချေး၏ လက်အောက်တွင် ပညာသင်ခဲ့သည်။

ဂျွန်ဝူးသည် ၎င်း၏ပထမဆုံးဇာတ်ကားကို ၁၉၇၄ က ရိုက်ကူးသော The Young Dragons ကွန်ဖူးအက်ရှင်ဇာတ်ကားဖြင့် စတင်ခဲ့သည်။

ယင်းဇာတ်ကားတွင် အက်ရှင်မင်းသား ဂျက်ကီချန်းက ကွန်ဖူးတိုက်ကွက်များကို အသေးစိတ်စီစဉ်ခဲ့သည်။

နောက်ပိုင်းတွင် ဂျွန်ဝူးသည် Golden Harvest Studio ၌ အက်ရှင်ဇာတ်ကားများ ဆက်တိုက်ရိုက်ကူးခဲ့သည်။ ယင်းသို့ ရိုက်ကူးနေရာမှ ဂျွန်ဝူးမှာ ငြီးငွေ့လာပြီး ထိုင်ဝမ်သို့သွားရောက်၍ ရှောင်တိမ်းနေထိုင်ခဲ့သည်။

ထိုအချိန်မှာပင် ရုပ်ရှင်ဒါရိုက်တာနှင့် ထုတ်လုပ်သူဆူးဟက်က ဂျွန်ဝူးတစ်ယောက် ကြာရှည်စွာအိပ်မက်ခဲ့သော ဇာတ်ကား ရိုက်ကူးရေး ငွေကြေးထောက်ပံ့ပေးခဲ့သည်။ 'A Better Tomorrow' ဇာတ်ကားမှာလည်း ဟောင်ကောင်တွင် စံထားရသော အက်ရှင်ဇာတ်ကားပုံစံဖြစ်လာသည်။ The Killer (1989), Hard Boiled (1992), Red Cliff ဇာတ်ကားများမှာလည်း အောင်မြင်သောဇာတ်ကားများ ဖြစ်လာခဲ့သည်။

၁၉၉၃ ခုနှစ်တွင်ဂျွန်ဝူးသည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ပြီး ဗန်ဒိန်းနှင့် 'Hard Target' ဇာတ်ကားရိုက်ကူးခဲ့သည်။

ကနဦးတွင် အမေရိကန် ရုပ်ရှင်လုပ်ငန်းယဉ်ကျေးမှုနှင့် အသားမကျဖြစ်ခဲ့သော ဂျွန်ဝူးသည် ၁၉၉၆ ခုနှစ်တွင် Broken Arrow ဇာတ်ကားရိုက်ကူးခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် Face/OFF ဇာတ်ကားနှင့်အတူ ဂျွန်ဝူးမှာလည်း ဟောလိဝုဒ်တွင် အောင်မြင်ခဲ့ပြီး ကန်ရုပ်ရှင်အသိုင်းအဝိုင်းတွင် စီးပွားရေးအရ အောင်မြင်သော ပထမဆုံး အာရှဒါရိုက်တာအဖြစ်အသိအမှတ်ပြုခံခဲ့ရသည်။ ဆက်လက်၍ ဂျွန်ဝူးက Windtalkers, Paycheck နှင့် Mission: Impossible II ဇာတ်ကားများ ရိုက်ကူးခဲ့သည်။

၂၀၁၀ ပြည့်နှစ်က ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် တစ်သက်တာအောင်မြင်မှုဆု Golden Lion ရရှိခဲ့သူ ဂျွန်ဝူးသည် ဇနီးသည် အန်နီဝူးနှင့် သားသမီးသုံးဦး ထွန်းကားခဲ့ပြီး ၁၉၉၃ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံတွင် နေထိုင်ခဲ့သည်။

—*Ref: Wikipedia*

## ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် အီရန် နျူကလီးယားဆွေးနွေးပွဲ ဖေဖော်ဝါရီ ၁၈ရက်တွင် ကျင်းပမည်

**မြူးနစ်၊ ဖေဖော်ဝါရီ-၁**

အီရန်နိုင်ငံ၏ ထိန်းချုပ်ရခက်သော နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ နောက်ထပ်နိုင်ငံတကာဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျင်းပမည်ဟု အီးယူနိုင်ငံခြားရေးရာအကြီးအကဲ ကက်သရင်းအက်ရှ်တန်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ ဇန်နဝါရီ ၃၁ ရက်၌ တွေ့ဆုံဆွေးနွေးကာ သဘောတူညီခဲ့ကြကြောင်း အီးယူအရာရှိတစ်ဦးက ပြောသည်။

"ကျွန်မတို့ တကယ်စိတ်ဝင်စားဖို့ကောင်းတဲ့ တွေ့ဆုံဆွေးနွေးမှုတစ်ခုလုပ်ခဲ့ပါတယ်။ ဒီအခြေအနေမှာ အရေးအကြီးဆုံးရလဒ်ကတော့ ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနဲ့ အီရန်တို့ကြား ဆွေးနွေးပွဲတွေကို ဗီယင်နာမြို့မှာ ဖေဖော်ဝါရီ ၁၈ ရက်က စတင်ကျင်းပသွားမယ်လို့ ကျွန်မတို့ သဘောတူခဲ့ကြတာပါပဲ"ဟု မစ္စစ်အက်ရှ်တန်က ပြောသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် နိုင်ငံတကာဆွေးနွေးပွဲများကို မစ္စစ်အက်ရှ်တန်က ဦးဆောင်ခဲ့ပြီး နိုဝင်ဘာအတွင်းက ကနဦးသဘောတူညီမှုတစ်ရပ် ရရှိခဲ့သည်။

ယင်းသဘောတူညီမှုအရ အီရန်နျူကလီးယားအစီအစဉ် တချို့တစ်ဝက် ရပ်ဆိုင်းထားမည်ဖြစ်ပြီး နျူကလီးယားအစီအစဉ်ကို ပွင့်လင်းစွာဖော်ပြရန် အီရန်က သဘောတူထားသည်။

အပြန်အလှန်အားဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက အီရန်နိုင်ငံအပေါ် တားဆီးပိတ်ဆို့ထားမှုအချို့ကို ပယ်ဖျက်ပေးရန် သဘောတူညီခဲ့သည်။

ယင်းအချိန်အတွင်း အီရန်နိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုအသစ်များ မပြုလုပ်ရန် အမေရိကန်နှင့် အီးယူတို့က ကတိပေးထားသည်။

ကနဦးသဘောတူညီမှုအရ အီရန်နိုင်ငံက ၎င်း၏အဓိကကျသော နျူကလီးယားစက်ရုံများသို့ ဝင်ရောက်စစ်ဆေးခွင့်ပြုခဲ့ပြီး သန့်စင်ပြီး ယူရေနီယမ်များကိုလည်း လျှော့ချခဲ့သည်ဟု ကုလသမဂ္ဂ၏ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)က ဇန်နဝါရီ ၂၀ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

မိမိတို့၏နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးအတွက်သာဖြစ်သည်ဟု အီရန်နိုင်ငံက မကြာခဏပြောကြားခဲ့သော်လည်း နျူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု သံသယရှိသဖြင့်နိုင်ငံတကာက အီရန်နိုင်ငံအပေါ် တားဆီးပိတ်ဆို့ထားခဲ့သည်။

—*Ref: AFP*

## ဇန်နဝါရီလအတွင်း အကြမ်းဖက်မှုများတွင် လူတစ်ထောင်ကျော်သေဆုံးခဲ့ဟု အီရတ်အစိုးရပြော

**ဘဂ္ဂဒက်၊ ဖေဖော်ဝါရီ-၁**

၂၀၁၄ ဇန်နဝါရီလတွင် အီရတ်နိုင်ငံ၌ လူ ၁,၀၀၀ ကျော် သေဆုံးခဲ့သည်ဟု အီရတ်အစိုးရက ဇန်နဝါရီ ၃၁ ရက်တွင် တရားဝင်ဖော်ပြခဲ့သည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံတွင်း သွေးမြေကျမှုများ တစ်ဟုန်ထိုးမြင့်တက်လာမှုနှင့် စစ်သွေးကြွများနှင့် ဖြစ်ပွားလျက်ရှိသော မတင်မကျတိုက်ပွဲအခြေအနေများကို ရင်ဆိုင်ဖြေရှင်းနေရသည်။

ဇန်နဝါရီလတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သား ၇၉၅ ဦး၊ စစ်သား ၁၂၂ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၉၆ ဦး စုစုပေါင်း ၁,၀၁၃ ဦး သေဆုံးခဲ့သည်ဟု အီရတ်ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က စုဆောင်းထားသော သတင်းအချက်အလက်များက ဖော်ပြသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုများတွင် အရပ်သား ၁,၆၃၃ ဦး၊ စစ်သား ၂၃၈ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၅၃ ဦး စုစုပေါင်း ၂,၀၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွ ၁၈၉ ဦးကို သုတ်သင်နိုင်ခဲ့ပြီး စစ်သွေးကြွ ၄၅၈ ဦးကိုလက်ရဖမ်းဆီးနိုင်ခဲ့သည်။

၂၀၀၈ ခုနှစ်ဧပြီလပြီးနောက်တွင် ယခုနှစ် ဇန်နဝါရီလမှာ သေဆုံးသူဦးရေအများဆုံးလဖြစ်ခဲ့သည်ဟု အီရတ်အစိုးရစာရင်းတွင် ဖော်ပြသည်။

—*Ref: AFP*

## ယူရိုဇုန်တွင် ငွေကြေးဖောင်းပွမှုနှုန်း အလွန်နည်းပါးနေ၍ စီးပွားရေးပညာရှင်များ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်

**ဘရပ်ဆဲလ်၊ ဖေဖော်ဝါရီ-၁**

ယူရိုဇုန်ငွေကြေးဖောင်းပွမှုနှင့် အလုပ်လက်မဲ့နှုန်း ကိန်းဂဏန်းအချက်အလက်များ ထုတ်ပြန်လိုက်ပြီးနောက် ယူရိုဇုန်၏ အခြေမခိုင်သေးသော စီးပွားရေးပြန်လည်တိုးတက်မှုကို အကာအကွယ်ပေးရန် ဥရောပဗဟိုဘဏ်အား တိုက်တွန်းမှုများ ပိုများလာခဲ့သည်။

တရားဝင်ထုတ်ပြန်သော အချက်အလက်များအရ ဒီဇင်ဘာတွင် ၀ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သော ငွေကြေးဖောင်းပွမှုနှုန်းမှာ ဇန်နဝါရီတွင် ၀ ဒသမ ၇ ရာခိုင်နှုန်းသို့ ထပ်မံကျဆင်းခဲ့သည်။ ယင်းမှာ ဥရောပဗဟိုဘဏ် (ECB)က ရည်မှန်းထားသော ၂ ရာခိုင်နှုန်းထက် အလွန်နည်းနေသည်။

ထို့အတွက် ယူရိုဇုန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လမ်းကြောင်းလွဲသွားစေနိုင်သော ငွေကြေးနှင့်အရပ်ရပ်ဈေးနှုန်းများကျဆင်းလာနိုင်သည်လားဟူသည့် စိုးရိမ်ပူပန်မှုများ ကြီးထွားလာစေခဲ့သည်။

သီးခြားထုတ်ပြန်ချက်တစ်ရပ်တွင်မူ ဒီဇင်ဘာ အလုပ်လက်မဲ့နှုန်းမှာ မပြောင်းလဲဘဲ ၁၂ ရာခိုင်နှုန်းတွင် တန့်နေသည်။

ငွေကြေးနှင့် ကုန်ပစ္စည်းတန်ဖိုးများကျဆင်းမှု (deflation) အခြေအနေမှာ ကုန်ပစ္စည်းနှင့် ပိုင်ဆိုင်မှုအရပ်ရပ် တန်ဖိုးများ အချိန်ကြာမြင့်စွာ ကျဆင်းပြီး ကော်ပိုရေးရှင်းအမြတ်များ ကျဆင်းကာ လုပ်ခလစာတိုးတက်မှု မရှိခြင်း၊ ဈေးနှုန်းများထပ်မံကျဆင်းရေး စောင့်ဆိုင်းနေသော စားသုံးသူများကြောင့် အရောင်းအဝယ် အထနေးခြင်းများဖြစ်နိုင်သည်ဟု စီးပွားရေးပညာရှင်များက သတိပေးထားသည်။

—*Ref: BBC*

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# တာတာနာနိုနှင့် အခြားအိန္ဒိယကားငယ်များ ယာဉ်တိုက်မှုဒဏ်မခံနိုင်ဟု ကမ္ဘာလုံးဆိုင်ရာယာဉ်စစ်ဆေးရေးအဖွဲ့ထုတ်ပြန်

**နယူးဒေလီ၊ ဖေဖော်ဝါရီ-၄**

အိန္ဒိယနိုင်ငံထုတ် ကမ္ဘာ့စျေးအချိုဆုံး မော်တော်ကား တာတာနာနိုနှင့် အိန္ဒိယတွင် ရောင်းချနေသော လူကြိုက်များသည့် ကားငယ်များမှာ ကားတိုက်မှုဒဏ်ခံနိုင်ခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ရာတွင် စံချိန်မမီခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာယာဉ်အန္တရာယ်လုံခြုံစိတ်ချရမှုစစ်ဆေးရေးအဖွဲ့ New Car Assessment Programme (NCAP)က ထုတ်ပြန်ပြောကြားလိုက်သည်။

အိန္ဒိယတွင် ရောင်းအားကောင်းသော်လည်း လုံခြုံစိတ်ချရမှု စံချိန်မမီသည့် ကားအမှတ်တံဆိပ်များမှာ ကားငယ်အမျိုးအစားများဖြစ်သည့် တာတာနာနို၊ Suzuki-Maruti Alto 800၊ ဖို့ဒ်ဖီဂို၊ ဟွန်ဒိုင်း i10၊ ဗောက်စ်ဝက်ဂွန်ပိုလိုတို့ဖြစ်ကြပြီး ယင်းကားများမှာ ယာဉ်မောင်းသူအတွက် ယာဉ်တိုက်မှုဖြစ်ပါက ကာကွယ်ပေးနိုင်မှုကို ကြယ်ပွင့်များဖြင့် အဆင့်သတ်မှတ်ထားရာတွင် ကြယ်တစ်ပွင့်မှ မရခဲ့ကြောင်းဆိုသည်။ NCAP က ထိုကားများကို လေအိတ်အကာအကွယ်မပါဘဲ တစ်နာရီမိုင် ၄၀ (၆၄ ကီလိုမီတာ)နှုန်းဖြင့် မောင်းနှင်စေကာ အတားအဆီးတစ်ခုကို ခေါင်းချင်းဆိုင်တိုက်မိသည့်ပုံစံ စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့စမ်းသပ်ရာတွင် ကားများအားလုံးမှာ ယာဉ်မောင်းသူအတွက် ဆိုးရွားစွာအန္တရာယ်ရှိစေကြောင်း NCAP ၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေးဗစ်ဝက်ဘ်ကပြောသည်။ ၎င်းက ထိုသို့ကားများက အန္တရာယ်ကာကွယ်နိုင်မှုနည်းပါးရခြင်းမှာ စျေးပေါသည့်ကားများထုတ်နိုင်ရန် မက်လုံးပေးသည့်အနေဖြင့် အခွန်လျှော့ပေါ့ကောက်ခံထားသည့် စည်းမျဉ်းများကြောင့်ဟု အပြစ်တင်ထားပြီး ထိုကားများမှာ တည်ဆောက်ပုံအရ မတော်တဆမှုအဖြစ်များသော အိန္ဒိယနိုင်ငံ၏လမ်းများနှင့် မသင့်လျော်ကြောင်းဆိုသည်။

၎င်းက ကားများ၏ ခံနိုင်ရည်နှင့်ပတ်သက်၍ "နမူနာစမ်းသပ်မှုမှာ ထိခိုက်ဒဏ်ရာရနိုင်မှုမှတ်တမ်းတွေကို ကြည့်လိုက်တော့ ဦးခေါင်း၊ ခြေထောက်အပေါ်ပိုင်းတွေမှာရှိနေပြီး အနီရောင်အန္တရာယ်အဆင့်ပါပဲ။ ကားတိုက်မှုမှာ အသက်ရှင်နိုင်ခြေက အရမ်းပဲနည်းပါတယ်။ သေရင်သေ၊ မသေရင်လည်း အလွန်ပြင်းထန်စွာ ဒဏ်ရာရနိုင်ပါတယ်"ဟု ပြောသည်။ ၎င်းက မကြာမီနှစ်ပိုင်းက လက်တင် အမေရိကဒေသတွင်လည်း ထိုသို့ ပြဿနာများ ကြုံတွေ့ခဲ့ဖူးကြောင်း၊ သို့သော် ကားထုတ်လုပ်သူများက ပြင်ဆင်မွမ်းမံမှုများ စတင်လုပ်ဆောင်ခဲ့ပြီဖြစ်ကြောင်း ဆိုသည်။

NCAP အဖွဲ့သည် အိန္ဒိယကားများကို ကုလသမဂ္ဂက သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း ယာဉ်တိုက်မှုဖြစ်သည့် ပုံစံကို စစ်ဆေးကြည့်ခဲ့ခြင်းဖြစ်သည်။ စမ်းသပ်မှုတွင် ကားကိုတစ်နာရီ ၅၆ ကီလိုမီတာအောက်နှုန်းဖြင့်သာ မောင်းနှင်ပြီး မျက်နှာချင်းဆိုင်တိုက်မိသည့် အနေအထားဖြစ်အောင် ဖန်တီး၍ ဝင်တိုက်စေခဲ့ရာ မည်သည့်ကားမှ ထိုစံချိန်ကို မမီခဲ့ကြောင်းဆိုသည်။

အိန္ဒိယ ကားစျေးကွက်တွင် စျေးပေါသော ကားငယ်လေးများမှာ ရောင်းအားကောင်းပြီး ထိုကားများကို ကမ္ဘာ့နာမည်ကြီးကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများ အပြိုင်ထုတ်လုပ်ရောင်းချနေခြင်းဖြစ်သည်။ အိန္ဒိယသည် ကမ္ဘာတွင် လမ်းအန္တရာယ်နှင့် ယာဉ်မတော်တဆဖြစ်မှု အများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

—*Ref: AFP*



*မွမ်ဘိုင်းမြို့လမ်းမပေါ်တွင် သွားလာနေသော အိန္ဒိယ Tata Nano ကားကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်*

PUNIT PARANJPE/AFP

# မွတ်ဆလင်သူပုန်အဖွဲ့ ကလေးစစ်သားများသုံး၍ တိုက်ခိုက်နေဟု ဖိလစ်ပိုင်အစိုးရစွပ်စွဲ

**မနီလာ၊ ဖေဖော်ဝါရီ-၄**

ဖိလစ်ပိုင်အစိုးရက ၎င်းတို့ကိုတိုက်ခိုက်နေသော မွတ်ဆလင်သူပုန်အဖွဲ့ ဘန်ဆာမိုရိုအစ္စလာမ်မစ်အဖွဲ့ (BIFF)သည် ကလေးစစ်သားများကိုအသုံးပြု၍ တိုက်ခိုက်နေကြောင်း စွပ်စွဲပြောကြားလိုက်သည်။

ဖိလစ်ပိုင်သမ္မတ၏ လက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် အဘီဂေးလ်ဗော့တ်က ၎င်းတို့အစိုးရတပ်များသည် နိုင်ငံတောင်ပိုင်း မင်ဒါနာအိုပြည်နယ်တွင် သူပုန်များနှင့် တိုက်ခိုက်ခဲ့ရာ သေဆုံးခဲ့သော BIFF သူပုန်များမှ သုံးဦးမှာ ကလေးစစ်သားများဖြစ်နေသည်ကို တွေ့ရကြောင်းဆိုသည်။ "ဒီအချက်ဟာ ကျွန်မတို့ရဲ့ဥပဒေကိုသာမက နိုင်ငံတကာဥပဒေတွေကိုလည်း ချိုးဖောက်ရာကျပါတယ်။ ဒီလိုကလေးစစ်သားတွေကိုအသုံးပြုတာကို ကျွန်မတို့ ပြင်းထန်စွာရှုတ်ချပါတယ်"ဟု နိုင်ငံပိုင်ရေဒီယိုတစ်ခုနှင့် အင်တာဗျူးတွင် ၎င်းကပြောသည်။ ထို့အပြင် ၎င်းက မီဒီယာသမားများအနေဖြင့် နိုင်ငံတောင်ပိုင်းတွင် သူပုန်များ၏ ဗုံးထောင်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများတွင် ဂျာနယ်လစ်နှစ်ဦးပါဝင်ခဲ့သည့်ကိစ္စကို ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းခဲ့သည်။

ဖိလစ်ပိုင် အစိုးရတပ်များသည် ဇန်နဝါရီ ၂၅ ရက်တွင် မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေးတပ်ဦးခေါ် MILF နှင့် အချက်လေးချက်ပါသော ငြိမ်းချမ်းရေးသဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ BIFF အဖွဲ့မှာမူ ထိုအဖွဲ့မှ ခွဲထွက်ထားသောအဖွဲ့ဖြစ်ပြီး သီးခြားနိုင်ငံခွဲထွက်ရေးအတွက် ဆက်လက်ပုန်ကန်နေခြင်းဖြစ်သည်။

—*Ref: Xinhua*

# စင်ကာပူစုံတွဲများ ချစ်သူများနေ့တွင် စံချိန်တင်လက်ထပ်မည်

**စင်ကာပူ၊ ဖေဖော်ဝါရီ-၄**

စင်ကာပူနိုင်ငံ၌ လာမည့်ဖေဖော်ဝါရီ ၁၄ ရက် (ချစ်သူများနေ့)တွင် လက်ထပ်ထိမ်းမြားရန် စာရင်းပေးထားသည့်စုံတွဲမှာ (၂၄၃) တွဲရှိပြီး ယင်းပမာဏမှာ ငါးနှစ်တာကာလအတွင်း စံချိန်တင်ပမာဏဖြစ်ကြောင်း အစိုးရ၏ လက်ထပ်ထိမ်းမြားခြင်းမှတ်ပုံတင်ဌာနက ပြောကြားသည်။



GETTY IMAGES

ယခုနှစ် ချစ်သူများနေ့တွင် လက်ထပ်မည့်စုံတွဲဦးရေများခြင်းမှာလည်း ထိုနေ့သည် တရုတ်နှစ်သစ်ကူး၏ ၁၅ ရက်မြောက်နေ့ဖြစ်နေခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ထို ၁၅ ရက်မြောက် ယွမ်ရှောက်ကျီနေ့တွင် လက်ထပ်ခြင်းလည်းဖြစ်၍ ပျော်ရွှင်မှုနှစ်ထပ်ကွမ်းရမည်ဟု ယုံကြည်နေကြသည်။

ထိုနေ့တွင် မင်္ဂလာဆောင်ထိမ်းမြားမည့်သူများအတွက် ကုန်ကျစရိတ်များမှာလည်း ၁၀ ရာခိုင်နှုန်း ပိုများနိုင်ကြောင်း သတင်းကဆိုသည်။

စင်ကာပူနိုင်ငံတွင် နောက်ဆုံးအချိန် ချစ်သူများနေ့နှင့် တရုတ်နှစ်သစ်ကူးကာလတိုက်ဆိုင်သောနှစ်မှာ ၁၉၉၅ ကဖြစ်ပြီး ထိုစဉ်က အခမ်းအနားနှင့် ပွဲလမ်းသဘင်ပေါင်း ၁,၀၈၂ ခုခန့် ကျင်းပခဲ့ကြသည်။

—*Ref: CAN*

# ၂၀၁၃ တွင် တိုင်ပေသို့ တရုတ်ပြည်မကြီးမှ ခရီးသည်သုံးသန်းနီးပါး စံချိန်တင်ရောက်ရှိခဲ့

**တိုင်ပေ၊ ဖေဖော်ဝါရီ-၄**

တိုင်ပေတွင် ပြီးခဲ့သည့် ၂၀၁၃ အတွင်း တရုတ်ပြည်မကြီးမှ ဧည့်သည်များ လာရောက်လည်ပတ်မှုမှာ ၂ ဒသမ ၈၅ သန်းအထိ စံချိန်တင်ခဲ့သည်။

တိုင်ပေအစိုးရမှ ထုတ်ပြန်သော စာရင်းများအရ တရုတ်ပြည်မကြီးမှ နိုင်ငံသားများ တစ်ဦးချင်းလာရောက်လည်ပတ်မှုမှာ ၂၀၁၂ တွင် ၁၉၁,၀၀၀ ဦးရှိခဲ့ရာမှ ၂၀၁၃ တွင် ၁၇၄ ရာခိုင်နှုန်းတိုးကာ ၅၂၂,၀၀၀ ဦးအထိ ရှိခဲ့သည်။ သို့သော် အုပ်စုလိုက်လာရောက်သည့် ခရီးသည်နှုန်းမှာမူ ၄ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားပြီး စုစုပေါင်းဦးရေ ၁ ဒသမ ၆၉ သန်းသာ ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ တိုင်ပေတွင် တရုတ်ပြည်မကြီးမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမြင့်မားလာရခြင်းမှာ တရုတ်အစိုးရက ခရီးသွားဥပဒေတစ်ရပ် ထုတ်ပြန်ခဲ့ပြီး နှစ်နိုင်ငံကြားတွင်လည်း ယခင်ကာလများကထက် ဆက်ဆံရေးပိုမိုကောင်းလာခဲ့၍ဖြစ်ကြောင်း ပြောကြားသည်။




GETTY IMAGES

တိုင်ပေမှ ဝန်ကြီးတစ်ဦးသည်လည်း ယခုလအတွင်း တရုတ်သို့ နှစ်ပေါင်း ၆၀ အတွင်း နှစ်နိုင်ငံကြား ပထမဆုံးတရားဝင်ဆက်သွယ်မှုအဖြစ် သွားရောက်လည်ပတ်ရန်ရှိသည်။ ယခုအခါ တိုင်ပေတွင် တရုတ်ခရီးသည်ဦးရေပိုများလာ၍ ယခင်က အများဆုံးလာရောက်သည့် ဂျပန်ကမ္ဘာလှည့်ခရီးသွားများမှာ ဒုတိယအများဆုံးအဆင့်သို့ ရောက်သွားခဲ့ရသည်။

—*Ref: Asiaone*

7 DAY NEWS JOURNAL

# Entertainment

Vol.12, No.48 • FEBRUARY 5 , 2014



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## သီချင်းသစ်များပါ သီဆိုမည့် အိုင်းရင်းခရော့စ်ဖျော်ဖြေပွဲကျင်းပမည်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ဖျော်ဖြေပွဲများတွင် သီဆိုနေကျ သီချင်းများအပြင် စီးရီးအသစ်များမှ သီချင်းများကိုပါ သီဆိုပေးမည့် အိုင်းရင်းခရော့စ်အဖွဲ့၏ ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၉ ရက်တွင် ပြည်သူ့ရင်ပြင်၌ ပြုလုပ်မည်ဖြစ်ကြောင်း ပုဂံအင်တာတိန်းမန့်မှ ဈေးကွက်မန်နေဂျာ ကိုညီက ပြောသည်။

ယင်းဖျော်ဖြေပွဲ အမည်ကို Happy Pre Valentine Day ဟု အမည်ပေးထားပြီး ဧည့်သည်အဆိုရှင်များမပါဝင်ဘဲ အိုင်းရင်းခရော့စ်၏ ပင်တိုင်အဆိုရှင်များဖြစ်သည့် လေးဖြူ၊ အငဲ၊ မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့က ဖျော်ဖြေပေးမည်ဖြစ်သည်။

ယင်းအဆိုတော်များ၏ စီးရီးခွေအသစ်များလည်း ထွက်ရှိရန်အဆင်သင့်ဖြစ်နေသောကြောင့် ဖျော်ဖြေပွဲတွင် အဆိုပါစီးရီးခွေအသစ်များမှ သီချင်းများကိုလည်း သီဆိုပေးမည်ဖြစ်ကြောင်း ကိုညီက ပြောသည်။

လက်မှတ်များကို စီးတီးမတ်ဆိုင်ခွဲများ၊ မန်းသီရိတေးသံသွင်း၊ The Sun Music နှင့် ကိုကိုဖြိုးတီးစလွန်းဆိုင်ခွဲများတွင် ဝယ်ယူနိုင်မည်ဖြစ်ပြီး ဝင်ကြေးခုနစ်ထောင်သတ်မှတ်ထားသည်။



## ‘ ဒါရိုက်တာနဲ့ ဇာတ်ကောင်တွေ ပိုက်ဆံရပြီးရော ရိုက်တဲ့ခေတ် ကုန်သင့်ပြီ ’

ဒါရိုက်တာ ပန်းချီစိုးမိုးနှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

မြဝတီရုပ်မြင်သံကြားမှ တပ်မတော်နေ့ဂုဏ်ပြုဇာတ်ကားအဖြစ် ထုတ်လွှင့်ဖူးသော ကြယ်စင်မော်ကွန်းရုပ်ရှင်ကို ရုံပြိုင်စနစ်ဖြင့် ပြသခဲ့ရာ ပရိသတ်အားပေးမှု ရရှိခဲ့သဖြင့် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများတွင် ပြန်လည်ပြသသည်အထိ အောင်မြင်ခဲ့သည်။ ပါဝင်သရုပ်ဆောင်သည့် ဇာတ်ဆောင်အားကောင်းခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောသည့် ဇာတ်ဝင်ခန်းများပါဝင်ခြင်းကြောင့် ပရိသတ်များ အထူးစိတ်ဝင်စားခဲ့သည့် ယင်းရုပ်ရှင်ကားကို ရိုက်ကူးပုံဖော်ခဲ့သူ ဒါရိုက်တာ ပန်းချီစိုးမိုးအား ကြယ်စင်မော်ကွန်းအောင်မြင်ခဲ့ရသည့်အပေါ် သုံးသပ်ချက်၊ သရုပ်ဆောင်အငယ်များကို ခေါင်းဆောင်တင်ကာ ရိုက်ကူးနေသည့် ရုပ်ရှင်ဇာတ်ကားအကြောင်းနှင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီအကြောင်းတို့ ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**တပ်မတော်ဂုဏ်ပြုဇာတ်ကားတွေကို ပရိသတ်တွေ စိတ်ဝင်စားမှုနည်းပေမယ့် ကြယ်စင်မော်ကွန်းရုပ်ရှင်ကားကတော့ ရုံပြိုင်စနစ်နဲ့ပြနေတာတောင် အောင်မြင်မှုရနေတာက ဘာကြောင့်လို့ထင်ပါသလဲ။**

တပ်မတော်ကားစစ်ကားလို့ ပြောတာထက် တပ်မတော်သမိုင်းဆိုရင် ပိုမှန်မယ်။ တပ်မတော်သမိုင်းဆိုတာနဲ့ တပ်မတော်ရဲ့ဖခင်၊ တပ်မတော်ကိုစတင်တည်ထောင်လာတဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း မပြောလို့ကို မရဘူး။ ဗိုလ်ချုပ်အောင်ဆန်းစတင်တည်ထောင်တဲ့ တပ်မတော်ဖြစ်တဲ့အတွက် တပ်မတော်သည် ထာဝရတပ်မတော်ဖြစ်မှာပဲ။ တိုင်းပြည်ရဲ့ နိုင်ငံရေးဖြစ်ဖြစ်၊ စီးပွားရေးဖြစ်ဖြစ်၊ လုံခြုံရေးဖြစ်ဖြစ် စစ်ဘက်ဖြစ်ဖြစ် အကာအကွယ်ပြုနိုင်တာ လောလောလတ်လတ်တော့ တပ်မတော်က အကာအကွယ်ပြုတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ အတိတ်အတိတ်က အကြောင်းတွေပြန်ပြောရင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်တွေက သူတို့အသက်တွေကို စွန့်လွှတ်စွန့်စားပြီး တိုင်းပြည်ကို လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့တယ်။ နယ်ချဲ့ဖက်စစ်ကို တော်လှန်ခဲ့တယ်။ ပြီးတော့ ပြည်တွင်း ရောင်စုံသူပုန်တွေကို တော်လှန်ခဲ့တယ်။ နောက်ပြီး ကူမင်တန်ကိုလည်း တိုက်ခိုက်ခဲ့ရတယ်ဆိုတဲ့ အင်မတန်ခက်ခက်ခဲခဲနဲ့ ရုန်းကန်ခဲ့ရတဲ့ တကယ့်သမိုင်းဖြစ်စဉ်ကို ရိုက်တဲ့အတွက် လူတွေက စိတ်ဝင်စားတာပါ။

**တပ်မတော်ကားရိုက်ရင် ပရိသတ်တွေက ပေါ်လစီကားဆိုပြီး သတ်မှတ်ကြတဲ့ အပေါ်မှာ ဦးရဲ့အမြင်ကို ပြောပြပေးပါလား။**

ပြောတဲ့လူလည်း မမှားဘူး။ ရိုက်တဲ့လူလည်းမမှားဘူး။ ဘာကြောင့်ပြောတဲ့လူ မမှားတာလဲဆိုတော့ ပေါ်လစီရိုက်ရင် ပေါ်လစီပေါ့။ တကယ့်ဖြစ်စဉ်ကို ရိုက်ရင် ပေါ်လစီလို့ ပြောလို့မရတော့ဘူး။ မဟုတ်တာကို ဟုတ်သလိုလို ရိုက်ရင်ပေါ်လစီပဲ။ One Sided ခေါ်တာပေါ့။ တစ်ဖက်သတ်ရိုက်တာ ပေါ်လစီ၊ အမှန်ကို အမှန်အတိုင်း ရိုက်တာ ပေါ်လစီမဟုတ်ဘူး။ နိုင်ငံတော်အစိုးရဘက်ကလည်း အမှန်တရားပဲ၊ ပြည်သူလူထုကလည်း အမှန်တရားပဲ၊ တပ်မတော်ကလည်း အမှန်တရားပဲ၊ အမှန်ကိုအမှန်အတိုင်း အရှိကို အရှိအတိုင်း ရိုက်တဲ့ကားက ပေါ်လစီလို့မခေါ်ပါဘူး။ စစ်ကားရိုက်တိုင်း ပေါ်လစီမဟုတ်ပါဘူး။ ဒီကားမှာဆို သမိုင်းကိုရိုက်တဲ့အတွက် ဒါသည် ပေါ်လစီကားမဟုတ်ဘူး။

စာမျက်နှာ ၄၁ ››






# တွစ်တာပရိသတ် သန်း၅၀ရရှိသော ပထမဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံရတဲ့ ကေတီပယ်ရီ

**လော့စ်အန်ဂျလိစ်၊ ဖေဖော်ဝါရီ-၁**

အမေရိကန်အဆိုတော် ကေတီပယ်ရီသည် လူမှုကွန်ရက်တွစ်တာတွင် Follow လုပ်သူပေါင်း သန်း ၅၀ ကျော်ရရှိသည့် ပထမဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခြင်းခံရသည်။

ကေတီပယ်ရီသည် ပြီးခဲ့သည့် နိုဝင်ဘာတွင် တွစ်တာပရိသတ် အများဆုံးပုဂ္ဂိုလ် အဖြစ် သတ်မှတ်ခံရခြင်းကို အဆိုတော်ဂျပ်စတင်ဘီဘာထံမှလွှဲပြောင်းယူနိုင်ခဲ့သည်။ ဂျပ်စတင်ဘီဘာသည် ၂၀၁၃ ခုနှစ် ဇွန်လတွင် တွစ်တာပရိသတ် သန်း ၄၀ ရရှိသည့် ပထမဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံရသူဖြစ်သည်။

လက်ရှိတွင် အဆိုတော် ကေတီပယ်ရီသည် ဂျပ်စတင်ဘီဘာထက် တွစ်တာပရိသတ် ရှစ်သိန်းကျော်ပို၍ ရရှိထားသည်ဟု သိရသည်။ ပြီးခဲ့သည့် သီတင်းပတ်အစောပိုင်းတွင် အဆိုတော် ကေတီပယ်ရီသည် ၎င်း၏ ချစ်သူ ဂျွန်မေယာနှင့်အတူ လော့စ်အန်ဂျလိစ်မြို့၌ ပြုလုပ်သော “The Beatles” ရော့ခ်အဆိုရှင်များ အဖွဲ့အား ချီးကျူးဂုဏ်ပြုပွဲတွင် ပါဝင်ဖျော်ဖြေခဲ့သည်။

ကေတီပယ်ရီနှင့် ဂျူစီဂျေးတို့ ပူးတွဲသီဆိုထားသော “ Dark Horse”သီချင်းသည် အမေရိကန် ဘေဘီဘုတ်ရောင်းအား အကောင်းဆုံးသီချင်းများစာရင်းတွင် နံပါတ် (၁) နေရာရပ်တည်နိုင်ခဲ့သည်။

*—Ref: BBC*



# ဒိတ်ဒိတ်ကြဲဗီစီဒီ ဖေဖော်ဝါရီ ၉ ရက်တွင် ထွက်နိုင်ဦးမည်မဟုတ်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ဒိတ်ဒိတ်ကြဲဗီစီဒီအတွက် သီချင်းသုံးပုဒ်ရိုက်ကူးရန် ကျန်ရှိနေသောကြောင့် ရည်ရွယ်ထားသည့် ဖေဖော်ဝါရီ ၉ ရက်တွင် ထွက်ရှိနိုင်ဦးမည်မဟုတ်ကြောင်း အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

“ဖေဖော်ဝါရီ ၉ ရက်မှာ အစက ထွက်ဖို့ရှည်ရွယ်ထားပေမယ့်လည်း အခု သုံးပုဒ်လုံးရိုက်ဖို့ကျန်နေသေးတာဆိုတော့ ချက်ချင်းအနီးကပ်ကြီးတော့ မမီလောက်ဘူးထင်ပါတယ်” ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

ယင်းသီချင်းများကို ဇန်နဝါရီလအတွင်း၌ ရိုက်ကူးရန် ရည်ရွယ်ခဲ့သော်လည်း ကျူးပစ်ရဲ့ကျေးကျွန်များ ရုပ်ရှင်ရိုက်ကူးရေးမှာ ဇန်နဝါရီ ၂၉ ရက်မှ ပြီးဆုံးခဲ့သောကြောင့် ဖေဖော်ဝါရီလအတွင်း ရိုက်ကူးကာ ရိုက်ကူးပြီးလျှင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ဒိတ်ဒိတ်ကြဲဗီစီဒီကို လွန်ခဲ့သည့် တစ်နှစ်ကျော်က ထွက်ရှိခဲ့ပြီး ပရိသတ်အားပေးမှုလည်း ရရှိခဲ့သည်။ ပရိသတ်များက ယင်းအခွေ၏ ဗီစီဒီကို မျှော်လင့်နေကြသည်။

စိုင်းစိုင်းခမ်းလှိုင်သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကန်တော်ကြီးမျှော်စင်ကွန်း၌ ပြုလုပ်မည့် ဖျော်ဖြေပွဲတွင်လည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ယင်းဖျော်ဖြေပွဲအတွက် ယခုရက်ပိုင်းတွင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေပွဲတိုင်းတွင် ထူးခြားသည့် တင်ဆက်မှုပုံစံမျိုးဖြင့် ဖျော်ဖြေလေ့ရှိသည့် စိုင်းစိုင်းခမ်းလှိုင်က ဇန်နဝါရီ ၂၆ ရက်တွင်ပြုလုပ်ခဲ့သော ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေးနှစ် (၆၀) ပြည့်အထိမ်းအမှတ်ဖျော်ဖြေပွဲ၌ ဂျပန်နိုင်ငံမှ နာမည်ကြီးအကအဖွဲ့နှင့် ပူးပေါင်းတင်ဆက်ခဲ့သည်။

# ပရိသတ်နဲ့ တွေ့ဆုံပွဲများအတွက် ဂျပန်နိုင်ငံသွားမယ့် လီဗျောင်ဟွန်း

**ဆိုးလ်၊ ဖေဖော်ဝါရီ-၁**

တောင်ကိုရီးယားနာမည်ကျော် သရုပ်ဆောင်မင်းသား လီဗျောင်ဟွန်းသည် ယခုဖေဖော်ဝါရီလဆန်းတွင် ဂျပန်ပရိသတ်နှင့် တွေ့ဆုံပွဲများပြုလုပ်သွားမည်ဖြစ်သည်။


လီဗျောင်ဟွန်းသည်ဖေဖော်ဝါရီ ၂ ရက်တွင် ဂျပန်နိုင်ငံသို့သွားရောက်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက်မှ ၁၀ ရက်အထိ ပရိသတ်နှင့် တွေ့ဆုံပွဲပြုလုပ်မည်ဖြစ်ကြောင်း လီဗျောင်းဟွန်း၏ အေဂျင်စီက ပြောကြားသည်။

ကေဒရာမာစတားလီဗျောင်ဟွန်းသည် ဂျပန်နိုင်ငံတိုကျို၊ အိုဆာကာ၊ ယိုကိုဟားမား၊ ဖူကူအိုကာ၊ နာဂိုယာနှင့် ဆန်ဒိုင်းမြို့များသို့ သွားရောက်၍ ပရိသတ်နှင့် တွေ့ဆုံပွဲများပြုလုပ်မည်ဖြစ်သည်။

သရုပ်ဆောင်မင်းသား လီဗျောင်ဟွန်းသည် “ Beautiful Days”နှင့် “ All In”စသည့် ကေဒရာမာဇာတ်လမ်းတွဲများဖြင့် ဂျပန်နိုင်ငံတွင် နာမည်ကျော်ကြားခဲ့သူဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ကျင်းပသော ၎င်း၏ မင်္ဂလာပွဲသို့ ဂျပန်ပရိသတ် ၅၀၀ ခန့်လာရောက်ခဲ့ကြသည်။

လီဗျောင်ဟွန်း၏ ကိုရီးယားရုပ်ရှင်ဇာတ်ကားသစ် “ Memories of the Sword”ကို ၂၀၁၄ နှစ်လယ်ပိုင်းတွင် ရုံတင်ပြသရန် စီစဉ်ထားသည်ဟု ၎င်း၏ အေဂျင်စီက ပြောကြားသည်။

*—Ref: Kpop Starz*




7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

စာ(၃၉)မှ

# ဒါရိုက်တာ ပန်းချီစိုးမိုးနှင့်တွေ့ဆုံခြင်း

**ဒီရုပ်ရှင်ကားမှာ နာမည်ကြီးသရုပ်ဆောင်တွေ အများကြီးလည်းပါတယ်။ ဇာတ်အိမ်ကလည်း ကြီးတော့ ဇာတ်ကားတစ်ကားလုံးရဲ့ အကောင်းအဆိုးကို တာဝန်ယူထားတဲ့ ဒါရိုက်တာတစ်ယောက်အနေနဲ့ ဘယ်လောက်တာဝန်ကြီးခဲ့လဲ။**

ဒါရိုက်တာက တာဝန်အကြီးဆုံးပေ့ါ။ ဒါတောင်မှ ရိုက်ရမယ့်အခန်းတွေ အများကြီးကျန်တယ်။ နောက်ပြီးဖြစ်စဉ်တစ်ခုမှာ ဖြစ်စဉ်တွေကို Complete ရိုက်ရင် ဖြစ်စဉ်တစ်ခုချင်းကို ဇာတ်ကားတစ်ကားစီ ရိုက်လို့ရတယ်။ ကားပေါင်းအများကြီး ရိုက်လို့ရတာကို ချုံ့ရိုက်ရတဲ့အတွက် အများကြီးကျန်ခဲ့တယ်။ လက်ရှိပြတာတောင် သုံးနာရီနီးပါးကြာတယ်။ ရိုက်ပြီးသားအားလုံး တကယ်ပြရင် လေး၊ ငါး၊ ခြောက်ကားစာလောက်ရှိတယ်။ ချုံ့ပြတဲ့အတွက် မပီပြင်ဘူးလို့တော့ ပြောလို့မရဘူး။ သမိုင်းဖြစ်စဉ် အကုန်လုံးက အမှန်တွေချည်းပဲ။ သမိုင်းဖြစ်စဉ်ထဲမှာ ဒီထက်စိပ်လို့ရတယ်။ ဒီထက်စိပ်မယ်ဆိုရင်လည်း အဲဒီကားက နောက်ထပ်တစ်နှစ်ကျော်လောက် ရိုက်ယူရမယ်။ သမိုင်းသတ်သတ်ကို ရိုက်ရင် အလွန်ပျင်းစရာကောင်းတတ်တယ်။ သမိုင်းကို နောက်ခံပြီး ဇာတ်လမ်းကို အခြေခံလိုက်တဲ့အတွက် သမိုင်းကလည်း အတိအကျမှန်တယ်။ ဇာတ်လမ်းကလည်း သတ်သတ်၊ ဇာတ်လမ်းနဲ့သမိုင်းပေါင်းထားတာ၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်လို့ ရိုက်မယ်ဆိုရင်လည်း အများကြီး ရိုက်လို့ရပါတယ်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသတ်သတ် ရိုက်မယ်ဆိုရင်လည်း ဇာတ်ကားက သတင်းကားလိုဖြစ်သွားမယ်။ အဲဒါကို Presentation လုပ်တတ်မှ ရုပ်ရှင်ကြည့်ပရိသတ် ကြိုက်မှာပါ။ ကြယ်စင်မော်ကွန်းကို ကြည့်တဲ့အခါမှာ ပရိသတ်တွေက သူတို့နှစ်သက်တာဖြစ်တယ်။ ကလေးတွေက တိုက်ပွဲကို ကြိုက်တယ်။ သမိုင်းကို စိတ်ဝင်စားတဲ့လူက သမိုင်းကို ကြိုက်တယ်။ ဇာတ်ကောင်တွေရဲ့ လှုပ်ရှားမှု Story ကိုကြည့်တဲ့အခါမှာ Story ကိုကြိုက်တယ်။ ထောင့်စုံဘက်စုံလုပ်တဲ့အတွက် ပရိသတ်ကြိုက်တဲ့ ကားတစ်ကားဖြစ်တာပေ့ါ။

**ရုံပြိုင်စနစ်တွေ မလုပ်ရဲတဲ့အချိန်မှာ ကြယ်စင်မော်ကွန်းရုပ်ရှင်က ရုံပြိုင်တင်ပြီး အောင်မြင်မှုရခဲ့တော့ အရင်ခေတ်ကလိုမျိုး ရုံပြိုင်စနစ်တွေ ဖြစ်ထွန်းလာနိုင်မယ်လို့ ထင်လား။**

ကိုယ်ရိုက်တဲ့ကားကို ယုံကြည်ဖို့လိုပါတယ်။ ကားတစ်ကားက ကြော်ငြာအားကောင်းရင် သုံးရက်ပဲခံပါတယ်။ သောကြာ၊ စနေ၊ တနင်္ဂနွေပြီးရင် တနင်္လာဆို လူမရှိတော့ဘူး။ ကားတစ်ကားတကယ်ကောင်းပြီဆိုရင် ရုံတင်ပတ်အများကြီးဖြစ်ပါတယ်။ ကားတစ်ကားတကယ်ကောင်းအောင်ရိုက်ရင် လူကြည့်များမယ်။ တကယ် Academic ဖြစ်ရင် အကယ်ဒမီရမယ်။ အကယ်ဒမီရအောင် ရိုက်ဖို့မလိုဘူး။ အကယ်ဒမီရအောင် ရိုက်တာမဟုတ်ဘူး။ ကောင်းအောင်ကြိုးစားတာ။ ကောင်းရင်ညီမျှတဲ့ အကယ်ဒမီဆုတွေရတာပဲ။ အောင်မြင်မှုရရင် ပရိသတ်က ငွေရေးကြေးရေးပေးကြည့်တာပဲ။ အဲဒါဆို ဝင်ငွေလည်းကောင်းမယ်။ ဆုလည်းရနိုင်တာပေ့ါ။ အဲဒီအတွက် ဇာတ်ကားတစ်ကားမှာ ပါဝင်တဲ့ ဒါရိုက်တာနဲ့ဇာတ်ကောင်တွေက စေတနာထားဖို့ လိုတယ်။ ပိုက်ဆံရရင်ပြီးရောဆိုပြီး ရိုက်တဲ့ခေတ်က ကုန်သင့်နေပြီ။ ပိုက်ဆံရလို့ ရိုက်တာမဟုတ်ဘူး။ ကားကောင်းအောင်ရိုက်မယ်၊ ငါတော်တာ လုပ်ပြချင်တယ်၊ ကြိုးစားပြချင်တယ်၊ အဲဒီလိုစိတ်တွေ ရုပ်ရှင်တစ်လောကလုံး မွေးရင် ရုပ်ရှင်လောက ခုလိုမကျဆင်းဘူး။ ဒီထက်တိုးတက်ပြီး အောင်မြင်သွားလိမ့်မယ်။

**ဇာတ်ကားတွေ ရိုက်ကူးရာမှာအချိန်မပေးနိုင်တာ ရုပ်ရှင်လောကကျဆင်းလာမှုရဲ့ အချက်တစ်ခုလို့ ပြောနိုင်မလား။**

အချိန်မပေးတာမဟုတ်ဘူး။ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစားပဲ၊ ဗီဒီယိုကားတစ်ကားကိုရိုက်ရင် လေး၊ ငါးရက်နဲ့ပြီးတယ်။ လေး၊ ငါးရက်နဲ့ သရုပ်ဆောင်ခတွေက လွယ်လွယ်ကူကူရနေတော့ အဲဒီပိုက်ဆံကိုပဲ လိုချင်တယ်။ သက်တမ်းရှည်အောင် မကြိုးစားကြဘူး။ ဆိုလိုတာက မင်းသား၊ မင်းသမီးသည် နာမည်ကြီးတုန်းမှာ သုံးနှစ်ပဲ လုပ်စားမှာလား၊ ဆယ်နှစ်လောက် လုပ်စားမှာလား၊ သုံးနှစ်ပဲ လုပ်စားမယ်ဆို စိတ်ကူးက သုံးနှစ်လို စိတ်ကူးပေ့ါ။ ဆယ်နှစ်၊ ဆယ့်ငါးနှစ် မအိုမချင်းလုပ်စားမယ်ဆိုရင်တော့ မအိုမချင်းတွေးပေ့ါ။ သေတဲ့အထိ မကျဆုံးတဲ့ မင်းသား၊ မင်းသမီးတွေ အများကြီးပါ။ ဥပမာ ကိုဝင်းဦးတို့ နှစ်ပေါင်းများစွာ ရိုက်တယ်။ အောင်မြင်တယ်။ ကျော်ဆွေဆို သေတဲ့အထိအောင်မြင်တယ်။ ကျော်ဟိန်း နားတဲ့အထိအောင်မြင်တယ်။ ကိုညွန့်ဝင်း မလုပ်နိုင်တဲ့အထိ အောင်မြင်တယ်။ ကိုယ်ဆိုလည်း ၂၃ နှစ်မှာ ဒါရိုက်တာလုပ်တယ်။ ခု ၇၀။ နှစ်ပေါင်း ၄၇ နှစ်ရှိပြီ။ ဘာလို့ ၄၇ နှစ်အထိ အောင်မြင်လဲဆိုရင် အောင်မြင်အောင် ကြိုးစားလို့ပဲ။

**လတ်တလောမှာ ရိုက်ကူးနေတဲ့ ရုပ်ရှင်ဇာတ်ကားကြီးအကြောင်းကိုလည်း ပြောပြပေးပါဦး။**

ခုရိုက်နေတဲ့ကားက စတူဒီယို 35 က ရိုက်တဲ့ကားပါ။ ကျွန်တော့ရည်းစားဘုရားမှာရှိတယ်။ ဒီကားကို ကျွန်တော်ယုံကြည်တယ်။ မင်းသားသစ်စိုးရန်အောင်ကို မင်းသားတင်တဲ့ကား။ မိုးယုစံအနေနဲ့လည်း ထူးထူးခြားခြား နှစ်ဘဝလိုဖြစ်သွားတယ်။ နှစ်ဘဝဆိုတာ သိုက်နန်းဘဝနဲ့ လူ့ဘဝ ကာရိုက်တာနှစ်ခု ထူးထူးခြားခြားဖြစ်တယ်။ ပြီးတော့ ဇာတ်ဆောင်အသစ်လေးဖြစ်တဲ့ ခင်ဝင့်ဝါလည်း သူ့အခန်းနဲ့သူ လုပ်ပိုင်ခွင့်ရှိပါတယ်။ ပရိသတ်က တစ်ထောင်ပေးကြည့်ရင် တစ်သောင်းဖိုးလောက်ရိုက်တယ်။ အဲဒါ ကျွန်တော့်စိတ်ပါ။ ဘာကြောင့်လဲဆိုတော့ ပရိသတ်ကို လေးစားတယ်။ အဲဒါကြောင့် ပရိသတ်ကြိုက်မယ်လို့ ယုံကြည်တယ်။

**သရုပ်ဆောင်အသစ်တွေနဲ့ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရတာ ဘယ်လိုအခက်အခဲတွေ ကြုံရလဲ။**

အသစ်ရိုက်တာ ကျွန်တော် ငယ်ငယ်ကတည်းက ဝါသနာပါတယ်။ ကျွန်တော့်ဒါရိုက်တာ သက်တမ်းမှာ မင်းသား၊ မင်းသမီးအများဆုံးတင်ခဲ့တယ်။ အသစ်ရိုက်ရတာ ဝါသနာပါတယ်။ အောင်မြင်အောင်လည်း ရိုက်နိုင်တယ်။

**ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတဲ့ အများပိုင်ကုမ္ပဏီမှာလည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတော့ အဲဒီအကြောင်း ပြောပြပေးပါဦး။**

အများပိုင်ကုမ္ပဏီဆိုတာ နဂိုကတည်းက ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကရည်ရွယ်ချက်ပါ။ ဒါနဲ့ပတ်သက်ပြီး ရုံတွေ ဆောက်နိုင်အောင်၊ လုပ်ငန်းတွေလုပ်နိုင်အောင် ရုပ်ရှင်လောကသားတွေ စားဝတ်နေရေးအတွက် စတော့ရှယ်ယာတွေ ဝယ်နိုင်အောင်၊ ပြီးတော့ ပြင်ပက လူတွလည်း ဝယ်နိုင်အောင် လုပ်ထားတဲ့ ရည်ရွယ်ချက်ပါ။ အောင်မြင်မှာပါ။ ဒီအများပိုင်ကုမ္ပဏီနဲ့ ပတ်သက်လို့က သဘောပေါက်ပြီးနားလည်ရင် ဝင်မယ့်လူတွေ၊ ဝယ်မယ့်လူတွေ အများကြီးပါ။ စေတနာမှန်ဖို့ လိုပါတယ်။

**ဒီကုမ္ပဏီနဲ့ပတ်သက်ပြီး ရှယ်ယာတွေကို ဘယ်အချိန်လောက် စရောင်းဖို့ စီစဉ်ထားလဲ။**

လုပ်ငန်းကိုပြပြီး ရောင်းတာကောင်းတယ်။ လုပ်ငန်းကိုမပြဘဲ ရောင်းရင် သူများပိုက်ဆံကို လိမ်တယ်လို့ ထင်သွားလိမ့်မယ်။ လုပ်ငန်းပြပြီးမှ လုပ်ငန်းကိုမြင်ရင် လူတိုင်းလုပ်မှာပဲ။ ရုံဆောက်တာကို မြင်ရင် ဝယ်မယ်။ လုပ်ငန်းတွေ လုပ်ကြတာကိုမြင်ရင် ဝယ်မယ်။ လုပ်ငန်းမလုပ်ဘဲ ရှယ်ယာတွေ လျှောက်ခေါ်နေရင် အဲဒီပိုက်ဆံကို တစ်မျိုးတစ်မည်ထင်နိုင်တယ်။ အဲဒီတော့ မကြာခင်လုပ်ငန်းလုပ်မယ်။ လုပ်ငန်းအကောင်အထည်ဖော်တဲ့အချိန်မှာ စတော့ရှယ်ယာခေါ်မယ်။

**ကျေးဇူးတင်ပါတယ်။**

THET PAING SOE
CO., LTD.

www.thetpaingsoe.com

အမှတ်(၄၅)၊ ပြည်လမ်း၊ ၇မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၆၀ ၉၂၃၊ ၆၆၂ ၇၄၉

သက်ပိုင်စိုးကုမ္ပဏီလီမိတက်မှ သွက်လက်တက်ကြွ၍ ပင်ကိုယ်စွမ်းရည်ရှိသော အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

1. Sales Representative - 5 Posts (Male)

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အရောင်း၊ အရောင်းမြှင့်တင်ရေးနှင့်သက်ဆိုင်သော Diploma (သို့မဟုတ်) Certificate ရရှိထားသူများအားဦးစားပေးမည်။
- ကွန်ပြူတာအခြေခံ (Word, Excel, Powerpoint etc. ) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ညအိပ်ညနေ၊ နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။

2. Logistics Assistant (Delivery Man) - 5 Posts (Male)

- အနိမ့်ဆုံးပညာအရည်အချင်းအနေဖြင့် တက္ကသိုလ်ဝင်တန်းအောင်ထားပြီးသူဖြစ်ရမည်။
- အနည်းဆုံးယာဉ်မောင်းသက်တမ်း (၂)နှစ်ရှိသူဖြစ်ပြီး သက်တမ်းရှိယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူဖြစ်ရမည်။
- လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ညအိပ်ညနေ၊ နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။

3. Housekeeping - 5 Posts (Male)

- အနိမ့်ဆုံးပညာအရည်အချင်းအနေဖြင့် အလယ်တန်းအောင်ထားပြီးသူဖြစ်ရမည်။

အထက်ပါအရည်အချင်းများ နှင့်ကိုက်ညီသည့် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြီး ရိုးသားကြိုးစား၍သင်ယူလိုစိတ်ရှိသော အလုပ်လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း ၊ အိမ်ထောင်စုစာရင်းမိတ္တူ နှင့် နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာမိတ္တူ ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ ၊ ဓါတ်ပုံ (၂)ပုံ နှင့်တကွ (၂၈.၀၂.၂၀၁၄)နေ့ နောက်ဆုံးထား၍ အထက်ပါ လိပ်စာအတိုင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

Sports
7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# မြန်မာဦးဆောင်သော အာရှခြင်းလုံးအဖွဲ့ချုပ်တွင် အဖွဲ့ဝင် ၃၂ နိုင်ငံတိုး



*ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအမျိုးသားခြင်းလက်ရွေးစင်အသင်းယှဉ်ပြိုင်နေစဉ်*

ဓာတ်ပုံ - ချစ်ဝိုင်း

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၃**

မြန်မာနိုင်ငံက ဦးဆောင်ဖွဲ့စည်းထားသော အာရှခြင်းလုံးအဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံသစ် ၃၂ ထပ်မံ ဝင်ရောက်လာခြင်းကြောင့် ရိုးရာခြင်းလုံးအဖွဲ့ဝင် ၄၅ နိုင်ငံအထိရှိလာပြီဖြစ်ကြောင်း မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးစိုးနိုင်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီ၁၈ ရက်က ကျင်းပခဲ့သည့်(၃၂)ကြိမ်မြောက်အာရှအိုလံပစ်ကော်မတီ အထွေထွေညီလာခံတွင်မြန်မာ့ရိုးရာခြင်းလုံးကစားနည်းကို မိတ်ဆက်ပြသနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ အဖွဲ့ဝင်နိုင်ငံများ တိုးလာခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"အာရှအိုလံပစ်ကော်မတီညီလာခံမှာ မြန်မာ့ရိုးရာခြင်းလုံးကို မိတ်ဆက်ပြသခဲ့တယ်။ ဒီမှာတင်အဖွဲ့ဝင်နိုင်ငံတွေက သဘောကျပြီး သူတို့လည်း ကစားချင်တယ်။ သူတို့ကိုလည်း နည်းစနစ်တွေဝေမျှပေးပါဆိုပြီး အဖွဲ့ဝင်နိုင်ငံတွေအဖြစ် ပါဝင်ခဲ့ကြတယ်" ဦးစိုးနိုင်က ပြောသည်။

မြန်မာ့ရိုးရာခြင်းလုံးကစားနည်းကို အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့ ထိုးဖောက်နိုင်ရန်အတွက် အာရှအိုလံပစ်ကော်မတီ၏ ထောက်ခံချက်ရရှိမှသာ ကမ္ဘာ့အဆင့်မီပြိုင်ပွဲများ ကျင်းပခွင့်ရရှိမည်ဖြစ်ကြောင်း အာရှနိုင်ငံ ၄၅ နိုင်ငံမှ အိုလံပစ်ကော်မတီအကြီးအကဲများနှင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီအကြီးအကဲများတက်ရောက်လာသည့်ညီလာခံတွင် သရုပ်ပြနိုင်ခဲ့ခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံများ တိုးပွားလာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

# အုပ်စုကျပ်အတွင်းကျရောက်နေသော်လည်း ရန်ကုန်အသင်း AFC ပြိုင်ပွဲတွင် အနိုင်ရရန် ကြိုးပမ်းမည်ဟုဆို

**ချစ်ဝိုင်း**

**ရန်ကုန်**- AFC ဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်ယူနိုက်တက်အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသော်လည်း အိမ်ကွင်းတွင် လက်ခံယှဉ်ပြိုင်ရမည့် ပွဲစဉ်အားလုံးကို အနိုင်ရရှိရန် ကြိုးစားကစားသွားမည်ဖြစ်ကြောင်း နည်းပြချုပ် အဲရစ်ဝီလျံက ပြောသည်။

ရန်ကုန်ယူနိုက်တက်နည်းပြရာထူးကို ဒုတိယအကြိမ် ပြန်လည်တာဝန်ယူသည့် အဲရစ်ဝီလျံက ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲတွင် သုံးနှစ်ဆက်ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ပြောရန်စောလွန်းသေးကြောင်း၊ AFC ဖလားပြိုင်ပွဲတွင်လည်း မည်သည့်အဆင့်ထိရောက်ရှိမည်ကို မပြောနိုင်သေးကြောင်း၊ သို့သော် လာမည့်ပွဲစဉ်များကို တစ်ပွဲချင်းအလိုက်အနိုင်ရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောသည်။

"အမှတ်ပေးပြိုင်ပွဲက အခုမှစတာဆိုတော့ ချန်ပီယံဘွဲ့ကို ဆက်ထိန်းနိုင်မယ်ဆိုတာကတော့ ပြောရတာ စောလွန်းနေသေးတယ်။ ၂၀၁၂ တုန်းက တာဝန်ယူခဲ့တဲ့ ရန်ကုန်နဲ့ ဒီနေ့ရန်ကုန်အသင်းနဲ့က အများကြီးပြောင်းလဲသွားပြီ။ ကစားသမားတွေမှာပြိုင်ပွဲမှာနိုင်အောင်ကြိုးစားရမယ်ဆိုတဲ့ စိတ်ဓာတ်တွေပျောက်ဆုံးနေတယ်။ အရင်ဆုံးပြိုင်ပွဲဝင် စိတ်ဓာတ်တွေပြန်လည်ရရှိအောင် လုပ်ရမယ်"ဟု ရန်ကုန်နည်းပြက မနောမြေအသင်းကို အနိုင်ရရှိသည့်ပွဲအပြီးတွင် ပြောသည်။

ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် လာမည့်ပွဲစဉ်များတွင် အမှတ်ပေးပြိုင်ပွဲ၌ကမ္ဘောဇ၊ ရေဝတီ၊ ဇေယျာရွှေမြေ အစရှိသည့်အသင်းကြီးများနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး AFC ဖလားပြိုင်ပွဲတွင်လည်း မလေးရှားကလပ်အသင်း ကီလန်တန်၊ ဟောင်ကောင်ကလပ် South China နှင့် ဗီယက်နမ်ကလပ် Vaffai အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

"AFC ဖလားပြိုင်ပွဲရလဒ်ကောင်းဖို့အတွက် တော်တော်ကြိုးစားရမယ်။ ဒီနှစ်မှာဆုရမယ့်အသင်းတွေက သူတို့နိုင်ငံကပြည်တွင်းပြိုင်ပွဲတွေမှာ ရလဒ်ကောင်းတွေရရှိနေတဲ့ အသင်းတွေဖြစ်တယ်။ ရန်ကုန်ကွင်းမှာကန်ရမယ့် အိမ်ကွင်းပွဲစဉ်တွေကိုတော့ ပွဲတိုင်းအနိုင်ရရှိအောင်ကြိုးစားသွားမယ်"ဟု အဲရစ်ဝီလျံက ဆိုသည်။

ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် ပြည်တွင်းအမှတ်ပေးပြိုင်ပွဲ ပထမဆုံးပွဲစဉ်တွင် မနောမြေအသင်းကို ခက်ခဲစွာယှဉ်ပြိုင်ခဲ့ရပြီး ၂-၁ ဂိုးဖြင့် အနိုင်ရရှိထားသည်။ နောင်လာမည့်ပွဲစဉ်များတွင် အသင်း၏ခြေစွမ်းပိုင်းနှင့်ပတ်သက်၍ ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ပြီး ကစားသမားများ၏ စိတ်ဓာတ်ပိုင်းကို ဦးစွာပြင်ဆင်သွားရမည် ဖြစ်ကြောင်း ၎င်းကပြောသည်။

# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရေးမြို့တွင် ပြည်ထောင်စုနေ့၌ ကျင်းပမည်

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၃**

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဖေဖော်ဝါရီ၁၂ရက်တွင် ရေးမြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း လက်ဝှေ့ပွဲစီစဉ်သူများထံမှ သတင်းရရှိသည်။

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ မြို့သုံးမြို့တွင် တစ်ပြိုင်နက် ကျင်းပသွားမည်ဖြစ်ပြီး ရေးမြို့တွင် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၊ မန္တလေးမြို့တွင် မြန်မာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၊ ပြင်ဦးလွင်မြို့တွင် လက်ဝှေ့ဝါသနာရှင်များ ကိုယ်တိုင် ပါဝင်ဆင်နွှဲခွင့်ရနိုင်မည့်လက်ဝှေ့ပွဲများ ကျင်းပသွားမည်ဖြစ်သည်။


ရေးမြို့တွင် ကျင်းပမည့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် နာမည်ကြီးတွဲဆိုင်းများအဖြစ် စိုးလင်းဦး(ရွှေဖူး)နှင့် ယော့ပီအိစ်(ထိုင်း)၊ တူးတူး (နဂါးမာန်)နှင့် ယော့ကွန်တိုင် (ထိုင်း)၊ မိုက်ရိုင်းလေးနှင့် ခရူဝီ(ထိုင်း)တို့ပွဲစဉ်အပါအဝင် ထွန်းထွန်း(ဝါဆို)နှင့် ပဲပြားမောင်းမောင်၊ လှစ်လှစ်လေး(အဖြူရောင်သွေးသစ်)နှင့် မိုးဟိန်းပွဲစဉ်များအပြင် မျိုးဆက်သစ်လူငယ်များ၏ စိန်ခေါ်ကြားပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"တူးတူးနဲ့ ယော့ကွန်တိုင်က မန္တလေးမှာလုပ်ခဲ့တဲ့ လက်ဝှေ့ပွဲမှာ မထိုးလိုက်ရတဲ့အတွက် ဒီပွဲမှာပြန်တွဲပေးထားတယ်။ စိုးလင်းဦးနဲ့ လာချီလိတ်ကိုတွဲပေးခဲ့ပေမယ့် အရင်တစ်ပွဲက အနားမတောင်းဘဲ အရှုံးပေးခဲ့ရတဲ့ ယော့ပကီအိစ်က မကျေပွဲပြန်ထိုးချင်လို့ တောင်းဆိုလာတယ်။ ဒါကြောင့် သူတို့နှစ်ဦးကိုတွဲပေးလိုက်တာ"ဟု ပွဲစီစဉ်သူက ပြောသည်။

မန္တလေးမြို့၊ အောင်မြေမန္တလာအားကစားရုံတွင် ကျင်းပမည့်လက်ဝှေ့စိန်ခေါ်ပွဲတွင် မျိုးဆက်သစ်(မြွေပွေး)နှင့် ညီဖိုက်တာ(မိတ္ထီလာ)၊ ရွှေစွန်ညို(တောင်ပြုံး)နှင့် စောသဲမျိုး (တွံတေး)၊ ကျွဲကြီး (ကျားဖြူ)နှင့် စိုင်းဝဏ္ဏ (စစ်ကိုင်း)ပွဲစဉ်များအပါအဝင် စိန်ခေါ်ပွဲ၁၂ပွဲနှင့်လူငယ်များ၏ကြားပွဲများကိုပါထည့်သွင်းယှဉ်ပြိုင်စေမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ပြင်ဦးလွင်မြို့တွင် ကျင်းပမည့်မဟာရွှေမြင်တင်ဉာဏ်တောရဘုရားပွဲ၌ လက်ဝှေ့ဝါသနာရှင်များ ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်ရရှိမည့်လက်ဝှေ့ပွဲမှာ နာမည်ကြီးလက်ဝှေ့သမားများ ပါဝင်မည်မဟုတ်ဘဲ ဝါသနာရှင်အချင်းချင်း ယှဉ်ပြိုင်ခွင့်ရရှိစေရန် စီစဉ်ပေးထားသည့်ပွဲဖြစ်ကြောင်း လက်ဝှေ့ပွဲစီစဉ်သူက ပြောသည်။

"ဒီမှာက ထူးခြားတယ်။ နာမည်ကြီးလက်ဝှေ့သမားတွေကို မခေါ်ဘဲနဲ့ ဝါသနာရှင်အချင်းချင်းကိုတွဲဆိုင်းတွေတွဲပေးပြီး ယှဉ်ပြိုင်ခိုင်းမယ်။ ဒီဒေသမှာရှိတဲ့ ဝါသနာရှင်တွေအပြင် နယ်ကဝါသနာရှင်တော်တော်များများ လာရောက်ကြမယ်။ တိုင်းရင်းသားတွေလည်းဝင်ရောက်ယှဉ်ပြိုင်ကြမယ်"ဟု ၎င်းက ဆိုသည်။



KIA
Major Sponsor
www.kia.com.mm
KIA
australian open
Kia, the sponsor that moves your heart
CARENS
KIA
The Power to Surprise
Kia Motors, the major sponsor of the Australian Open 2014

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# လီဗာပူး – အာဆင်နယ်၊ နာပိုလီ – မီလန်၊ လာဇီယို – ရိုးမား ပွဲကောင်းများနဲ့ ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်တွေကတော့ ပရီးမီးယားလိဂ်၊ စီးရီးအေ၊ လာလီဂါ သုံးခုစလုံးမှာ ပွဲကောင်းတွေချည်းပါပဲ။ လီဗာပူး-အာဆင်နယ်၊ ချယ်လ်ဆီး-နယူးကာဆယ်၊ နာပိုလီ-မီလန်၊ လာဇီယို-ရိုးမား၊ ဆီဗီလာ-ဘာစီလိုနာ ပွဲတွေက ပရိသတ်တွေကို စောင့်ကြိုနေပါတယ်။

**ပရီးမီးယားလိဂ်**

**၈၊ ဖေဖော်ဝါရီ၊ စနေ**

**အာဆင်နယ်-လီဗာပူး**
**(ည ၇း၁၅ နာရီ)**
**ပကျော့ရလဒ် ၂-၀**

အာဆင်နယ်တို့ ဆောက်သမ်တန်ကို သရေကျခဲ့ပေမယ့် အိမ်ကွင်းခြေစွမ်းအကောင်းဆုံးရှိနေတာကြောင့်လီဗာပူးခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ လက်ရှိမှာလည်း လိဂ်မှာ အိမ်ကွင်းပေးဂိုးအနည်းဆုံးဖြစ်နေတဲ့ အာဆင်နယ်ကပဲ လီဗာပူးကို ထိန်းကစားသွားနိုင်ပါလိမ့်မယ်။ အိမ်ရှင်တို့ကပ်နိုင်မယ့်ပွဲပါ။

**ချယ်လ်ဆီး-နယူးကာဆယ်**
**(ည ၉း၃၀ နာရီ)**
**ပကျော့ရလဒ် ၀-၂**

ချယ်လ်ဆီးတို့ နယူးကာဆယ်နဲ့တွေ့တိုင်း ရလဒ်မကောင်းတဲ့သမိုင်းကို ဒီတစ်ခါတော့ ဖျက်နိုင်မှာပါ။ ချယ်လ်ဆီးရှေ့တန်း ပိုကောင်းတာက နယူးကာဆယ်ရဲ့ နောက်တန်းအားနည်းမှုကို အခွင့်ကောင်းယူနိုင်ပါတယ်။ ချယ်လ်ဆီးအိမ်ကွင်းရလဒ်အရမ်းကောင်းနေတာကြောင့် သရေဖြစ်ဖို့တောင်မရှိဘဲ ဂိုးအနည်းနဲ့ ကပ်နိုင်ခြေရှိနေတယ်။

**နော့ဝစ်ချ်-မန်စီးတီး**
**(ည ၉း၃၀ နာရီ)**
**ပကျော့ရလဒ် ၀-၇**

မန်စီးတီးတိုက်စစ် အားကောင်းနေတာ အမှန်ပါပဲ။ ဂိုးပြတ်ဖြစ်သွားနိုင်ခြေရှိနေတယ်။ အဂူရိုမပါလည်း နီဂရီဒို၊ ဒီဇီကို၊ ဂျိုဗက်တစ်တို့ တိုက်စစ်နဲ့ ဂိုးသွင်းအားတွေက နော့ဝစ်ချ်ကို သူ့အိမ်ကွင်းမှာပဲနိုင်ပြီး အနည်းဆုံးနှစ်ဂိုးလောက်ရသွားစေမှာဖြစ်ပါတယ်။

**၉၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**

**မန်ယူ-ဖူလ်ဟမ်**
**(ည ၁၀း၃၀ နာရီ)**
**ပကျော့ရလဒ် ၃-၁**

မန်ယူတို့ ခြေမှန်တဖြည်းဖြည်းပြန်ရလာဖို့ မလွယ်ဘူးဖြစ်နေတယ်။ ဖူလ်ဟမ်ကလည်း ဇယားအောက်ဆုံးမှာရှိနေပေမယ့် မထင်မှတ်ဘဲ ဒုက္ခပေးနိုင်ပါတယ်။ မန်ယူကို ဂိုးအနည်းနဲ့ပဲ အားပေးလို့ရမယ်။ သရေတော့ဖြစ်နိုင်ခြေနည်းတယ်။

**စီးရီးအေ**

**၉၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**

**နာပိုလီ-မီလန်**
**(နံနက် ၂း၁၅ နာရီ)**
**ပကျော့ရလဒ် ၂-၁**

နာပိုလီအိမ်ကွင်းခြေစွမ်းပြနိုင်တဲ့ပွဲပါ။ ဆီးဒေါ့ဖ်ရဲ့မီလန်က ခြေပြန်တက်လာနေပေမယ့် သရေပွဲများထားတဲ့ ရလဒ်တွေကို မမေ့သင့်ပါဘူး။ မီလန်အမြင့်ဆုံး သရေပဲမှန်းနိုင်ပြီး နာပိုလီ အပြန်အလှန်သွင်းဂိုးတွေနဲ့ ထပ်နိုင်သွားမှာပါ။

**လာဇီယို-ရိုးမား**
**(ည ၁၀း၃၀ နာရီ)**
**ပကျော့ရလဒ် ၀-၂**

ရောမဒါဘီပွဲ ဖြစ်တာကြောင့် မြို့ခံအသင်းအချင်းချင်း အကြိတ်အနယ်ကစားမယ့်ပွဲပါပဲ။ ဒါပေမဲ့ လာဇီယိုတို့ သရေပွဲတွေ များလာတဲ့အခြေအနေမှာ ရိုးမားက ပထမအကျော့လိုပဲ နိုင်သွားဖို့ပိုများတယ်။ ရိုးမားတစ်ဂိုးအသာနဲ့ ကပ်နိုင်သွားမှာပါ။

**ဗီရိုနာ-ဂျူဗင်တပ်**
**(ည ၁၀း၃၀ နာရီ)**
**ပကျော့ရလဒ် ၁-၂**

ရိုးမားတို့ ရောမဒါဘီကို ရင်ဆိုင်နေချိန်မှာ ဇယားထိပ်က ဂျူဗင်တပ်တို့က အခွင့်ကောင်းယူမှာပါ။ ဂျူဗင်တပ်တို့ ပေးဂိုးနည်းတဲ့ရလဒ်ကို ဆက်ထိန်းသွားပြီး ဗီရိုနာကို ဖိကစားနိုင်ပါတယ်။ ဂိုးများဖို့တော့မရှိပါ။ ဂျူဗီအများဆုံးနှစ်ဂိုးလောက်ပဲ ရမှာပါ။

**လာလီဂါ**

**၉၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**

**ရီးရဲလ်မက်ဒရစ်-ဗီလာရီးရဲလ်**
**(နံနက် ၁း၃၀ နာရီ)**
**ပကျော့ရလဒ် ၂-၂**

ရီးရဲလ်တို့နိုင်ပွဲဆက်တိုက်ရနေပြီး ဇယားမှာကပ်လိုက်ဖို့ ကြိုးစားနေတာပါ။ ဘာကာနဲ့ အက်သလက်တီကိုခြေလှမ်းအမှားကို အိမ်ကွင်းမှာ အနိုင်ကန်ပြီးစောင့်မှာဖြစ်တယ်။ ရီးရဲလ်အနိုင်နဲ့ သရေဖြစ်ပြီး ဂိုးတော့နည်းပါလိမ့်မယ်။

**အယ်မာရီယာ-**
**အက်သလက်တီကိုမက်ဒရစ်**
**(နံနက် ၃း၃၀ နာရီ)**
**ပကျော့ရလဒ် ၂-၄**

အက်သလက်တီကိုမှာကော်စတာ၊ ဂါစီယာတို့ ခြေစွမ်းမှန်နေပြီး အဝေးကွင်းရလဒ်အကောင်းဆုံးအသင်းဖြစ်နေပါတယ်။ ညှို့သည်အက်သလက်တီကိုပဲ နှစ်ဂိုးအသာ (သို့မဟုတ်) ၂-၁ ဂိုး စသဖြင့် အပြန်အလှန်ဂိုးတွေနဲ့ နိုင်မှာပါ။

**၁၀၊ ဖေဖော်ဝါရီ၊ တနင်္လာ**

**ဆီဗီလာ-ဘာစီလိုနာ**
**(နံနက် ၂း၃၀ နာရီ)**
**ပကျော့ရလဒ် ၂-၃**

ဘာကာတို့ဒီရာသီပထမဆုံး အိမ်ကွင်းရှုံးပွဲအဖြစ် ဗလင်စီယာကို ရှုံးခဲ့တာကြောင့် ပြန်အဖတ်ဆယ်ရမယ့်ပွဲပါပဲ။ ဘာကာနောက်တန်းပြင်ဆင်မှုတွေကိုအဝေးကွင်းမှာ မမြင်ရရင်တော့ သရေပွဲဖြစ်သွားနိုင်ပါတယ်။ ဆီဗီလာအိမ်ကွင်းမှာသရေရရင်ပဲ ကျေနပ်ရမှာပါ။ ခြေစွမ်းပိုင်းအရ ဘာကာတို့အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ဖို့ပဲရှိပါတယ်။ ဂိုးပြတ်ဖို့မရှိပါ။






# ဆေးခြောက်သုံးစွဲမှုမှာ တလွဲသုံးစွဲမှုဖြစ်နိုင်ပြီး ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် သဘောထားသင့်သည်ဟု အိုဘားမားပြောကြား

**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၁**

သာမန်သုံးစွဲသူများအတွက် ဆေးခြောက်ကို အရက်သောက်သုံးမှုကဲ့သို့ပင် အလွန်အကျွံသုံးစွဲမှုဖြစ်နိုင်ပြီး ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် မှတ်ယူသင့်သည်ဟု စီအင်န်အင်န်သတင်းဌာနနှင့် ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှု တစ်ခုအတွင်း ကန်သမ္မတဘားရက်အိုဘားမားက ပြောကြားလိုက်သည်။

"သာမန်ကာလျှံကာသုံးစွဲသူတွေ၊ သီးသန့်သုံးစွဲသူတွေအတွက် ဆေးခြောက်ဟာ အရက်လိုပဲ တလွဲအသုံးပြုတာဖြစ်နိုင်တယ်ဆိုတာ သိပ္ပံပညာဆိုင်ရာ အထောက်အထားအပေါ် အခြေခံတဲ့ ကျွန်တော်ရဲ့ ယုံကြည်ချက်အတိုင်း ကျွန်တော်ရပ်တည်ပါတယ်။ အဲဒါကိုပြည်သူ့ကျန်းမာရေးပြဿနာနဲ့ စိန်ခေါ်မှုတစ်ခုလို့ မှတ်ယူသင့်ပါတယ်"ဟု အိုဘားမားကပြောသည်။

ဆေးခြောက်သုံးစွဲမှုမှာ လူတစ်ဦးအတွက် အရက်သောက်သုံးခြင်းထက် ပိုမိုဆိုးရွားသော အကျင့်ဆိုးတစ်ခုဖြစ်သည်ဟု ၎င်းက ယခင်က ပြောကြားခဲ့သည်။ မိမိ၏ အဓိက စိုးရိမ်ပူပန်မှုများအနက် တစ်ခုမှာ ဆေးခြောက်အသုံးပြုခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းဖြစ်သည်ဟုလည်း အိုဘားမားကပြောသည်။

ဆေးခြောက်ကို တရားဝင်သုံးစွဲရောင်းချခွင့်ပြုခြင်းမှာ အားလုံးအဆင်ပြေမည်ဟု ယုံကြည်သူများအနေဖြင့် နောက်တစ်ကြိမ်တွေးတောစဉ်းစားသင့်သည်ဟုလည်း ၎င်းကပြောသည်။ "သူတို့ကိုယ်သူတို့ခက်ခဲ့တဲ့မေးခွန်းအချို့မေးသင့်တယ်လို့လည်း ကျွန်တော်ထင်ပါတယ်။ ရင်းမြစ်တွေ၊ ဖြန့်ဖြူးမှုတွေ ဈေးကွက်လက်ဆန့်တန်းမှုတွေနဲ့ လုပ်ငန်းကြီးတွေ ရုတ်တရက်ပေါ် ပေါက်လာတဲ့ အနေအထားနဲ့ ကျွန်တော်တို့ စပြီးရင်ဆိုင်ကြုံတွေ့ရပြီးဆိုရင် တလွဲသုံးစွဲတာမျိုးတွေ မြင့်တက်ကောင်းမြင့်တက်လာနိုင်ပါတယ်"ဟု အိုဘားမားက စီအင်န်အင်န်သတင်းဌာနအား ပြောကြားသည်။

—*Ref: CNN*



PUNIT PARANJPE/AFP

*ဇန်နဝါရီ ၃၀ ရက်က အမေရိကန်သမ္မတအိုဘားမား ဝစ်ကွန်ဆင်ပြည်နယ်ရှိ GE ကုမ္ပဏီ၏ ဂက်စ်တာဘိုင်များထုတ်လုပ်ရာစက်ရုံတွင် လှည့်လည်ကြည့်ရှုပြီး စကားပြောကြားနေစဉ်*

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မြို့ကြီးများ အထူးကိုယ်စားလှယ်အဖြစ် နယူးယောက်မြို့တော်ဝန်ဟောင်းအားခန့်အပ်

**နယူးယောက်၊ ဖေဖော်ဝါရီ-၁**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မြို့ကြီးများ၏ အထူးကိုယ်စားလှယ်အဖြစ် နယူးယောက်မြို့တော်ဝန်ဟောင်း မိုက်ကယ်ဘလွန်းဘာ့ဂ်အား ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ခန့်အပ်လိုက်သည်။

ရာသီဥတု ပြောင်းလဲမှုနှင့် ပတ်သက်၍ ကြိုးပမ်းမှုများတိုးတက်ရေး ချမှတ်ထားသောကာလရှည် မဟာဗျူဟာတစ်စိတ်တစ်ပိုင်းဖြစ်သော မြို့ကြီးများက အရေးယူမှုလုပ်ဆောင်ရေး၊ နိုင်ငံရေးအင်အားများ စုစည်းရေးအတွက် မြို့တော်ဝန်များ၊ အခြားသက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင်ရာတွင် ဘလွန်းဘာ့ဂ်က ၎င်းကိုကူညီသွားမည်ဟု ဘန်ကီမွန်းက ပြောကြားသည်။

ဘန်ကီမွန်းသည် လာမည့်စက်တင်ဘာလတွင် ကျင်းပရန်ရှိသော ကုလသမဂ္ဂထိပ်သီးဆွေးနွေးပွဲအတွက် ကြိုးပမ်းမှုများ အရှိန်ရစေရန်၊ ရာသီဥတုပြောင်းလဲမှု ဆွေးနွေးငြင်းခုံမှုများကို အားသစ်လောင်းရန်နှင့် ကုလသမဂ္ဂအခန်းကဏ္ဍ ကျယ်ပြန့်လာစေရန် ကြိုးစားနေသည်။

ဘလွန်းဘာ့ဂ်ကလည်း ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာ၌ ရာသီဥတုပြောင်းလဲမှုတိုက်ပွဲဝင်ရာတွင် မြို့ကြီးများမှာ ဦးဆောင်အင်အားစုတစ်ရပ်အဖြစ် ပေါ်ထွက်လာနေသည်ဟု ပြောကြားသည်။ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်ခန့်အပ်မှုမှာ အချိန် ၂ နှစ်ကြာမြင့်မည်ဖြစ်သည်။

မြို့ကြီးများ၏ ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းထုတ်လွှတ်နေပြီး ကမ္ဘာ့စွမ်းအင်သုံးစွဲမှု သုံးပုံနှစ်ပုံကို ဝါးမျိုနေပြီး လူဦးရေမှာလည်း ၂၀၅၀ ပြည့်နှစ်တွင် လက်ရှိထက် နှစ်ဆဖြစ်လာမည်ဟုလည်း ဘလွန်းဘာ့ဂ်ကပြောကြားသည်။

—*Ref: Reuters*



7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံမိသားစုများ ဆုံတွေ့ရေးအကြိုညှိနှိုင်းပွဲကျင်းပ

**ဆိုးလ်၊ ဖေဖော်ဝါရီ-၃**

တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာခဲ့ရသော မိသားစုဝင်များ ပြန်လည်ဆုံတွေ့ရေးပြုလုပ်ရန် လုပ်ငန်းအကောင်အထည်ဖော် ဆွေးနွေးပွဲကို ယနေ့ ဗုဒ္ဓဟူးနေ့ (ဖေဖော်ဝါရီ ၅ ရက်)တွင် ကျင်းပသွားရန် သဘောတူခဲ့သည်။

နှစ်နိုင်ငံမိသားစုများ ဆုံတွေ့ရန် ကြိုးပမ်းမှုများမှာ ပြီးခဲ့သည့်ကာလများအတွင်း သံတမန်ရေးဆိုင်ရာပြဿနာများကြောင့် အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ထို့နောက် ဖေဖော်ဝါရီ ၃ ရက်တွင်ပြုလုပ်မည့် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓဟူးနေ့(သို့မဟုတ်)ကြာသပတေးနေ့တွင်ကျင်းပရန် ကမ်းလှမ်းခဲ့ရာ တောင်ကိုရီးယားဘက်က ဗုဒ္ဓဟူးနေ့ကို ရွေးချယ်ခဲ့သည်။ ဆွေးနွေးပွဲကို မြောက်ကိုရီးယားနယ်စပ်ရှိပန်မွန်ဂျွန်းရွာ၌လုပ်ရန် သဘောတူထားသည်။ တောင်ကိုရီးယား၏ နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ကင်မ်အူဒိုကလည်း "မြောက်ကိုရီးယားဟာ နောက်ဆုံးမှာတော့ မိသားစုတွေပြန်ဆုံရေးကိစ္စကို ရှေ့ဆက်ဆွေးနွေးဖို့ သဘောတူလိုက်တဲ့အတွက် ကြိုဆိုပါတယ်။ ကိစ္စက အရေးပေါ်ဖြစ်တာနဲ့အညီ မိသားစုတွေ ပြန်ဆုံတွေ့ဖို့ကို မြန်နိုင်သမျှမြန်အောင် လုပ်ဆောင်သွားမှာပါ"ဟု ပြောသည်။

၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် ကိုရီးယားနှစ်နိုင်ငံမှ စစ်အတွင်း ကွဲကွာခဲ့သော မိသားစုဆွေမျိုးများ ပြန်လည်ဆုံတွေ့မှုများသည် ယခုအချိန်အထိ ဆွေမျိုးသားချင်းဦးရေ ၁၇,၀၀၀ ဦးကို ခဏတာပြန်လည်ဆုံတွေ့ခွင့်ရစေခဲ့ပြီးဖြစ်သည်။ အကယ်၍ ပန်မွန်ဂျွန်းတွင် ပြုလုပ်သော ဆွေးနွေးပွဲအောင်မြင်လျှင် နှစ်နိုင်ငံကြားဆွေမျိုးများအတွက် ၂၀၁၀ နောက်ပိုင်း ပထမဆုံးပြန်လည်ဆုံတွေ့ခွင့်ရမှုလည်း ဖြစ်လာမည်ဖြစ်သည်။

*—Ref: AFP*

# နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး ရုရှားပြည်သူထောင်ပေါင်းများစွာ ချီတက်ဆန္ဒပြ

**မော်စကို၊ ဖေဖော်ဝါရီ-၃**

ရုရှားသမ္မတဗလာဒီမာပူတင်အား ၂၀၁၂ ခုနှစ်တွင် ဆန့်ကျင်ဆန္ဒပြပြီးနောက် ဖမ်းဆီးထောင်ချခံရသော အကျဉ်းသားရှစ်ဦးကို လွှတ်ပေးရန် ဖေဖော်ဝါရီ ၂ ရက်တွင် မော်စကိုမြို့၌ လူထောင်ပေါင်းများစွာ ချီတက်ဆန္ဒပြခဲ့သည်။

ပွတ်ရှ်ကင်ရင်ပြင်မှ တာဂီနက်ဝ်ရင်ပြင်အထိ လမ်းကြောင်းတစ်လျှောက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ရာပေါင်းများစွာရှိနေပြီး ယင်းလမ်းကြောင်းပေါ်တွင်ရဟတ်ယာဉ်တစ်စီးလည်းပျံဝဲ၍ လူထုချီတက်ဆန္ဒပြပွဲကို လုံခြုံရေးပေးထားခဲ့သည်။

ဆန္ဒပြသူများသည် 'နိုင်ငံရေးအကျဉ်းသားများလွှတ်ပေး' ဟု ရေးသားထားသော စာတန်းများကို ကိုင်ဆောင်ပြီးဆန္ဒပြခဲ့ကြသည်။ ရုရှားရဲတပ်ဖွဲ့ဝင်များက ချီတက်ဆန္ဒပြသူ ၂,၀၀၀ ခန့်ရှိသည်ဟု ပြောကြားခဲ့သော်လည်း ဆန္ဒပြပွဲစည်းရုံးရေးမှူးများက ချီတက်ဆန္ဒပြသူပေါင်း ၁၀,၀၀၀ ခန့်ရှိသည်ဟု ပြောကြားသည်။

ရုရှားအစိုးရရှေ့နေများသည် အစိုးရဆန့်ကျင်ဆန္ဒပြသူများအား ထောင်ဒဏ်ငါးနှစ်မှခြောက်နှစ်အထိချမှတ်ရန် တောင်းဆိုခဲ့ပြီးနောက် ယခုကဲ့သို့ ချီတက်ဆန္ဒပြပွဲကို အတိုက်အခံအဖွဲ့များက စီစဉ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ် ဇွန်လတွင် ပူတင်သမ္မတအဖြစ်မထမ်းဆောင်မီ လူထုစည်းဝေးပွဲတစ်ခု၌ ပဋိပက္ခများဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့အပေါ် အကြမ်းဖက်မှု၊ ရုန်းရင်းဆန်ခတ်ဖြစ်စေမှုတို့ဖြင့် ဆန္ဒပြသူများအား ဖမ်းဆီးခဲ့သည်။ သို့ရာတွင် တရားခံရှေ့နေများက အမှုတွင် အသုံးပြုသော အထောက်အထားများမှာ လုံးဝမခိုင်မာကြောင်း ပြောကြားခဲ့ပြီး လူ့အခွင့်အရေးအဖွဲ့များကလည်း ဆန္ဒပြသူများ ဖမ်းဆီးမှုမှာ နိုင်ငံရေးအရ လှုံ့ဆော်မှုဖြစ်သည်ဟု ပြောကြားသည်။

*—Ref: AFP*

# ယီမင်နိုင်ငံ ဆာနားမြို့တော်တွင် ပေါက်ကွဲမှုကြီးသုံးကြိမ်ဖြစ်ပွား

**ဆာနား၊ ဖေဖော်ဝါရီ-၃**

ယီမင်မြို့တော် ဆာနားရှိ ကာကွယ်ရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်နှင့် ယခင်သမ္မတဟောင်းနေအိမ်အနီးတွင် ဖေဖော်ဝါရီ ၂ ရက်က ပေါက်ကွဲမှုသုံးကြိမ် ဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

"သေနတ်သံတွေကြားပြီးတဲ့နောက်မှာ ပေါက်ကွဲမှုတွေဖြစ်တာပါ"ဟု ဒေသခံတစ်ဦးကပြောကြားသည်။

တတိယပေါက်ကွဲမှုသည် ပြင်သစ်သံရုံးနှင့် ကပ်လျက်ရှိသော သမ္မတဟောင်းအလီအဗ္ဗဒူလာဆာလေး၏ နေအိမ်အနီး၌ ဖြစ်ပွားခဲ့သည်ဟု ဒေသခံများက ထပ်လောင်းပြောကြားသည်။

ပေါက်ကွဲမှုများဖြစ်ပွားရာ တတိယနေရာသို့ လုံခြုံရေးယာဉ်တန်းများ ချက်ချင်းရောက်ရှိလာပြီး လမ်းကြောင်းအားလုံးကို ပိတ်ဆို့ခဲ့ကြောင်းနှင့် အခင်းဖြစ်ပွားရာနေရာမှ ဒဏ်ရာရရှိသူလေးဦးကို လူနာတင်ယာဉ်ဖြင့် သယ်ဆောင်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဆာလေး၏နေအိမ်အနီး ပေါက်ကွဲမှုမှာ ဗုံးထောင်ဖောက်ခွဲခြင်းကြောင့်ပေါက်ကွဲခဲ့ခြင်းဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပေါက်ကွဲမှုများဖြစ်ပွားရခြင်းနှင့် သေဆုံးဒဏ်ရာရရှိသူများစာရင်းကို ယီမင်အစိုးရက ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ အာရပ်ကမ္ဘာတွင် အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော ယီမင်နိုင်ငံသည် ကာလရှည်ကြာစွာ အုပ်ချုပ်ခဲ့သော သမ္မတအဗ္ဗဒူလာဆာလေး အစိုးရကို ပြုတ်ကျသွားစေသော ဆန္ဒပြမှုများဖြစ်ပွားချိန်မှစ၍ ဆူပူအကြမ်းဖက်မှုများ ရင်ဆိုင်နေရသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနအနီးတွင် အသေခံဗုံးခွဲမှုနှင့် သေနတ်ဖြင့်ပစ်ခတ်မှုများကြောင့် လူ ၅၂ ဦး သေဆုံးခဲ့သည်။

*—Ref: Reuters*



MOHAMMED HUWAIS/AFP

*ယခင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေး၏ နေအိမ်အနီးပေါက်ကွဲမှုတွင် ပျက်စီးသွားသော ကားတစ်စီးအား စစ်ဆေးကြည့်ရှုနေသည့် ယီမင်စစ်သားတစ်ဦး*

# အိန္ဒိယမိုဘိုင်းဆက်သွယ်ရေးလိုင်စင် လေလံပွဲတွင် ကုမ္ပဏီရှစ်ခု ဝင်ရောက်ယှဉ်ပြိုင်

**နယူးဒေလီ၊ ဖေဖော်ဝါရီ-၃**

အိန္ဒိယအစိုးရက ပြုလုပ်သော နိုင်ငံတစ်ဝန်း မိုဘိုင်းဖုန်းဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လေလံပွဲကို တနင်္လာနေ့တွင်စတင်ရာ ကုမ္ပဏီပေါင်းရှစ်ခုက 2G မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်များရရှိရန် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းလိုင်စင်ချထားပေးမှုမှ အိန္ဒိယအစိုးရက ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံခန့်ရရှိရန် မျှော်မှန်းထားပြီး လေလံမှာ အချိန်တစ်ပတ်ခန့်ကြာမြင့်နိုင်သည်။ ကုမ္ပဏီများသည် အစိုးရလေလံအောင်ခဲ့ပါက နိုင်ငံတစ်ဝန်း ဒေသပေါင်း ၂၂ ခုတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးရမည်ဖြစ်သည်။

အိန္ဒိယ၌ ၂၀၁၂ နှင့် ၂၀၁၃ တွင် မိုဘိုင်းဆက်သွယ်ရေးလေလံပွဲများပြုလုပ်ရန် အစိုးရကြိုးစားခဲ့မှုမှာမူ သတ်မှတ်ကြမ်းခင်းဈေးနှုန်းများ မြင့်မားနေမှုကြောင့်ဟုဆိုကာ ကုမ္ပဏီများက လေလံမဆွဲဘဲ သပိတ်မှောက်ခဲ့ကြသည်။

ယခင်ထုတ်ပေးခဲ့သည့် နောက်ဆုံးလိုင်စင်မှာ ၂၀၀၈ တွင် ဆက်သွယ်ရေးဝန်ကြီး အေ၊ ရာဂျာလက်ထက်တွင် ချထားခြင်းဖြစ်ပြီး လာဘ်စားမှုများ အကြီးအကျယ်ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရကာ ဝန်ကြီးမှာလည်း လက်ရှိတွင် တရားရင်ဆိုင်နေရဆဲဖြစ်သည်။ အစိုးရစာရင်းစစ်များက ထိုအမှုတွင် ဒေါ်လာ ၄၀ ဘီလီယံခန့် လာဘ်စားမှုများကြောင့် လေလွင့်ခဲ့ကြောင်းဆိုထားကာ နိုင်ငံတော်တရားရုံးကလည်း ယခင်ချထားပေးခဲ့သည့် လိုင်စင်ပေါင်း ၁၂၂ ခုကိုပြန်လည်ပယ်ဖျက်ပစ်ခဲ့သည်။

အစိုးရက ယခုရောင်းချသည့် ဆက်သွယ်ရေးလိုင်စင်မှာ 2G မိုဘိုင်းဆက်သွယ်ရေးလိုင်စင်ဖြစ်ပြီး ၂၀၁၀ တွင် ချထားပေးခဲ့သည့် ပိုမြန်သော 3G ဆက်သွယ်ရေးလိုင်စင်များကြောင့် အစိုးရတွင် ဝင်ငွေဒေါ်လာ ၁၅ ဘီလီယံခန့်ရခဲ့သည်။ အိန္ဒိယတွင် မိုဘိုင်းဖုန်းသုံးစွဲသူဦးရေမှာ သန်း ၉၀၀ ခန့်ရှိသည်။

*—Ref: BBC*

# စလိုဗေးနီးယားနိုင်ငံတွင် လူနေအိမ် တစ်သိန်းနှစ်သောင်း လျှပ်စစ်မီးပြတ်တောက်နေ

**လူဘလီယာနာ၊ ဖေဖော်ဝါရီ-၃**

စလိုဗေးနီးယားနိုင်ငံ ဒေသအများအပြားတွင် နှင်းများထူထပ်စွာကျဆင်း၍ နှင်းမိုးများဒဏ်ခံစားနေရရာ ကားလမ်းနှင့် ရထားလမ်းများ ပိတ်နေပြီး နိုင်ငံတစ်ဝန်း နေအိမ်ပေါင်း ၁၂၀,၀၀၀ မှာ လျှပ်စစ်မီးများ ပြတ်တောက်နေသည်။

စလိုဗေးနီးယား မိုး/ဇလဌာနကလည်း နိုင်ငံတစ်ဝန်း နိုးကြားမှုသတိပေးချက်များကို မြှင့်တင်ထားပြီး နိုင်ငံသားများအနေဖြင့် အိမ်တွင်း၌သာ နေထိုင်ကြရန်နှင့် လာမည့်နှစ်ရက်အတွင်း ရာသီဥတုအခြေအနေမှာ လူများနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးနိုင်ကြောင်း သတိပေးထားသည်။

မြို့တော်လူဘလီယာနာမှ ၄၀ ကီလိုမီတာခန့်သာ ကွာဝေးသော ပေါ့စ်တိုဂျနာဒေသတွင် ရေခဲနှင့် နှင်းများ၏အလေးချိန်ကြောင့် (သို့မဟုတ်) လဲကျသော သစ်ပင်များကြောင့် မဟာဓာတ်အားလိုင်းများ လဲပြိုကျနေပြီး ရာသီဥတုဆက်လက်ဆိုးရွားနေ၍ ပြင်ဆင်နိုင်ခြင်းလည်းမရှိပေ။




DARKO DOZET/AP

လူဘလီယာနာနှင့် အက်ဒရီယန်ပင်လယ်ကမ်းရိုးတန်းသို့သွားရာလမ်းမကြီးမှာလည်း ဓာတ်အားလိုင်းများလဲကျ၍ နာရီပေါင်းများစွာ ပိတ်ထားရသည်။ နိုင်ငံတစ်ဝန်း အခြားလမ်းမများမှာလည်း သစ်ပင်များလဲကျမှုနှင့် ရေခဲများကြောင့် ပိတ်ဆို့နေကြောင်း ယာဉ်သွားလာမှုသတင်းဌာနက ပြောကြားထားသည်။

စလိုဗေးနီးယားဝန်ကြီးချုပ် မစ္စစ်အလင်ကာဘရာတူဆက်ကလည်း ၎င်းတို့ကြုံတွေ့နေရသော သဘာဝဘေးဒုက္ခများ အတိုင်းအတာကြီးမား၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ဖြည့်ဆည်းရေး လျှပ်စစ်ထုတ်လုပ်ဂျင်နရေတာအများအပြားကို အီးယူထံမှ အကူအညီတောင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

"စွမ်းအင်မလုံလောက်မှုဟာ ဒေသခံပြဿနာမဟုတ်ဘဲ နိုင်ငံတော်ပြဿနာဖြစ်နေပါပြီ"ဟု ကာကွယ်ရေးဝန်ကြီး ရိုမန်ဂျာကစ်က ပြောကြားသည်။

*—Ref: AFP*







No. 2, Airport Street, Zee Phyu Gone Village, Ngapali Beach, Thandwe, Rakhine State, Myanmar
**t**: 95 (43) 42130~49 **f**: 95 (43) 42290 **e**: info@thingahangapali.com, sales@edenhotelsandresorts.com

7 DAY NEWS JOURNAL

International

Vol.12, No.48 • FEBRUARY 5 , 2014

# သမုဒ္ဒရာအတွင်း ၁၆ လကြာ မျောပါခဲ့သည့် မက္ကဆီကိုနိုင်ငံသား အိမ်ကိုသာပြန်လိုဟုပြောကြား

**မာရှယ်ကျွန်း၊ ဖေဖော်ဝါရီ-၃**

မက္ကဆီကိုနိုင်ငံမှ ထွက်ခွာလာပြီး ပစိဖိတ်သမုဒ္ဒရာအတွင်း ၁၆ လကြာ မျောပါသွားခဲ့ကာ လှိုင်းလေရိုက်ခတ်မှုကြောင့် သန္တာကျွန်းတစ်ခုပေါ်သို့ ရောက်ရှိအသက်ရှင်ခဲ့သူက မိမိမှာ အိမ်သို့သာ ပြန်ချင်သည်ဟု ပြောကြားလိုက်သည်။

မိမိနာမည် ဟိုဆေးအီဗန်ဟု ပြောသော ယင်းမက္ကဆီကိုနိုင်ငံသားသည် ပန်ကာမဲ့နေသောစက်များသာပါရှိတော့သည့် ၎င်း၏ ၂၄ ပေရှည်သော ဖိုက်ဘာမှန်အမျိုးအစားလှေ အက်ဘွန်ကျွန်းရှိသန္တာကျောက်တန်းတစ်ခုပေါ်သို့ရောက်ရှိလာစဉ် ဒေသခံနှစ်ဦးက သတိပြုမိပြီး ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။

၎င်းမှာ စိတ်ဓာတ်ကျနေပြီး မက္ကဆီကိုသို့သာ ပြန်လိုသည်ဟု စကားပြန် မာဂူးဗာကာမှတစ်ဆင့် အေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။ ၎င်းကို ကျန်းမာရေးစစ်ဆေးရန် မာရှယ်လ်ကျွန်းသို့ ကင်းလှည့်ရေယာဉ်ဖြင့် ခေါ်ဆောင်သွားသည်။

“ကျွန်တော်နေမကောင်းဘူး။ ကျွန်တော်အဝေးကြီးရောက်နေတယ်။ ကျွန်တော်ဘယ်ရောက်နေတယ်။ ဒါမှမဟုတ် ဘာဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော် မသိဘူး”ဟု အီဗန်ကပြောသည်။



HILARY HOSIA/AFP

*မက္ကဆီကိုမှထွက်ခွာခဲ့ပြီး ပင်လယ်ထဲတွင် မျောနေခဲ့ကာ အီဘွန်အက်တိုးလ်ကျွန်း၌ တစ်နှစ်ကြာသောင်တင်ခဲ့ပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့သည့် ဟိုဆေးအီဗန်(ခေါ်)ဟိုဆေး ဆယ်ဗေဒိုအယ်လ်ဘာရန်ဂိုအား မာဂျူရိုဆေးရုံတွင် သူနာပြုနှင့်အတူ တွေ့ရစဉ်*

အီဗန်မှာစိတ်ရှုပ်ထွေးနေပြီး ၎င်း၏ဦးတည်ရာမဲ့ပင်လယ်ခရီးရှည်အတွင်း ဘာဖြစ်ခဲ့သည်ဆိုသည်ကိုမမှတ်မိဟု စကားပြန်ဗာကာကပြောသည်။ အီဗန်မှာ လိပ်များ၊ ငှက်များ၊ ငါးများကိုစားကာ မိုးမရွာချိန်တွင် လိပ်သွေးကိုသောက်၍ အသက်ရှင်နေထိုင်ခဲ့ပြီး ကျွန်းသို့ရောက်ရှိလာစဉ်က လှေပေါ်တွင် လိပ်တစ်ကောင်ရှိနေသေးသည်။ ၎င်းသည် စားစရာအတွက် ယင်းတိရစ္ဆာန်များကို လက်ဗလာဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းမှာကျွန်းသို့ရောက်ရှိလာစဉ်က ဘောင်းဘီတိုအစုတ်တစ်ထည်သာ ဝတ်ဆင်ထားပြီး မုတ်ဆိတ်မွေး၊ပါးမြိုင်းမွေးများ ရှည်နေကာ အလွန်ပင်ပိန်လှီနေသည်။

“သူ့ကို အာဟာရရှိမယ့် စားစရာတွေ ကျွေးထားပါတယ်။ သူနေကောင်းလာပါပြီ”ဟု မြို့တော်ဝန် ဒီဘရမ်းက ပြောကြားပြီး အီဗန်မှာ ဒူးနှစ်ဖက်လုံး နာကျင်နေသဖြင့် အကူအညီမပါဘဲ မတ်တတ်မရပ်နိုင်ကြောင်း ၎င်းကပြောကြားသည်။

*—Ref: ABC*

# App များကို ပြန်လည်ခြေရာခံနိုင်သည့် Application နှစ်လအတွင်း ဝယ်ယူသုံးစွဲနိုင်ဖွယ်ရှိ

**ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ-၃**

အသုံးပြုသူများအနေဖြင့် ၎င်းတို့၏ဖုန်းများကို Application များက ခြေရာခံနေစဉ် အသိပေးဖော်ပြနိုင်သည့် Android Application တစ်မျိုးကို Rutgers တက္ကသိုလ်မှ ဆော့ဝဲရေးသားသူများက တီထွင်ဖန်တီးလိုက်သည်။

ဖုန်း၏တည်နေရာကို ကြော်ငြာရှင်များနှင့် ဝေမျှခြင်း (သို့မဟုတ်) မိမိကြိုက်နှစ်သက်သည့်အကြောင်းအရာ အချက်အလက်များ ဝေမျှခြင်းစသော Application တစ်ခုခုက စုံစမ်းရှာဖွေမှုပြုလုပ်သည့် အကြိမ်တိုင်း ဖုန်း၏မျက်နှာပြင်တွင် အသိပေးစာတန်းတစ်ခုပေါ်လာမည်ဖြစ်ကာ ဘာဖြစ်နေသည်ဆိုခြင်းကို အတိအကျရှင်းရှင်းလင်းလင်းဖော်ပြပေးမည်ဖြစ်သည်။

Application များ၏ ခြေရာခံမှုများနှင့် အချက်အလက် မည်မျှများပြားလာသည်ဆိုခြင်းကို မီးမောင်းထိုးပြရန် ယခု Application ကို Rutgers တက္ကသိုလ်မှ လက်ထောက်ပါမောက္ခ ဂျန်နီလင့်စ်ဗစ်ဦးဆောင်သော ဆော့ဝဲရေးသားသူများအဖွဲ့က ဖန်တီးရေးဆွဲထားခြင်းဖြစ်သည်ဟု MIT နည်းပညာသုံးသပ်ချက်သတင်းတွင် ဖော်ပြသည်။

တည်နေရာကိုအသိပေးခြင်းခံရစဉ် ရုပ်ပုံငယ်တစ်ခုပေါ်လာစေရန် Android နှင့် Apple ဖုန်းများက အသုံးပြုထားသည်။ သို့သော် ယင်းရုပ်ပုံငယ်ပေါ်လာသည်ကို သတိမထားမိဘဲ လွတ်သွားနိုင်ပြီး မည်သည့်အရာကိုဝေမျှနေသည် (သို့မဟုတ်) မည်သို့လုပ်ဆောင်နေသည်ဆိုသည်ကို ယင်းရုပ်ပုံငယ်တစ်ခုတည်းက အသုံးပြုသူများကို တိကျစွာမဖော်ပြနိုင်ပေ။

အကြိမ်ပေါင်းမည်မျှခြေရာခံနေရသည်ဆိုသည်ကို သိရှိရ၍ မိမိတို့ ထုတ်လုပ်လိုက်သော Application နမူနာကို အသုံးပြုသူများ အံ့ဩသွားကြသည်ဟု လင့်စ်ဗစ်ကပြောသည်။

ယင်း Application ကို Google Play တွင် နှစ်လအတွင်း ဝယ်ယူနိုင်မည်ဖြစ်သည်။ သို့သော် ယင်း Application ကို ရေးသားရခြင်း၏နောက်ကွယ်မှ ရည်ရွယ်ချက်အစစ်အမှန်မှာ ဂူးဂဲလ်ကုမ္ပဏီကဲ့သို့သော ကုမ္ပဏီများက သတင်းအချက်အလက်များ မည်သို့စုဆောင်းနေသည်၊ မည်သည့်အတွက်ကြောင့် စုဆောင်းသည်ဆိုခြင်းအပေါ် ပွင့်လင်းမြင်သာမှုပိုရှိလာစေရန်ဖြစ်ပြီး အသုံးပြုသူများအနေဖြင့် ပိုမိုထိန်းချုပ်နိုင်စေရန်ဖြစ်သည်။

*—Ref: AFP*

# ယူကရိန်းကို ဘဏ္ဍာရေး အကူအညီပေးရန် အမေရိကန်နှင့် အီးယူပြင်ဆင်

**ဘရပ်ဆဲလ်၊ ဖေဖော်ဝါရီ-၃**

ယူကရိန်းနိုင်ငံအတွက် ကြီးကြီးမားမားကာလတို ဘဏ္ဍာရေးအကူအညီပေးရေးအစီအစဉ်တစ်ရပ်ကို အီးယူနှင့် အမေရိကန်နိုင်ငံတို့က လုပ်ဆောင်နေကြောင်း အီးယူနိုင်ငံခြားရေးပေါ်လစီအကြီးအကဲ ကက်သရင်းအက်ရှ်တန်က ပြောကြားသည်။


ယူကရိန်းနိုင်ငံအနေဖြင့် အသွင်ကူးပြောင်းမှုကာလတစ်ရပ်ကျော်ဖြတ်နိုင်ရေးရည်မှန်း၍ အကူအညီပေးရေး အစီအစဉ်ကို ဖော်ထုတ်နေခြင်း ဖြစ်သည်ဟု ဝေါလ်စထရိဂျာနယ်နှင့် အင်တာဗျူးတွင် မစ္စစ်အက်ရှ်တန်ကပြောကြားသည်။ ယင်းကာလအတွင်း ကျယ်ပြန့်စွာဖွဲ့စည်းထားသော ကြားဖြတ်အစိုးရက နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို အတည်ပြုပေး၍ သမ္မတရွေးကောက်ပွဲအတွက်ပြင်ဆင်နိုင်မည်ဟု မစ္စစ်အက်ရှ်တန်က ဆက်လက်ပြောသည်။

ရုရှားနိုင်ငံနှင့် ပိုမိုအနီးကပ်ဆက်ဆံရေးကိုဦးစားပေး၍ အီးယူနှင့်ကုန်သွယ်ရေး၊ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို သမ္မတယာနူကိုဗစ်ချ်က လျစ်လျူရှုခဲ့သောယမန်နှစ်နိုဝင်ဘာလမှစ၍ ယူကရိန်းနိုင်ငံမှာ တစ်ခါတစ်ရံ အကြမ်းဖက်မှုဆီ လှုသွားသည့် လူထုချီတက်ပွဲများ၊ ကန့်ကွက်ဆန္ဒပြမှုများနှင့် ရင်ဆိုင်နေရသည်။

အီးယူနှင့် အမေရိကန်ပူးပေါင်းအကူအညီပမာဏကို မဆုံးဖြတ်ရသေးသော်လည်း နည်းနည်းပါးပါးဖြစ်မည်မဟုတ်ဟု မစ္စစ်ကက်သရင်းအက်ရှ်တန်က ပြောကြားသည်။

*—Ref: Reuters*






ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိခြင်းအတွက် တန်ဖိုးထားဂုဏ်ယူဝမ်းမြောက်မိပါတယ်

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိခြင်းကို မြန်မာမိသားစုဝင်တစ်ဦးအဖြစ် အသိအမှတ်ပြု ကြိုဆိုခြင်းခံရသကဲ့သို့ TELENOR MYANMAR က တန်ဖိုးထားဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မြန်မာပြည်သူလူထုအားလုံး တိုးတက်မြင့်မားသော လူနေမှုဘဝနဲ့ ပိုမိုကောင်းမွန်သောအနာဂတ် အခိုင်အမာ တည်ဆောက်နိုင်စေမယ့် အရည်အသွေးမြင့် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ်သုံး ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီတဲ့ ဈေးနှုန်းနဲ့ ဆောင်ကျဉ်းပေးဖို့ဆိုတဲ့ TELENOR MYANMAR ရဲ့ အဓိကရည်မှန်းချက်ကို မြန်မာနိုင်ငံတွင် မကြာမီအကောင်အထည်ဖော်ပါတော့မယ်။

ဆက်သွယ်ရေးကဏ္ဍရဲ့ အကျိုးကျေးဇူးတွေကို မြန်မာပြည်သူပြည်သားများအပြည့်အဝရရှိအောင်ကူညီပေးဖို့ TELENOR MYANMAR ရောက်ရှိနေပါပြီ။

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## Unity ဂျာနယ်မှ အမှုဆောင်အရာရှိချုပ်နှင့် သတင်းထောက်လေးဦး ထိန်းသိမ်းခံရ

မကွေးတိုင်း၊ ပေါက်မြို့နယ်ရှိတပ်မတော်လက်နက်စက်ရုံအကြောင်း ရေးသားသည့် Unity သတင်းဂျာနယ်မှ သတင်းထောက်လေးဦးနှင့် အမှုဆောင်အရာရှိချုပ်တို့ကို အစိုးရက ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ Unity၏ သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာလုံခြုံရေးအရာရှိများက ပေါက်မြို့နယ်နေ သတင်းထောက်ဦးလူမော်နိုင်အား ဇန်နဝါရီ ၃၁ ရက် ညတွင် စတင်ထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ကျန်လေးဦးကို ဖေဖော်ဝါရီ ၁ ရက်က ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။ ဂျာနယ်ကဖော်ပြသည့် သတင်းတွင် အဆိုပါစက်ရုံကို "ဓာတုလက်နက်စက်ရုံဟု ထင်ရကြောင်း" စက်ရုံ၏ဆောက်လုပ်ရေးလုပ်သားများ၊ ဒေသခံများနှင့် ၎င်းတို့၏ ကွင်းဆင်းလေ့လာမှုများကို ကိုးကားပြီးဖော်ပြထားသည်။ အဆိုပါစက်ရုံအတွင်း ဆယ့်ငါးပေခန့်ရှိ ဒုံးကျည်များ၊ မြေသားထဲနှစ်ထားသည့် ဓာတ်ပေါင်းဖိုများ၊ ရာနှင့်ချီသည့် ၂၂ ဘီးကားကြီးများ၊ ဥမင်လိုဏ်ခေါင်းများ တွေ့ရှိရကြောင်း အမည်မဖော်ပြသည့် သတင်းအရင်းအမြစ်အချို့ကိုကိုးကားရေးသားထားသည်။

## မန္တလေးတိုင်းဝန်ကြီးချုပ် ယာဉ်တန်းအနီး ပေါက်ကွဲမှုဖြစ်

မန္တလေးတိုင်းဝန်ကြီးချုပ်လိုက်ပါလာသည့် ယာဉ်တန်း ရှမ်းပြည်နယ်၊ နောင်ချိုမြို့အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သတင်းသမားနှစ်ဦး အသေးစားဒဏ်ရာရခဲ့သည်။ ဇန်နဝါရီ ၃၁ ရက်က ပြင်ဦးလွင်-မိုးကုတ်ကားလမ်း၊ နောင်ချိုမြို့နယ် မိုင်တိုင် ၂၉ အနီးတွင် ဝန်ကြီးချုပ်လိုက်ပါလာသော ယာဉ်တန်း အဆိုပါနေရာသို့ ရောက်စဉ်ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ပြီး အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသောမိုင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က သုံးသပ်ထားသည်။

## တစ်နိုင်ငံလုံး အပစ်ရပ်မှုကြမ်း အစိုးရက ၈၀ ရာခိုင်နှုန်းသဘောတူဟုဆို

လော်ခီးလာညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ရေးဆွဲခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့် မူအရ ၈၀ ရာခိုင်နှုန်းသဘောတူကြောင်း မြန်မာ့ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန အကြီးတန်းအကြံပေး ဦးလှမောင်ရွှေက ပြောသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်သောအဖွဲ့နှင့် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့သည် ဇန်နဝါရီ ၂၉ ရက်တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌တွေ့ဆုံပြီး အဆိုပါမူကြမ်းအား ပေးအပ်ခဲ့သည်။

## တယ်လီနောနှင့် အော်ရီဒူးအား ဆက်သွယ်ရေးလိုင်စင်ချပေး

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေးအော်ပရေတာ လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသည့် နိုင်ငံတကာကုမ္ပဏီနှစ်ခုအား တရားဝင်ဆက်သွယ်ရေးလိုင်စင်ကို ဇန်နဝါရီ ၃၀ ရက်က ချထားပေးခဲ့ပြီး သဘောတူစာချုပ်ကို ၃၁ ရက်တွင်လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ ဆက်သွယ်ရေးလိုင်စင်မှာ ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်အကျုံးဝင်မည်ဖြစ်ပြီး ၁၅ နှစ်သက်တမ်းရှိသည်။ ဆက်သွယ်ရေးလိုင်စင်ရရှိသွားသည့် ပြည်ပကုမ္ပဏီနှစ်ခုအနေဖြင့် ခြောက်လမှ ရှစ်လအတွင်း ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများပေးနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။

## ၅၉(စ)ထောက်ခံပွဲကျင်းပ

အခြေခံဥပဒေပုဒ်မ ၅၉(စ)ကို ထောက်ခံဆန္ဒပြပွဲပြုလုပ်နေစဉ်အတွင်း အတိုက်အခံအဖွဲ့ဘက်မှ ၅၉(စ)ပြင်ဆင်ရန်ထောက်ခံသည့် စာရွက်များလာရောက်ဝေငှခဲ့သည်။ ဖေဖော်ဝါရီ ၂ ရက်တွင် မြန်မာ့အမျိုးသားကွန်ရက်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ဗိုလ်စိန်မှန်အားကစားကွင်းတွင် ပုဒ်မ ၅၉(စ)အား ထောက်ခံဆန္ဒပြပွဲပြုလုပ်ခဲ့ရာ လူဦးရေတစ်ထောင်ကျော် တက်ရောက်ခဲ့သည်။ ရန်ကုန်မြို့၌ ပုဒ်မ ၅၉(စ)အား ပယ်ဖျက်ရန် ထောက်ခံသူများက ဇန်နဝါရီအတွင်းတွင်သုံးကြိမ်ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

## တရုတ်ကုမ္ပဏီနှစ်ခုတွင် တစ်ပတ်အတွင်း ပြဿနာနှစ်ခုဆက်ဖြစ်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်ရှိ မြန်မာ-တရုတ် ရေနံပိုက်လိုင်း ဆောက်လုပ်ရေးစီမံကိန်းတစ်ခုတွင် တရုတ်အလုပ်သမားက မြန်မာအလုပ်သမားအပေါ် သို့ အပေါ့စွန့်ချသည်ဟုဆိုကာ နှစ်နိုင်ငံအလုပ်သမားချင်း ပြဿနာဖြစ်ပွားပြီး တရုတ်ကုမ္ပဏီပိုင်ပစ္စည်းများအား မြန်မာအလုပ်သမားအချို့က မီးရှို့ခဲ့သည်။ မကွေးတိုင်း၊ အောင်လံမြို့တွင်လည်း တရုတ်နိုင်ငံသားပိုင် ရေနံရှာဖွေရေးကုမ္ပဏီမှ ဝန်ထမ်းနှစ်ဦးက ညအချိန်ဆူညံစွာ ပြောက်အိုးဖောက်သည်ဟုဆိုကာ ဒေသခံအင်အား ၂၀၀ခန့်က ဝန်ထမ်းအိမ်ရာကိုဝိုင်းခဲ့သောကြောင့် လူစုလူဝေးဖြစ်ခဲ့သဖြင့် ရဲတပ်ဖွဲ့က လူစုခွဲခဲ့ရသည်။

## မြန်မာနိုင်ငံသည် အာဏာသိမ်းမှု ဖြစ်နိုင်ခြေ ၄ ရာခိုင်နှုန်းရှိ

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်၌ အာဏာသိမ်းမှုဖြစ်ပွားနိုင်ခြေ ၄ ရာခိုင်နှုန်းရှိပြီး ဖြစ်နိုင်ခြေအများဆုံးနိုင်ငံ လေးဆယ်စာရင်းတွင် အဆင့် ၂၁ ဖြင့် ပါဝင်နေသည်ဟု အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြသည်။ နိုင်ငံပေါင်းလေးဆယ်စာရင်း ထုတ်ပြန်ရာတွင် အာဖရိကနိုင်ငံ အများစုပါဝင်နေပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ထိုင်းနိုင်ငံကအဆင့် ၁၀၊ မြန်မာနိုင်ငံက အဆင့် ၂၁ဖြင့် ပါဝင်လျက်ရှိကြောင်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ ပြည်တွင်းအကြမ်းဖက်မှု ပဋိပက္ခများ၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနိမ့်ကျမှု၊ နိုင်ငံရေးမူဝါဒများအပါအဝင် အချက်ပေါင်း ၁၄ ချက်ပေါ် မူတည်၍ နိုင်ငံရေးသိပ္ပံပညာရှင် ဂျေးဖယူဒါ၏ သုံးသပ်ခန့်မှန်းချက်များကို ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

## ရွေးကောက်ပွဲကို ဂုဏ်သိက္ခာရှိရှိယှဉ်ပြိုင်ရန် ပြည်ခိုင်ဖြိုးအမတ်များအား ဗြိတိန်ဝန်ကြီးတိုက်တွန်း

ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတဖြစ်မလာနိုင်အောင် ကန့်သတ်ထားသည့်ပုဒ်မ ၅၉(စ)ကို အလေးအနက်ထားပြင်ဆင်ပြီး ၂၀၁၅ ရွေးကောက်ပွဲတွင် ဒီမိုကရေစီနည်းလမ်းတကျ ဂုဏ်သိက္ခာရှိစွာ ယှဉ်ပြိုင်ကြရန် ပြည်ခိုင်ဖြိုးလွှတ်တော်ကိုယ်စားလှယ်များအား ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဟူဂိုဆွိုင်းက တိုက်တွန်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်စသည့် စိန်ခေါ်မှုနယ်ပယ်နှစ်ရပ်ကိုရင်ဆိုင်နေရကြောင်း ဗြိတိန်ဝန်ကြီးက ထောက်ပြသည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ဗြိတိန်နိုင်ငံအနေဖြင့် မည်သည့်နည်းလမ်းနှင့်မဆို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

## ကမ္ဘာပေါ်ရှိ အနာကြီးရောဂါဖြစ်ပွားမှု အများဆုံး ၁၆ နိုင်ငံတွင် မြန်မာပါဝင်

ကမ္ဘာပေါ်ရှိ အနာကြီးရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံ ၁၆ နိုင်ငံတွင် မြန်မာပါဝင်ဆဲဖြစ်ကြောင်း (ကမ္ဘာ့အနာကြီးရောဂါနေ့)တွင် WHO က ထုတ်ပြန်လိုက်သည်။ တစ်ကမ္ဘာလုံးတွင် နှစ်စဉ်အနာကြီးရောဂါဖြစ်ပွားမှု တစ်ထောင်ကျော်သည့် နိုင်ငံ ၁၆ နိုင်ငံတွင် ပါဝင်သော မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ်၌ ဖြစ်ပွားသူဦးရေ ၃,၀၀၀ ကျော်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။ မြန်မာနိုင်ငံနည်းတူ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများလည်း အဆိုပါဖြစ်ပွားမှုများပြားသည့် နိုင်ငံစာရင်းတွင်ပါရှိသည်။

## ပြည်သူကို ကြမ်းကြမ်းတမ်းတမ်းဆဲဆိုခဲ့သော ဝန်ကြီးဦးအုန်းမြင့်အား အစိုးရက အရေးယူမှု မရှိသေး

ကြမ်းတမ်းစွာဆဲဆိုပြီး အစိုးရဆန့်ကျင်သူများကို အကျဉ်းချမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြည်တွင်းရှိအဖွဲ့အစည်းများက ပြင်းပြင်းထန်ထန် ဝေဖန်လျက်ရှိသည်။ တပ်မတော်အရာရှိဟောင်းလည်းဖြစ်သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်သည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့သစ်ရာကောက်ကျေးရွာတွင် ဒေသခံများနှင့်တွေ့ဆုံစဉ် ရုန့်ရင်းကြမ်းတမ်းသည့် အသုံးအနှုန်းများပါသော စကားများပြောကြားခဲ့ခြင်းဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများအပေါ် ရင့်သီးရိုင်းစိုင်းစွာဆက်ဆံခဲ့သည့် ဝန်ကြီးဦးအုန်းမြင့်နှင့်ပတ်သက်၍ အစိုးရက တစ်စုံတစ်ရာအရေးယူ ဆောင်ရွက်ခြင်းမရှိသေးသည့်အတွက်လည်း ဝေဖန်ခံနေရသည်။

## မြန်မာဒုက္ခသည်များ ခိုလှုံခွင့်ပေးသည့် အစီအစဉ် အမေရိကန်ရပ်ဆိုင်း

ထိုင်း-မြန်မာနယ်စပ်ဒုက္ခသည်စခန်းများမှ မြန်မာဒုက္ခသည်များအား အမေရိကန်နိုင်ငံတွင် ခိုလှုံခွင့်ပေးသည့် အစီအစဉ်ကို ရပ်ဆိုင်းလိုက်သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ဇန်နဝါရီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ အမေရိကန်က မြန်မာဒုက္ခသည်များကို ခိုလှုံခွင့်ပေးသော အစီအစဉ်သည် ၂၀၀၅ ခုနှစ်တွင်စတင်ခဲ့ကာ ယခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကုန်ဆုံးခဲ့သည်။ အဆိုပါကိုးနှစ်သက်တမ်းအတွင်းမြန်မာဒုက္ခသည်ပေါင်း ခုနစ်သောင်း သုံးထောင်ကျော်ကို လက်ခံပေးနိုင်ခဲ့သည်။ မြန်မာဒုက္ခသည်အများအပြားလက်ခံနေသော အမေရိကန်၏ အစီအစဉ်များ ရပ်ဆိုင်းလိုက်ချိန်တွင် ထိုင်း- မြန်မာနယ်စပ်ရှိ ဒုက္ခသည် စခန်းပေါင်းကိုးခုတွင် မြန်မာဒုက္ခသည် တစ်သိန်းနှစ်သောင်း ကျော်ရှိနေသေးသည်ဟု UNHCR က ထုတ်ပြန်ထားသည်။

## မူးယစ်ဆေးသုံးစွဲသည့် ရဲတပ်ဖွဲ့ဝင် ၃၆ ဦးကို ဖမ်းဆီး

မူးယစ်ဆေးသုံးစွဲခဲ့သောကြောင့် ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးညှင်း၊ ပူတာအိုခရိုင်လက်အောက်ရှိ မြို့နယ်အသီးသီးမှ ရဲတပ်ဖွဲ့ဝင် ၃၆ ဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူခဲ့သည်။ ၎င်းတို့ကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ရဲတပ်ဖွဲ့မှ ရာသက်ပန်ထုတ်ပယ်လိုက်သည့်အပြင် အရပ်ဘက်ဥပဒေအရ ထောင်ဒဏ်ပါချမှတ်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# ဖုန်းကတ်များလာပြီ မကြာမီမျှော်



၁၅၀၀တန် တန်ဖိုးနည်းဖုန်းကတ်မဲနှိုက်နေသူတစ်ဦး

ဓာတ်ပုံ - လင်းဘိုဘို/အီးပီအေ

**ဆွေမွန်၊ နိုင်လင်းအောင်**

မိုဘိုင်းဖုန်းဆင်းမ်ကတ်တစ်ကတ်ပိုင်ဆိုင်နိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး နံရံကပ်ကြော်ငြာသင်ပုန်းတွင် ထီပေါက်စဉ်တိုက်သလိုရင်ခုန်စွာဖြင့် မျှော်လင့်စောင့်စားနေရဆဲဖြစ်သည်။

ထို့အတူ မိုဘိုင်းအင်တာနက်လိုင်းသုံးစွဲသူများမှာလည်း အဝိုင်းလေးလည်နေသည်ကို တစ်မိနစ်လျှင် နှစ်ကျပ် (သို့မဟုတ်) တစ်မိနစ်လျှင် လေးကျပ်ပေး၍ ထိုင်ကြည့်နေရဆဲဖြစ်သည်။

ညံ့ဖျင်းလှသည့် ဆက်သွယ်ရေးစနစ်နှင့် မိုဘိုင်းဆင်းမ်ကတ်အခက်အခဲပြဿနာကို ဇန်နဝါရီ ၃၀ ရက်က အော်ပရေတာလုပ်ငန်းများအတွက် တရားဝင်လုပ်ကိုင်ခွင့် ဆက်သွယ်ရေးလိုင်စင်ရရှိခဲ့သည့် ပြည်ပကုမ္ပဏီနှစ်ခုက ဖြေရှင်းပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်နေကြသည်။

"အားကိုးပါတယ် တယ်လီနောရယ်။ ကျွန်တော်တို့ဒေသ စစ်ကိုင်းတိုင်း ကလေးမြို့နယ် တင်းသားရွာမှာ အခုချိန်ထိ ဖုန်းပြောလို့မရသေးပါ။ အဓိကလိုအပ်နေတာကတော့ တာဝါတိုင်ပေါ့။ အမြန်လေးလုပ်ပေးပါ"ဟု ရွာခံတစ်ဦးက တယ်လီနော၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

ဆက်သွယ်ရေးလိုင်စင်တရားဝင် ရရှိပြီးဖြစ်သည့် တယ်လီနောမြန်မာနှင့် အော်ရီဒူးမြန်မာကုမ္ပဏီများက ဆက်သွယ်ရေးဝန်ဆောင်မှုများကို ခြောက်လမှ ရှစ်လအတွင်း လုပ်ကိုင်ပေးသွားမည်ဟု ကတိပြုပြောဆိုထားကြသည်။

ထို့အပြင် ဆင်းမ်ကတ်ဝယ်ယူသည်နှင့် အင်တာနက်စနစ်ပါ တစ်ပါတည်း ပါနိုင်ဖွယ်ရှိပြီး ကျပ် ၁,၅၀၀ ဝန်းကျင်ရှိသည့် ဆင်းမ်ကတ်များကို နေရာတိုင်း၊ ဒေသတိုင်းလိုလိုတွင် လိုသလောက်အလွယ်တကူဝယ်ယူရရှိနိုင်ရန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လိုင်စင်ရရှိပြီးဖြစ်သည့်ပြည်ပကုမ္ပဏီနှစ်ခုဖြစ်သည့် တယ်လီနောနှင့် အော်ရီဒူးကုမ္ပဏီများက ပြောသည်။

"ဖုန်းတွေစချပေးကတည်းက လတိုင်းလျှောက်လည်း မပေါက်ဘူး။ ထပ်ပြီးမလျှောက်ချင်တော့ဘူး။ ကုမ္ပဏီတွေရောင်းမယ့် ဖုန်းစောင့်တာမှ ဟုတ်ဦးမယ်။ မဲနှိုက်စရာလည်း မလိုဘူးဆိုတော့ ပိုတောင်ကောင်းသေးတယ်"ဟု အသက်(၄၀)အရွယ် အိမ်ရှင်မတစ်ဦးကပြောသည်။

အသက်အရွယ်အလိုက်၊ နေရာဒေသအလိုက် လူတိုင်းလိုအပ်နေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုများမှာ ကွဲပြားမှုများရှိသော်လည်း ဝန်ဆောင်မှုကောင်းကောင်းလိုချင်သည့် ဆန္ဒကတော့ တစ်ထပ်တည်းကျသည်။ မိုဘိုင်းဖုန်းမရရှိသည့် မြို့နှင့်အလှမ်းဝေးသော ကျေးရွာများရှိ ပြည်သူများက မိုဘိုင်းဖုန်းအသုံးပြုလိုကြသည်။ မိုဘိုင်းဖုန်းရရှိသော်လည်း ဆက်သွယ်ရေးတာဝါတိုင်အလုံအလောက်မရှိသည့် နေရာများရှိ ပြည်သူများက ကြည်လင်ပြတ်သားစွာပြောဆိုနိုင်မည့် မိုဘိုင်းကွန်ရက်ကို မျှော်ကြသည်။ မိုဘိုင်းဖုန်းလိုင်း အနည်းငယ်အဆင်ပြေသည့် မြို့နေလူထုမှာ လျင်မြန်ပြီး နိုင်ငံတကာအဆင့်မီသုံးနိုင်မည့် အင်တာနက်လိုင်းကို တောင့်တကြသည်။

"နောက်ပိုင်းကုမ္ပဏီတွေဝင်လာလို့ လိုင်းမြန်မြန်လေးသုံးလို့ရပါစေလို့ပဲ ဆုတောင်းရမယ်"ဟု အသက်(၂၃)နှစ်အရွယ် ကိုဝေလင်းကပြောသည်။

ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီနှစ်ခုမှာ မြို့ကြီးများတွင် လက်ရှိအသုံးပြုနေသည့် 2G စနစ်အစား 3G စနစ်ကို အကောင်အထည်ဖော်မည်ဖြစ်ပြီး အချို့သော မိုဘိုင်းဖုန်းလိုင်းပင် အဆင်မပြေနိုင်သေးသည့် ရပ်ကွက်/ကျေးရွာများတွင် 2G စနစ်ကိုသာ စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း တယ်လီနောမြန်မာမှ အမှုဆောင်အရာရှိချုပ် မစ္စတာ Petter Furberg က ပြောကြားသည်။

" 3G ကို နေရာတိုင်းမှာ ကာဗာဖြစ်အောင် လုပ်ပေးထားမှာပါ။ Social မီဒီယာ အသုံးပြုလို့ရမယ်။ အကုန်လုံးသေသေချာချာ တစ်ယောက်နဲ့တစ်ယောက် ကောင်းကောင်းဆက်သွယ်နိုင်အောင် ဝန်ဆောင်မှုလုပ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု အော်ရီဒူးမြန်မာကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် မစ္စတာ Rock Cormack က ပြောသည်။

ဆက်သွယ်ရေးဆင်းမ်ကတ်များ အလွယ်တကူဝယ်ယူရရှိနိုင်ရန်သာမက အခြားသောမိုဘိုင်းဝန်ဆောင်မှုများပါ ပေးသွားမည်ဖြစ်ပြီး အင်တာနက်ဝန်ဆောင်မှုစနစ်များ၊ Value Added ဝန်ဆောင်မှုများကိုပါ တစ်ပါတည်း သုံးစွဲနိုင်ရန် အဆိုပါကုမ္ပဏီနှစ်ခုက လုပ်ဆောင်သွားမည်ဟုဆိုသည်။

"ဆင်းမ်ကတ်တွေမှာ အင်တာနက်ထည့်သွင်းပေးသွားမှာဖြစ်ပြီး အင်တာနက်အတွက် သတ်သတ်လျှောက်ထားစရာမလိုအပ်ပါဘူး။ တကယ်တမ်း အင်တာနက်သုံးတဲ့အခါမှာသာ သုံးစွဲတဲ့ကျသင့်နှုန်းထား ပေးရမှာပါ။ နှုန်းထားကိုလည်း အတတ်နိုင်ဆုံးသက်သာအောင် ဆောင်ရွက်သွားမယ်"ဟု မစ္စတာ Petter Furberg က ပြောကြားသည်။

နိုင်ငံတကာကုမ္ပဏီနှစ်ခုအနေဖြင့် မိုဘိုင်းဆင်းမ်ကတ်များကိုလည်း ကျပ် ၁,၅၀၀ ဝန်းကျင်ဖြင့် ရောင်းချပေးမည်ဖြစ်ရာ ခေါ်ဆိုခနှုန်းထားများကို တစ်မိနစ်လျှင် အများဆုံး ၂၅ ကျပ်ဖြင့် ဝန်ဆောင်မှုပေးသွားရန် အော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိစဉ်ကတည်းက ထုတ်ပြန်ထားသည်။ သို့သော်လည်း ၎င်းတို့သတ်မှတ်သည့် နှုန်းထားများကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ တင်ပြပြီးမှသာ ယှဉ်ပြိုင်လုပ်ဆောင်ရမည့် အော်ပရေတာများအားလုံး လက်ခံနိုင်မည့် နှုန်းထားတစ်ခုကို လုပ်ကိုင်စေမည်ဖြစ်ကြောင်း လွတ်လပ်စွာတရားဝင်ထိန်းသိမ်းမည့်အဖွဲ့အစည်း (Independent Regulator)အဖြစ် ပြောင်းလဲလုပ်ကိုင်မည့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်ကပြောသည်။

ထို့အပြင် ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်သည့် အင်တာနက်စနစ်အတွက် 3G ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ထားသော်လည်း ပြည်တွင်းအနေအထားအရ သုံးစွဲသူများအနေဖြင့်လည်း 4G စနစ်ဆောင်ရွက်ရန်မှာ မလွယ်ကူသေးကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အတွင်းရေးမှူး ဦးဇော်မင်းဦးကပြောသည်။

" 3G ကတော့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ကတော့ ချက်ချင်းဖြစ်လာမှာပါ။ သုံးမယ်၊ မသုံးဘူးဆိုတာ အဆင်ပြေ၊ မပြေဘဲကြည့်ရမယ်။ ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ကတော့တစ်ခါတည်း 4G ပေးလိုက်တော့လည်း ဟန်းဆက်ကလည်း ဈေးကြီးသွားမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်က လိုက်နိုင်ပါ့မလားဆိုတာကြည့်ရဦးမယ်"ဟု ဦးဇော်မင်းဦးကပြောသည်။

လက်ရှိတွင် အစိုးရအော်ပရေတာတစ်ခုအဖြစ် လုပ်ကိုင်ခွင့်ရရှိထားပြီး ပြည်တွင်းမိုဘိုင်းဝန်ဆောင်မှုများကို ပေးနေသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလည်း မြို့ကြီးများတွင် 3G စနစ် ဆောင်ရွက်ပေးနေသော်လည်း သုံးစွဲရခက်ခဲမှုရှိနေဆဲဖြစ်သည်။

လက်ရှိတွင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ ပြည်တွင်းသို့ မိုဘိုင်းဖုန်းယူဆောင်အသုံးပြုနိုင်ပြီဖြစ်သော်လည်း ပြည်တွင်းမှ မိုဘိုင်းဖုန်းများကို ပြည်ပသို့ သယ်ယူအသုံးပြုနိုင်ရန် စမ်းသပ်နေဆဲသာဖြစ်သည်။ သို့သော် ပြည်ပဆက်သွယ်ရေးအော်ပရေတာနှစ်ခုတွင် အဆိုပါစနစ်ကို မိုဘိုင်းဖုန်းရောင်းချသည်နှင့် တစ်ပြိုင်တည်း အသုံးပြုနိုင်မည်ဖြစ်သည်။

"International Call လည်း ခေါ်လို့ရပါတယ်။ အခြားနိုင်ငံကယူလာရင်လည်း အော်ရီဒူးနက်ဝေါ့ခ်ကို သုံးပြီးတော့ Roming အနေနဲ့ သုံးလို့ရမယ့်အပြင် အော်ရီဒူးမြန်မာပြည်ဆင်းမ်ကတ်ကို နိုင်ငံတကာမှာ သုံးလို့ရမယ့် Roming Service ကို ကြိုးစားနေပါတယ်။ ထည့်ပေးမှာပါ"ဟု အော်ရီဒူးမြန်မာကုမ္ပဏီ အမှုဆောင်အရာရှိချုပ် မစ္စတာ Rock Cormack က ပြောသည်။

ဆက်သွယ်ရေးလိုင်စင်ရရှိပြီးဖြစ်သည့် ပြည်ပကုမ္ပဏီနှစ်ခုနှင့် မြန်မာ့ဆက်သွယ်ရေး၊ ရတနာပုံတယ်လီပို့ကုမ္ပဏီတို့အနေဖြင့် ဝန်ဆောင်မှုယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြည်သူများအနေဖြင့်လည်း အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်မည့် ကုမ္ပဏီကိုသာ ရွေးချယ်မှုလုပ်လာနိုင်မည်ဖြစ်ကြောင်း ဦးဇော်မင်းဦးကပြောသည်။

"သေချာတာကတော့ အော်ပရေတာက လေးဦးဖြစ်သွားမယ်။ အသုံးပြုသူတွေအနေနဲ့ ရွေးချယ်ခွင့်ရှိလာမယ်။ အရင်တုန်းက တစ်ယောက်ကို တစ်ခုပေးနိုင်တယ်ဆိုရင် အခုဆိုရင် လေးဦးဆိုတော့ လေးခုပေးလာနိုင်မှာဖြစ်တဲ့အတွက် နောက်ပိုင်းမှာ ပစ္စည်းလည်း ပေါလာမယ်။ ဈေးကျလာနိုင်တယ်။ ဝန်ဆောင်မှုပိုကောင်းလာမယ်။ တစ်ဦးတည်းမဟုတ်တော့ဘဲ အပြိုင်အဆိုင်ဖြစ်လာမယ်"ဟု ဦးဇော်မင်းဦးကပြောသည်။

မိုဘိုင်းအတွက် အဓိကလိုအပ်သည့် အသံစနစ်၊ အချက်အလက်ဝန်ဆောင်မှုစနစ်များအပြင် 3G စနစ်မှ 4G စနစ်အထိ ဆောင်ရွက်ပါက ရေဒီယိုစနစ်များပါ ပါဝင်လာမည်ဖြစ်ပြီး ပြည်တွင်းတွင် မသိရှိခဲ့သည့် ဆက်သွယ်ရေးဝန်ဆောင်မှုစနစ်အသစ်များ၊ တီထွင်ဆန်းသစ်မှုများပါ ထွက်ရှိလာနိုင်ကြောင်း ဦးဇော်မင်းဦးကသုံးသပ်ပြောကြားသည်။

အဆိုပါကုမ္ပဏီနှစ်ခုက လိုအပ်နေသည့် ဆက်သွယ်ရေးတာဝါတိုင်များအတွက် ကနဦးအနေဖြင့် ကုန်ကျစရိတ်သက်သာမှုရှိစေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်နိုင်ဖွယ်ရှိရာ အဆိုပါကုမ္ပဏီများ၏ မိုဘိုင်းကွန်ရက်ခက်ခဲလာမည်ကို စိုးရိမ်စရာရှိသည်။

"ပြည်ပအော်ပရေတာတွေအနေနဲ့ ဖုန်းတွေကိုမြန်မြန်ချမယ်ဆိုရင် မြန်မာ့ဆက်သွယ်ရေးမှာ တာဝါတိုင်တွေဆောက်ပြီးသားရှိတဲ့အတွက် ကနဦးအနေနဲ့ အဲဒီတာဝါတိုင်တွေမှာ အငှားအနေနဲ့တွဲပြီးတော့ လုပ်သွားမှာဖြစ်ပေမယ့် သီးခြားအနေနဲ့လည်း အပြိုင်အဆိုင်လုပ်သွားမှာဖြစ်တဲ့အတွက် နောက်ပိုင်းမှာ ဖုန်းလိုင်းတွေကောင်းလာမှာဖြစ်သလို အင်တာနက်မြန်နှုန်းတွေလည်း ကောင်းလာမယ်။ ဝန်ဆောင်မှုတွေကိုလည်း အပြိုင်လုပ်ဆောင်ပေးသွားပါမယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းအင်ဂျင်နီယာမှူး ဦးငွေသောင်းကပြောသည်။

လူဦးရေ သန်း ၆၀ ကျော်ရှိသည့် မြန်မာနိုင်ငံတွင် လက်ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းဖုန်းလိုင်း ခုနစ်သန်းကျော်သာ ရောင်းချပေးပြီး မိုဘိုင်းဈေးကွက်နေရာတစ်ခုကို ရယူထားသော်လည်း လာမည့်ရှစ်လအတွင်းတွင် ပြည်ပကုမ္ပဏီနှစ်ခုက အပြိုင်အဆိုင်ဈေးကွက်ရယူတော့မည်ဖြစ်ရာ အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများကိုသာ ရွေးချယ်အသုံးပြုနိုင်တော့မည်ဟု မျှော်လင့်ရသည်။

လုပ်ငန်းစတင်ချိန်မှစ၍ ၂ နှစ်အတွင်း ပြည်သူများ နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေးဝန်ဆောင်မှုများကို အသုံးပြုနိုင်မည်ဟုယုံကြည်ကြောင်း လူကြီးမင်းဖုန်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဦးပြည်စိုးထွန်းကပြောသည်။

"လောလောဆယ် မြန်မာပြည်အတွက် လိုအပ်တာတော့ ခလုတ်တစ်ချက်နှိပ်လိုက်တာနဲ့ ဖုန်းခေါ်လို့ရဖို့ အလိုအပ်ဆုံးပါပဲ"ဟု အော်ရီဒူးမြန်မာ၏ လူမှုကွန်ရက်စာမျက်နှာတွင် ပြည်သူတစ်ဦးက ပြောကြားထားသည်။ ။

7 ရက် ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

စာမျက်နှာ(၂၄)မှ

## မင်းဒင်ရဲ့သက်ခိုင်(၂)

'iGroup' ဟာ စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အချက်အလက်နဲ့နည်းပညာ အပါအဝင် ခေတ်မီအိုင်တီလုပ်ငန်းပေါင်းစုံလုပ်ကိုင်နေလေရဲ့။ လျှောက်ပြောနေရင်ဆုံးမှာမဟုတ်ဘူးဗျ။ 'iGroup' အကြောင်းပြည့်ပြည့်စုံစုံသိချင်သပဆိုရင် အင်တာနက်သုံးပြီး ဂူးဂဲလ်မှာ ဝင်ရှာကြည့်ပေတော့။

"တစ်နေ့တော့ မစ္စတာလီဟာနိုင်ငံတကာသံတမန်တွေ၊ထိပ်တန်းစီးပွားရေးသမားတွေကို အဆင့်မီမီဧည့်ခံနိုင်လောက်တဲ့နိုင်ငံတကာအဆင့်စားသောက်ဆိုင်မျိုးဘန်ကောက်မှာမရှိသေးတာကိုသတိပြုမိပြီး "Water Library Restaurant" ကို ၂၀၀၆ ခုနှစ်မှာစဖွင့်ဖြစ်သတဲ့။ ဒီဆိုင်ကိစ္စကို မစ္စတာလီရဲ့ ညာလက်ရုံးနိုင်ငံခြားသား တစ်ယောက်နဲ့ တွေ့တုန်းသေချာစပ်စုလိုက်မိတော့ပထမ ၂နှစ်အတွင်းမှာ စားသုံးသူအနည်းအကျဉ်းသာရှိပြီး အရှုံးပေါ်ခဲ့သတဲ့။ သုံးနှစ်မြောက်မှာတော့ ဒီဆိုင်ရဲ့ ဂုဏ်သတင်းဟာ တစ်စတစ်စလူသိများလာပြီး အခုအချိန်မှာဘန်ကောက်မြို့မှာရှိတဲ့ နာမည်ကြီးဟိုတယ်တွေက စားသောက်ဆိုင်ပေါင်းလေးထောင်ကျော်ထဲမှာ ထိပ်တန်းစာရင်းဝင်လာရောတဲ့ဗျာ။ မစ္စတာလီဟာခေတ်ပြောင်းနေပါပြီဆိုတဲ့ဗမာပြည်ဘက်ကိုလည်းမျက်ခြည်မပြတ်ဘူးဗျ။ ပုဂံမှာဟိုတယ်ဆောက်နေသတဲ့။ ကရင်ပြည်နယ်ဘားအံမြို့မှာ "Wacoal" ဆိုတဲ့အမျိုးသမီးအသုံးအဆောင် ဘော်လီ၊ အတွင်းခံဘောင်းဘီစတာတွေထုတ်လုပ်တဲ့ကမ္ဘာကျော်ရောမကုမ္ပဏီကြီးရဲ့စက်ရုံခွဲတစ်ခုကိုလည်းဆောက်နေပြီတဲ့ဗျာ။ တကယ်တော့ဒီလုပ်ငန်းစဉ်တွေဟာ 'iGroup' ကနေဖြာထွက်လာတာတွေပါပဲ။ လက်ရှိအချိန်မှာမစ္စတာလီဟာထိုင်းနိုင်ငံရဲ့ အကျော်ဇေယျစီးပွားရေးလုပ်ငန်းရှင်တွေသာမက နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေကပါလေးစားအားကျရတဲ့သူဖြစ်နေပါပြီ။ တက်လာသမျှ ထိုင်းအစိုးရအဖွဲ့ဝင်တွေနဲ့လည်း ဝင်ဆံ့နေပြီဆိုပါတော့။

"မစ္စတာလီဟာ ဗမာပြည်ဘက်ကို ဘယ်တော့မှ ခြေဦးမလှည့်တော့ပါဘူးလို့ ဆုံးဖြတ်ခဲ့ဖူးသတဲ့။ ဒါပေမဲ့ သူသိပ်အောင်မြင်လာတဲ့အခါ ဗမာပြည်မှာရှိနေတဲ့ကလေးတွေရဲ့ပညာရေးကို ကူညီချင်စိတ်ပေါ်လာသတဲ့။ ကျွန်တော့်စိတ်ထင်တော့ သူ့ရဲ့ရင်ထဲမှာ ခိုအောင်းနေခဲ့တဲ့ ဘဝဟောင်းကကျောင်းဆရာစိတ်ပြန်ပေါ်လာတယ်ထင်ပါရဲ့။ ဗမာပြည်ပညာရေးအတွက် အထောက်အကူဖြစ်စေမယ့်လှူဒါန်းမှုတွေ၊ ကူညီပံ့ပိုးမှုတွေအကြီးအကျယ်လုပ်ပေးနေလေရဲ့ဗျာ"

"မစ္စတာလီအကြောင်း ကျွန်တော်နင်းကန်ညွှန်းနေတယ်လို့တော့မထင်လေနဲ့ဗျာ။ ကျွန်တော်နဲ့တွေ့တဲ့ရက်ပိုင်းမှာပဲ အာရှရဲ့နာမည်ကျော်မဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့ "Robb report Magazine" ကနေ မစ္စတာလီရဲ့ဘဝဇာတ်ကြောင်းကို အပြည့်အစုံဖော်ပြဖို့အင်တာဗျူးနေတာတွေ့ခဲ့သေးဗျာ။ မစ္စတာလီနဲ့ စကားလက်ဆုံကျမိချိန်မှာ ကျွန်တော်သူ့ကို သတိထားမိတဲ့ အချက်တွေကတော့ သူဟာ ဘယ်အလုပ်ကိုမှ လောဘဇောတိုက်ပြီးလုပ်တဲ့ သူမဟုတ်ဘူး။ သူ့ဝန်ထမ်းတွေအပေါ်မှာအမိ၊ အဖသဖွယ်၊ အစ်ကိုကြီးသဖွယ်ထားရှိတတ်တဲ့စိတ်ထားပါပဲ။ သူ့လက်ရင်းတပည့်ဝန်ထမ်းတစ်ဦးရဲ့လစာဟာ ဒေါ်လာနှစ်သောင်းငါးထောင်ကျော်ရှိသတဲ့။ ဒါတောင် မိသားစုကျန်းမာရေး၊ ကလေးတွေရဲ့ပညာရေး၊ အခြားလူမှုရေးအထောက်အပံ့တွေမပါသေးဘူးတဲ့ဗျ။ သူ့ဝန်ထမ်းတွေကိုသူအမြဲပြောနေကျစကားကတော့ "ခင်ဗျားတို့ကျွန်တော့်ထက်လစာပိုပေးနိုင်တဲ့သူ တွေ့ကောင်းတွေ့နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်လောက် မေတ္တာကရုဏာထားနိုင်သူမရှိနိုင်ပါဘူး" ဆိုတာ ရဲရဲကြီးပြောနိုင်သတဲ့။ ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော့်ကိုအကြံပေးခန့်နေတဲ့ ပဲခူးသူဌေးလင်မယားသာ မစ္စတာလီရဲ့ လုပ်ပုံကိုင်ပုံနဲ့ဝန်ထမ်းတွေအပေါ်ထားတဲ့ သဘောထားမျိုးထားနိုင်ရင် ဘယ်လောက်ကောင်းလိုက်လေမလဲလို့တွေးမိတယ်ဗျာ။

"ကျွန်တော်ဟာ ဘန်ကောက်မြို့ "Swissotel" မှာကျင်းပတဲ့ 'iGroup'ရဲ့နှစ်ပတ်လည်အခမ်းအနားကိုလည်း မစ္စတာလီရဲ့ဖိတ်ကြားချက်နဲ့တက်ခဲ့ရသေးဗျာ။ iGroupရဲ့ နိုင်ငံတကာကိုယ်စားလှယ်သုံးရာနီးပါးတက်ရောက်တာတွေ့ခဲ့ရသဗျ။ အဲဒီနေ့အခမ်းအနားမှာ 'CEO' ဖြစ်တဲ့ မစ္စတာလီပြောခဲ့တဲ့ နှစ်သစ်ကူးမိန့်ခွန်းကတော့ ကျွန်တော့်ဘဝမှာ နားထောင်ခဲ့ရတဲ့မိန့်ခွန်းတွေထဲမှာ အကောင်းဆုံးသောမိန့်ခွန်းလို့ထင်မိတာပါပဲ။ အေးဗျ၊ မစ္စတာလီဟာ ဗမာလိုထက် အင်္ဂလိပ်လိုပြောတာ ပိုပြီးကောင်းနေတယ်။ မိန့်ခွန်းကို ဘာစာရွက်မှမကိုင်ဘဲလက်တန်းပြောတယ်။ သူဖြတ်ကျော်ခဲ့တဲ့ ရုန်းကန်မှုတွေ၊ သူ့ရဲ့ကိုယ်ပိုင်ဘဝအမိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ 'iGroup' အတွက် ရှေ့ရေးစိန်ခေါ်မှုတွေကို အချိန်တိုအတွင်းမှာချက်ကျလက်ကျ ရွှင်မြူးပေါ့ပါးတဲ့ဟန်နဲ့ လမ်းလျှောက်ရင်းဟောပြောနေတာကို ကျွန်တော်ကြည့်နေရင်း 'အိုဘားမားတောင် ဒီလောက်ကောင်းတဲ့ မိန့်ခွန်းပြောနိုင်ပါ့မလား' လို့တွေးမိတဲ့အထိဗျာ။

"သူခြွေနေတဲ့မိန့်ခွန်းထဲမှာအမေရိကန်ထုတ်စာအုပ်တစ်အုပ်အကြောင်းလည်းပါလာတယ်ဗျ။ အဲဒီစာအုပ်နာမည်က 'Bird' ဆိုပဲ။ အဲဒီငှက်တွေရဲ့ဓာတ်ပုံစာအုပ်မူရင်းဟာ လေလံပွဲမှာ အမေရိကန်ဒေါ်လာ ခုနစ်သန်းနဲ့အရောင်းအဝယ်ဖြစ်ခဲ့သတဲ့။ မစ္စတာလီဟာ အဲဒီမူရင်းစာအုပ်နဲ့ အရည်အသွေးတစ်ထပ်တည်းနီးပါးကျတဲ့ မိတ္တူစာအုပ် အုပ်ရေတစ်ရာရိုက်နေလေရဲ့။ အဲဒီမိတ္တူစာအုပ်ရဲ့တန်ဖိုးတောင် ဒေါ်လာငါးသောင်းတဲ့ဗျာ။ အာရှတိုက်မှာဖြန့်ချိမှာက အုပ်ရေငါးဆယ်မို့ ဝယ်ချင်တိုင်းဝယ်လို့မရဘူးတဲ့ဗျ။ ကျွန်တော်ကတော့ မစ္စတာလီရဲ့ငွေရှာနည်းဒဿနတစ်ခုကို နားထဲမှာကြားနေလေရဲ့။ ဘာတဲ့ 'ကိုသက်ခိုင်ရယ်။ သူဌေးတွေဆီက ငွေထွက်အောင်လုပ်တဲ့ငွေရှာနည်းတွေ အများကြီးပါဗျာ' ဆိုတဲ့စကားပေါ့။

"လူ့စိတ်ဆိုတာ တယ်လည်းဆန်းကြယ်ပါလားကိုမင်းဒင်ရယ်။ အောင်မြင်နေတဲ့ သူဌေးကြီးမစ္စတာလီက တခြား သူဌေးကြီးတွေအကြောင်းပြောချိန်မှာ ကျွန်တော့်မွေးရပ်မြေမှာ ဆင်းရဲတွင်းထဲက ရုန်းမထွက်နိုင်သေးတဲ့ကျောပြောင်တွေနဲ့၊ ပုဆိုးပိုင်းတစ်ထည် ပခုံးပေါ်လွှားပြီး ဓားမတိုတစ်ချောင်းကိုကျောနောက်ပုဆိုးမှာညှပ်ပြီး နေ့စာ၊ ညစာ သျှောင်မီးထွန်းရှာနေရတဲ့ ဆွေမျိုးညာတကာတွေအကြောင်း ခေါင်းထဲရောက်ရောက်လာတယ်ဗျ။

"ဘာတဲ့ ဦးပုညရဲ့ရေသည်ပြဇာတ်ထဲက'သြော် လူ့ဘုံခန်းဝါ၊ လူ့ပြည်ရွာမှာ၊ ဝမ်းစာခဲခက်၊ မုရင်းထမင်း၊ ချဉ်ပေါင်ဟင်းနှင့်၊ ဆန်တွင်းကနက်လွန်းလို့၊ အသက်ရှိစဉ်၊ မသေခင်ကို၊ ကောက်လျှင်ကြီးဆန်၊ နီတာလံနှင့်၊ ငါးသန်သေးနုပ်၊ ရေလုံပြုတ်များကို၊ တစ်လုတ်ကယ်ဝဝ၊ စားလိုက်ရလျှင်ဖြင့်၊ အာဂပါးစပ်၊ လူဖြစ်ကျိုးနပ်လေငဲ့'ဆိုတဲ့စာချိုးတောင် ပြေးသတိရမိသေးဗျာ။ စကားကြောရှည်လှချည်ရဲ့လို့ ခင်ဗျား ကျွန်တော့်ကိုပြောချင်ပြောပေရော့။ မစ္စတာလီလို ရေခြားမြေခြားမှာအောင်မြင်နေသူတွေကို မြင်ရ၊ တွေ့ရတော့ ကြီးပွားချင်စိတ်ကြောင့်ကိုယ့်အရပ်ကိုယ့်ဒေသကိုစွန့်ခွာပြီး ရေကြည်ရာမြက်နုရာရှာကြတဲ့ ကျွန်တော်တို့မိုက်ပင်သားတွေအကြောင်း ပြောလိုက်ချင်သေးဗျာ"

**(ဆက်လက်ဖော်ပြပါမည်)**

စာမျက်နှာ(၂၃)မှ

## တဂိုးနဲ့လူသားဆန်မှု

တဂိုးရဲ့လူသားဆန်တဲ့တွေးခေါ်ဖန်တီးမှုတွေဟာ အိန္ဒိယတိုက်ငယ်ထဲကပြည်သူတွေကို အများကြီး လမ်းကြောင်းပေးနိုင်ခဲ့ပါတယ်။ သူဟာ ဟိန္ဒူမိသားစုကနေပေါက်ဖွားကြီးပြင်းလာသူပါ။ သို့သော်မွတ်ဆလင်အများစုနေထိုင်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးရတော့ ရွေးချယ်လိုက်တဲ့ နိုင်ငံတော်သီချင်းဟာ တဂိုးရေးသားစပ်ဆိုခဲ့တဲ့ "ရွှေရောင်လွှမ်းတဲ့ ကျွန်တော့်ရဲ့ ဘင်္ဂါ" ဆိုတဲ့သီချင်းပဲ ဖြစ်ပါတယ်။

တဂိုးနဲ့ ဂန္ဒီဟာ ခေတ်ပြိုင်တွေးခေါ်ပညာရှင်များ ဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ တစ်ဦးက ခေတ်မီတယ်။ တစ်ဦးက ရှေးရိုးဆန်တယ်။ သို့သော် တစ်ချိန်တည်းမှာလည်း တဂိုးကပညာရှင်ဆိုပေမယ့် သူ့ကိုယ်သူ နားလည်တဲ့ သဘောပေါက်ထားတဲ့ အချက်တစ်ချက် ရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ သူဟာ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံရေး၊ လွတ်မြောက်ရေးအတွက်ဂန္ဒီကဲ့သို့ခေါင်းဆောင်မှုပေးနိုင်တဲ့သူ မဟုတ်ဘူးဆိုတာပါပဲ။ ဒါပေမဲ့ တဂိုးဟာဂန္ဒီကို ပံ့ပိုးပေးဖို့ ဘယ်တော့မှ လက်တွန့်ခဲ့တဲ့သူ မဟုတ်ပါ။ မိုဟန်ဒက်စ်ဂန္ဒီကို နောက်ပိုင်းမှာ အိန္ဒိယပြည်သူတွေက မဟတ္တမဂန္ဒီလို့ခေါ်ကြပါတယ်။ အဲသည့် "မဟတ္တမ"(ကြီးမြတ်သော)ဆိုတဲ့ အသုံးအနှုန်း ပိုမိုကျယ်ပြန့်ကျော်ကြားလာအောင်စာပေတွေကနေတစ်ဆင့် ထိထိရောက်ရောက်ဖန်တီးခဲ့သူကတော့ တဂိုးပဲဖြစ်ပါတယ်။ တဂိုးဟာလွတ်မြောက်ရေးကို တန်ဖိုးထားသလိုလွတ်မြောက်ရေးအတွက် ဆောင်ရွက်နေသူများကို လေးစားပံ့ပိုးသူဖြစ်တာလည်း တွေ့ရပါတယ်။

လွတ်မြောက်မှု(သို့)လွတ်လပ်ခြင်းကို တဂိုးအနေနဲ့ ဘယ်လောက်တန်ဖိုးထားသလဲဆိုတာကို သူ့ရဲ့နာမည်ကျော် ကဗျာဖြစ်တဲ့ ဂီတဉ္ဇလီမှာ တွေ့မြင်နိုင်ပါတယ်။ လူသားဆန်မှုနဲ့ လွတ်လပ်ခြင်းဆိုတာ ဒင်္ဂါးတစ်ပြားရဲ့ခေါင်းနဲ့ပန်းလို့ ဆိုနိုင်ပါတယ်။

"စိတ်ကမကြောက်ဘဲခေါင်းကို မတ်စွာထားနိုင်သော အရပ်၌လည်းကောင်း . . ."

"ပညာသည် လွတ်လပ်ရာအရပ်၌လည်းကောင်း . . ."

"စကားသည် နက်ရှိုင်းသောသစ္စာအတွင်းမှလာသော အရပ်၌လည်းကောင်း. . ."

". . . . . . . . . . ."

". . . . . . . . ."

"ထိုလွတ်လပ်သော နိဗ္ဗာန်၌ တပည့်တော်တို့၏ တိုင်းပြည်သည်နိုးကြားနိုင်ပါစေ အရှင်ဘုရား . . ."

နိုင်ငံအတွက် ဒီမိုကရေစီနဲ့ လွတ်လပ်မှုတို့ ထွန်းကားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဆောင်ရွက်နေတဲ့ နေရာမှာ ကျွန်တော်တို့ဟာ လောဘတစ်ခုခုကြောင့် လူသားဆန်မှုဆိုတဲ့ အချက်ကို ဘယ်လိုအကြောင်းကြောင်းနဲ့မှ မျက်ကွယ်မပြုသင့်ဘူး၊ မပြုထိုက်ဘူးလို့ ထောက်ပြလိုပါတယ်။ ငါတို့အယူဝါဒသည်သာ အကောင်းဆုံး အမြတ်ဆုံး။ ငါတို့အယူဝါဒဟာ တခြားသော အယူဝါဒတွေထက် သာလွန်တယ်။ စစ်မှန်တယ်။ ငါတို့အယူဝါဒနဲ့ ဆန့်ကျင်ဘက်အယူဝါဒတွေကို ခေါင်းမထောင်နိုင်အောင် နှိမ်နင်းရမယ်ဆိုတဲ့ စိတ်ထားမျိုးတွေ ကိန်းအောင်းလာမယ်ဆိုရင် ဒါဟာ လူသားဆန်မှုကို ချိုးဖောက်ဖို့စတင်ခြင်းလို့ဆိုနိုင်ပါတယ်။

လူသားဆန်မှုကို မျက်ကွယ်ပြုရင် နောက်ဆက်တွဲအဖြစ် လွတ်လပ်မှု ဆုံးရှုံးပါလိမ့်မယ်။ လူသားဆန်မှုဟာ ကျွန်တော်တို့ကို မျက်ကန်းဖြစ်သွားစေမယ့် အခြေအနေကနေ ဆယ်တင်ကယ်မနိုင်ပါတယ်။ လူသားဆန်မှုဟာ ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာကိုပိုပြီး အရောင်တင်ပေးပါတယ်။ လူသားဆန်မှုကို မျက်ကွယ်ပြုရင် စစ်မှန်တဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို မဖန်တီးနိုင်ပါဘူး။ လူသားဆန်မှုဟာ ပညာဉာဏ်အလင်းနဲ့ ခရီးသွားဖော်ဖြစ်တာမို့ ကျွန်တော်တို့ သားမြေးမြစ်တွေအတွက်လည်း အနာဂတ်မှာ ကောင်းကျိုးကို ဖန်တီးပေးပါလိမ့်မယ်။ ဒီမိုကရေစီနဲ့ လွတ်လပ်မှုအတွက် လူသားဆန်မှုကို အလေးထားမြတ်နိုးတဲ့ မြန်မာတဂိုးများ ဆတက်ထမ်းပိုးတိုးပွားပါစေကြောင်း ။ ။

စာမျက်နှာ(၂၀)မှ

## သူ့ဇာတ်ရုပ်နှင့်သူ့သန္တေ အနေမှန်အောင်ကပ်ကြဖို့

ဘောင်းဘီတွေ ချွတ်ခဲ့ကြရုံ၊ သေနတ်တွေလက်နက်တိုက်ထဲပြန်ထားပစ်ခဲ့ကြရုံမည်ကာမတ္တလောက်တော့ဖြင့် မဖြစ်သင့်ကြတော့ပေဘူးပေါ့။

လွှတ်တော်ကြီးထဲ ဘောင်းဘီကြီးတွေ တန်းလန်းနှင့် ဝင်ထိုင်နေကြသည့် ၂၅ ရာခိုင်နှုန်းသော ဗိုလ်မှူး၊ ဗိုလ်ချုပ် ဆိုသဟာတွေတောင်မှ သူတို့တစ်တွေ ကိုယ်တိုင်လည်း လွှတ်တော်ထဲလာပြီး စစ်တိုက်နေကြသည်မှ မဟုတ်ကြတော့ပြီပဲ။ တိုင်းပြု ပြည်ပြု ဥပဒေတွေ ရေးကြဖို့ ကလောင်ကိုင်သည့်လက်၊ ဆွေးနွေးဝေဖန်သည့်နှုတ်တွေနှင့် ပီဘိနိုင်ငံရေးသမားကြီးတွေ ဖြစ်နေခဲ့ကြပြီပဲ။ အဲသည်လို ဇာတ်ကွက်ကိုပဲ ရောက်ခဲ့ကြလို့ ကိုယ်တိုင်ပဲ နိုင်ငံရေးသမားဇာတ်ရုပ်က ဝင်ကနေခဲ့ကြပြီပဲ။ ဘယ့်နှယ်ကြောင့်များ ဘယ်နိုင်ငံရေး သမားမှ ဂရုမစိုက်ဘူးတို့၊ ဘယ်နိုင်ငံရေးပါတီမှလည်း မကြောက်ဘူးတို့၊ ကျွန်တော်ခုမှ နိုင်ငံရေးစကားစပြောတာပဲတို့ဆိုတဲ့ နိုင်ငံရေးသမား မုန်းတီးရေးတွေ၊ စော်ကားရေးတွေ ပြောနေတတ်ရပြန်သည်မသိ။ ကိုယ်ကိုယ်တိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးပါတီဟုဆိုသော လူမှုရေးအဖွဲ့အစည်း မဟုတ်တော့ပါကြောင်း၊ နိုင်ငံရေး ပါတီသာလျှင် ဖြစ်ပါကြောင်း အခိုင်အမာဖြစ်အောင်ကြိုးစားပမ်းစား ကျားကုတ်ကျားခဲကြေညာပြီး မှတ်ပုံတင်ထားခဲ့သည့် နိုင်ငံရေးပါတီကို ကိုယ်စားပြုကာ ဘောင်းဘီကို နင်နေငါသွား ချွတ်လာခဲ့ပြီးပါလျက် ဘယ့်နှယ်ကြောင့် နိုင်ငံရေးသမားကို စော်ကားသည့် ကယောင်ကတမ်းစကားတွေနှင့် ငယ်မူပြန်နေပြန်သည်မသိ။

အခုဟာနှင့် တည့်တည့်ကြီးဆိုင်၊ မဆိုင်တော့မသိ။ မှတ်မှတ်ရရလေးမို့ ကျွန်တော့်သား အကြီးဆုံးကောင်စကားတတ်ပြီးစပေါက်စန ငယ်ငယ်လေးတုန်းက အကြောင်းလေးပြောပြချင်သည်။

သားက စကားတတ်စ ကလေးပေါက်စဆိုတော့ သူမပါလိုက်ရမည်ကိုစိုးလေရော့သလားမသိ။ စိတ်မကျေနပ်၍များ သူများအတုယူပြီး ဆဲကြည့်ဖို့ ကြိုးစားလျှင် နင်နှင့်ငါ အမြဲတမ်းများကာ "ငါ့အမေ နိုး နား" ဟု ဆဲဆဲနေသဖြင့် အတော်ဖျောက်ယူခဲ့ရသည်။ ကလေးများ သူမှန်း ငါမှန်း မသိလေတော့ ခွက်ခွက်လန်အောင်ပင် မှားခဲ့လေသည်လေ။

သြော်. . အခုလည်းကြီးကြပြီပဲ။ သူလား ငါလား မမှားသင့်ကြတော့ပြီထင်သည်။

ပြီး . . . သည်ရက်ထဲ ဖေ့စ်ဘွတ်ခ်မှာ မိတ်ဆွေတစ်ယောက်က ကာတွန်းဆရာ မွန်းကျော်၏ကာတွန်းတစ်ပုဒ်တင်ထားသည်။ ဂျာနယ် တစ်ခုခုထဲမှ ကာတွန်းတစ်ပုဒ်ဖြစ်မည်။

သားလုပ်သူကလေးပေါက်စက ဖအေလုပ်သူကို မေးသည်။

"စစ်တပ်က တိုင်းပြည်အုပ်ချုပ်တာ ကောင်းသလား"

ဖခင်လုပ်သူက ဖြေသည်။

"အမဲသားခုတ်တဲ့လူက ခွဲစိတ်ကုဆရာဝန် လုပ်သလိုပေါ့သားရယ်" တဲ့။

သည်ကာတွန်းကိုမြင်တော့ 'အဲသလောက်ကြီးတော့လည်း ဟုတ်ဟန်မတူပါဘူး ဆရာမွန်းကျော်ရယ်' ဟု ကျွန်တော့်စိတ်ထဲ စောဒကတက်မိသည်။

တကယ်တော့ အဲသလိုကြီးဖြစ်သွားမှာကို ကျွန်တော့်ရင်ထဲ စိုးရိမ်နေမိတာမျိုးလည်းဖြစ်နိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် သူ့ဇာတ်ရုပ်နှင့်သူ သန္တေမှန်ကန်စွာ လမိုင်းကပ်ကြလျှင်ဖြင့် ဤခရီး အနီးလေးပါဟုသာ ပီပီသသဆိုချင်မိတော့သည်။ ။

# ရုပ်ရှင်ကားကောင်းများကို ပရိသတ်များ စောင့်နေသည်

အေးသူစံ၊ ဥက္ကာကိုကို

စစ်အစိုးရလက်ထက် ဆယ်စုနှစ်နှစ်ခုကျော်ကာလအတွင်း ဆင်ဆာစနစ်ကို လက်ညှိုးထိုးရင်း တဖြည်းဖြည်းကျဆင်းလာခဲ့သည့် မြန်မာ့ရုပ်ရှင်လောကသည် ဆင်ဆာဖြေလျှော့မှုများ ပြုလုပ်ပြီးသည့်တိုင် မြန်မာပရိသတ်များအတွက်အရည်အသွေးမီဇာတ်ကားများ ထွက်မလာနိုင်သေးသည့်အပေါ် မည်သူ့တွင်တာဝန်ရှိသနည်းဟုမေးခွန်းထုတ်စရာဖြစ်လာပါပြီ။

ဆင်ဆာရှိစဉ်ကာလက ဆင်ဆာကိုလက်ညှိုးထိုးခဲ့ကြသည်။ ဆင်ဆာကင်းလွတ်သည့်ကာလတွင် ပရိသတ်အကြိုက်ကြောင့်ဟု လက်ညှိုးထိုးကြပြန်၏။ ထုတ်လုပ်သူများနှင့် ဈေးကွက်ကိုလည်း လက်ညှိုးထိုးကြဆဲဖြစ်သည်။ အချင်းချင်းလှည့်ပတ်လက်ညှိုးထိုးကြရင်းပင် အရည်အသွေးမမီသည့် ဇာတ်ကားများစွာထုတ်လုပ်ရင်း သံသရာလည်နေကြခြင်းဖြစ်သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေကြောင်း အစိုးရသစ်လက်ထက်တွင် ရုပ်ရှင်လောကသားအများစုမကြာခဏပြောခဲ့ကြသည်။ မည်သို့ပြုပြင်ပြောင်းလဲမှုများမြင်တွေ့ရမည်နည်းဟု စောင့်စားနေသူများအတွက်မူအချိန်တွေသာကြာလာခဲ့ပြီး ဖြစ်ဖြစ်မြောက်မြောက်အကောင်အထည်ဖော်ခြင်းကိုမတွေ့ရပေ။

ထပ်နေသည့် ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်များနှင့်သာ ထူးမခြားနားဇာတ်ကားများ ထွက်ပေါ်လာနေဆဲဖြစ်သည်။ ဒေသတွင်းနိုင်ငံများကိုမဆိုထားနှင့် ကိုယ့်ပြည်တွင်း၌ပင် ယက်ကန်ယက်ကန်ရုန်းနေရသောမြန်မာ့ရုပ်ရှင်သည် တိုးတက်မှုနှုန်းနှေးကွေးလွန်းနေကြောင်း ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းကိုယ်တိုင်ဝန်ခံခဲ့သည်။

"ရွေ့လျားမှုတွေနှေးကွေးနေပါသေးတယ်။ အကောင်အထည်ဖော်ဖို့အများကြီးလိုအပ်နေပါသေးတယ်ဆိုတာကျွန်တော်ဝန်ခံပါတယ်"ဟုဦးလူမင်းကအကယ်ဒမီပေးပွဲတွင်ပြောခဲ့သည်။

စက်ပစ္စည်း၊ နည်းပညာ၊ ငွေကြေးစိုက်ထုတ်မှုတို့ မပြည့်စုံခြင်းကလည်းအရည်အသွေးမီဇာတ်ကားကောင်းများပေါ် ထွက်မလာရသည့်အကြောင်းရင်းဟု ဒါရိုက်တာတချို့က ကာကွယ်ပြောဆိုကြသည်။ ဆင်ဆာထိန်းချုပ်မှုလျော့သွားသော်လည်း ယိမ်းယိုင်နေသည့် ဈေးကွက်ကြောင့်ထုတ်လုပ်သူများကလိုအပ်ချက်များကိုဖြည့်ဆည်းရန်လက်တွန့်နေကြဆဲဖြစ် သည်။

ဇာတ်ကားတစ်ကား၏ အသက်သည် ဇာတ်လမ်းဖြစ်ပြီး ဇာတ်လမ်းပေါ်မူတည်၍ ဇာတ်ကားဖြစ်ပေါ်စေရန် ဇာတ်ညွှန်းကိုရေးဖွဲ့ရခြင်းဖြစ်သည်။သို့သော်ယနေ့ခေတ်တွင် ရိုက်ကွင်းပေါ်ရောက်မှ မင်းသားမင်းသမီးအပေါ်မူတည်၍ သင့်လျော်မည့်ဇာတ်ညွှန်းကို လက်ပူတိုက်ရေးသား၊ဖြည့်စွက်၊ညှိနှိုင်း၍ မင်းသားမင်းသမီးအလိုတော်ကျပြုလုပ်လာကြသည်ကို တွေ့ရသည်။ မင်း သားမင်းသမီးတို့ရိုက်ကူးလိုသည့် အခန်းများကို ထပ်ဖြည့်နိုင်ရန်အတွက် ရိုက်ညွှန်းဟူ၍ထပ်တိုးရေးသားနေကြသည့်အလေ့အထက မြန်မာ့ရုပ်ရှင်လောကအတွင်းကြီးမားစွာအမြစ်တွယ်နေဆဲ။

"ပရိသတ်ကို ရုပ်ရှင်သမားတွေက အရမ်းလျှော့တွက်တယ်။ ကမ္ဘာမှာ ရုပ်ရှင်ဆိုတာတိုင်းပြည်နဲ့ လူမျိုးရဲ့မျက်နှာကိုကြည့်ပြီးဖန်တီးတာ။ ဒီမှာကတော့ နာမည်ကျော်ကြားမှုနဲ့ ငွေကြေးရလိုမှုနောက်ကိုလိုက်တာ"ဟုစာရေးဆရာဇာတ်ညွှန်းရေးဆရာချစ်ဦးညိုကပြောသည်။

ငွေရလွယ်၍ဇာတ်ညွှန်းကိုပြီးစလွယ်ရေးသားရိုက်ကူးသော်လည်း ဈေးကွက်ပျက်နေသည့်ယနေ့ကာလတွင် နာမည်ကြီးမင်းသားမင်းသမီးသုံးလေးလက်ပေါ်မူတည်၍ ဇာတ်အိမ်ဖွဲ့ကာ ဆေးမြီးတိုနည်းဖြင့်ရိုက်ကူးသည့် ဇာတ်ကားများလည်းမတိုးသာပါ။

"ငွေနောက်လိုက်လို့ငွေပြန်ပေါ်မယ့် ကားတွေရိုက်ပေမယ့်လည်း ဈေးကွက်ကပျက်စီးသလောက်ဖြစ်နေတဲ့အပြင် ပရိသတ်ကလည်း မြန်မာကားတွေကိုစိတ်ပျက်နေတာကြာပြီ။ဒီတော့ ဒီကားတွေလည်း ထင်သလောက်ငွေပြန်မရတော့ဘူး"ဟု ဆာတိုရီရုပ်ရှင်ထုတ်လုပ်ရေးမှဒါရိုက်တာရီဇော်ကဆိုသည်။

ငွေပြန်မပေါ်သော်လည်း ဆက်လက်ရိုက်ကူးနေကြသည့်အကြောင်းရင်းမှာ ယခင်လိုအမြတ်အစွန်းမရတော့သော်လည်း အနည်းငယ်တော့ ပြန်ရနေသေးသောကြောင့်ပင်။

မြန်မာ့ရုပ်ရှင်လောက မတိုးတက်သေးသည့်အကြောင်းတစ်ခုမှာ ဖန်တီးတင်ဆက်ခဲ့သူများက ပရိသတ်အကြိုက်ဟုဆိုကာ ပေါ်ပင်ဇာတ်ကားများကို သာနှစ်ပေါင်းများစွာရိုက်ကူးလာခဲ့ကြခြင်းဖြစ်သည်။ မဲပြာပုဆိုးဇာတ်ကားများ အကြားအသားကျနေသည့်အခြေခံလူတန်းစားတို့အဖို့ ထို့ထက်ပိုမိုသည့် ဇာတ်ကားများနှင့်ဝေးကွာလာခဲ့ပါသည်။ပရိသတ်အကြိုက်သာလိုက်၍ ရိုက်ကူးမှ ငွေပြန်ရမည်ဟူသည့်အတွေးအခေါ်နှင့် ဆန်းသစ်တီထွင်လျှင်အကျိုးအမြတ်နည်းမည်ကိုတွေးပူသည့်အတွက် ရဲရဲဝံ့ဝံ့မဖန်တီးခဲ့ကြပေ။ အမိကအရေးကြီးသည့် ငွေကြေးစိုက်ထုတ်မှုကိုလည်းထုတ်လုပ်သူများက မရင်းရဲကြပေ။ ထိုသို့ဖြင့် မြန်မာဗီဒီယိုဇာတ်လမ်းများသည် ဟာသနှင့်သရဲတစ္ဆေဝဲဂယက်အတွင်းမှာပင်နစ်မြုပ်လျက်ရှိပါသည်။


ရိုက်ကွင်းတစ်ခုအားတွေ့ရစဉ်
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"ရုပ်ရှင်လောကတကယ်တိုးတက်ကောင်းမွန်ပြီး အဆင့်မီစေချင်ရင်ပြောနေကြတဲ့ပရိသတ်အမြင်ဆိုတာကိုလည်းတဖြည်းဖြည်းချင်း ပြောင်းလဲပေးဖို့လိုအပ်ပါတယ်။ စီးပွားရေးသမားတွေကလည်း ပူးပေါင်းလာဖို့ လိုတယ်။ အနုပညာရင်းနှီးမြှုပ်နှံမှုတွေလုပ်ပေးဖို့လိုပါတယ်"ဟုလူငယ်အမျိုးသမီးမှတ်တမ်းရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်သည့် ရှင်ဒေဝီကပြောသည်။

ရုပ်ရှင်ဇာတ်ညွှန်းများ ရေးသားလေ့ရှိသည့် စာရေးဆရာသင်းရီကလည်း "ရုပ်ရှင်လောကမပြောင်းလဲတာက မူစနစ်တွေကိုတကယ်မပြင်လို့။ ငါးပွက်ရာငါးစာချတဲ့ကားတွေပဲ ရိုက်နေလို့။ ဇာတ်အိမ်မခိုင်၊ဝတ္ထုကောင်း၊ ဇာတ်ညွှန်းကောင်းမရှိမှတော့ ဒီကားတွေဘယ်လိုမှမကောင်းနိုင်ဘူး။လုပ်ယူရတာတွေများလာတဲ့အခါမှာ ရုပ်ရှင်အရသာပျက်စီးသွားတော့တာပဲ"ဟု သုံးသပ်သည်။

ရုပ်ရှင်ဇာတ်ကားဖန်တီးမှုများ တိုးတက်မလာသလို အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့၏ ရွေးချယ်မှုများအပေါ်တွင်လည်းမေးခွန်းထုတ်စရာများရှိလာပြီဟုဝေဖန်သူတို့ကပြောကြသည်။

၂၀၁၂ခုနှစ်အတွက် အကယ်ဒမီဆုရွေးချယ်ရေးဘုတ်အဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ညှိနှိုင်းရွေးချယ်ခဲ့သည်။ ပြန်ကြားရေး၏ စွက်ဖက်မှုများမပါဝင်ဟုကြေညာခဲ့သော်လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ ရုပ်သေးရုပ်ဖြစ်သည့်အနုပညာရှင်ကြီးများကိုသာပြန်လည်အသုံးပြုခဲ့သည်ကိုတွေ့ရသည်။ ထိုသို့ ပြင်ပမှ ပညာရှင်ပါဝင်မှုနည်းပါးခဲ့သည့်အပေါ် အစည်းအရုံးထံသို့အနုပညာရှင်များကတိုက်ရိုက်ကန့်ကွက်မှုများရှိခဲ့သည်။

သို့သော်အချိန်ပေးလုပ်ကိုင်နိုင်သူရှားပါးသည့်အတွက် ယခင်က လူဟောင်းများကိုသာထည့်သွင်းနေရခြင်းဖြစ်သည်ဟု ရုပ်ရှင်အစည်းအရုံး၏ ပြန်ကြားရေးတာဝန်ခံဦးအေးကြူလေးကတုံ့ပြန်သည်။

"လက်ရှိလုပ်နေတဲ့သူတွေထည့်ရင်လည်း သူတို့ရိုက်ထားတဲ့ကားတွေပါနေတဲ့အတွက်ထည့်လို့မရဘူး။ အချိန်ပေးပြီးလုပ်မယ့်သူကလည်းရှားတယ်။ ဒါတောင်ဒီနှစ်ဘုတ်အဖွဲ့ထဲမှာကျွမ်းကျင်ပညာရှင်အသစ်တွေထည့်ထားပါတယ်။ ဆုမရတဲ့သူကလည်း သူမရရင်ပြောမှာပေါ့။ အကယ်ဒမီကတော့ ဘယ်သူတက်တက်၊ ဘယ်သူရွေးရွေးပြောနေကြဦးမှာပဲ။ ကျေနပ်တယ်ဆိုတာမရှိဘူး"ဟုဦးအေးကြူလေးကဆိုသည်။

အကယ်ဒမီဆုအတွက် အမှတ်ပေးစည်းမျဉ်းကလည်းဒိုင်၁၇ဦး၏အမှတ်ပေးမှုအပေါ်တွင်သာလုံးဝမူတည်နေပြီးမည်သည့်ဒိုင်က အမှတ်မည်မျှပေးသည်ဟုထုတ်ဖော်ပြသနိုင်ခြင်းမရှိမှုကအားနည်းချက်ကြီးဖြစ်ကြောင်း လွတ်လပ်ခြင်းအနုပညာပွဲတော်ကို ဦးစီးကျင်းပခဲ့သည့် ဦးဇာဂနာကဝေဖန်သည်။

ဆုတစ်ဆုအတွက်ဇမဲနှင့်အထက်မရရှိပါက ဆုပေး၍မရဟုသတ်မှတ်ထားခဲ့ရာ သတ်မှတ်သည့် မဲမရသဖြင့် ၂၀၁၂ခုနှစ်အတွက်ဇာတ်ကားဆု၊ဇာတ်ညွှန်းဆုနှင့်အမျိုးသားဇာတ်ပို့ဆုတို့နစ်နာခဲ့ရသည်။ အထူးသဖြင့်မော်ကင်းဥဒါန်းဇာတ်ကားတွင်အပိုအလိုမရှိကွက်တိသရုပ်ဆောင်သွားသောအမျိုးသားဇာတ်ပို့ဆုနှင့် ထိုက်တန်သည့်ညွန့်ဝင်း၊မလေးရှားရုပ်ရှင်ပွဲတော်တွင် ဂျူရီလူကြီးမင်းများအကြိုက်ဆုံးဇာတ်ကားဆုရရှိခဲ့သော ကယန်းအလှ၊ သရုပ်ဆောင်သစ်များ၏ သရုပ်ဆောင်မှု၊လစ်ဟာမှုအချို့ရှိခဲ့သော်လည်း နိုင်ငံတကာအဆင့်မီပြီး ပညာရှင်များကပင်ချီးကျူးခဲ့ရသည့်ကယန်းအလှ၏ဇာတ်ညွှန်းတို့မှာအံ့အားသင့်ဖွယ်ရာပင်ဆုနှင့်လွဲချော်သွားခဲ့ကြသည်။

"အကယ်ဒမီဆုရွေးချယ်မှုအဖွဲ့က ဓမ္မဓိဌာန်ကျကျရွေးချယ်ရင်ခုလိုအငြင်းပွားမှုတွေဖြစ်မှာမဟုတ်ဘူး။ ပြီးတော့အကယ်ဒမီဆိုတာ အနုပညာရှင်မှရွေးချယ်တတ်တာမဟုတ်ပါဘူး။ အပြင်က ရုပ်ရှင်ကိုတကယ်ခံစားတတ်တဲ့ ရုပ်ရှင်ပရိသတ်ကျွမ်းကျင်သူတွေကိုလည်းယှဉ်တွဲရွေးချယ်ခွင့်ပေးသင့်တယ်"ဟု မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာအောင်မြတ်ကျော်စိန်ကအကြံပြုသည်။

ဆင်ဆာဖြေလျှော့ပြီးနောက်ပိုင်း ဒုတိယမြောက်လိုက်လျောမှုအဖြစ်ပြန်ကြားရေးဝန်ကြီးဌာနက အကယ်ဒမီရွေးချယ်ရေးအဖွဲ့တွင် ရုပ်ရှင်နှင့်တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် ဝန်ကြီးဌာနဝန်ထမ်းများကို ဘုတ်အဖွဲ့ထဲမထည့်တော့သည့် ပြောင်းလဲမှုတစ်ခုကိုသာပြုလုပ်ပေးခဲ့သည်။

ယခင်နှစ်ကအထိ ညွှန်ကြားရေးမှူးချုပ်များက ဘုတ်အဖွဲ့ခေါင်းဆောင်နေရာကိုယူထားပြီး ယခုနှစ်တွင် ဒါရိုက်တာကြည်စိုးထွန်း၊ဒါရိုက်တာမောင်နှင်းမိုးတို့ကိုခေါင်းဆောင်အဖြစ်ထားရှိခဲ့သော်လည်း ၎င်းတို့မှာ ပြန်ကြားရေး၏လက်ကိုင်တုတ်များသာဖြစ်ကြောင်း ဝေဖန်ခဲ့ကြပြန်သည်။

"ကျွန်တော်တို့ကို လက်ကိုင်တုတ်လို့စွပ်စွဲချင်စွပ်စွဲမှာပဲ။ ရုပ်ရှင်လောကမှာတကယ့်ပညာရှင်ကရှားတယ်လေ။ နောက်ပိုင်းမျိုးဆက်သစ်တွေထွက်လာရင်တော့လည်း ဘုတ်အဖွဲ့ထဲပါချင်ပါမှာပေါ့"ဟု ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူးဦးသိန်းထွန်းအောင်ကပြောသည်။

၂၀၁၂ခုနှစ်အတွက်အကယ်ဒမီဆုပေးပွဲတွင် ဝေဖန်မှုအများဆုံးကြုံရသည့် ဒါရိုက်တာဆုအတွက်ဒိုင်အဖွဲ့၏ အကြောင်းပြချက်ကတော့ သရုပ်ဆောင်ပေါင်းများစွာကို နိုင်နိုင်နင်းနင်းကိုင်ကွယ်သွားနိုင်ခြင်းကြောင့် ထူးချွန်ဆုပေးရပါသည်ဟုဆိုကြသည်။

ဒါရိုက်တာမောင်သုရ(ဇာဂနာ)ကတော့ "ဒီအချက်ကိုတော်တော်အံ့သြပါတယ်။ ဒီလိုသာဆိုကျွန်တော်တို့က ရုပ်ရှင်ရိုက်နေတာမဟုတ်တော့ဘူး။ ကလေးထိန်းကျောင်းဖွင့်ထားတာနဲ့မတူဘူးလား။ လူအများကြီးကိုဇာတ်ခုံပေါ်တင်ပြီးတစ်ယောက်တစ်ပေါက်စကားပြောခိုင်းတာ။ ရန်ဖြစ်အော်ဟစ်နေတာကိုပရိသတ်ကိုကြည့်ခိုင်းတာက ရုပ်ရှင်မဟုတ်ဘူး။ပြဇာတ်ပါ"ဟူ၍ဝေဖန်လိုက်သည်။

မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် လူအင်အားများစွာသုံးပြီးတစ်ယောက်တစ်ပေါက်ဆူညံအော်ဟစ်ပြသည့် ကလိထိုးရယ်ခိုင်းသော ဟာသဇာတ်ကားများနှင့် ပီပြင်စွာမရိုက်ကူးနိုင်သောကြောင့် ဟာသကားသဖွယ်ဖြစ်နေကြသည့် သရဲဇာတ်လမ်းများက ကျယ်ပြန့်စွာနေရာယူထားခဲ့သည်။ ထုတ်လုပ်သူများကလည်း အမြတ်နည်းနည်းပြန်ရနိုင်သည့် ဖန်စီဇာတ်ကားများကိုသာထုတ်လုပ်ရန် ဆန္ဒရှိနေကြသည်။

"ထုတ်လုပ်ရေးဘက်မှာ ရင်းနှီးမြှုပ်နှံမှုငွေကြေးနည်းတဲ့အတွက် အနုပညာရှင်တွေဘက်မှာလုပ်နိုင်တဲ့အင်အားနည်းသွားတယ်။ အနုပညာဝမ်းစာဘယ်လောက်ပြည့်ပြည့် ဒီငွေကြေးဘောင်ထဲမှာပဲအပြောင်မြောက်ဆုံးဖြစ်အောင် ဖန်တီးနေရတယ်။ ဘယ်လောက်ပဲ လွတ်လပ်လာတယ်ပြောပြော ငွေစိုက်ထုတ်နိုင်မှုအင်အားနည်းပါးနေသေးတယ်" ဟု ဒါရိုက်တာဝင်းထွန်းထွန်းကပြောသည်။

ရုပ်ရှင်လောကတိုးတက်ရေးကို တွင်ကျယ်စွာအော်ဟစ်နေကြသည့်ရုပ်ရှင်လောကသားများထံမှလည်း တိုးတက်သည့်ဇာတ်လမ်း၊ ဇာတ်ကားများပြောပလောက်အောင်ထွက်ရှိမလာသေးပါ။ ရုပ်ရှင်တိုးတက်ရေးအတွက်တစ်ဦးအပေါ်တစ်ဦးလက်ညှိုးထိုးရင်းသာ ဂျာအေးသူ့အမေရိုက်ဆဲဖြစ်သည်။ အရှေ့တောင်အာရှတွင် ရုပ်ရှင်အဆင့်အတန်းနှင့်ပတ်သက်၍ မြန်မာ၏နောက်တွင်လာအို၊ ရုပ်ရှင်မထွက်သည့်ဘရူနိုင်းနှင့် အရှေ့တီမောလောက်သာ ကျန်ပါတော့သည်။

အချပ်ပို VI »

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# ရန်ကုန်မှာ မိုးမျှော်တိုက်တွေ ထိုးထွက်လာမယ့်နှစ်

■မိုးညို၊ ထွန်းနိုင်

ယခု နှစ်ပိုင်းများတွင် ရန်ကုန်ရှိ မြေသယ်ကားကြီးများအတွက်အလုပ်တစ်ခု ပိုလာခဲ့သည်။

မြေသယ်ခြင်းအပြင် အပိုဆောင်းလုပ်ဆောင်ရသည်က ဆင်ခြေဖုံးရပ်ကွက်များမှ ဆောက်လုပ်ရေးလုပ်သားများကို နေ့စဉ်နှင့်အမျှ မြို့တွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများဆီသို့ ပို့ဆောင်ပေးရခြင်းဖြစ်သည်။

မြေသယ်ကားကြီးများက ရန်ကုန်မြို့တွင်း အထပ်မြင့်အဆောက်အအုံများ ပြန်လည်အသက်သွင်းမည့် ဆောက်လုပ်ရေးလုပ်သားများပို့ဆောင်ပေးရသည်။


၁၉၉၇ အာရှငွေကြေး ဂယက်နှင့် အနောက်အုပ်စု၏ စီးပွားရေးပိတ်ဆို့မှုများ နောက်ပိုင်းရပ်တန့်ခဲ့သည့် ရန်ကုန်မိုးမျှော် အဆောက်အအုံအိပ်မက်သည် အစိုးရသစ်တက်လာပြီးနောက် မြန်မြန်ဆန်ဆန်ဖြင့် ရုပ်လုံးပေါ်လာခဲ့သည်။

အနာဂတ်တွင် ရန်ကုန်မိုးမျှော်တိုက် မည်မျှရှိမည်ဆိုသည်မှာ ယခုနှစ်တွင် အဆုံးအဖြတ်ပေးလာနိုင်ကြောင်း မြို့ပြပညာရှင်များက ပြောသည်။ အကြောင်းက ရန်ကုန်တွင် မိုးမျှော်အထပ်မြင့် အဆောက်အအုံ ကန့်သတ်စီမံချက်သည် မကြာမီပေါ်ထွက်လာရန် ရှိသောကြောင့်ဖြစ်သည်။

"အထပ်မြင့် ကန့်သတ်မှုဇုန်တွေမထွက်လာခင်မှာ အသည်းအသန်ဝင်ဆောက်နေကြတာ Zone Law ထွက်လာရင် ဆောက်ချင်တဲ့နေရာမှာ ဆောက်ချင်သလို မရတော့ဘူး" ဟု မြို့ပြစီမံကိန်း ပညာရှင် ဦးဝင်းမြင့်က ပြောသည်။

ကန့်သတ်မှုများ မပြုလုပ်မီ ရန်ကုန်ရှိ အချက်အချာကြသည့် နေရာများကို မိုးမျှော်တိုက်များအဖြစ် အသွင်ပြောင်းရန် စီးပွားရေးလုပ်ငန်းရှင်များက အသည်းအသန် ကြိုးစားနေကြသည်။ အဓိကကျသည့် မြေနေရာကို ပြည်တွင်းထိပ်သီးကုမ္ပဏီများက အစိုးရထံမှ လွှဲပြောင်းရယူထားပြီး မိုးမျှော်တိုက်ကြီးများအဖြစ် အသွင်ပြောင်းရေး လုပ်ငန်းများကို ယခုနှစ်များအတွင်း ခပ်မြန်မြန် အကောင်အထည်ဖော်နေပြီဖြစ်သည်။

ပြီးခဲ့သည့် ၂နှစ်အတွင်း ရန်ကုန်တွင် ၁၂ ထပ်မှ အထပ် ၃၀ ကျော်အထိ မြင့်မားသည့် အဆောက်အအုံ၉၀၀ နီးပါး ဆောက်လုပ်ရန် အစိုးရက ခွင့်ပြုခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။




လွန်ခဲ့သည့် နှစ် ၂၀ ခန့်ကတည်းက ရန်ကုန်တွင် ကွန်ဒိုစီမံကိန်းများ တရားဝင်ခွင့်ပြုခဲ့သော်လည်း ပြီးခဲ့သည့် နှစ်များအတွင်း ထင်ထားသလောက် အလုပ်မဖြစ်သည်ကို ဆောက်ဆဲတန်းလန်း ရပ်ထားရသည့် ကွန်ဒိုစီမံကိန်းများ၊ လူကျိုးတိုးကျဲတဲနေထိုင်သည့် ကွန်ဒိုတိုက်ခန်းများက သက်သေပြနေခဲ့သည်။

ကွန်ဒိုတစ်ခုတွင် ရှိရမည့် ဝန်ဆောင်မှုအရည်အသွေးမပြည့်မီခြင်း၊ တန်ဖိုးကြီးလွန်းခြင်းတို့ကြောင့် စိတ်ဝင်စားမှု နည်းပါးကြသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် ယခုနှစ်ပိုင်းအတွင်း ကွန်ဒိုစီမံကိန်းများ တိုးချဲ့ရန် ထူးထူးခြားခြား အာရုံစိုက်လာခဲ့သည်။

ဝယ်လိုအား အကန့်အသတ်ဖြင့်သာ ရှိသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ဆယ်စုနှစ်ပေါင်းများစွာ ၎င်းတို့လက်စမသတ်ခဲ့သည့် ကွန်ဒိုစီမံကိန်းများကို အလျှင်အမြန် အချောသပ်ခဲ့ကြပြီးနောက်ထပ်စီမံကိန်းများအတွက် မြေနေရာများ အသည်းအသန်ရှာဖွေလာကြသည်။

အဝယ်မလိုက်သော်လည်း ကွန်ဒိုများအပေါ် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အာရုံစိုက်နေခြင်းမှာ မကြာမီထွက်ပေါ်လာဖွယ်ရှိသည့် စုပေါင်းပိုင် အဆောက်အအုံများ ဥပဒေကြောင့်ဖြစ်ကြောင်း 7Day မှ မေးမြန်းသည့် အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

အဆိုပါဥပဒေမထွက်မီ ကွန်ဒိုများအကောင်အထည်ဖော်ပါက ဥပဒေတွင်ပါရှိမည့် တင်းကျပ်သည့် စည်းမျဉ်းများကို ယခုအချိန်တွင် အကောင်အထည်ဖော်နေသည့် ကွန်ဒိုတိုက်ခန်းများက ရှောင်ရှားနိုင်မည်ဖြစ်သည်။

အဆိုပါဥပဒေတွင် နိုင်ငံခြားသားများအား မြန်မာနိုင်ငံတွင် ကွန်ဒိုတိုက်ခန်းများ ဝယ်ယူခွင့်ပေးခဲ့ပါကလည်း ကွန်ဒိုတည်ဆောက်သူများအဖို့ အကျိုးအမြတ်ရနိုင်သောကြောင့်ဖြစ်သည်ဟု အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

"ကွန်ဒိုဥပဒေမှာ နိုင်ငံခြားသားကို ရောင်းချခွင့်ရပြီဆိုရင်တော့ အခန်းစုထားတဲ့သူတွေ အဆင်ပြေပြီ။ အထပ်မြင့် စီမံကိန်းတွေအတွက် ဈေးကွက်ရပြီပေါ့။ နိုင်ငံခြားသားတွေ ရုံးခန်းအတွက်လည်း ခုဆို နေရာရှားနေပြီ" ဟု ရွှေမြေအိမ်ခြံမြေ အကျိုးဆောင်မှု လုပ်ငန်းရှင်ဦးကျော်ညီညီလတ်က ပြောသည်။

အနာဂတ် ရန်ကုန်မြင်ကွင်းကို စိတ်ကူးကြည့်ပါ။ ကန်ထရိုက်တိုက်များ၊ လူနေအိမ်များအကြား ထိုးထိုးထောင် ထွက်ပေါ်လာမည့် အဆောက်အအုံများမှာ ကွန်ဒိုတိုက်ခန်းတစ်မျိုးတည်းတော့မဟုတ်။ မိုးမျှော်ဟိုတယ်ကြီးများသည်လည်း ကွန်ဒိုများနှင့်အပြိုင် မကြာမီကာလအတွင်း ရန်ကုန်တွင် ပေါ်ပေါက်လာမည်ဖြစ်သည်။

နှစ်စဉ်တိုးတက်ဝင်ရောက်လာသည့် နိုင်ငံတကာမှ ဧည့်သည်များ တည်းခိုနိုင်ရေးအတွက် ရန်ကုန်ရှိမြေနေရာအချို့ကို ဟိုတယ်အဖြစ် အသွင်ပြောင်းရန် လုပ်ငန်းရှင်များက ကြိုးစားနေသည်။

လက်ရှိအချိန်တွင် ကမ္ဘာလှည့် ခရီးသွားနှစ်သန်းခန့်လာရောက်နေသော်လည်း ဟိုတယ်အခန်းလိုအပ်ချက်မြင့်မားလျက်ရှိပြီး လူနေတိုက်ခန်းအချို့ကိုပင် ဟိုတယ်အဖြစ်ပြောင်းလဲအသုံးပြုနေရသည်။ လာမည့် ခုနစ်နှစ်အကြာ ၂၀၂၀ တွင် ခရီးသွားဦးရေခုနစ်သန်းအထိလာရောက်မည်ဟု ခန့်မှန်းထားသောကြောင့် လုပ်ငန်းရှင်ကြီးများသည် မြန်မာနိုင်ငံ၏ အစည်ကားဆုံးမြို့ဖြစ်သည့် ရန်ကုန်တွင်ဟိုတယ်များဆောက်လုပ်ရန်ကြိုးစားလာကြသည်။

၁၉၉၇မှ စတင်ပြီးမြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများကို လမ်းဖွင့်ပေးထားသော်လည်း ထိုကာလများအတွင်းက ဟိုတယ် ၁၅ လုံးခန့်သာ နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှု ရှိခဲ့သည်။

အစိုးရသစ်တက်လာပြီးနောက် ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ပြည်တွင်းသို့ အပြိုင်အဆိုင် ဝင်ရောက်လာခဲ့ကြသည်။ မကြာမီကာလအတွင်း ရန်ကုန်တွင် မိုးမျှော်ဟိုတယ် ၁၀ လုံးထက်မနည်း ဖွင့်လှစ်ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းများတွင် ပြင်သစ်အခြေစိုက် Novotel ၊ စင်ကာပူနိုင်ငံ Shangrila အုပ်စုနှင့် Traders Square Ltd. ၊ ထိုင်းနိုင်ငံအခြေစိုက် L.P Holding ကုမ္ပဏီနှင့် ဟောင်ကောင်အခြေစိုက် Emerald Rose Garden လီမိတက်အပါအဝင် နာမည်ကျော် ဟိုတယ်လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်။

ရန်ကုန်၌ မိုးမျှော်တိုက်များ ထည့်သွင်းတည်ဆောက်ရာတွင် ပြည်ပလုပ်ငန်းရှင်များက ဟိုတယ်လုပ်ငန်းတွင် အသားပေးရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်သော်လည်း ပြည်တွင်းလုပ်ငန်းရှင်များကမူ ရန်ကုန်၏ မြေကျယ်ကျယ်တွင် ဟိုတယ်လုပ်ငန်းထက် အထပ်မြင့် ရှော့ပင်းစင်တာကြီးများ တည်ဆောက်ရန်ကိုယခုနှစ်ပိုင်းအတွင်း အထူးအလေးပေးလာခဲ့ကြသည်။

ပြည်တွင်းထိပ်သီးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအိုက်ထွန်းရဲ့ "ဆောက်ပြီးသားနေရာတွေက ဘေးကပိုတဲ့နေရာတွေမှာ ကွန်ဒိုလို ပုံစံမျိုးတွေ ဆောက်နေတယ်။ အစိုးရဆီက လွှဲပြောင်းလုပ်ကိုင်ခွင့် ရရှိထားတဲ့ မြေနေရာကျယ်တွေမှာ အထပ်မြင့်ရှော့ပင်းမောလ်တွေ ဆောက်မယ်။ ပြည်ပကုမ္ပဏီတွေနဲ့ချိတ်ပြီး Joint Venture သဘောမျိုး ဆောက်ဖို့ စာချုပ်တွေလည်း ချုပ်ထားတယ်" ဟု ပြီးခဲ့သည့်လအတွင်းက 7Day News ဂျာနယ်သို့ ပြောကြားထားသည်။

ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်မှာ အစိုးရသစ်လက်ထက်တွင် လှည်းတန်းခုံးကျော်တံတားအပါအဝင် ရန်ကုန်၏ မြေနေရာအကျယ်အချို့တွင် စီးပွားရေးအဆောက်အအုံအများစုကို တည်ဆောက်လုပ်ကိုင်ခွင့် ရရှိခဲ့သည့် ကုမ္ပဏီဖြစ်သည်။

ရန်ကုန်တွင် ယခုနှစ်အတွင်း ထိပ်သီးဆောက်လုပ်ရေး ကုမ္ပဏီများဖြစ်သည့် ရွှေတောင်၊ FMI ၊ Diamond Star အစရှိသော ကုမ္ပဏီများက ၎င်းတို့လုပ်ကိုင်ခွင့် ရရှိထားသည့် နေရာ ခြောက်ခုထက်မနည်းတွင် ဈေးဝယ်စင်တာများကို၎င်းတို့၏ မိုးမျှော်အဆောက်အအုံများတွင် ထည့်သွင်းတည်ဆောက်ရန် သက်ဆိုင်ရာကုမ္ပဏီများ သတင်းထုတ်ပြန်ထားသည်။

မိုးမျှော်တိုက်များ မြို့တွင်းနေရာ တစ်ခုတည်းတွင် စုပြုံဆောက်လုပ်နေခြင်းသည် မြို့အတွက် ရေမီးမှစပြီး အခြေခံလိုအပ်ချက်များအတွက် အခက်အခဲဖြစ်လာနိုင်ကြောင်း မြို့ပြပညာရှင်များက ထောက်ပြပြောဆိုသည်။

လာမည့်လအနည်းငယ်အတွင်း ပြဋ္ဌာန်းဖွယ်ရှိနေသည့် ရန်ကုန်မြို့တွင်း အထပ်မြင့်ကန့်သတ်ချက်နှင့် အဆောက်အအုံဆိုင်ရာ ဥပဒေများ၏ ကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ရရန် အချိန်အနည်းငယ်သာ ကျန်ရှိချိန်တွင် ရန်ကုန်မြို့တွင်အထပ်မြင့် အဆောက်အအုံများကို သူ့ထက်ငါ ဦးအောင် ဆောက်လုပ်လျက်ရှိနေသည်။

အချပ်ပို V မှ

## ရုပ်ရှင်ကားကောင်းများ ပရိသတ်များစောင့်နေသည်

"ဆင်ဆာအရမ်းတင်းကျပ်တဲ့ နိုင်ငံတွေမှာတောင် အရည်အသွေးကောင်းတဲ့ ရုပ်ရှင်တွေထွက်လာခဲ့ဖူးတာပဲ။ အဓိက ကဇာတ်ကားကောင်းဖို့ပဲလိုတယ်။ ပရိသတ်ကတော့ ပြရင်လက်ခံမှာပဲ။ အခုကဒါမျိုးတွေပဲကြည့်ရတော့ ဒီသံသရာထဲမှာပဲလည်နေတယ်"ဟု ဝသန်ရုပ်ရှင်ပွဲတော်ဖြစ်မြောက်ရေးမန်နေဂျာဒေါ်သူသူရှိန်က သုံးသပ်သည်။

ယခုနှစ်အပိုင်းအခြားတွင် လူငယ်များအနေဖြင့် ပိုမိုဖန်တီး၊ လေ့လာမှုအားကောင်းလာပြီး တစ်နှစ်ထက်တစ်နှစ်သိသာစွာအရည်အချင်းတိုးတက်လာမှုက ဝမ်းသာစရာဖြစ်ကြောင်းဒေါ်သူသူရှိန်ကဆက်ပြောသည်။

နိုင်ငံတကာမှ ပညာရှင်များလာရောက်၍ ဇာတ်ညွှန်းရေးသားနည်းရက်တိုသင်တန်းပေးမှုများ စိပ်နေသဖြင့် လူငယ်ပညာရှင်များများပေါ် ထွက်လာနိုင်ဖွယ်လည်းရှိနေသည်။

"ဇာတ်ညွှန်းကအဓိကကျတဲ့နေရာပါ။ အဆင့်မီတွေးတောရေးသားနိုင်မယ့် လူငယ်တွေလိုပါတယ်။ ကူးချတာမျိုးမဟုတ်ဘဲ ကိုယ်ပိုင်တွေးခေါ်ဖန်တီးနိုင်ဖို့အထူးလိုအပ်နေပါတယ်"ဟု လူငယ်အမျိုးသမီးဒါရိုက်တာရှင်ဒေဝီကဆိုသည်။

အရာအားလုံးပြောင်းလဲပစ်ဖို့ လိုအပ်နေသည့်မြန်မာ့ရုပ်ရှင်လောကသည် တိုးတက်ရေးကိုပါးစပ်နှင့်အော်နေရုံဖြင့်မရပါ။ အလုပ်နှင့်တကယ်သက်သေပြရန် လိုအပ်ပါသည်။ မဲပြာပုဆိုးဇာတ်လမ်းထဲမှ ရုန်းထွက်၍ အရည်အသွေးမီမီတွေးတောဖန်တီးရေးသားနိုင်သည့် ဇာတ်ညွှန်းရေးဆရာများလိုအပ်နေသည်။ မိမိအနုပညာကို ရဲရဲဝံ့ဝံ့ချပြရဲသည့် သတ္တိရှိသော ဒါရိုက်တာများလိုအပ်နေသည်။ မျိုးဆက်သစ်ပညာရှင်များစွာမွေးထုတ်ပံ့ပိုးပေးနိုင်ရန်လိုအပ်နေပါသည်။ ပစ္စည်းနှင့်ငွေကြေးထောက်ပံ့နိုင်မည့် တကယ်စေတနာရှိသော ထုတ်လုပ်သူများ အဓိကလိုအပ်နေပါသည်။

အနုပညာအရည်အသွေးမြင့်မားမှုကိုအခြေခံ၍ အချိန်ယူရိုက်ကူးထုတ်လုပ်လာမည့်ဇာတ်ကားကောင်းများကို ပရိသတ်က စောင့်မျှော်နေပါပြီ။ မြန်မာနိုင်ငံမှ ရုပ်ရှင်ပညာရှင်များမည့်ကြပါ။ ပရိသတ်ကို အထင်မသေးဖို့လိုပါသည်။

7DAY NEWS JOURNAL
Vol.12, No.48 • FEBRUARY 5 , 2014

# မွမ်ဘိုင်းမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုသက်သာစေရန် အပေါ်စီးမြို့တွင်းပြေးရထားစနစ်စတင်

**မွမ်ဘိုင်း၊ ဖေဖော်ဝါရီ-၂**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ အဆင့်အတန်းမြှင့်တင်ရန်နှင့်ယာဉ်ကြောပိတ်ဆို့မှုများ သက်သာစေရန်အတွက် ပထမဆုံးအပေါ်စီးမြို့တွင်းပြေးရထား (monorail)စနစ်ကိုဖေဖော်ဝါရီ၁ရက်တွင် စတင်ခဲ့သည်။

အစိမ်းရောင်၊ ပန်းရောင်နှင့် အပြာရောင်ရထားများသည် မွမ်ဘိုင်းမြို့အရှေ့ပိုင်းတွင် ၈ ဒသမ ၈ ကီလိုမီတာအထိ ပြေးဆွဲသွားမည်ဖြစ်ပြီး လာမည့်နှစ်တွင် မွမ်ဘိုင်းမြို့တောင်ပိုင်းအထိ ပြေးဆွဲသွားရန် စီစဉ်ထားသည်။

လမ်းများမကောင်းခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုများခြင်းနှင့် ရထားများလူကျပ်ခြင်း စသည့် ယာဉ်လမ်းကြောင်း မကောင်းသတင်းများဖြင့် ကျော်ကြားသောမွမ်ဘိုင်းမြို့သည်မြို့အရှေ့ပိုင်းရှိခရီးသည်များ ယာဉ်ကြောပိတ်ဆို့မှုသက်သာစေရန်နှင့်မြို့ပတ်ရထားများနှင့် ချိတ်ဆက်နိုင်စေရန် အပေါ်စီးမြို့တွင်းပြေးရထားစနစ်ကို ပြေးဆွဲခြင်းဖြစ်သည်ဟု မွမ်ဘိုင်းမြို့အာဏာပိုင်များက ပြောကြားသည်။

လက်ရှိတွင် ယင်းရထားစနစ်မှာ ထက်ဝက်သာပြီးစီးသေးသော်လည်း စနစ်အားလုံး အောင်မြင်စွာပြီးဆုံးလျှင် နေ့စဉ်ခရီးသည် တစ်သိန်းမှ နှစ်သိန်းအထိ လမ်းခရီးအဆင်ပြေနိုင်သည်ဟု မွမ်ဘိုင်းမြို့အာဏာပိုင်များက ပြောကြားသည်။

သို့ရာတွင် အပေါ်စီးမြို့တွင်းပြေးရထားစနစ်သည် လူဦးရေသိပ်သည်းထူထပ်သော မွမ်ဘိုင်းမြို့၌ အဆင်ပြေရန် မလွယ်ကြောင်းနှင့်ယာဉ်လမ်းကြောပိတ်ဆို့မှုပြဿနာများကို ရထားလမ်းအခြေခံဖြေရှင်းမှုများဖြင့် ဖြေရှင်း၍မရနိုင်ကြောင်း သယ်ယူပို့ဆောင်ရေး ကျွမ်းကျင်ပညာရှင်တစ်ဦးက မှတ်ချက်ပေးသည်။

ထို့အပြင် အဆိုပါမြို့တွင်းပြေးရထားစနစ်ကုန်ကျစရိတ်များနှင့် စီမံကိန်းနှောင့်နှေးမှုများကိုလည်း အခြားသောကျွမ်းကျင်ပညာရှင်များက ဝေဖန်ခဲ့ကြသည်။

*—Ref: AFP*

# စမတ်ဖုန်းသုံးသူများ၏ လူမှုကွန်ရက်များမှ မိတ်ဆွေများကို ပြင်ပတွင်လက်တွေ့ဖော်ပြနိုင်သည့် Application ထွက်ရှိ

**ဝါရှင်တန်၊ ဇန်နဝါရီ-၃၀**

ဇန်နဝါရီ ၃၀ ရက်ကထုတ်လုပ်လိုက်သည့် SocialRadar ဟုခေါ်သော လူမှုရေးများ အပါအဝင်လူမှုကွန်ရက်များကို အနီးကပ်လေ့လာရေးဆွဲထားပြီး တည်နေရာဖော်ပြသော အချက်အလက်များနှင့်ချိတ်ဆက်ကာအသုံးပြုသူ၏ဘေးနားတစ်ဝိုက်တွင်ရှိနေသူများနှင့် ၎င်း၏အဆက်အသွယ်နှင့်ပတ်သက်၍ အပြင်လောကတွင် အသိပေးဖော်ပြနိုင်ကြောင်း သိရသည်။




Application အချို့မှာ မြေပြင်တည်နေရာဆိုင်ရာ အချက်အလက်များကို သုံးထားပြီးဖြစ်သည်။ SocialRadar မှာ အဓိကလူမှုကွန်ရက်များမှ သတင်းအချက်အလက်များကို အပြင်လောကတွင်သိရှိနိုင်ရန် စမတ်ဖုန်း၏တည်နေရာနှင့် တိုက်ညှိပေးထားသည်။

ယင်းအတွက်ကြောင့် SocialRadar Application အသုံးပြုသူသည်မိမိဘေးနားတစ်ဝိုက်ရှိမည့်သူနှင့်လူမှုရေးကွန်ရက်များတွင် အဆက်အသွယ်ရှိသည်ကို သိရှိနိုင်မည်ဖြစ်သည်။

"စမတ်ဖုန်းအသုံးပြုတဲ့လူ တစ်ဘီလီယံကျော် ရှိပါတယ်။ အဝေးထိန်း ကွန်ပျူတာစနစ်အတွင်းမှာ လူမှုကွန်ရက်အကောင့်ပေါင်း နှစ်ဘီလီယံကျော်ရှိပါတယ်။ ဒါပေမဲ့ အဲဒီသတင်းအချက်အလက်တွေကို ပေါင်းစပ်ထားခြင်းမျိုးမရှိသေးပါဘူး"ဟု SocialRadar ရေးဆွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် မိုက်ကယ်ချာဆန်က ပြောသည်။

Social Radar Application မှာစီးပွားရေးအရချိတ်ဆက်မှုနှင့် လူမှုရေး အဆက်အသွယ်များအတွက် အဆိုးဝင်လိမ့်မည်ဟု မစ္စတာချာဆန် (၄၁)နှစ်ကပြောသည်။

၎င်းသည် ၁၉၉၇ ခုနှစ်အတွင်းက ပညာသင်ကြားရေးဆော့ဖ်ဝဲသုံးစနစ် BlackBoard ကိုထုတ်လုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံဖြင့်ရောင်းချခဲ့သူဖြစ်သည်။

Social Radar ကိုချိန်းတွေ့ခြင်းအတွက် သုံးကောင်းသုံးကြမည်ဖြစ်သော်လည်း စီးပွားရေးအတွက်လည်း သုံးကြမည်ဟုထင်ကြောင်း ၎င်းကပြောသည်။

SocialRadarမှာဖေ့စ်ဘွတ်ခ်၊ LinkedIn၊ တွစ်တာ၊ အင်စတာဂရမ် Foursquare နှင့် Google x တို့အပါအဝင် ထိပ်တန်းလူမှုကွန်ရက်များမှ အချက်အလက်များကို စမတ်ဖုန်းများ၏ တည်နေရာဖော်ပြသောအချက်အလက်များနှင့် ပေါင်းစပ်ထားခြင်းဖြစ်သည်။

*—Ref: AFP*

# ကျောင်းသုံးသင်ပုန်းကွန်ပျူတာသစ်တစ်မျိုး ဆမ်ဆောင်းထုတ်လုပ်

**ဆန်ဖရန်စစ္စကို၊ ဇန်နဝါရီ-၃၀**

မျက်နှာပြင်အကျယ် ၁၀ ဒသမ ၁ လက်မရှိပြီး ရှေ့နှင့် နောက်ကင်မရာများပါဝင်ကာ နောက်ဆုံးပေါ် Android 4.4 Kit Kat 05 အသုံးပြုထားသည့် ကျောင်းသုံးသင်ပုန်းကွန်ပျူတာ သစ်တစ်မျိုးကို ဆမ်ဆောင်းကုမ္ပဏီက ထုတ်ဖော်ပြသလိုက်သည်။

ယင်းသင်ပုန်းကွန်ပျူတာတွင် ပညာသင်ကြားရေးဆိုင်ရာဆော့ဖ်ဝဲများပါဝင်ပြီး ဆရာ၊ ဆရာမများ၏ ခွင့်ပြုချက်ရှိမှသာ ယင်းဆော့ဖ်ဝဲများကိုအသုံးပြုနိုင်ရန်စီစဉ်ထားကြောင်းသိရသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ရလဒ်တိုးတက်လာစေရန်သင်ကြားရေးအတွေ့အကြုံများကို ဆမ်ဆောင်းနှင့်ဂူးဂဲလ်ကုမ္ပဏီတို့က တီထွင်ဆန်းသစ်ထုတ်လုပ်ထားခြင်းဖြစ်သည်ဟုဆမ်ဆောင်းကုမ္ပဏီ လုပ်ငန်းခွဲတစ်ခုမှ ဒုဥက္ကဋ္ဌတော့ဒ်ပိုက်ကပြောသည်။

ပညာသင်ကြားရေးအဆင့်မြှင့်တင်ခြင်းအတွက် Google Play နှင့် ယင်း Galaxy Tab အသစ်မှာ ယနေ့ခေတ်စာသင်ကျောင်းများ၏လိုအပ်ချက်များကို အသေးစိတ်ဖော်ပြနိုင်ရန် ဖန်တီးထားခြင်းဖြစ်ပြီး သင်ကြားပို့ချပေးသူများ ပိုမိုယုံကြည်မှုရှိစေခြင်းဖြင့် ပညာသင်ကြားရေးကို အားကောင်းလာစေမည်ဆိုသော မိမိတို့အမြင်ကို အထောက်အကူပြုကြောင်း ၎င်းကပြောသည်။

အနာဂတ်ပညာရေးနည်းပညာညီလာခံ (FETC 2014) တွင် ဆမ်ဆောင်းကုမ္ပဏီအပြင် လီနိုဗိုကုမ္ပဏီကလည်း အကြမ်းခံကျောင်းသုံးကွန်ပျူတာများနှင့် သင်ပုန်းကွန်ပျူတာများကို ထုတ်ဖော်ပြသသွားသည်။




Intel ကုမ္ပဏီကလည်း အလားတူ ပစ္စည်းသစ်မျိုးများ ထုတ်လုပ်ထားကြောင်း သိရသည်။

*—Ref: AFP/AP*



# လုံခြုံရေးသဘောတူစာချုပ် အာဖဂန်သမ္မတ လက်မှတ်ထိုးဖွယ်မရှိဟု နေတိုးတပ်ဖွဲ့အကြီးအကဲပြော

**ဘရပ်ဆဲလ်၊ ဖေဖော်ဝါရီ-၂**

၂၀၁၄ ခုနှစ်နောက်ပိုင်း အာဖဂန်နိုင်ငံတွင် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေး လုံခြုံရေးသဘောတူစာချုပ်ကို သမ္မတဟာမစ်ကာဇိုင်း လက်မှတ်ရေးထိုးဖွယ်မရှိဘဲ ၎င်းနေရာကို ဆက်ခံသူက ရွေးချယ်မှုလုပ်ရန် ချန်ထားခဲ့နိုင်သည်ဟု နေတိုးတပ်ဖွဲ့အကြီးအကဲ အန်းဒါ့စ်ဖော့ဂ်ရက်မာဆန်က ပြောကြားသည်။

ယင်းသဘောတူစာချုပ်လက်မှတ်ရေးထိုးရေး အာဖဂန်နစ္စတန်နှင့် အမေရိကန်နိုင်ငံကြား ညှိနှိုင်းဆွေးနွေးနေသည်မှာလပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် သေချာသောအခြေအနေများမရှိပါက လက်မှတ်ထိုးမည်မဟုတ်ဟု ကာဇိုင်းက ပြောကြားထားသည်။

လက်မှတ်ထိုးရန် ကြန့်ကြာနေခြင်းကြောင့် ၂၀၁၄ နောက်ပိုင်းလေ့ကျင့်သင်ကြားပေးရန်နှင့် အကြံပေးရန် စီစဉ်လိုသည့် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများကြား စိတ်ပျက်စေခဲ့သည်။

ယင်းသဘောတူညီမှုကို မကြာမီလက်မှတ်မထိုးပါက ယခုနှစ်အကုန်တွင်အာဖဂန်နစ္စတန်မှ မိမိတို့တပ်ဖွဲ့ဝင်များအားလုံး ပြန်လည်ခေါ်ယူကောင်းခေါ်ယူသွားမည်ဟုအမေရိကန်နှင့်နေတိုးတပ်ဖွဲ့တို့က ပြောကြားထားသည်။

အမေရိကန်နှင့် လက်မှတ်ရေးထိုးရမည့် သဘောတူစာချုပ်နှင့်အခြားသော နေတိုးတပ်ဖွဲ့များနှင့် ညှိနှိုင်းရမည့် အလားတူသဘောတူညီမှု စာချုပ်တစ်ရပ်ကို ကာဇိုင်းလက်မှတ်ရေးထိုးမည်ဟု မိမိမမျှော်လင့်ကြောင်း ရက်မာဆန်က ပြောကြားသည်။

ကာဇိုင်းမှာအာဖဂန်သမ္မတအဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ပြီးဖြစ်၍ နောက်တစ်ကြိမ်ရွေးကောက်ပွဲဝင်ပြိုင်၍ မရတော့သဖြင့် ယင်းသဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးရန် သမ္မတသစ်အတွက် ထားခဲ့လိမ့်မည်ဟု ရက်မာဆန်ကယုံကြည်ထားသည်။

အကယ်၍ ယင်းသဘောတူညီမှုကိုသမ္မတသစ်ကလည်းလက်မှတ်မထိုးပါက ၂၀၁၄ ခုနှစ်ကုန်တွင် တပ်ဖွဲ့ဝင်အားလုံး ဆုတ်ခွာသွားရန် ပြင်ထားရလိမ့်မည်ဟု ၎င်းကပြောကြားသည်။

*—Ref: Reuters*


BRAND'S®
သားလေး အောင်မြင်မှုရဲ့လျှို့ဝှက်ချက်
သားလေး စာမေးပွဲဖြေနေတဲ့ ကာလအတွင်းမှာ
အာရုံစူးစိုက်နိုင်မှုနဲ့ ဦးနှောက်စွမ်းရည်ကိုပေးတဲ့
ဘရင်းကြက်ပေါင်းရည် ကို အမြဲကျွေးဖူးတင်ပါတယ်
သော်စစ်နိုင်
၂၀၁၂ ခုနှစ်မြန်မာတစ်နိုင်ငံလုံး
တက္ကသိုလ်ဝင်တန်းပထမဆုရှင်၊
ဆေးတက္ကသိုလ်ကျောင်းသား
ယခု
ဆေးပြားပုံစံဖြင့်လည်းရရှိနေပါပြီ။
ဆေးသိပ္ပံ ဆိုင်ရာ
အတည်ပြုပြီး
BRAND'S
B Complex
ESSENCE OF CHICKEN
Essence of Chicken
ဆေးသိပ္ပံဆိုင်ရာအတည်ပြုပြီး ကျန်းမာတဲ့ခန္ဓာ ထက်မြက်တဲ့ဦးနှောက် စွမ်းရည်ဖြစ်စေဖို့
ဘရင်းကြက်ပေါင်းရည်ကို နေ့စဉ်သောက်ပါ။